www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၃၁
မြပုလဲခင်
ရှာနေသည့်အဆိပ်/မြပုလဲခင်။ — ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၄။
၂၉၀–စာ၊ ၁၂.၇ x ၁၈.၃ စင်တီ။
(၁) မြပုလဲခင်



ဖြန့်ချိရေး — အောင်မြင်စာပေ၊ အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် — အောင်မြင်ပုံနှိပ်တိုက်
ထုတ်ဝေသူ — ဦးအောင်မြင့်၊ ပထမအကြိမ်၊ ဧပြီလ၊ ၂၀၁၄၊ တန်ဖိုး(၁၅၀၀)။



# မြပုလဲခင်

အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

မောင်...

အချို့ကပြောတယ်၊
အချစ်ဟာ ပျားရည်လိုပဲ ချိုမြိန်တယ်တဲ့၊
ပျားရည်ဟာ သူ့ချည်းပဲတော့ ချိုမြိန်မှာပေါ့နော်၊
ဒါပေမယ့်....
ပျားရည်ထဲကို အချဉ်ရည်ရောလိုက်ပါပြီတဲ့
ပျားရည်ဟာ ချိုမြိန်ပါဦးမလား။
ပျားရည်ထဲကိုအခါးရည် ရောလိုက်ပါပြီတဲ့
ပျားရည်ဟာ ချိုမြိန်ပါဦးမလား။
ပျားရည်ထဲကို အဆိပ်ရည် ရောလိုက်ရင်ကော..
ပျားရည်ဆက်လက်ချိုမြိန်နိုင်ပါ့ဦးမလား၊
ဒီလိုပါပဲ...
အချစ်ဆိုတဲ့ ချိုမြိန်ခြင်းတွေဟာ နာကြည်းခြင်းတွေ
မုန်းတီးခြင်းတွေဆိုတဲ့ အဆိပ်အတောက်တွေနဲ့
ရောစပ်လိုက်ရင်....
အချစ်ဟာ ဆက်လက်ချိုမြိန်နိုင်ဦးမှာလား
ကျွန်မသိချင်လိုက်တာ မောင်ရယ်....





# အခန်း (၁)

"ကံဆိုးမ သွားရာ မိုးလိုက်လို့ရွာ"ဆိုတဲ့စကား သိပ်ကို ...ပါလား။

ကျွန်မရင်ထဲ တုန်လှုပ်မှုတွေကို ငြိမ်းအေးအောင် မည်သို့သောနည်းလမ်းမှ မရှာဖွေနိုင်ခင် သဲသဲမဲမဲ ရှာချလိုက်သော ...တလည်း ဝုန်းဒိုင်းကျဲလျက်. . .

ကျွန်မ ကားတံခါးကို တုန်ရီသောလက်ဖြင့် ဆွဲဖွင့်ပြီး ဆောင့်ပိတ်လိုက်တယ်ဆိုရင်ပဲ. . .

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

"ဂျိုင်း"ခနဲဟူသော အသံအစား "ဂျိမ်း"ဟူသော အသံကြီးနှင့်အတူ သစ်ပင်ကို ကားဝင်ဆောင့်သံ၊ မိုးခြိမ်းသံတို့က. . နားစည်ကွဲမတတ် အော်ဟစ်နေဆဲဖြစ်သည်။

ကားသော့ကိုပင် ကောင်းစွာလှည့်မရအောင် လက်ချောင်းများက တုန်ယင်လျက်ရှိနေရာ မိမိကိုယ်ကို အားပေးကာ မာန်တင်းလိုက်သည်။

"မင်းဖြစ်ချင်တာတွေ ဖြစ်သွားပြီလေ၊ မင်း ဝမ်းသာပါလား၊ ဘာဖြစ်လို့များ ဒီလောက်တုန်လှုပ်နေရတာလဲ"

နုနန္ဒာ၏ အားပေးသံ။

"အဟင်း. . ဟင်း. . ဟင်း "

နုနန္ဒာ၏ ရယ်မောသံများ။

ဟော. . ဟော. . ဟိုနားမှာ တောင်ယာသိမ်းပြီး ပြန်လာကြသော လူတစ်စုကို တွေ့လိုက်ရပြီဖြစ်ရာ. . .

"ကယ်. . ကယ်. . ကယ်ကြပါဦးရှင်"

ကားပေါ်မှပြန်ဆင်းပြီး လက်ယပ်ခေါ်လိုက်သည်။

ကျွန်မခေါ်သံကို သူတို့ကြားမည်မဟုတ်သော်လည်း ထင်ရှူးတောစပ်၌. . ထင်းရှူးပင်ကို ဝင်နမ်းရင်း မှေ့မှူးမှူးဖြစ်နေသော ကားတစ်စီး။

နောက်. . နုနန္ဒာနှင့် ကားတစ်စီးကို သူတို့မြင်တွေ့မှာမလွဲဧကန်ပါ။

သို့သော်. . . သူတို့ရောက်မလာ၊ ကျောခိုင်း၍ သွားကြသည်။ ဘာတွေဖြစ်တာလဲ။ ဘယ်လိုလူတွေလဲ။

ဒုက္ခရောက်သူကို ကူညီဖို့ ဝန်လေးကြသလား။ ကူညီ





ဝိုင်းပင်ချင်သော စိတ်ဓါတ်မရှိကြဘူးလား။

နုနန္ဒတစ်ယောက်တည်း။ မိုးတွေကလည်း သဲသဲမဲမဲ။ ဟို. . ပရာဒိုကားပေါ်က အလောင်းကောင်နဲ့. . . ။

မတတ်နိုင်ဘူး၊ ဤထင်းရှူးတောထဲက အမြန်ဆုံးထွက်သွားတာပဲ ကောင်းမယ်ထင်တယ်။

နုနန္ဒာ ကားပေါ်တက်၊ ကားစက်နှိုးပြီး. . . တစ်ဟုန်ထိုး မောင်းထွက်ခဲ့သည်။ တော်သေးသည်. . . ထင်ရှူးတောထဲက ဖြောင့်ဖြောင့်တန်းတန်း. . .

"ဟာ"

ကားလမ်းပေါ်၌ အရှိန်နှင့်မောင်းလာသော ကားတစ်စီးကို ဘွားခနဲ တွေ့လိုက်ရာ. . .

ရှောင်ချိန်မရလိုက်။ ဘာရိတ်မမိ။

စတီယာကိုထိမ်း၍မရ။

ကားခေါင်းဘေးသို့ နုနန္ဒာကားက ဝင်၍ ခေါင်းတိုက်လိုက်သည်။

"ဂျိုင်း"

နားပင်းသွားလောက်စေသော အသံကြီးနှင့်အတူ လူတစ်ကိုယ်လုံးလည်း မြောက်တက်ကာ အုန်းခနဲ မြည်ဟည်းသွားသံကိုသာ နောက်ဆုံးကြားလိုက်ရလေသည်။


www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂)

"ကျွန်မ. . . ကျွန်မ. . . နာမည်"

လူတွေ ကျွန်မကို မေးနေကြပြီ။ ကျွန်မ ဘယ်သူလဲ။ ကျွန်မ နာမည်ကော. . .။

"အား. . ကျွန်. . ကျွန်မ. . ဘယ်သူလဲဟင်၊ ကျွန်မ-နာမည်ကော သိရင်ပြောပြပေးပါ"

ယခုမှ ကျွန်မကိုဝိုင်းနေသူများကို ကျွန်မကြည့်မိသည်။ မှုံးနောက်နောက်ဖြစ်နေသော ခေါင်းကြောင့်များလား. . .။





"သူဟာ ကျွန်တော်ပြောထားသလိုပါပဲ၊ အတိတ်မေ့ရောဂါဖြစ်နေတာ သေချာသလောက်ပါပဲ"

ကျွန်မ အသံရှင်ကို ကြည့်လိုက်မိသည်။

ဆရာဝန်တစ်ဦးလို့တော့ တတ်အပ်သေချာသိလိုက်သည်။ ဂျူတီကုတ်အဖြူရှည်ကြောင့်ရယ်၊ ကြင်နာသောမျက်ဝန်းကြောင့်ရယ်။

နောက်တစ်ဦးက စခန်းမှူးတစ်ဦးနှင့် ရဲတပ်ကြပ်တစ်ဦး။ နောက်ထပ်တစ်ဦးက ထူးခြားသော ရုပ်ရှည်၊ ချောမောခန့်ညား ဥပတိရုပ်အသွင်နှင့် လူတစ်ယောက်။

"သူ့ကို ကျွန်တော်ပဲ တာဝန်ယူစောင့်ရှောက်ထားပါ့မယ်၊ စခန်းမှူးတို့ရဲ့ ဧရိယာအဝန်းအဝိုင်းထဲမှာ ရှိနေမှာပါ၊ ဒေါက်တာရဲ့ ခွင့်ပြုချက်ရတဲ့နေ့မှာ စခန်းမှူးတို့ရဲ့ ဝတ္တရားအတိုင်းပေါ့ဗျာ၊ အခုတော့ ကျွန်တော်ကပဲ သူ့အတွက် အာမခံပြီး တာဝန်ယူထားပါ့မယ်"

ကျွန်မဟာ အာမခံထားရလောက်တဲ့ လူတစ်ယောက်ဖြစ်နေသလား၊ ထိုစကားကို ကျွန်မ မေးချင်လိုက်တာရှင်။

ဒါပေမယ့် မေးဖို့ကြိုးစားလိုက်ရုံနဲ့ ရဲမှုခင်းနှင့် ပတ်သက်နေသလားဟု တွေးမိလိုက်ရုံနှင့် ခေါင်းသည် ချားရဟတ်စီးသလို လည်ပတ်သွားပြီး နောက်စေ့ဘက်က ထိုးအောင့်လာသောဝေဒနာကြောင့် မျက်ဝန်းကို မှိတ်ထားလိုက်ရသည်။

"မိန်းကလေး မင်းဘာမှ မစဉ်းစားနဲ့၊ အိပ်လိုက်ဦးနော်"

ဆရာဝန်က ကျွန်ကို ကြင်နာစွာ ပြောလိုက်ခြင်းဖြစ်ကြောင်း သိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ဟု အင်အားချိနဲ့ကုန်ခမ်းနေသော အသံမျိုးနှင့်သာ ကျွန်မ ဖြေလိုက်နိုင်သည်။ ကျွန်မဖြေသံကို သူတို့ကြားမကြား ကျွန်မ မသိလိုက်ရပါ။

"ကိုင်း. . ကျွန်တော့်ရုံးခန်းကို လိုက်ခဲ့ကြဦး၊ အေးအေးဆေးဆေး တိုင်ပင်ဆွေးနွေးကြတာပေါ့"

ဟူသော ဆရာဝန်၏အသံကို ကြားလိုက်ရပြီးနောက် မကြာခင် ကျွန်မလည်း မူးဝေမှုများကြားက အိပ်ပျော်သွားသည်ဟု ထင်ပါသည်။ လောကကြီးနှင့် အဆက်အသွယ် ပြတ်တောက်သွားပြန်လေသည်။







# အခန်း (၃)

ရဲဝံ့အနေဖြင့် မိမိကားကို ဝင်ဆောင့်တော့မည့် ကားကို မြင်လိုက်သည်နှင့် ဘရိတ်နင်းကာ ရပ်တန့်လိုက်သည်။

မိမိကားခေါင်းကို ကျော်ဖြတ်ကာ ကားလမ်းကို ကန့်လန့်ဖြတ်ကျော်တက်ပြီး တစ်ဖက်လမ်းဘေး ဓါတ်တိုင်နှင့် ဝင်ဆောင့်ကာ တိမ်းမှောက်အသွား၌. . မိမိသည် လျင်မြန်စွာဖြင့် ကားတွင်းမှ မိန်းကလေးတစ်ဦးကို ဆွဲထုတ်နိုင်ခဲ့သည်။

ဓါတ်တိုင်နှင့် ကားခေါင်းဝင်အငြိဖြစ်ခြင်းကြောင့် မီး



www.burmeseclassic.com

www.burmeseclassic.com



လောင်သွားသည်။ မီးအဟုန်သည် မိုးသဲသဲမဲမဲဖြစ်ခြင်းကြောင့် မီးတောက်မကြီးထွားသော်လည်း ဖွဲမီးလို အုံဖွဲ့လောင်ကျွမ်းနေသည်။

သွေးသံရဲရဲနှင့် မိန်းကလေး၏ အသက်ရှူလမ်းကြောင်း ရှင်သန်လျက်ရှိခြင်းကြောင့် နောက်ပြသနာ နောက်မှရှင်းရန် ရည်ရွယ်ပြီး စပ်စုံထွန်းဆေးရုံအရေးပေါ်ဌာနသို့တင်ပြီး သက်ဆိုင်ရာရဲစခန်းသို့ အကြောင်းကြားခဲ့သည်။

ရဲဝံ့ အိပ်မပျော်နိုင်ပါ။ အတွေးအိမ်၌ တဝဲလည်လည် ဖြစ်သွားရသည်မှာ မတ်တူးကားဖြူကလေးနှင့် မိန်းကလေး ချောချောလှလှလေးကို တွေ့ရှိခဲ့ရာ ထင်းရှူးတော၌လည်း ပရာဒိုကားတစ်စီးသည် ထင်းရှူးတောကို ဝင်ဆောင့်နေပြီး ထိုကားပေါ်၌. . . သေဆုံးနေသော အလောင်းတစ်လောင်းကို တွေ့လိုက်ရသည်။

ထိုအလောင်းနှင့် ဤမိန်းကလေးသည် ပတ်သက်မှုရှိလိမ့်မည်ဟု ယူဆပြီး စခန်းမှူးက မေးမြန်းစုံစမ်းချင်သည်။

သို့သော် ဤမိန်းကလေးက အတိတ်မေ့နေသည်။

မိန်းကလေးနှင့်ပတ်သက်သော သဲလွန်စသည် ဘာမှမကျန်ရစ်ခဲ့။ မီးလောင်သွားသော မတ်တူးကားခေါင်းပိုင်းကြားဝယ် မီးကျွမ်းနေသည့် စလင်းဘက်တစ်လုံးသည် သဲလွန်စများကို ပျောက်ပျက်သွားစေသည်။ ကားနံပါတ်သာ ကျန်သည်။

ရဲစခန်းက ကားနံပါတ်အရ ပိုင်ရှင်ကို ဆက်လက်စုံစမ်းမည်ဖြစ်သည်။

ပရာဒိုကားပေါ်မှ အလောင်းကတော့ ယာဉ်မောင်းလိုင်





စင် မှတ်ပုံတင်အပြည့်အစုံကြောင့် မိဘများထံ ချက်ချင်းအကြောင်းကြားနိုင်သည်။ ရန်ကုန်မှဖြစ်သည်။ စီးပွားရေးလုပ်ငန်းရှင်တစ်ဦး၏ သားဖြစ်ပြီး ကားတစ်စီး၊ အပေါင်းအသင်းများနှင့် အချိန်ဖြုန်းနေတတ်သော လူငယ်တစ်ဦးဖြစ်ကြောင်း သိရသည်။

ထိုလူငယ်၏အမည်မှာ သူရိန်ဇော်ဖြစ်သည်။

"အစ်ကိုလေး ထမင်းပွဲပြင်ပြီးပြီ၊ မေမေကြီး ခေါ်ခိုင်းလိုက်ပါတယ်"

ရဲဝံ့လာခေါ်သူ နန်းမုံကို လှမ်းကြည့်လိုက်သည်။ စိတ်ရှုပ်သွားသည်။ မိန်းကလေးက အိပ်ပျော်နေဆဲဖြစ်ရာ အကယ်၍များ မိန်းကလေးနိုးလာချိန်၌ မိမိမရှိလျှင် မိန်းကလေး အားငယ်သွားရှာမလား စိုးထိတ်သည်ဖြစ်ရာ. . .

"ငါ မဆာသေးဘူး၊ မေမေ့ကို စားနှင့်ဖို့ ပြောလိုက်ပါ"

"ည ရှစ်နာရီရှိနေပြီ ဦးရဲဝံ့၊ သွားစားလိုက်ပါ၊ ကျွန်မရှိနေတာပဲ"

သူနာပြုဆရာမလေးက သူ၏ ဒွိဟဖြစ်နေသော စိတ်ကို ရိပ်မိဟန်တူသည်။ ဝင်ပြောလိုက်သည်။

"ကောင်းပြီ ဆရာမ၊ သူ့ကို ဂရုစိုက်ပါ၊ သူ့အနားက ဘယ်သူဖယ်ခိုင်းခိုင်း တစ်ဖဝါးမှ ခွာပေးစရာမလိုဘူး"

"စိတ်ချပါ ဦးရဲဝံ့၊ ကျွန်မစောင့်နေပါ့မယ်"

"သူနိုးလာလျှင် နိုးလာချင်းလည်း ကျွန်တော် ချက်ချင်းတွေ့ချင်တယ်၊ နန်းမုံ နင်ပါစောင့်နေ၊ သူနိုးလာတာနဲ့ ငါ့ကိုလာခေါ်"

"ဟုတ်ကဲ့ရှင့်"



www.burmeseclassic.com

www.burmeseclassic.com



ရဲဝံ့သည် ပုံပြင်ထဲက အဆိပ်ပန်းသီး မိ၍ မေ့မြောနေသော စန္နီးဝှိုက်ကို သတိရမိသည်။ စန္နီးဝှိုက်သည် ဤမိန်းကလေးလောက်မှ လှရဲ့လားဟု. . . .။

သက်ပြင်းချပြီး မျက်နှာလွှဲကာ အိပ်ခန်းထဲမှ ထွက်ခဲ့လေသည်။

လှုကသာ ကျောခိုင်းခဲ့ရသည်။ သူ့စိတ်အာရုံကတော့ မိန်းကလေး၏ မျက်နှာလေး၌ ကျန်ရစ်ခဲ့သည်။

ထမင်းစားပွဲ၌ မိဘနှစ်ပါးစလုံးက ရောက်နေနှင့်ပြီ သူ့အားစောင့်ဆိုင်းနေသည်။

နေ့ခင်းက မေမေနှင့်သူ အချေအတင်စကားများကြသည်။

"ရေမျောကမ်းတင်မိန်းကလေးကို မင်းမို့လို့ အိမ်ခေါ်လာတယ်"

"မင်းရဲ့ ဂုဏ်သိက္ခာကို မင်းထည့်သွင်း မစဉ်းစားတော့ဘူးလား"

"သား လူပျိုလူလွတ်နေတဲ့အိမ်မှာ ပျိုသလား၊ အိုသလား ဘာမှမသိရတဲ့ မိန်းကလေးတစ်ယောက်ကို လက်ခံရလောက်အောင် မေမေစေတနာမကောင်းနိုင်ဘူး သား"

မေမေက စကားများဖြင့် သူ့အားနှိပ်စက်ခဲ့သည်။

မည်သို့ဆိုစေကာမူ. . .

"သား ဆုံးဖြတ်ပြီးပါပြီ မေမေ၊ မေမေတို့ လက်မခံနိုင်ဘူးဆိုရင် သားသီးသန့်ဝယ်ထားတဲ့အိမ်မှာ သူ့ကို သားသွားထားပြီး စောင့်ရှောက်ပါ့မယ်၊ စခန်းမှူးကော ဒေါက်တာ့ကိုပါ





သူ့ကိုသားအရိပ်မှာ စောင့်ရှောက်ထားပါ့မယ်လို့ ကတိပေးပြီးသားပါ၊ မေမေ သားကို အသိုင်းအဝိုင်း လူပုံအလယ်မှာ ကတိပျက်သောသူအဖြစ် မျက်နှာအငယ်ခံစေချင်သလား"

သူ့စကားကို မေမေ မချေပခဲ့ပါ။ သို့သော် မကျေမနပ်ဖြင့် သူ့အားကျောခိုင်းသွားခဲ့သည်။

ယခု ထမင်းစားဝိုင်းထဲ သူဝင်လာခြင်းကိုတော့ အသိအမှတ်ပြု စောင့်ဆိုင်းနေသည်။

ဖေဖေကိုတော့ မေမေက ကြိုတင်ပြောပြထားပြီး ဖြစ်ဟန်တူသည်။

ဒေါ်ထွေး ခူးခပ်ပေးသော ထမင်းကိုစတင်ကာ မိဘနှစ်ပါးစားသုံးရန် သူ၏ထုံးစံအတိုင်း ဟင်းများကို ဦးချပေးလိုက်သည်။

သူ့အနေဖြင့် ထမင်းစားချင်စိတ်မရှိချေ။ ဖေဖေသော်လည်းကောင်း၊ မေမေသော်လည်းကောင်း သူ့အားစတင်၍ စကားပြောလာမည်ကို စောင့်ဆိုင်းနေရင်း ထမင်းကို အာဟာရဖြစ်စေရန်အလို့ငှာ ဝတ္တရားအရ စားသုံးသကဲ့သို့ စားသုံးလိုက်သည်။

မေမေသည် ဖေဖေ့အား မသိမသာ လှမ်းကြည့်ကာ မျက်လုံးချင်း စကားပြောလိုက်သည်။

ဒါကိုလည်း သူသိသည်။ သို့သော်. . မသိကျိုးနွံပြုထားလိုက်သည်။

ထမင်းစားပြီး ရေသောက်စဉ်. . .

"ရဲဝံ့ မင်းဆုံးဖြတ်ပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့အသံက အနည်းငယ်မာသည်။ သူ ဖေဖေ့အား လှမ်းကြည့်လိုက်သည်။

"မိန်းကလေးနဲ့ ပတ်သက်လို့လား ဖေဖေ"

"ဟုတ်ကဲ့၊ သူ အတိတ်ကိုပြန်သတိမရမချင်း ကျွန်တော် စောင့်ရှောက်ထားမယ်လို့ ဆုံးဖြတ်ထားပါတယ်"

"သူက တစ်သက်လုံး သတိမရဘူးဆိုရင်ကောကွာ"

"မဖြစ်နိုင်ပါဘူး၊ ဒီလောက်ခေတ်မီဆန်းသစ်တဲ့ နည်းပညာတွေ ထွန်းကားနေတဲ့ ခေတ်ကြီးမှာ တစ်သက်လုံး သတိမရဘူးဆိုတာတော့ မဖြစ်နိုင်ပါဘူး ဖေဖေ၊ ဆရာဝန်ကြီးတွေနဲ့ တိုင်ပင်ပြီးပါပြီ၊ ကျန်းမာရေးကောင်းမွန်လာပြီး စွဲစွဲလမ်းလမ်းရှိခဲ့တဲ့ အရာတွေကို တိုက်တိုက်ဆိုင်ဆိုင် ကြုံတွေ့တဲ့အခါမျိုးမှာ သတိရလာနိုင်ပါတယ်"

"ဘယ်အခြေအမြစ်မှန်းမသိတဲ့. . မိန်းကလေးတစ်ယောက်အတွက် သားရဲ့စွန့်စားမှုက မကြီးမားလွန်းဘူးလား"

"ကျွန်တော် ကူညီပါရစေ"

"ကောင်းပြီ၊ ဒီလိုဆိုရင်. . သူ့ကို မင်းအမေရဲ့ စီမံမှုအောက်မှာထားပါ။ မေမေကပဲ စောင့်ရှောက်ထားပါလိမ့်မယ်၊ မင်း သူ့ကို အနီးကပ်ပြုစုစောင့်ရှောက်ဖို့ မလိုအပ်ဘူးလို့ ဖေဖေ ယူဆတယ်"

"ရောဂါအခြေအနေအရပါ ဖေဖေ၊ ဒေါက်တာက မှာလိုက်လို့ပါ။ သူ သတိရခါစမှာ သူ့ကို စိတ်ထိခိုက်စေနိုင်တဲ့. ."

"အစ်ကိုလေး အစ်ကိုလေး အစ်မလေး သတိရလာပြီ"

နန်းမှူက ပျာယီပျာယာနှင့် လာခေါ်သည်။ ရဲဝံ့ထိုင်ရာမှ





ပြီးသားဖြစ်သွားသည်။ ခြေလှမ်းပြင်လိုက်ပြီးမှ သူ့အား အံ့အားသင့်စွာ ကြည့်နေသော မိဘနှစ်ပါးအား. . .

"သားကို ခွင့်ပြုပါ ဖေဖေနဲ့မေမေ၊ သားခုရက်ပိုင်းတော့ နားမှာ နေပါရစေ"

ပြောပြောဆိုဆိုနှင့် ရဲဝံ့ထွက်သွားသည်။

ဖခင်က သူ၏ကျောပြင်သို့ကြည့်ကာ ခေါင်းတယမ်း မ်းနှင့် ကျန်ရစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၄)

"မင်းနိုးပြီလား"

ကျွန်မ အိပ်မက်ထဲ၌ မြင်ခဲ့ရသော ခပ်ချောချော အမျိုး သားက ကျွန်မကို ကြင်နာမှုများရောယှက်နေသော အသံဖြင့် မေးလာသည်။ ရင်ထဲ တလှပ်လှပ်ဖြစ်လာမှုကြောင့် မျက်လွှာ ကာ. . .

"ဟုတ်ကဲ့"

"မင်းတစ်ခုခု စားလိုက်ပါလား၊ ဆရာမ သူ့ကို ထမင်း ကျွေးလို့ ရပြီလား"





"အဖျားပျောက်ခါစလည်းဖြစ်၊ ညဘက်လည်းဖြစ်တော့ မကျွေးပါနဲ့ဦးလား ဦးရဲဝံ့၊ အရည်လေးပဲ ကောင်းပါတယ်"

"ဒါဖြင့် နန်းမှူး ကြက်စွပ်ပြုတ် ပူပူနွေးနွေးရယ်၊ ကြက်ဥ ပူတင်းရယ် သွားယူခဲ့"

"ဟုတ်ကဲ့ရှင့်"

နန်းမှူးထွက်သွားသည်။

"ဆရာမ ထမင်းသွားစားပါ၊ ကျွန်တော်စောင့်နေပါ့မယ်"

"ကျေးဇူးပါပဲ ဦးရဲဝံ့"

ဆရာမလည်း ဟန်မဆောင်နိုင်ဘဲ အိပ်ခန်းထဲမှ ထွက်သွားသည်။ ဦးရဲဝံ့ကို ကျွန်မ မျက်လွှာပင့်ကြည့်လိုက်သည်။

ခုတင်ပေါ်တွင် ထိုင်နေသော ကျွန်မအား သူရပ်ကြည့်တာ. . .

"မင်း ခေါင်းမူးသေးသလား"

"မမူးတော့ပါဘူး"

"မင်းဘယ်ရောက်နေသလဲဆိုတာ သိသလား"

ကျွန်မ ခေါင်းညိတ်လိုက်တယ်ဆိုရင်ပဲ သူ၏ မျက်ဝန်းရိပ်၌ အံ့ဩဝမ်းသာသော အရိပ်အယောင်များ ယှက်သန်းကာ။

"ဒါဖြင့် ဘယ်လဲ"

"ဦးရဲဝံ့အိမ်လေ"

ဦးရဲဝံ့ နှုတ်ခမ်းတွန့်ရှုံ့သာ ပြုံးလိုက်သည်။

အတော်ကျက်သရေရှိသော ယောကျ်ားတစ်ဦးဟု. . ကျွန်မကောက်ချက်ချ လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကိုယ့်ကိုသိလို့လား"

"သိတယ်"

"ဘယ်မှာလဲ"

"ဆေးရုံမှာလေ"

"မင်းကိုယ်မင်းကော သိပြီလား"

ကျွန်မ မသိနိုင်သောမေးခွန်းကို သူမေးပြန်ပြီ။ ဒါပေမယ့် ဒါ ကျွန်မအသိသင့်ဆုံးကိစ္စဖြစ်သဖြင့် ကျွန်မ စဉ်းစားလိုက်သည်။ သေသေချာချာ စဉ်းစားတိုင်. . ခေါင်းက မူးနောက်လာသည်။ နားထဲလွှဆွဲသံလိုလို၊ သစ်ပင်ကြီးများအား လေပြင်းများ တိုးဝှေ့သံလိုလို ကြားနေရသည်။

"တော်ပြီ. . တော်ပြီ. . မင်းဆက်ပြီး မစဉ်းစားနဲ့တော့ မင်းအတွက် ကိုယ်နာမည်တစ်ခု ပေးထားမယ်"

ကျွန်မ သူ့ကို မျက်တောင်ပုတ်ခတ်ပုတ်ခတ် ငေးကြည့်မိတယ်၊ လောလောဆယ် ကျွန်မကိုယ်ကျွန်မ ဘယ်သူမှန်းမသိခင်၌ သူသည် ကျွန်မဘဝအတွက် ကယ်တင်ရှင်တစ်ဦးပင်။

"မင်း လက်ခံမလား"

"လက်ခံရမှာပေါ့"

"မိုး. . .၊ မင်းကို မိုးသဲသဲမဲမဲမှာတွေ့လို့ မင်းကို မိုးလို့ ကိုယ်ခေါ်မယ်"

"မိုး"

"ဟုတ်တယ် မိုး"

"တစ်လုံးထဲပဲလား"

"တစ်လုံးထဲပေမယ့် အင့်အားက သိပ်ကြီးမားပါတယ်"





ကျွန်မ ကျေနပ်စွာဖြင့်ပြုံးကာ ခေါင်းညိတ်လိုက်မိသည်။

ထိုစဉ် အမျိုးသမီးတစ်ယောက်က စားသောက်ဖွယ်ရာများကို အကျအနပြင်ဆင်ပြီး ဝင်လာသည်။ စောစောက နန်းမှူးဆိုသော မိန်းကလေး မဟုတ်။ လေးဆယ်ကျော်ခန့်ရှိသော အမျိုးသမီးတစ်ဦး။

"စားပွဲပေါ် ပြင်လိုက်မယ်နော် ရဲ"

"ဟုတ်ကဲ့ ဒေါ်ဒေါ်ထွေး"

ကျွန်မ အိပ်မက်ရှည်တစ်ခု မက်နေတာလည်း ဖြစ်နိုင်သည်။

ကျွန်မရောက်နေသောနေရာသည် ရဲတိုက်ကြီးတမျှ. . ခမ်းနား ကျယ်ဝန်းလွန်းလှသည်။

ကျွန်မအတွက်ပေးထားသော အိပ်ခန်းတစ်ခန်းသည် ဝင်လျှင် အိမ်ခန်းတစ်ခန်းစာမျှရှိသည်။ ဆိုဖာဆက်တီရှိသည်။ စာကြည့်စားပွဲရှိသည်။ ရုပ်မြင်သံကြားတစ်လုံးရှိသည်။ တယ်လီဖုန်းရှိသည်။

"ကိုင်း. . ထ. . မိုး ရရဲ့လား"

သူသည် ကျွန်မအား ထိလိုက်လျှင် ကြွေသွားမှာစိုးရိမ်သော ပန်းကလေးတစ်ပွင့်လို မထိရက်မကိုင်ရက် အရိပ်တကြည့်ကြည့်နှင့်. . .

"ရပါတယ် ကျွန်မ ဘာမှမဖြစ်တော့ပါဘူး"

ကျွန်မအတွက် သူ့မှာ တာဝန်ပိုမှာကို. . ကျွန်မ စိုးရိမ်သည်။

"ကျွန်မ မနက်ဖြန်ကစပြီး အခန်းပြင်ထွက်တော့မယ်



www.burmeseclassic.com

www.burmeseclassic.com



နော်၊ ပြီးတော့. . ဒေါ်ဒေါ်ထွေးနဲ့ နန်းမွှံကို ဝိုင်းကူပေးပါ့မယ်၊ နောက်ပြီး ဆရာမကိုလည်း ဆက်မငှားနဲ့တော့၊ ကျွန်မ. . နေကောင်းသွားပါပြီ၊ ဒါကြောင့်. . ."

"မိုး"

ကျွန်မ စကားမဆုံးခင် သူက ကျွန်မအားပြုံးကြည့်နေရာမှ ခေါ်လိုက်သည်။

"ရှင်"

"စကားကိုနောက်မှပြော၊ အစားကို အရင်စားတာ အကောင်းဆုံး ဖြစ်လိမ့်မယ် ထင်တယ်"

"ဟုတ်ကဲ့"

"သူ့နာမည်လေးက မိုးတဲ့လား ရဲ့"

"ဟုတ်တယ်၊ ကျွန်တော်ပေးထားတဲ့ နာမည်လေ"

"ဩော်. . မိန်းကလေးက တော်တော်ချောတာပဲ၊ ဒါကြောင့်လဲ. . ."

"ဒေါ်ဒေါ်ထွေး ပစ္စည်းသိမ်းခါနီးမှ နန်းမွှံကို လွှတ်လိုက်ပါ"

သူ့မျက်နှာပြင်၌ အလိုမကျသော အရိပ်အယောင်များ ယှက်သန်းသွားသည်ကို ကျွန်မတွေ့လိုက်ရသည်။ ဒေါ်ဒေါ်ထွေးက 'အေးအေး' ဟုဆိုကာ ထွက်သွားသည်။

ကျွန်မ ရိပ်မိလိုက်ပြီ။ ဒေါ်ဒေါ်ထွေးစကားဆက်မှာ စိုးရိမ်ခြင်းသည် ကျွန်မနှင့်ပတ်သက်၍ မလိုလားသောသူများ ရှိကောင်းရှိနေပေလိမ့်မည်။

"ဦးရဲဝံ့"





"ပြောလေ. . မိုး"

ကြက်စွပ်ပြုတ်ရည်ကို တစ်ဇွန်းသောက်လိုက်ပြီး သူ့အား ခေါ်လိုက်သည်။

"ဒီမှာ အိမ်သားတွေ ဘယ်နှယောက်ရှိသလဲ"

"ဖေဖေရယ် မေမေရယ်၊ ကိုယ်ရယ်၊ သားအမိ သားအဖ သုံးယောက်ယောက်ရှိတယ်၊ ဒါပေမယ့် ဒေါ်ဒေါ်ထွေးရယ်၊ နန်းမွှံ၊ နန်းပုံတို့ ညီအစ်မ၊ ဒရိုင်ဘာ မောင်ဦး၊ ဦးကြူး၊ တံခါးစောင့် နေ့တစ်ဦး၊ ညတစ်ဦး၊ ဥယျာဉ်မှူး မူးစေ့ရယ် ရှိကြတယ်"

"ဟုတ်လား"

ကျွန်မသည် ဤမျှခန်းနားကြီးကျယ်သော အိမ်ကြီး၌ ဆက်လက် နေထိုင်သွားရမှာလား။ ချမ်းသာကြွယ်ဝသောသူများသည် သွေးကြီးမွေးကြီးနိုင်မည် ထင်သည်။

"ပြီးမှ. . မိုးကို ဖေဖေ၊ မေမေနဲ့ မိတ်ဆက်ပေးမယ်"

"ဖေဖေ၊ မေမေ"

"သောက်လိုက်ဦးလေ မိုး၊ အေးကုန်မယ်"

"ဟုတ်"

ကျွန်မကို ဦးရဲဝံ့ကျွေးမွေးနေပုံသည် မိခင်က ရင်သွေးကို အစားအစာ ဝဝလင်လင်စားသောက်စေချင်သည့် စေတနာမျက်ဝန်းရိပ်မျိုး။

ကျွန်မ မျက်လွှာချကာ မဝံ့မရဲနှင့်. . .

"ဦးရဲဝံ့"

"ဘာလဲ. . မိုး ပြောလေ"

"ကျွန်မတစ်ယောက်ထဲ နေပါရစေလား"



www.burmeseclassic.com

www.burmeseclassic.com



သူ သက်ပြင်းချလိုက်ပြီး. . .

"ကောင်းပြီ၊ ဒါပေမယ့် မိုး ဒီအစားအစာအားလုံးကို ကုန်အောင်စားပါ့မယ်ဆိုတဲ့ ကတိပေးရမယ်"

"ပေးပါတယ်၊ ကျွန်မ အမြန်ဆုံး အားရှိချင်ပါတယ် ကိုယ့်ဘဝကို ကိုယ်သိချင်ပါတယ်၊ ဘဝသစ်တစ်ခုမှာ နာမည် သစ်တစ်ခုနဲ့ နေထိုင်ရတာကို ကျွန်မ မနှစ်သက်ပါဘူး၊ ဘဝအ မှန်ကိုပဲ သိချင်ပါတယ်၊ လူတစ်ဦးဟာ ဘဝတစ်ခုပဲ ရှိသင့်တယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ မိုးနဲ့ ထပ်တူပါပဲ၊ ကိုယ်လည်း. . မိုး ဘယ်သူဆိုတာ သိချင်နေပါတယ်"

"ကျွန်မ ဦးရဲဝံ့ကို ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်ရင် အစားကိုကုန်အောင်စား. . ၊ ကိုယ် လည်သာဆောင်မှာ ခဏထွက်ထိုင်ပေးမယ်နော်"

ကျွန်မ မတားမြစ်နိုင်တော့ဘဲ ငေးကြည့်နေမိသည် သူသည် ကျွန်မ အသက်ကို ကယ်တင်ပေးထားသောသူ ဖြစ် တင်မက၊ ကျွန်မဘဝကိုပါ ကယ်တင်နေသည်။

ကျွန်မ၏ ကျေးဇူးရှင်။

ကျေးဇူးရှင်ကို ကျေးဇူးဆပ်နိုင်စေရန် ကျွန်မ အမြန် သွင်းကာ ကြိုးစားဆပ်သွားရမည်ဟူသော သတိတရားကတော့ ကျွန်မ နှလုံးအိမ်သို့ စွဲငြိသွားလေသည်။







# အခန်း (၅)

"သားကို မေမေ စိုးရိမ်နေလို့ ပြောမိတာပါ"

မေမေ၏ပြောင်းလဲမှုကို ရဲဝံ့ မယုံကြည်နိုင်အောင် ဖြစ် သွားရသည်။

"သူဟာ အမျိုးကောင်းသားသမီး ဟုတ်ရဲ့လား၊ မိုး လေးငါးရက်လောက် ပျောက်ဆုံးနေတဲ့ သမီးမိန်းကလေးတစ်ဦး ကို ဘယ်သူမှ မရှာဖွေစုံစမ်းခြင်းမရှိဘူးဆိုတော့. မိခင်တစ် ယောက်အနေနဲ့ သား လူပျိုလူလွတ်အတွက် စိုးရိမ်တာဟာ



www.burmeseclassic.com

www.burmeseclassic.com



မေမေ့အလွန်လား သား”

ရဲဝံ့သည် မေမေ့ကို ကြည့်လိုက်သည်။

“ကျွန်တော် နားလည်ပါတယ် မေမေ၊ ကျွန်တော့မှာ အသိတရား ရှိပါတယ်၊ လူတစ်ဘက်သား ဒုက္ခရောက်နေလို့ ကယ်တင်ခြင်းကလွဲရင် သား မရိုးမသားစိတ်ကူးမျို းကူးမိမှာ မဟုတ်ပါဘူး၊ နှမသားချင်းလိုပဲ စောင့်ရှောက်သွားမှာပါ”

“သူ ဘယ်သူလဲဆိုတာ မသိခင်အထိ မေမေကပဲ တာဝန်ယူထားမယ်၊ စိတ်ချလက်ချသာနေပါ၊ အဲ. . သားကသာ သူ့ကို သိပ်အရောမဝင်နဲ့”

ရဲဝံ့ မေမေ့သဘောထားကို နားလည်လိုက်သည်။ မိခင်တစ်ယောက်အနေနှင့် အခြေအမြစ်ကိုမသိရသော မိန်းကလေးတစ်ယောက်နှင့် သားဖြစ်သူ ငြိစွန်းသွားမှာကို စိုးရိမ်တကြီး ဖြစ်နေခြင်းသာ ဖြစ်သည်။

“မေမေတို့ ဂရုတစိုက် ရှိမယ်ဆိုရင် သား သူ့ကို ဂရုစိုက်စရာ မလိုပါဘူး၊ သူဟာ ဘယ်သူလဲ၊ လူသေမှုနဲ့လည်း ပတ်သက်ခြင်းမရှိဘူးဆိုရင် သူ့အုပ်ထိန်းသူများထံ အပ်နှံပေးပြီးရင် သား ဝတ္တရားကုန်ပါပြီ၊ လူသားအချင်းချင်း စာနာထောက်ထားပြီး ကျွန်တော် ကူညီတာပါ၊ ခုချိန်မှာ သူဟာ ဒုက္ခသည်တစ်ဦးပါ”

“အေးပါ မေမေ သဘောပေါက်ပါပြီ၊ ဒါထက်ပိုပြီး ကြို မြင်တာက အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိတွယ်တတ်တဲ့သဘာဝပဲ၊ ဒါကြောင့် သား သူနဲ့ ခပ်ကင်းကင်းနေပါ၊ မေမေက သမီးသဖွယ် စောင့်ရှောက်ထားမယ်လို့ ကတိပေးတယ်”





ရဲဝံ့ မေမေ့အား ယုံကြည်လိုက်သည်။ ရဲဝံ့သည် ဤမိဘနှစ်ပါးမှ ပေါက်ဖွားလာသော သားဖြစ်သည်။ သူတစ်ဖက်သား ဒုက္ခရောက်လျှင် ကူညီတတ်သော စိတ်ဓါတ်မျိုးသည်လည်း မိဘ၏ အမွေအနှစ်တစ်ရပ်ဟု သူနားလည်လက်ခံပြီး ဖြစ်သဖြင့်. .

“ဟုတ်ကဲ့ ကျွန်တော် မေမေ့စကား နားထောင်ပါ့မယ်”

ဟု မိခင်ကို ယုံကြည်စိတ်ဖြင့် ကတိပေးလိုက်ရသော်လည်း သူ့ရင်ထဲ၌ လစ်ဟာသွားသကဲ့သို့ ခံစားလိုက်ရသည်။

‘မိုး’၏ မျက်နှာလေးကို နေ့စဉ်မြင်တွေ့ခွင့် ရပါ့မလား။

‘မိုး’ အားငယ်နေရှာမှာလား၊ ‘မိုး’ ဟူသော သံယောဇဉ်အမျှင်ကတော့ သူ့ရင်တွင်း အမျှင်တန်းနေပြီဟု ရဲဝံ့ သူ့ကိုယ်သူ နားလည်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၆)

ရုပ်ရည်ချောမောသော အမျိုးသမီးကြီးကို မြင်လိုက်ရ နှင့် ဦးရဲဝံ့အမေဟု ကျွန်မကိုမည်သူမှ မိတ်ဆက်ပေးစရာမလိုဟု သိလိုက်သည်။

စံပယ်ပန်းများကို ခူးခြွေကာ ဆန်ခါထဲထည့်နေသော ကျွန်မအနီးသို့ လျှောက်လာသည်။

“မင်းက အစောကြီး နိုးနေသလား”

“ဟုတ်ကဲ့”





“မင်း ဒီပန်းကို ဘာပန်းလဲလို့ သိသလား”

“သိပါတယ်၊ စံပယ်ပန်းပါ”

“မင်းကြိုက်သလား”

“ကြိုက်ပါတယ်”

“အရင်တုန်းကကော”

ကျွန်မ စဉ်းစားရပြီ။ အရင်တုန်းက ကျွန်မ ဘယ်အချိန်တုန်းက ကြိုက်နှစ်သက်ခဲ့သလဲ။

“ကျွန်မ အရင်တုန်းက ကြိုက်ခဲ့သလား၊ မကြိုက်ခဲ့ဘူးလားဆိုတာကိုတော့ ကျွန်မ မသိပါဘူး အန်တီ၊ ဒါပေမယ့် ကျွန်မ ခြံထဲကို ဆင်းလာတာနဲ့ ပန်းတွေအများကြီးတွေ့ရတယ်၊ ကျွန်မ ကြိုက်တာ နှင်းဆီ၊ စံပယ်၊ ဇီဇဝါ၊ မြတ်လေး၊ ဇွန်. . မွှေးတဲ့ပန်းတွေ. . ဖြူတဲ့ပန်းတွေကို ကျွန်မ နှစ်သက်တယ်”

“သစ်ခွကိုကော”

“သစ်ခွက အဖိုးတန်တယ်၊ ကြည့်ရှုခံတယ် လှလည်းလှတယ်၊ ဒါပေမယ့် ကျွန်မ မကြိုက်ဘူး၊ သဇင်ကိုတော့ ကြိုက်တယ်”

“ဘာဖြစ်လို့ သစ်ခွကို မကြိုက်တာလဲ”

“လှရုံလှပြီး အနံ့မှမရှိတာ”

“ဒါတွေဟာ မင်းခေါင်းထဲ ရှိခဲ့တာလား”

“အခုပဲ ကျွန်မ ခံစားလိုက်ရတာ၊ ဒီပန်းတွေကိုမြင်ပြီး ခံစားလိုက်ရတာပါ အန်တီ”

ဦးရဲဝံ့မိခင်သည် ရုပ်ရည်ချောမောသကဲ့သို့ ပညာပြည့် ဝတ်သော အမျိုးသမီးတစ်ဦး ဖြစ်လိမ့်မည်ဟု ကျွန်မ ခန့်မှန်းမိ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"မင်း တို့ကို အန်တီလို့ ခေါ်တယ်နော်"

"ဟုတ်ပါတယ် အန်တီ၊ အန်ကယ်လ်ဆိုတာ ကျွန်မခေါ်နေကြထင်ပါတယ် အန်တီ"

ဦးရဲဝံ့မိခင်သည် ကျွန်မနှင့်အတူ စံပယ်ပန်းများကို တူကာ ခူးခြွေပေးလေသည်။ ကျွန်မရင်ထဲ တစ်မျိုးဖြစ်လာသည်။ ဝမ်းနည်းသလိုလို ကြေကွဲသလိုလို. . .။

ဦးရဲဝံ့မိခင်ကို အမူမဲ့အမှတ်မဲ့ ငေးကြည့်ရင်း ဦးရဲဝံ့မိခင်ဝတ်ထားသော အဝါရောင်ဖျော့ဖျော့နှင့် ပါတိတ်လုံချည် အဝါပွင့်ဖောက် အညိုခံအရောင်သည် ပြောင်းလဲသွားပြီး အညိုရောင်ပြောင်တွေ ကြီးစိုးလာသည်။ ကျွန်မနှင့်ပတ်သက်ခဲ့သောသူ ဖြစ်လိမ့်မည်ဟူသောအသိနှင့် ကျွန်မ ငေးစိုက်ကြည့်မိစဉ် မခေါင်းအုံခဲကာ မခံမရပ်နိုင်အောင် နာကျင်လာသဖြင့်. . .

"မိန်းကလေး. . . မင်း . . . မင်း ဘာဖြစ်သွားတာလဲ"

ကျွန်မ မျက်လုံးအသာမှိတ်ကာ ခေတ္တငြိမ်သက်လိုက်သည်။ ထိုစဉ် ကျွန်မ၏ လက်မောင်းပေါ်သို့ နူးညံ့သောအထိအတွေ့ကို ခံစားလိုက်ရသည်။

ကျွန်မ မျက်လုံးပြန်ဖွင့်လိုက်သည်။ မြင်ကွင်းအားလုံးသည် လက်ရှိပကတိအနေအထားသို့ ပြန်လည်ရောက်ရှိလာသည်။ ဦးရဲဝံ့မိခင်သည် ကျွန်မအား စိုးရိမ်မကင်းသော အသွင်ဖြင့် ကျွန်မ၏ ဘယ်လက်မောင်းကို ဆုပ်ကိုင်ထားရင်း. . အကဲခတ်နေသည်။

"ကျေးဇူးတင်ပါတယ် အန်တီ၊ ကျွန်မအာရုံထဲမှာ တစ်





ခုခု ပေါ်လာလို့ပါ"

"ဘာအာရုံလဲ မိန်းကလေး"

ကျွန်မကို ဦးရဲဝံ့မိခင်က တက်ကြွစွာ မေးလိုက်သည်။

"အန်တီ့အရွယ် အမျိုးသမီးတစ်ဦး. ."

"ဟုတ်လား"

"ဟုတ်ပါတယ်၊ မျက်နှာကို သဲသဲကွဲကွဲ မမြင်ရဘူး၊ ဒါပေမယ့် အညိုရောင်. . အညိုရောင်. . တစ်ကိုယ်လုံးဝတ်ထားတယ်ဆိုတော့. . ယောဂီ. . ယောဂီပေါ့နော် အန်တီ၊ ကျွန်မ ယောဂီတစ်ဦးကို တွေ့လိုက်ရတယ်"

ဦးရဲဝံ့မိခင်က. . .

"နောက်တော့ကော"

"နောက်တော့ ကျွန်မ အာရုံစိုက်ပြီး မျက်နှာကိုပေါ်အောင်ကြည့်တာ ကြည့်ရင်းနဲ့ ခေါင်းထဲ တအားကိုက်လာပြီး ပျောက်သွားပါတယ် အန်တီ"

ဦးရဲဝံ့မိခင်က ကျွန်မလက်မောင်းပေါ်မှ လက်ကို ညင်သာစွာ ရုပ်သိမ်းလိုက်ပြီး သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကျွန်မကို ခွင့်လွှတ်ပါနော် အန်တီ၊ ကျွန်မ တကယ်မသိတော့လို့ပါ။ ကျွန်မ ဘယ်သူဘယ်ဝါဆိုတာကို ကျွန်မ ကျေးဇူးရှင်မိသားစုကို ကျွန်မ သိပ်ပြောပြချင်ပါတယ်၊ ဒါပေမယ့်. ."

"အေးလေ ဖြည်းဖြည်းပေါ့. . မိန်းကလေး ကျန်းမာရေးအခြေအနေ ကောင်းမွန်လာတဲ့အခါ ပြန်မှတ်မိလာမှာပါ။ အေးသာ မှန်မှန်သောက်၊ ကိုင်း. . လာ. . အိမ်ထဲဝင်ရအောင် မိန်းကလေး၊ တို့အိမ်သားတွေက မနက်စာကို ခုနစ်နာရီမှာ စား

www.burmeseclassic.com



သောက်ကြတယ်၊ နေ့လည်စာကိုတော့ ဆယ့်နှစ်နာရီ၊ ညစာကို ညခုနစ်နာရီမှာ စားတယ်၊ အဲဒီအချိန်တွေမှာ. . မိသားစုသုံး ယောက် ဆုံကြတယ်၊ စားသောက်ရင်း စိတ်ထိခိုက်စေနိုင်တဲ့ ပြဿနာကလွဲရင် ကျန်တဲ့ကိစ္စတွေကို တိုင်ပင်ဆွေးနွေးကြတယ်၊ စိတ်ထိခိုက်စရာကိုတော့ စားသောက်ပြီးချိန်မှာ ပြောကြတယ်"

"အန်တီတို့မိသားစုမှာ စိတ်ထိခိုက်စရာဆိုတာကော ရှိသေးလို့လား အန်တီ"

ဦးရဲဝံ့မိခင်နှင့်ကျွန်မ အိမ်ကြီးဘက်သို့ ပြန်လျှောက်လာ ရင်း စကားပြောဖြစ်သည်။

"ရှိတာပေါ့ မိန်းကလေး၊ မိသားတစ်စု ဒါမှမဟုတ် အိမ်ထောင်တစ်ခုမှာ အနည်းနဲ့အများဆိုသလို ပြဿနာလေးတွေက ရှိစမြဲပဲလေ၊ ဘယ်အရာမှ တစ်သမတ်ဇာည်း မသွားတတ်ဘူး၊ ဒါကလည်း လောကသဘာဝနိယာမတစ်ခုပဲ"

ဦးရဲဝံ့မိခင်ကို ကျွန်မ ငဲ့စောင်းကြည့်မိသည်။ ပလက်တီနန်ကွတ်ထားသော သုံးရတီခန့်ရှိသော စိန်တစ်လုံးစီကို ပန်ဆင်ထားသည်မှအပ အခြားလက်ဝတ်ရတနာများ ဝတ်ဆင်ထားခြင်း မရှိချေ။ ရှမ်းတိုင်းရင်းသူ အနွယ်လည်း ဖြစ်ဟန်တူသည်။ အသားဖြူပြီး ပါးပြင်များသည် အနီရောင်ပြေးနေသည်။

ဦးရဲဝံ့သည် အမေတူသားဖြစ်သည်။

ကျွန်မတို့ ထမင်းစားခန်းသို့ တန်းဝင်နိုင်သော တံခါးပေါက်ဘက်မှ ဝင်လိုက်ကြသည်။

နန်းမှုံက ကျွန်မလက်မှ ဆန်ခါကိုလာယူသည်။ ကျွန်မ ဘေစင်၌ လက်ဆေး၊ လက်သုတ်ပြီးမှ. . ထမင်းစားခန်းဆီသို့





လျှောက်ခဲ့သည်။

ကျွန်မ အပြုအမူမှန်သမျှကို ဦးရဲဝံ့မိခင်က မသိမသာ အကဲခတ်နေသည်ဟု ကျွန်မ ထင်မြင်မိလေသည်။

ထမင်းစား,စားပွဲ၌ စောင့်ဆိုင်းနေသော သူနှစ်ဦးအ တော် ဦးရဲဝံ့နှင့် ဦးရဲဝံ့ဖခင်ကို ကျွန်မ ဂါရဝပြုအပြုံး ပြုံးလိုက်သည်။

ဦးရဲဝံ့ဖခင်က ကျွန်မအား ရုတ်တရက် ကြက်သေသေ သာ ငေးကြည့်နေသည်။ သိဟောင်း ကျွမ်းဟောင်းတစ်ဦးကို ရုတ်တရက် မြင်တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားသောဟန် အမူအရာမျိုးဟု ကျွန်မ အကဲခတ်မိလိုက်စဉ်. . .

"ထိုင်လေ မိန်းကလေး"

ဦးရဲဝံ့မိခင်က သူ့နံဘေး၌ ကျွန်မအား နေရာပေးလိုက်သည်။ သူတို့၏ နံနက်စာသည် ဟိုတယ်များ၌ စားလေ့ရှိသော အစားအသောက်မျိုးဖြစ်သည်။

ဟိုတယ်စာဟု ကျွန်မဘာကြောင့် သိနေသနည်း. .။ ကျွန်မ ဟိုတယ်များ၌ တည်းခိုဖူးသလား၊ ဘယ်သူနှင့် တည်းခိုဖူးသနည်း။

လိမ္မော်ရည်ကို အရင်သောက်လိုက်ကြပြီးမှ ပေါင်မုန့်ကို ထောပတ်၊ ဒိန်ခဲ၊ စတော်ဘယ်ရီ. . ကြိုက်နှစ်သက်ရာ သုပ်စားနိုင်စေရန် ချထားပေးသည်။ ကြက်ဥ အကာကျက်ရုံက နှစ်လုံး၊ နောက်. . သီးမွှေးငှက်ပျောသီးတစ်ပန်းကန်၊ ကော်ဖီ၊ လက်ဖက်ရည် ကြိုက်နှစ်သက်ရာ သုံးဆောင်နိုင်စေရန် ကရားများနှင့် ချထားပေးသည်။ သကြားက သီးသန့်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေး နှစ်သက်သလို စားသုံးပါ၊ စားကော စားတတ်ရဲ့လား၊ မုန့်ဟင်းခါးတို့ လက်သုပ်တို့များ စားချင်သလား"

"မစားချင်ပါဘူး၊ ကျွန်မ ဒါတွေ စားတတ်ပါတယ်"

"ဒါတွေ. . မိုး ဘယ်လိုမှတ်မိသလဲ"

"ကျွန်မရဲ့ အလေ့အထတစ်ခုလိုပဲ၊ ကျွန်မ အာရုံမှာ အလိုလို ခံစားရပါတယ် ဦးရဲဝံ့"

ဦးရဲဝံ့အမေးကို ကျွန်မ ရင်ထဲရှိသည့်အတိုင်း ဖြေလိုက်ခြင်းပင်၊

ကျွန်မသည် ခါးဖြင့်ထောပတ်သုပ်နေရင်း ကျွန်မလက်ချောင်းများကို ကျွန်မ သတိပြုလိုက်မိသည်။ ကျွန်မလက်ချောင်းများမှာ နှစ်ဖက်စလုံး လက်သည်းရှည်ဖြစ်နေပြီး လက်သည်းနီဆိုးထားသည်။ ထိုမျှမက အလုပ်ကြမ်းနေနေသာသာ၊ မီးဖိုချောင်ပင် ဝင်ဖူးသောလက်မျိုး ဟုတ်ဟန်မတူ။

ဒါကို ဦးရဲဝံ့မိခင်လည်း သတိပြုမိဟန်တူမှာပါ။ သူသည် ကျွန်မကို အမြဲတစေ လေ့လာအကဲခတ်နေပုံရသည်။

"အစ်ကို ခရီးထွက်ဖို့ကိစ္စ ဘယ်နေ့ဖြစ်မလဲ"

"သန်ဘက်ခါလောက်ဖြစ်မယ်၊ သားက. . ဒီကလုပ်ငန်းတွေအားလုံး လိုက်လုပ်ရလိမ့်မယ်"

"စိတ်ချပါဖေဖေ၊ ကျွန်တော် အားလုံး ခရီးစဉ်တွေ ရေးဆွဲစီစဉ်ပြီးပါပြီ"

"ဒီကြားထဲမှာ မိုးကို မေမေစောင့်ရှောက်ထားပေးပါ လိုအပ်ရင် စခန်းမှူးလာရောက် ဆက်သွယ်ပါလိမ့်မယ်၊ မိုးက လည်း မေမေမသိဘဲနဲ့ ဘယ်ကိုမှ မသွားရဘူးဆိုတာ သဘောပေါက်တယ်နော်"

"ဟုတ်ကဲ့ပါ ဦးရဲဝံ့၊ ကျွန်မ အခြေအနေအရပ်ရပ်ကို နားလည်သဘောပေါက်ထားပါတယ်"

"ဒီလိုဆိုရင်ကောင်းပါတယ်၊ ဒါ. . တို့ဖေဖေ ဦးထက်အောင်ပဲ"

"တွေ့ရတာ ဝမ်းသာပါတယ် အန်ကယ်လ်"

"အန်ကယ်လ်တို့ သားအဖကတော့ အိမ်မှာနေခဲ့တယ် မိန်းကလေး၊ အလုပ်ကိစ္စတွေနဲ့ ခရီးရှည်၊ ခရီးတို အမြဲလိုလို ထွက်တတ်တယ်၊ ဒါကြောင့်. . မင်းဟာ မင်းအန်တီရဲ့ စောင့်ရှောက်မှုအောက်မှာပဲ နေခဲ့ရမှာ"

"ဟုတ်ကဲ့ပါ အန်ကယ်လ်၊ အန်ကယ်လ်တို့ မိသားစုရဲ့ ကျေးဇူးတရားကို ကျွန်မ အမြဲအောင်းမေ့ပြီး. . ကျွန်မကြောင့် အန်ကယ်လ်တို့ ဂုဏ်သိက္ခာမထိခိုက်အောင် ဆင်ဆင်ခြင်ခြင် နေသွားမှာပါ"

"ကောင်းပါပြီလေ၊ မင်းကို လာခြင်းကောင်းသော မိန်းကလေး ဖြစ်ပါစေလို့ပဲ အန်ကယ်လ်တို့က ဆန္ဒပြုနေရမှာပါ"

"အန်ကယ်လ်တို့ ဆန္ဒအတိုင်းဖြစ်ပါစေ. . ၊ ဖြစ်အောင်လည်း ကျွန်မ ကြိုးစားသွားမှာပါ"

ကျွန်မသည် စကားကို ပရိယာယ်ကြွယ်ဝသော ဦးရဲဝံ့၏ မိဘနှစ်ပါးကို အမှန်တကယ်ပင် လေးစားမိသည်။ ချက်ချင်းဆိုသလို သူတို့၏ အရွတ္တကိုလည်း ရိပ်မိလိုက်သည်။

တစ်ဦးတည်းသောသား အဖိုးတန်အတွက် အမျိုးမှန်သော သတို့သမီးလောင်းကိုသာ အလိုရှိကြပေလိမ့်မည်။





www.burmeseclassic.com

www.burmeseclassic.com




မမျှော်လင့်ဘဲ ရောက်လာသော. . ရေမျောကမ်းတင် ကျွန်မကြောင့် သားအတွက် စိုးရိမ်တကြီးဖြစ်နေရသည်။ ဒါတွေကို ကျွန်မကောင်းစွာ အကဲခတ်မိသည်။

ကျွန်မသည် မိမိကိုယ်မိမိ မမှတ်မိ။ မိမိအတိတ်ကိုမိမိ မေ့လျော့နေခြင်းမှအပ လက်ရှိအနေအထားတွင် ခပ်ရိုးရိုး၊ ခပ်အအ မိန်းမမျိုးမဟုတ်ဘဲ. . လူတွေ၏မနောကို ကျွမ်းကျင်စွာ အကဲခတ်နိုင်သော မိန်းမဖြစ်နေသည်ကိုလည်း အံ့ဩစွာ သုံးသပ်မိလေသည်။

ကျွန်မ ဘယ်သူလဲ၊ သိချင်လိုက်တာ. . .။







# အခန်း (၇)

ဒေါ်ပိတောက်သည် မိမိထံမှ သိုးမွေးကို ထိုးအပ်နှင့် ထိုးလက်စကို တောင်းယူပြီး ကျွမ်းကျင်ပိုင်နိုင်စွာ ထိုးနေသော မိန်းကလေးကို ကြည့်ပြီး အံ့အားသင့်သွားသည်။

အတိတ်မေ့သူများသည်. . သူတို့၏ အတိတ်ဇာတ်ကြောင်းကိုသာ မေ့တတ်ကြပြီး သူတို့ကျွမ်းကျင်ခဲ့သောလုပ်ငန်းများကို မမေ့မလျော့ ရှိတတ်ကြသည် ထင်ပါသည်။

"မိန်းကလေး"

www.burmeseclassic.com

www.burmeseclassic.com



"ရှင် အန်တီ"

"နေလေးလည်း နည်းနည်းပွင့်တယ်၊ ရသီဥတုကလဲ သာသာယာယာကလေးပဲ၊ တို့နှစ်ယောက် ကားလျှောက်မောင်းရင်း ကြို့းတံတားဘက် လေညင်းခံသွားရရင် မကောင်းဘူးလား"

"သိပ်ကောင်းတဲ့အကြံပါ။ ကျွန်မလည်း ပြင်ပလောကနဲ့ အဆက်အသွယ်ပြတ်နေတာ ကြာပြီဆိုတော့ သွားချင်ပါတယ်"

မိန်းကလေးက သွက်လက်စွာပင် ထိုးလက်စများကို သေသပ်စွာ သိမ်းဆည်းလိုက်ပြီး ထရပ်လိုက်သည်။

ဒေါ်ပိတောက်က နန်းပုံအား မောင်ဦးကို ကားထုတ်ခဲ့ရန် ပြောလိုက်သည်။

ပေါ်တီကိုအောက် ကားလာရပ်တော့. .

"မောင်ဦး ကားထားခဲ့၊ လုပ်စရာရှိတာ သွားလုပ်တော့"

ဟု ဒေါ်ပိတောက်က အမိန့်ပေးလိုက်သည်။ ပြီးတော့ မိန်းကလေးအား. . .

"မိန်းကလေးပဲ မောင်း၊ တို့နှစ်ယောက် လွတ်လွတ်လပ်လပ် သွားကြတာပေါ့"

"အကောင်းဆုံးပဲ အန်တီ"

မိန်းကလေးက ဒေါ်ပိတောက်အတွက် ရှေ့ခန်းတံခါးကို ဖွင့်ပေးလိုက်သည်။ မိန်းကလေး၏ သွက်လက်ဖျတ်လတ်မှု ပါးရည်နပ်ရည်ရှိမှုကတော့ ချီးကျူးစရာပင်။

"သိုင့်ခ်ကျူး"

"ရပါတယ် အန်တီ"

တံခါးကို ပိတ်ပေးပြီး ကားခေါင်းကိုပတ်ကာ ယာဉ်



မောင်းနေရာ၌ ဝင်ထိုင်ပြီး ကားကို ကျွမ်းကျင်စွာ မောင်းထွက်ခဲ့လေသည်။

ဒေါ်ပိတောက် သက်ပြင်းချလိုက်သည်။

ကိုယ်ပိုင်ကားကိုမောင်းတတ်ပြီး သွားလာရဲသော မိန်းကလေးသည် မည်ကဲ့သို့သောမျိုးရိုးက ဖြစ်နိုင်သနည်း။

တစ်ခုထူးခြားသည်က သူမ၌နားပေါက်မရှိ။ လက်ဝတ်လက်စားဆိုလျှင် လက်သူကြွယ်၌ရှိနေသော နီလာ အရည်အသွေးကောင်းကောင်း စိန်ရံထားသော လက်စွပ်တစ်ကွင်းမှလွဲ၍ ဘာမှပါမလာခဲ့။ နာရီကတော့ ဗိုင်ခွက်မှန်ကွဲသွားသဖြင့် အပျက်အစီးအတိုင်း ရဲဝံ့က သိမ်းထားပြီး၊ တစ်လုံး ပြန်ဝယ်ပေးထားသည်။ သို့သော် မိန်းကလေးက မပတ်ချေ။

"မီးခြားလမ်းဘက်မောင်းပါလား မိန်းကလေး"

"မီးခြားလမ်း"

မိန်းကလေးကို မီးခြားလမ်းမှာ တွေ့ခဲ့သည်ဟု ရဲဝံ့က ပြောသဖြင့် ဒေါ်ပိတောက်က တမင်ပြောလိုက်ခြင်းဖြစ်သည်။

"မီးခြားလမ်း၊ ဘယ်နားမှာလဲ အန်တီ၊ ကျွန်မ ဒီလမ်းတွေကို မကျွမ်းကျင်ဘူးထင်တယ်၊ လမ်းညွှန်ပေးပါ"

"အေး . . အေး"

မိန်းကလေးသည် ဤမြို့က မဟုတ်သည်မှာတော့ ကျိန်းသေသည်။ ဤမြို့မှာ ဤကဲ့သို့လှပသော မိန်းကလေး တော်တော်များများ၊ ကျော်ဇောသော မိန်းကလေးတော်တော်များများကို ဒေါ်ပိတောက်သိသည်။ အဘယ်ကြောင့်ဆိုသော် သားရှင်မိခင်ကို အောင်သွယ်တော်များ လာရောက်စပ်ဟပ်ကြသည့်အခါ



www.burmeseclassic.com

www.burmeseclassic.com



၌ မိမိကလည်း သားအတွက်ဆိုလျှင် မမောနိုင်မပမ်းနိုင် လှေ လာသည်။ မိမိကျေနပ်မှုရှိလျှင် သားကို ဖောက်သည်ချကာ မသိ မသာ လှေလာခိုင်းသည်။

အံ့ဩဖွယ်ကောင်းလွန်းလှသည်မှာ. . သားသည် ဤ ကမ္ဘာလောကကြီး၌ သူ နှစ်သက်သဘောကျသော မိန်းကလေး မရှိဘူးဟု ယူဆထားပုံရသည်။ အမြဲငြင်းဆန်လျက်ရှိသည်။

ယခု ရေမျောကမ်းတင် မိန်းကလေးကိုတော့ အံ့ဩစ ရာကောင်းလောက်အောင် သူ ဂရုစိုက်သည်။ မထိရက် မကိုင် ရက် နွမ်းကြေသွားမည့် ပန်းကလေးကို မြတ်နိုးတန်ဖိုးထားသလို ဂရုတစိုက်၊ အရိပ်တကြည့်ကြည့် ရှိနေတတ်ကြောင်း မိခင်တစ် ယောက်အနေဖြင့် ဒေါ်ပိတောက် ကောင်းစွာရိပ်မိနေသည်။

ထို့ကြောင့် ဒေါ်ပိတောက် ဆုံးဖြတ်ခဲ့သည်။

တစ်ဦးတည်းသောသား စိတ်ချမ်းသာလျှင် မိဘနှစ်ပါး လည်း စိတ်ချမ်းသာရမည်ဟူသောအသိဖြင့် မိန်းကလေးကို သားအလိုကျအတိုင်း စောင့်ရှောက်ထားပြီး လှေလာရန် ဆုံး ဖြတ်လိုက်သည်။

"အန်တီ ရှေ့လမ်းဆုံရောက်ရင် ဘယ်ကိုချိုးရမလဲဟင်"

"ဩော်. . ဘယ်ဘက်. . ဘယ်ဘက်"

ထင်ရှူးတန်းများ အုံ့ဆိုင်းလျက်ရှိနေသော ချစ်သူလမ်း ကြားကလေး၊ သို့မဟုတ် မီးခြားလမ်းသို့ ဒေါ်ပိတောက် ညွှန်ပြ လိုက်သည်။

"ဖြည်းဖြည်းမောင်း မိန်းကလေး"

"ဟုတ်ကဲ့ပါ"





မိန်းကလေး၏အသံက ကြည်လင်သည်။ တောင်ကျ စမ်းရေလိုလည်း အေးမြသလောက် အရှိန်အဟုန်ပြင်းသည်ဟု ဒေါ်ပိတောက်ရင်ထဲ တင်စားမိသည်။

မိန်းကလေးသည် ကားကိုမောင်းရင်း မျက်နှာဖြူရော် ရော်ဖြစ်လာသည်။

"အန်တီ"

"ကားခဏရပ်လိုက်ပါလား မိန်းကလေး"

"ဟုတ်"

မိန်းကလေး ကားကို ညင်သာစွာ ရပ်လိုက်သည်။

ဒေါ်ပိတောက်က. . .

"ဘာဖြစ်လို့လဲ မိန်းကလေး၊ ခေါင်းကိုက်လာပြန်ပြီ လား"

"ဟုတ်ပါတယ် အန်တီ၊ ကျွန်မနားထဲမှာ မိုးထစ်ချုန်း သံလိုလို၊ လွှဆွဲသံလိုလို လေတိုးသံတွေလိုလို ကြားနေရတယ်"

"မင်း ဒီနေရာကို ရောက်ဖူးသလား"

မိန်းကလေး မျက်တောင်ကို ပုတ်ခတ်ကာ စဉ်းစားသည် ထင်ရှူးတန်းကို ငေးကြည့်သည်။ အတန်ကြာတော့ ခေါင်းခါ လိုက်သည်။

"မရောက်ဖူးဘူးထင်ပါတယ် အန်တီ"

ဒေါ်ပိတောက် သက်ပြင်းချလိုက်သည်။ ဤမိန်းကလေး သည် ဤမြို့ကမဟုတ်သည်တော့ သေချာသလောက် ဖြစ်နေ သည်။

"မိန်းကလေး နေမကောင်းရင်. . အန်တီမောင်းမယ်

www.burmeseclassic.com



လေ”

“ရပါတယ် အန်တီ၊ ကျွန်မ သက်သာသွားပါပြီ၊ မောင်း ရတော့မလား”

“မောင်းပါ၊ ဗျူးပွိုင့်ဘက်ကို သွားရအောင်”

မိန်းကလေး ကားကို ပြန်မောင်းလိုက်သည်။

“အန်တီ. . ကျွန်မ ဒီမြို့က မဟုတ်ဘူးထင်တယ်”

“ဘာဖြစ်လို့ မင်း အဲဒီလိုပြောနိုင်ရတာလဲ”

“မြင်မြင်သမျှအရာတွေဟာ ကျွန်မနဲ့ စိမ်းကားနေတယ်၊ နောက်ပြီး ဆေးရုံရယ်၊ အန်တီတို့အိမ်မှာရယ် ပေါင်းစပ်လိုက်ရင် ကျွန်မရောက်နေတာ တစ်ပတ်ရှိပြီ ဘယ်သူမှ ဆက်သွယ်မလာ သေးဘူးဆိုတော့ ကျွန်မ တောင်ကြီးက မဟုတ်တာတော့ သေ ချာပါတယ် အန်တီ”

ဒေါ်ပိတောက်သည် မိန်းကလေး ဟန်ဆောင်နေခြင်း မဟုတ်ကြောင်းကိုတော့ နားလည်သဘောပေါက် လက်ခံထားပြီး ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် မိန်းကလေး၏ မျက်လုံးများ သည် ရိုးသားအပြစ်ကင်းနေသည်။ တည်ငြိမ်နေသည်။ မျက် ဆန်ကလေးတွေသည် ရဲရင့်မှုရှိသော်လည်း ကောက်ကျစ်မှု မပါ ဟု ထင်သည်။

ဒေါ်ပိတောက်လိုချင်သည်က စိတ်ထားမြင့်မြတ်သော မိန်းကလေးဖြစ်သည်။

စိတ်ထားမြင့်မြတ်ခြင်းသည် ကြီးမြတ်ဆုံးသော ဂုဏ် အင်တစ်ရပ်ဖြစ်သည်။ သည်းခံနိုင်စွမ်း ရှိရမည်၊ နှလုံးသားဖြူ





စင်ရိုးသားရမည်၊ မိခင်ဆန်သော မိန်းမကောင်း မိန်းမမြတ်ကို လိုချင်သည်။

“အန်တီတို့ကို ကျွန်မ အားနာလှပါပြီ၊ ကျွန်မအတွက် ဝန်ပိုနေမှာကို ကျွန်မ သိပ်စိုးရိမ်ပါတယ်”

“ရှေးအတိတ်ကံကြောင့် မင်းနဲ့တို့မိသားစု လာရောက် ဆုံစည်းကြတာပဲကွယ်၊ တာဝန်တစ်ရပ်အနေနဲ့ တို့သဘော မထားပါဘူး၊ မင်းဟာ ကျေးဇူးကန်းတတ်မယ့် ရုပ်ရည်မျိုး မဟုတ် ဘူးလို့လည်း တို့ယုံကြည်ပါတယ်”

“စိတ်ချပါ အန်တီ၊ ကျွန်မကြောင့် အန်တီတို့ စိတ်မ ဆင်းရဲစေရပါဘူးဆိုတဲ့ကတိကို ကျွန်မ ပေးပါတယ်”

“တို့ သာမုခေါ် ချင်ပါတယ်၊ ခေါ်ခွင့်ကြုံဖို့ကို စောင့်စား နေမှာပါ”

ဒေါ်ပိတောက်ရင်ထဲ၌ အမှန်တကယ် မျှော်လင့်နေမိ သည်။ ချစ်သူရည်းစားမရှိဘဲ အမျိုးကောင်းသမီးတစ်ဦးဖြစ်စေ ချင်သည်။ မြင့်မြတ်သော စိတ်ထားရှိစေချင်သည်။

သို့သော်. . .

မိန်းကလေးနှင့် ထင်ရှူးတောက လူသေမှု မပတ်သက် ဘူးဆိုတာ မဖြစ်နိုင်။ ပတ်သက်ဖို့သာများသည်။ မိဘများက သည်း သားသေဆုံးမှုနှင့်ပတ်သက်ပြီး အမှုဖွင့်ထားသည်။

“လှလိုက်တာ အန်တီရယ်၊ ရှေ့နားမှာ ရပ်လိုက်မယ် နော်”

“အေး. . အေး၊ အဆင်ပြေမယ့်နေရာသာ ရပ်လိုက်ပါ”

“ဟုတ်ကဲ့ပါ”



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက ကားကိုရပ်ပြီး ကားတံခါးများကို ပိတ်လိုက်သည်။ ဒေါ်ပိတောက်က ဆင်းနှင့်ပြီး ကြိုးတံတားဘက်သို့ လျှောက်သွားသည်။

"အန်တီ လျှောက်မလို့လား"

"အန်တီလျှောက်နေကြပဲ၊ မင်းကော ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် အန်တီ၊ ကျွန်မ မကြောက်တတ်ပါဘူး"

တောင်ပတ်လမ်းအကွေ့အကောက်များ၏အဆုံး၊ မြို့အဝင်ရှိနေသော ရှုခင်းသာရှိ ကြိုးတံတားပေါ်၌ နေဝင်ဆည်းဆာအလှကို ခံစားရင်း လမ်းလျှောက်သူများ စည်ကားနေသည်။

ကြိုးတံတားပေါ်၌ ခပ်ဖြည်းဖြည်းလမ်းလျှောက်ကြရင်း

"အန်တီက မိုးကုတ်ဇာတိပဲ၊ ဒါပေမယ့် ဘီအီးဒီဘွဲ့ယူပြီး ဆရာမလုပ်ခဲ့သေးတယ်၊ သားအဖေနဲ့ လက်ထပ်ပြီးတဲ့အထိ အလုပ်လုပ်တုန်းပဲ၊ ဒါပေမယ့် သားကိုမွေးပြီး နာနီနဲ့ စိတ်မချတာနဲ့ အလုပ်ထွက်လိုက်ပြီး ခင်ပွန်းနဲ့သားကို ပြုစုရင်းနဲ့ အိမ်ရှင်မရာထူးနဲ့ပဲမြဲခဲ့တာ"

ဒေါ်ပိတောက်က မိမိအကြောင်းကို အေးဆေးစွာ ပြောပြလေသည်။

မိန်းကလေးက မိန်မသားတစ်ယောက်၏ ပေးဆပ်မှုကို အံ့ဩနေသည်။ ဒေါ်ပိတောက်လို ကုံလုံကြွယ်ဝသော အမျိုးသမီးက ခင်ပွန်းနှင့် သားအတွက် သူ၏ဘဝကို ပေးဆပ်မြှုပ်နှံထားသည်။ ဒါဟာ ချစ်ခြင်းမေတ္တာကြောင့်လား။ မိမိဆိုလျှင်ကော. . .။

မိမိဘဝကိုတောင် မိမိမသိသေးသည့်လူက ချစ်ခြင်း



မေတ္တာကို စဉ်းစားနေပြီလား။

"ဟော သူဌေးကတော်ပါလား"

"ဪ. . ဘိုးဘိုး ဒေါက်တာ"

ကြိုးတံတားပေါ်အတက်တွင် ဆရာဝန်ကြီး ဦးအောင်ဇော်နှင့်တွေ့လေသည်။ မြေးအနှစ်နှင့် လမ်းလျှောက်ထွက်လာသောဦးအောင်ဇော်ကို ဘိုးဘိုးဒေါက်တာဟု ဒေါ်ပိတောက်က နောက်ပြောင်ကျီစယ်နေကြ ဖြစ်သည်။

"မိန်းကလေး ကျန်းမာရေး အတော်ကောင်းနေပြီပဲ၊ ဆေးမှန်မှန်သောက်ရဲ့လား"

"သောက်ပါတယ် ဆရာ"

"အေးအေး ဒါထက်. . ."

"ဘိုးဘိုး သွားမယ်လေ"

ဒေါက်တာဦးအောင်ဇော်က စကားပြောချင်နေသည်။ ပြောစရာလည်း ရှိပုံရသည်။ သို့သော် မြေးက လက်ဆွဲခေါ်နေရာ. . .

"နေပါဦး သားရဲ့"

"ဟင့်အင်း. . သွားမယ်၊ နေဝင်တော့မယ် ဘိုးဘိုးရ"

မိန်းကလေးက. . .

"ဘိုးဘိုး စကားပြောချင်ပြောပါစေ၊ သားနဲ့ အန်တီ လျှောက်မယ်လေ"

ကလေးက လူကြောက်ပုံမရ။

"ဘိုးဘိုး ခွင့်ပြုမှာလား"

"သိပ်ကိုပြုတာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် သွားမယ်၊ သားက တစ်ယောက်တည်းလည်း သွားရဲပါတယ်"

"သား သတ္တိကောင်းမှန်း အန်တီသိပါတယ်၊ ဒါပေမယ့် အန်တို့လက်ကို ဆွဲထားရင်ကောင်းမယ်ထင်တယ်၊ ဒါမှ ဘိုးဘိုးက ပိုပြီး စိတ်ချမှာပေါ့"

မိန်းကလေးက ကလေးကို စည်းရုံးကာ ဆွဲခေါ်သွားလေသည်။

ဒေါ်ပိတောက်နှင့် ဆရာဝန်ကြီး ဦးအောင်ဇော်သည် အုတ်ခုံတန်လျားလေးပေါ်၌ ထိုင်လိုက်ကြရင်း. . .

"စခန်းမှူး ခင်ဗျားတို့အိမ် လာမယ်ပြောတယ်၊ လာသွားပြီလား"

"မလာသေးဘူး၊ ဘာသတင်းများထူးလို့လဲ"

"ထူးတယ်ပြောရမယ်၊ ကားပိုင်ရှင်အမည်ပေါက်က ရန်ကုန်က. . . သူက ရောင်းထားပြီး ဖြစ်နေတယ်၊ ရောင်းထားတဲ့ စာချုပ်က ဝယ်သူလိပ်စာအရ သွားစုံစမ်းတော့ တိုက်ခန်းတစ်ခန်း ဖြစ်နေတယ်၊ အဲ့ဒီတိုက်ခန်းမှာ မိန်းကလေး မနေတော့ဘူး ပြောင်းသွားပြီတဲ့၊ ဘယ်ကိုပြောင်းသွားမှန်း မသိရဘူး"

"ဒီလိုဆို မိန်းကလေးနာမည်တော့ သိမှာပေါ့"

"သိပါတယ်၊ နုနန္ဒာတဲ့၊ ဥပဒေဘွဲ့ရပြီး ချိန်ဘာဆင်းနေတဲ့ မိန်းကလေးတဲ့"

"ဒီလိုဆို ရှေ့နေရုံးကိုစုံစမ်းလို့ ရတာပဲ"

"ဟုတ်တယ် သူ့ရဲ့ချိန်ဘာမာစတာ ဘယ်သူလဲလို့ ဆက်လက်စုံစမ်းနေတယ်"





"အင်း. . တိုက်ခန်းပိုင်ရှင်နဲ့ တွေ့တော့ ဘာထူးသလဲ၊ သူဟာ အိမ်ထောင်နဲ့လား၊ ဘယ်သူနဲ့ နေသလဲဆိုတာ ဘိုးဘိုးဒေါက်တာ ဆက်မေးဘူးလား"

"မေးပါသကောဗျာ၊ သူဟာ ကျွန်တော့်ရဲ့ပေးရှင့်ပဲ၊ သူ့ရဲ့ဇစ်မြစ်ကိုသိရင် သူ့ရောဂါကို ကျွန်တော် အမြန်ဆုံး ကုသပေးချင်နေတဲ့လူပဲ၊ အံ့သြစရာကောင်းတာက သူဟာ တိုက်ခန်းမှာ သူတစ်ယောက်ထဲပဲ နေတယ်တဲ့"

"ဟင်"

ဒေါ်ပိတောက်ရင်ထဲ ဘဝင်မကျနိုင်သကဲ့သို့ ဖြစ်သွားသည်။ လွတ်လပ်မှုကို နှစ်သက်လွန်းသော မိန်းကလေးမျိုးဆိုလျှင်တော့ မိမိ သဘောမကျနိုင်။

"အိမ်ထောင်မရှိဘူးလား"

"ပတ်ဝန်းကျင်နဲ့ စကားသိပ်ပြောတာ မဟုတ်တော့. . ပတ်ဝန်းကျင်ကလည်း မသိကြဘူး၊ ယောကျ်ားလေး ဧည့်သည်တွေ အိမ်လာလည်တာမျိုးလည်း မရှိဘူးတဲ့၊ ရုံးချိန်ဆို ကားနဲ့ အပြင်ထွက်သွားတတ်ပြီး၊ ညနေ ခြောက်နာရီဆိုရင် ပြန်လာတတ်တယ်တဲ့"

"ဆရာကြီး ဘယ်လို သဘောရသလဲ"

"ဘာကို မေးတာလဲ သူဌေးကတော်ရဲ့"

"နုနန္ဒာဆိုတာ ဒီမိန်းကလေးဖြစ်နိုင်ပါ့မလား"

"ပုံပန်းသဏ္ဌာန်က တစ်ထပ်တည်းပဲ ဖြစ်နိုင်ပါတယ်"

"ဒီအကြောင်းတွေကို ကျွန်မသူ့ကို ပြောပြရမလား"

"မပြောပြနဲ့၊ ပြောလည်း အကြောင်းမထူးဘူး၊ သူ့ဘာ



www.burmeseclassic.com

www.burmeseclassic.com



သာသူ မှတ်မိလာမှ ကောင်းမှာ၊ ရန်ကုန်ဆိုတာ သေချာသွားရင် စခန်းမှူးဆီ ခွင့်တောင်းပြီး . . ရန်ကုန်ကို သွားလည်ကြပါလား၊ ကျွန်တော့်မိတ်ဆွေ ဆရာဝန်တွေနဲ့လည်း လှမ်းမိတ်ဆက်ပေးမယ်၊ လိုအပ်တဲ့အကူအညီ ရအောင်ပေါ့ဗျာ”

ဒေါ်ပိတောက် သက်ပြင်းချလိုက်သည်။

“ဆရာကြီးအကြံကို ကျွန်မ လက်ခံပါတယ်၊ စခန်းမှူးနဲ့ သွားတိုင်ပင်ပြီး ကျွန်မ အမြန်ဆုံး အကောင်အထည်ဖော်လိုက်ပါ့မယ်”

“သူဌေးကတော်လည်း မိန်းကလေးအပေါ် သံယောဇဉ် ဖြစ်နေပြီထင်တယ်”

“မဖြစ်သေးပါဘူး၊ ဖြစ်ချင်တာပါ၊ ဒါပေမယ့် ဖြစ်သင့်မှ ဖြစ်တာ ကောင်းမယ်ထင်တယ်၊ မဟုတ်ဘူးလား ဘိုးဘိုးဒေါက်တာ၊ ဟိုမှာ . . ဘိုးဘိုးမြေးလည်း လာပြီ”

“မြေး . . လာ၊ သူဌေးကတော် မြေးအနှစ်ရဲ့ အရသာကို ခင်ဗျား မခံစားဖူးသေးဘူး ကြိုးစားပါ၊ အသက်ငါးဆယ်အရွယ် ရောက်လာတဲ့ လူကြီးတွေအတွက် အလိုအပ်ဆုံးက . . သူတို့နဲ့ စကားပြောဖော်ပြောဖက်၊ ကစားဖော်ကစားဖက် မြေးပဲ၊ ခင်ဗျား ကျွန်တော့်ထက် ဝါစဉ် နုသေးတယ်ဗျနော်”

ဒေါ်ပိတောက်က ပြုံးလိုက်သည်။ မချိပြုံးဖြစ်ကောင်း ဖြစ်သွားလိမ့်မည်။ ကိုယ့်ဝမ်းနာကိုယ်သိပါသည်။

“ဘိုးဘိုး ဘာပြောတာလဲ၊ ဘိုးဘိုးက မြေးထပ်လိုချင်လို့လား . . မရဘူး၊ ညီမလေးကို သားလောက် မချစ်ရဘူးနော်”

ဆရာဝန်ကြီး ဦးအောင်ဇော်မြေးက ဘိုးအေလက်ကို





ဆွဲကာ ဝန်တိုစွာ လှမ်းပြောလိုက်သည်။

ဆရာဝန်ကြီးက ပြုံးကာ. . .

“အေးပါကွာ ဘိုးဘိုးက မြေးဦး . . မင်းကို အချစ်ဆုံးပဲ၊ ကိုင်း . . သွားပြီ သူဌေးကတော်၊ ကျွန်တော်ပြောတာ မမေ့နဲ့နော် တော်ကြာ အရွယ်လွန်သွားရင် မကောင်းဘူး၊ ကိုယ်က တုန်ချိချိ မြေးက တောက်တောက်ဆိုရင် သူတို့နဲ့ ကွာဟသွားပြီး အဖိုးမတန်တဲ့ အဘိုးကြီး/အဘွားကြီး ဖြစ်သွားလိမ့်မယ်၊ ကိုင်း . . သွားပြီ”

ဒေါ်ပိတောက်၌ ချေပရန် စကားရှာမတွေ့ခင် ဆရာဝန်ကြီးက ထွက်သွားလေသည်။

မိန်းကလေးက ဒေါ်ပိတောက်အနီးတွင် လာရပ်ပြီး . .

“နည်းနည်း အေးလာပြီနော်”

“အင်း . . ဟုတ်တယ်၊ ပြန်ကြရအောင်”

မိန်းကလေး၏အလှက စွဲမက်ဖွယ်ကောင်းလှသည်။ ပညာအရည်အချင်းကလည်း ဘွဲ့ရဆိုတော့ မဆိုးပါဘူး၊ ဒါတွေထက် အရေးကြီးသည်က ကိုယ်ကျင့်တရားပဲ ဖြစ်သည်။

နောက် . . စိတ်နှလုံးဖြူစင်ဖို့ . . ။

မိန်းကလေး ကားပေါ် သို့ ဒေါ်ပိတောက်ကို အရင်တက်ပြီးမှ သူတက်ကာ မောင်းထွက်ခဲ့လေသည်။

ဖြူစင်ဝင်းမွတ်နေသော မိန်းကလေး၏ အသားအရည် ...ရော်တောင် နက်နက်မှောင် စိမ်းညို့နေသော မျက်လုံးလှလှ ...သော်လည်း ထက်မြက်မှုရှိသော စူးရှသည့်မျက်လုံးပေါ် ...လှသော နှာတန်၊ နီထွေးသော နှုတ်ခမ်းနှစ်လွှာက နှင်းဆီဖူး



www.burmeseclassic.com

www.burmeseclassic.com



လေးသဖွယ် ပိပိရိရိ ကျစ်ကျစ်လစ်လစ်။

နက်မှောင်ပြီး သန်စွမ်းပုံရသော ဆံသားမျှင်သေး
သန်မာသောဆံပင်က ခုကောက်ကွေးကို ကျော်လွန်နေသည်
သိုးမွေးကွင်းလေးနှင့် စီးနှောင်ထားသည်။ ကိုယ်လုံးကိုယ်ပေါ်
ကလည်း ငါးပေငါးလက်မ အထက်၌ရှိသော ရှားပါးသည့်အရပ်
ကိုယ်လုံးကိုယ်ပေါက်ကလည်း မယ်ဝင်ပြိုင်လျှင် ထိပ်ဆုံးရောက်
မည့် အလှမျိုး။

အဆင်းကတော့ မိမိမျှော်မှန်းထားသည့်အတိုင်း အပြစ်
အနာအဆာမရှိ ပြည့်စုံနေပြီ။

အချင်း ပြည့်စုံမှုကိုတော့. . . .

ဒေါ်ပိတောက် သက်ပြင်းချလိုက်သည်။

မိန်းကလေးက ငုံ့စောင်းကြည့်သည်။

သို့သော် မည်သည့်စကားမှမပြောဘဲ ကားကိုသာ
စိုက်မောင်းနှင့်နေသည်။







# အခန်း (၈)

ရဲဝံ့အနေဖြင့် စခန်းမှူးစကားကို မယုံနိုင်အောင်
ဖြစ်သွားရသည်။

"နုနန္ဒာဟာ လှသလောက် အဆိပ်ပြင်းတဲ့ မိန်းကလေး
ခွပ်စွဲကြတယ်၊ ဘော်ဒါဆောင်နေခဲ့တုန်းက ယောကျ်ားလေး
သည် အများဆုံးလာတဲ့စံချိန်ကို နုနန္ဒာ ယူခဲ့တယ်"

ရဲဝံ့သက်ပြင်းချလိုက်သည်။

"မိန်းကလေးအချင်းချင်း မနာလို ဝန်တိုမှုတွေကြောင့်

www.burmeseclassic.com



ဖြစ်ပေါ်လာတဲ့ စကားလို့ကော ယူဆလို့ မရဘူးလား စခန်းမှူး"

"ကျွန်တော်တို့လုပ်ငန်းက သဲလွန်စတစ်ခုရရင် ကွင်းဆက်တစ်ခုထဲနဲ့ မလုံလောက်ပါဘူး၊ ကွင်းဆက်တွေ တစ်ခုပြီး တစ်ခု ဆက်စပ်ယူရတာပါ၊ ဇာတိကတော့ မန္တလေးပါ၊ သူ့ရဲ့ အမျိုးသားမှတ်ပုံတင်နံပါတ်အရ MDL ဆိုတော့ မန္တလေးပါ၊ အဲဒီအပိုင်းကိုလည်း ကျွန်တော် ဓါတ်ပုံပေးပြီး စုံစမ်းထားခိုင်းပြီးပါပြီ၊ ဒါပေမယ့် သူရိန်ဇော်သေဆုံးမှုမှာ တစ်စုံတစ်ဦးတစ်ယောက်ရဲ့ လက်ချက်မဟုတ်ဘဲ သူ့ဘာသာ အရက်မူးလွန်ပြီး ကားအက်ခ်ဆီဒင့်ဖြစ်ပြီး သေဆုံးခြင်းဖြစ်တဲ့အတွက် မတော်တဆမှုပဲဆိုပြီး မိဘများဘက်ကလည်း ကျေနပ်စွာ အမှုပိတ်လိုက်ပါပြီ"

ရဲဝံ့စိတ်ထဲ ပေါ့ပါးသွားလေတော့သည်။ မိုး၏ မျက်နှာလေးကို မြင်လိုက်တိုင်း. . ရင်တွင်း လှုပ်ခတ်နေတတ်သော ဝေဒနာကို သူကိုယ်သူ နားလည်စပြုလေ၏။

စခန်းမှူးက ချိန်ဘာမာစတာကို တွေ့ဆုံပြီးဖြစ်သည်။ ချိန်ဘာပြီးသွားပြီး ဗဟိုတရားရုံးရှေ့နေလက်မှတ် တင်ထားခိုင်းဖြစ်သည်။ နုနန္ဒာ၏ ကိုယ်ရေးရာဇဝင်ကို မေးကြည့်တော့ အိမ်ထောင်မရှိ။ တစ်ကိုယ်ရေတစ်ကာယ တိုက်ခန်းတစ်ခုကို နှင့် ချုပ်ဖြင့် ငှားနေသူဖြစ်ကြောင်းလောက်သာ သိရသည်။

"သူ့စာရွက်စာတမ်းတွေမှာတော့ ဖခင်ကွယ်လွန်ဖြစ်နေတယ်"

"နာမည်ကကော"

"ဦးထွန်းမြတ်စံ. . ဒေါ်မြတ်လေးတဲ့"





"ဪ"

"သူ့အမြဲဆက်သွယ်ရန်လိပ်စာကလည်း ကားအရောင်းအဝယ်စာချုပ်က လိပ်စာအတိုင်းပဲဆိုတော့ ရှာဖွေရ ခက်နေတယ်"

"သူ အတိတ်ကိုပြန်သတိရခဲ့ရင်. . အားလုံးသိရှိမှာပါ စခန်းမှူး၊ ကျွန်တော်သိချင်တာက အခု စခန်းမှူးတို့ ပိုင်နက်မှာပဲ ဆက်လက်ထားရှိရမှာလား၊ ဒါမှမဟုတ်. . ."

"ဟာ မဟုတ်တော့ပါဘူး၊ သူရိန်ဇော် သေဆုံးမှုဟာ မတော်တဆမှုပါပဲ၊ မသင်္ကာစရာ ဘာမှမရှိဘူး၊ ရည်စားနဲ့ချိန်းတွေ့မယ်၊ စိတ်ဆိုးစရာကြုံမယ်၊ စိတ်လှုပ်ရှားစွာ ကားမောင်းမယ်၊ အရက်ကလည်း မူးနေတော့. . မကျွမ်းကျင်တဲ့နေရာကလည်း ဖြစ်ပြန်တော့ အက်ဆီဒင့်ဖြစ်တယ်၊ ဒီလိုပဲ ကောက်ချက်ချတယ်၊ ကားဘီးရာတွေအရ မိုးကြီးလို့ အရာမနည်းရှာယူခဲ့ရတယ်၊ သေချာတာက နုနန္ဒာဆိုတဲ့ မိန်းကလေးရဲ့ ကားဘီးရာတွေ တစ်ထပ်တည်းပဲ သူလည်း သူရိန်ဇော်နဲ့ ပြဿနာဖြစ်ပြီး ကားကိုမောင်းအလာ ခင်ဗျားကားနဲ့ ဆုံမိတယ်၊ သူ့ကို ယာဉ်စည်းကမ်းဥပဒေအရ ပညာပေး၊ ဒဏ်ငွေချမှတ်ရုံကလွဲပြီး ဘာမှ အရေးယူလို့ မရနိုင်ဘူး၊ ခင်ဗျားကားကိုလည်း မထိဘူးလေ"

"ထိတဲ့တိုင်အောင် ကျွန်တော့်ဘက်က ကျေအေးမှာပါ"

"ကိုင်း. . ဒီလိုဆိုရင် ကျွန်တော်တို့ဌာနနဲ့ နုနန္ဒာဟာ အမှုပတ်သက်ခြင်း မရှိတော့ပါဘူး၊ ဦးရဲဝံ့တို့ပဲ လူမှုရေးအရ ဆက်လက်စောင့်ရှောက်ပြီး ဘဝမှန်ရောက်သွားတဲ့အထိ ကူညီသွားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးအထူးတင်ပါတယ် စခန်းမှူး၊ ဒီလိုဆိုရင် သူ့အတိတ်ခြေရာလေးတွေ ပြန်ကောက်မိလိုကောက်မိငြား ရန်ကုန်ကို သွားကြမလို့ စခန်းမှူးဆီ လာခွင့်ပန်တာပါ"

"သွားပါ ရပါတယ်၊ ကျွန်တော်တို့ ထမ်းဆောင်ရမယ့်ဝတ္တရားပါ၊ ဦးရဲဝံ့က ခုလိုတာဝန်လွှဲပြောင်းယူပေးတဲ့အတွက် ကျွန်တော်တို့က ကျေးဇူးတင်ရမှာပါ"

"ကိစ္စမရှိဘူးပါဘူး၊ စခန်းမှူးတို့နဲ့ ကျွန်တော်တို့ အဆက်အသွယ်မပြတ် အမြဲရှိနေမှာပါ၊ ကိုင်း. . ခွင့်ပြုပါဦး"

"ကောင်းပါပြီ ဦးရဲဝံ့၊ လိုအပ်တဲ့အကူအညီ မှန်သမျှ. . ပေးဖို့အသင့်ရှိနေပါတယ်"

ရဲဝံ့ စခန်းမှူးကို နှုတ်ဆက်ထွက်ခွါခဲ့လေသည်။

သူ့ရင်ထဲ၌ ပေါ့ပါးလွတ်လပ်လာသည်။ သေဆုံးသူ. . သူရိန်ဇော်နှင့် ချစ်သူရည်စားဖြစ်ခဲ့သည့်တိုင်အောင် ကိစ္စမရှိ။ အိမ်ထောင်မရှိဟူသော စကားက သူ့ရင်၌ လေးလံနေခဲ့သော ဝန်ထုပ်ဝန်ပိုးတစ်ခု လျော့ပါးသွားသကဲ့သို့ ခံစားမိလေသည်။

အောင်ပန်းမြို့မှ သူပြန်ရောက်ရောက်ချင်း. . မိခင်က ရန်ကုန်သွားချင်သည်ဟု ပြောသဖြင့် စခန်းမှူးထံ သူလာရောက်ခွင့်ပန်ခြင်းဖြစ်သည်။

စခန်းမှူးထံမှ ကြားသိလိုက်ရသော သတင်းများသည် သူ့အတွက် မင်္ဂလာသတင်းပင်။

မိခင်က သူ့အတွက် စိုးရိမ်ပူပန်နေသည်ကို သူသိပါသည်။ သူ ဣန္ဒြေမပျက် နေရသည်။

အမှန်တော့ တစ်သက်နှင့်တစ်ကိုယ် မခံစားခဲ့ဘူးသော





ဝေဒနာများ သူ့ရင်၌ ဖြစ်ပေါ်လျက် ရှိသည်။

ခြံဝန်းထဲသို့ ဝင်လာသည်နှင့် သူရင်တွေ လှုပ်ရှားလာသည်။ လှလိုက်သည့် မိန်းကလေး၊ အလှမွေးထားသော မြက်ခင်းပေါ်၌ ချထားသော ပလတ်စတစ်ခုံဝိုင်းဝယ် ထိုင်ကာ တက်တင်းထိုးနေသည်။

လက်ချောင်းကလေးဆယ်ချောင်း လှုပ်ရှားနေပုံမှာ တဗျာဆန်လွန်းလှသည်။ မိန်းကလေးအနီး၌ မိခင်ရှိမနေ။ မိခင်သည် တစ်နေရာရာက စောင့်ကြည့်ကောင်း ကြည့်နေမည်ကို သူသိလျက်နှင့် ဥပေက္ခာပြုလိုက်သည်။

မိန်းကလေးအနား၌ သူနေချင်သည်။

မိန်းကလေး၏ ဖူးကျစ်နေသော နှင်းဆီဖူးငုံနှုတ်ခမ်းနှစ်လွှာ ပွင့်လာပြီး စမ်းရေစီးသံနှင့်တူသော စကားသံလေးတွေကို သူကြားချင်သည်။

"မိုး"

မိန်းကလေးက သူ့အား ဖျတ်ခနဲကြည့်ပြီး လက်ချောင်းများကြားက တက်တင်းထိုးနေသော ကနုကမာခွံ ပစ္စည်းလေးနှင့် ချည်များထံ အာရုံပြန်ပို့လိုက်လေသည်။

"မိုးကို စခန်းမှူးက လွတ်လပ်ခွင့်ပေးလိုက်ပြီ"

"ရှင်"

"ပရာဒိုကားပေါ်က လူသေမှုဟာ မိုးရဲ့ အားထုတ်မှု မပါဘူး၊ သူ့ဘာသာသူ အက်ဆီဒင့်ဖြစ်တဲ့အကြောင်း ဆရာဝန်တကော မူခင်းရဲတွေပါ ဖေါ်ထုတ်အစစ်ခံသွားတဲ့အတွက် တစ်ဖက်ကလည်း အမှုပိတ်လိုက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လား ဦးရဲဝံ့၊ ကျွန်မကို အဲဒီနားမှာ တွေ့တာလေ၊ ကျွန်မနဲ့တကယ်ပဲ မပတ်သတ်ဘူးလို့ ယူဆသလား"

ရဲဝံ့အား မိန်းကလေးက အလုပ်ရပ်နားပြီး မော့ကြည့်လိုက်သည်။ ရဲဝံ့၏ သောက်ရှုးကြယ်ညီနောင်အလား တောက်ပနေသည့် မျက်လုံးများကို ရင်ဆိုင်တွေ့လိုက်ရသောအခါ မျက်လွှာချလိုက်လေသည်။

"ပတ်သက်မှုက သာမန်အနေအထားမျိုး ဖြစ်နိုင်တယ်၊ သေစေလောက်တဲ့ ပတ်သက်မှုမျိုးတော့ မဟုတ်ဘူး"

"သာမန်ပတ်သက်မှုမျိုးဆိုတာ"

"ချစ်သူချင်း ချိန်းတွေ့တာတို့. . ဘာတို့"

"အို"

မိန်းကလေးသည် လှုပ်ရှားသွားပုံရသည်။ မျက်နှာ နီရဲကာ ခေါင်းငုံ့ပြီး. . စောစောက ရပ်နားထားသော အလုပ်ဆီသို့ အာရုံပြန်ဝင်ပြီး ပြန်လည်လှုပ်ရှားလိုက်သည်။

နှုတ်မှ မပွင့်တပွင့်. . .

"မဟုတ်နိုင်ပါဘူး၊ မဟုတ်ပါစေနဲ့"

"ဘာဖြစ်လို့ မဟုတ်နိုင်ရမှာလဲ"

"မသိဘူးလေ. . ကျွန်မ ဘာမှမသိခဲ့တာ၊ ဒါပေမယ့် ခုလက်ရှိ အသိတရားအရတော့ ကျွန်မ ချစ်သူနဲ့ ချိန်းတွေ့ခဲ့ခြင်း ဆိုတာကို မဟုတ်စေချင်ဘူး"

ရဲဝံ့ရင်ထဲ၌ 'ကိုယ်လည်း မင်းလိုပါပဲ မိုးရယ်၊ မင်းကို ကမ္ဘာပေါ်မှာ အသန့်စင်ဆုံးသော အပြစ်အကင်းစင်ဆုံးသော မိန်းကလေး ဖြစ်စေချင်တာ ကိုယ့်ရဲ့ဆန္ဒပါ' ဟု. . .။





နှုတ်မှတော့. . .

"မိုးဆန္ဒတွေအတိုင်း ဖြစ်ပါစေလို့ ကိုယ်ဆုတောင်းပေးပါတယ်၊ ကိုင်း မနက်ဖြန် ရန်ကုန်ကိုဆင်းကြမယ်၊ ပြင်ဆင်စရာရှိတာ ပြင်ဆင်ထားဖို့ မေမေ့ကိုသွားပြောလိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ"

ရဲဝံ့အနေဖြင့် မိန်းကလေးအပါးမှ တစ်ဖဝါးမှ မခွာချင်ပါ။ သို့သော် မိခင်၏စိတ်ထဲ၌ မကျေမနပ်ဖြစ်ခြင်းကို သူ မခံယူလိုပါ။ မိခင်ပေးထားသော အခွင့်အရေးထက်ပို၍ အသုံးမချသင့်ဟု သူထင်သည်။ ရဲဝံ့ မိခင်ရှိရာသို့ ရှာဖွေလိုက်သည်။

အိပ်ခန်းထဲဝယ် မီးခံသေတ္တာထဲသို့ ငွေများ သိမ်းဆည်းနေသည်။

"မေမေ စခန်းမှူးက ခွင့်ပြုတယ်"

"ကောင်းတာပေါ့ သားရယ်၊ လွတ်လွတ်လပ်လပ် သွားရတာပေါ့"

"အမှုကလည်း ပိတ်လိုက်ပြီတဲ့"

"ပိုကောင်းသွားတာပေါ့"

"မေမေ မောင်ဦးနဲ့ပဲ သွားမလား၊ လေယာဉ်နဲ့ သွားမလား"

"သားနဲ့ သွားမယ်"

"ဗျာ"

ဒေါ်ပိတောက်က ရဲဝံ့အား ပြုံးပြလိုက်သည်။

"ဒီကအလုပ်တွေ မန်နေဂျာနဲ့လွှဲခဲ့၊ ဟိုမှာ စိတ်ရောဂါအထူးကုတို့ ဦးနှောက်နဲ့ အာရုံကြောအထူးကုတွေနဲ့ တွေ့ဆုံဖို့



www.burmeseclassic.com

www.burmeseclassic.com



တာဝန်က မင်းလုပ်ပေးမှဖြစ်မှာ၊ မေမေက ရန်ကုန်မရောက်တာကြာလို့ လိုက်မှာရယ်၊ မင်းနဲ့ မိန်းကလေးနှစ်ယောက်ထဲ မတင့်တယ်လို့ လိုက်မှာကလွဲရင် သိပ်လိုက်ချင်တာ မဟုတ်ဘူး၊ မင်းဖေဖေမရှိလို့ လိုက်ဖြစ်တာလဲ ပါတယ်"

ရဲဝံ့ရင်ထဲ ဟိန္ဒူဘုရားပွဲ လှည့်နေလေပြီ။

"နန်းမှူးနဲ့ နန်းပုံထဲက တစ်ယောက်ယောက်ခေါ်သွားရမယ်"

"နန်းပုံက ဟိုတစ်ခေါက် ရောက်ပြီးပြီဆိုတော့ နန်းမှူးကိုခေါ်သွားတာပေါ့ မေမေ"

"ရန်ကုန်ကို လွှတ်ရမယ့်သူရဲ့ တာဝန်ကို သားယူခဲ့ပြီးဒီကတာဝန်တွေကို သူ့ကို ပြန်လွှဲခဲ့ပါ၊ ကျန်တာတွေ ဖုန်းနဲ့ပဲဆက်လုပ်ကြပေါ့"

"ဟုတ်ကဲ့ မေမေ၊ ဪ. . ဒါထက် မေမေ မန္တလေးမှာတစ်ရက်နားပြီးမှ ဆက်ကြရင် ကောင်းမယ်ထင်တယ်"

"ကောင်းသားပဲ နားနားနေနေပေါ့"

ဒေါ်ပိတောက်အနေဖြင့် တစ်ဦးတည်းသော ချစ်သား၏ မျက်နှာရိပ်မျက်နှာကဲကို အကဲခတ်မိပြီးဖြစ်သည်။ သား၏စိတ်ချမ်းသာမှုကိုလည်း မြင်လိုသည်။ သို့သော် "ဆေးမင်ရည်စုတ်ထိုး အိမ်ထောင်မှု ဘုရားတည်" ခြင်းအမှုသည် နောင်ပြင်၍မရနိုင်သည့် အလုပ်မျိုးဖြစ်သဖြင့် အထူးဂရုစိုက်သင့်သောကိစ္စဖြစ်သည်။

ဤကိစ္စကို သူ့အနေဖြင့် အလေးအနက်ထား ဆောင်ရွက်ပေးရန် ဒေါ်ပိတောက်က ဆုံးဖြတ်ထားပြီးဖြစ်သည်။





"လိုရမယ်ရ ဆယ်ရက်စာလောက်တော့ ထည့်ခဲ့သား"

"ဆယ်ရက်အထိတော့. . သားနေလို့ရမယ်မထင်ဘူးမေမေ၊ ဖေဖေမရှိတုန်း သားပိုဂရုစိုက်သင့်တယ်"

"လူယုံဆိုတာတွေကို မယုံကြည်ရင်. . သားလုပ်ငန်းအောင်မြင်တိုးတက်ပါ့မလား၊ နေရာတကာ ကိုယ်ပါမှ ကိုယ်လုပ်မှဆိုတဲ့ အစွဲမျိုးမထားနဲ့ သား၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ခေါင်းဖြူသွားမယ်"

ရဲဝံ့က ပြုံးပြီး ထွက်သွားလေသည်။

ဒေါ်ပိတောက် သားနောက်ကျောကို လှမ်းကြည့်လိုက်သည်။ စောစောက မြက်ခင်းပေါ်တွင် မိန်းကလေးထံသို့ ရဲဝံ့သွားရောက်စကားပြောလေသည်ကို တွေ့ခဲ့သည်။

ထိုအခါ အင်မတန်မှ လိုက်ဖက်ညီသော စုံတွဲ၊ အလှချင်းညီသော စုံတွဲအဖြစ် တွေ့လိုက်ရသည်နှင့်. . တဒင်္ဂရင်ထဲကြည်နူးသွားခဲ့သည်။

မိန်းကလေး၏ ရုပ်ရည်ရူပကာကို သားနှစ်သက်ခြင်းကိုမိမိ အပြစ်မမြင်တော့ပါ။ မိမိကိုယ်တိုင် သဘောကျနေပြီ။


သို့သော် အရေးကြီးသည်က အပေါ်ယံအရေပြားအလှမဟုတ်။ နှလုံးသားလှဖို့ အရေးကြီးသည်။ မိမိနားလည်သလိုသားနားလည်လိမ့်မည်ဟုလည်း ယုံကြည်ထားလိုက်သည်။

ဒေါ်ပိတောက် သက်ပြင်းချလိုက်မိလေသည်။




www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း (၂)





## အခန်း (၄)

"အန်တီ ဒီဘုရားကြီးကို ကျွန်မ ဖူးဘူးတယ်"

"ဟုတ်လား"

"မနက်အာရုံတက် မျက်နှာသစ်တော်ရေ ကပ်တာကို ကျွန်မဖူးဘူးသလိုပဲ၊ တီဗီထဲပဲ ဖူးဘူးတာလား၊ ကိုယ်တိုင်ပဲ ဖူးဘူးသလားဆိုတာတော့ သဲသဲကွဲကွဲ မသိဘူး"

"ဟုတ်ချိုး. . . ဟုတ်ချိုး"

"ဟော. . သားနှာချေနေပြီ၊ အအေးမိသွားသလား"



www.burmeseclassic.com

www.burmeseclassic.com



"မနေ့က မိုင်းရှူးကို ပြေးလိုက်တာ ညဥ့်နက်သွားပြီး အအေးပါမိသွားတယ်"

"ဒီလိုဆို ဘုရားဖူးပြီး အိမ်ပဲတန်းပြန်ကြတာပေါ့"

ဦးရဲဝံ့တို့ မန္တလေး၌လည်း အိမ်တစ်လုံးရှိသည်။ တော်တော်ချမ်းသာသည့် မိသားစုပဲဟု ကျွန်မ တွေးမိသည်။

ချမ်းသာသလောက် ပစ္စည်းဂုဏ်မမောက်ဘဲ စိတ်ရင်းကောင်းသော မိသားစုအဖြစ် မလေးစားပဲမနေနိုင်။

ဦးရဲဝံ့၏ နီစပ်စပ်ဖြစ်နေသော မျက်နှာကိုလှမ်းကြည့်လိုက်ပြီး ဖျားနေပြီဟု ကျွန်မ အတတ်သိလိုက်သည်။

တောင်ကြီးတစ်ဝိုက် ထွက်ကုန်ဟူသမျှကို ချုပ်ယူပြီး ပွဲရုံ၌လှောင်ကာ မြန်မာပြည်အရပ်ရပ်သို့ ဖြန့်ဖြူးသည်။ လက်ဖက်ခြောက်၊ အကြမ်းခြောက်၊ အချိုခြောက်စက်ရုံ၊ နေကြာစေ့၊ ကွာစေ့စက်ရုံများလည်း ရှိသည်။ ထို့မျှမက အဝေးပြေးဂိတ်၌ 'ရဲ' အမြန်ယာဉ်မှန်လုံကားစခန်းလည်း ဖွင့်ထားသည်။ မိုင်းရှူး၌လည်း ကျောက်တွင်းများကို လိုင်စင်ဖြင့် တူးဖော်လျက်ရှိသည်။ စီးပွားရေးကို အကွက်ကျကျ လုပ်ဆောင်နေသော ဦးရဲဝံ့သည် အသက်အားဖြင့် ကျွန်မနှင့်ရွယ်တူသာရှိမည်။

ကျွန်မကော ဘာတွေလုပ်ခဲ့သလဲ။

ဘုရားကြီးစောင်းတန်းမှ ထွက်အလာ ယောဂီတစ်စုကို မြင်လိုက်ရသောအခါ ကျွန်မအာရုံထဲ မှုန်ဝါးဝါးနှင့် ယောဂီအမျိုးသမီးတစ်ဦး ပေါ်လာသည်။ ထိုအမျိုးသမီး၏ မျက်နှာကို ကြည့်ရင်း. . ကြည့်ရင်း. . .

"အား"





ခေါင်းမှ မခံမရပ်နိုင်အောင် နာကျင်သွားပြီး အနီးရှိသူကို လှမ်းဆွဲလိုက်သည်။

"မို့"

"မိန်းကလေး"

လဲပြိုမလိုဖြစ်နေသော ကျွန်မကို မည်သူတွေ ထိန်းသိမ်းပြီး မည်သူတွေ ခေါ်ဆောင်သွားသည်ကို ကျွန်မ မသိလိုက်ပါ။ အမှောင်ထုထဲ ကျွန်မရောက်ရှိနေသည်ကိုတော့ မှတ်မိသည်။

အတန်ကြာမှ အမှောင်သည် တဖြည်းဖြည်း လွင့်ပါးပျောက်ကွယ်သွားပြီး အလင်းရောင်ရရှိလာသည်။

"မိန်းကလေး သတိရပြီလား"

ဒေါ်ပိတောက်က ကျွန်မအား စိုးရိမ်ရိပ်မကင်းသော မျက်ဝန်းဖြင့် ကြည့်ကာ မေးလိုက်သည်။

ကျွန်မ ခေါင်းညိတ်လိုက်သည်။

ကားပေါ်၌ ကျွန်မရောက်နေသည်။ ပရာဒိုကား အလယ်ခုံ၌ ကျွန်မသည် ရော့ရဲစွာ အိပ်လျက်အနေအထားရှိနေသည်။ ဘေး၌ ဒေါ်ပိတောက်ထိုင်ပြီး ရှေ့ခန်း၌ မောင်ဦးမောင်းပြီး ဦးရဲဝံ့က ထိုင်သည်။ နောက်ဆုံးခန်း၌ ပစ္စည်းများနှင့် နန်းမှုထိုင်သည်။

ခုံကို ပြန်မတ်ပြီး. . .

"ကျွန်မ. . ကျွန်မ. . အိမ်ကိုတွေ့ရင် အဲဒီမှာပဲ ထားခဲ့လိုက်ပါတော့ အန်တီ၊ ကျွန်မ အန်တီတို့ကို ဒုက္ခပေးပေါင်းများနေပြီ၊ ကျွန်မ အန်တီတို့ကျေးဇူးကို ဘယ်လိုမှ မဆပ်နိုင်သေးခင်



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခတွေ တစ်ခုပြီးတစ်ခု. . ."

"ဒါတွေ မပြောပါနဲ့၊ အတိတ်ရေစက်ရှိခဲ့ဖူးလို့ ဆုံစည်းခြင်းလို့ပဲ တို့များမှတ်ယူထားပါတယ် မိန်းကလေး"

ကျွန်မရင်ထဲ ဝမ်းသာဝမ်းနည်းနှင့် ကြေကွဲမှုတို့ ဆင့်ကဲလာရာ မျက်ရည်က သွင်သွင်စီးကျလာသည်။ ဒေါ်ပိတောက်သည် ကျွန်မအပေါ် ဂရုတစိုက်ရှိသည်မှန်သော်လည်း သူ့နှုတ်ဖျားမှ သမီးဟု မခေါ်နိုင်သေးပေ။

ဒါကို ကျွန်မ သတိထားမိသည်။

ဦးရဲဝံ့ကတော့ တစ်ခွန်းမှ ဝင်မပြောချေ။ သို့သော် သူ့မျက်နှာရိပ်တွင် ကျွန်မအတွက် စိုးရိမ်ပူပန်မှုများက အထင်းသားရှိနေသည်။

"မငိုနဲ့ မိန်းကလေး၊ ခေါင်းပြန်ကိုက်နေဦးမယ်"

"ဟုတ်ကဲ့ပါ"

မန္တလေး၏ မြင်ကွင်းများသည် ကျွန်မနှင့် လုံးဝစိမ်းကားခြင်းမရှိသည်ကို ကျွန်မ သိနေသည်။

"အန်တီ. . ဒါ ခြောက်ဆယ့်သုံးလမ်း မဟုတ်လား"

"ဟုတ်တယ်၊ မင်းမှတ်မိပြီလား"

"ဒီနေရာတွေဟာ ကျွန်မနဲ့ ရင်းရင်းနှီးနှီးရှိနေတဲ့ နေရာတွေလို့ပဲ ခံစားရတယ်"

"မင်းဇာတိဟာ မန္တလေးကဆိုတာတော့ သေချာတယ်၊ ဒါပေမယ့် မင်းအလုပ်လုပ်ခဲ့တဲ့ ရုံးဟာ ရန်ကုန်မှာ ရှိနေတယ်. . . ဒါကြောင့် ဒီတစ်ညပဲ ဒီမှာနားပြီး ရန်ကုန်ကို ဆက်သွားမယ်"

"ဟုတ်ကဲ့ပါ အန်တီ၊ ကောင်းသလိုသာ စီစဉ်ပါ၊ ကျွန်မ





င်ထဲမှာ ကျေးဇူးတင်လို့ မဆုံးနိုင်ပါဘူး"

ဒေါ်ပိတောက် သက်ပြင်းချလိုက်သည်။ ဤအမျိုးသမီးသည် စိတ်ရင်းကောင်းသည်။ သို့သော် အမျှော်အမြင်ကြီးသည်။ ကျွန်မ၏ ဘဝအမှန်ကို သူ မသိသရွေ့ ကျွန်မအပေါ်၌ ပြည့်ပြည့်ဝဝ လက်ခံနိုင်မည့်သူမျိုး မဟုတ်ချေ။

ခြောက်ဆယ့်သုံးလမ်းမှ လေးဆယ်xခြောက်ဆယ် နှစ်က်တွဲ ခြံတစ်ခုရှေ့တွင် ဟွန်းတီးလိုက်သည်နှင့် အစောင့်တစ်ာ လာဖွင့်ပေးသည်။

"ကိုင်း. . သားနဲ့ မိန်းကလေး၊ နန်းမှူတို့ပဲ နေခဲ့ကြ. . . မေရောက်တုန်းရောက်ခိုက် သူငယ်ချင်းတွေဆီ သွားလည်တ်ဦးမယ်၊ နန်းမှူ ထမင်းတစ်အိုးတည်ပြီး ပါလာတဲ့ ဟင်းတွေ နွေးလိုက်၊ ထမင်းစားချိန်မှာ သေသေချာချာ ပြင်ကျွေးနော်"

"ဟုတ်ကဲ့ရှင့်"

"ကိုင်း. . မောင်ဦး နေသိပ်မမြင့်ခင် သွားကြရအောင်"

ကျွန်မတို့အတွက် လိုအပ်သောပစ္စည်းများကို ချထားပြီး ဒေါ်ပိတောက် ထွက်သွားသည်။

ဒေါ်ပိတောက်သည် သူ့သားနှင့်ကျွန်မကို ယုံကြည်စိတ်ာ ထားရစ်ခဲ့လေသည်။ ဘာသဘောလဲ။ ကျွန်မကို အကဲစမ်းခြင်းလား။

ကျွန်မနေဖြင့် မိမိကိုယ်မိမိ ဘယ်သူလဲမှ မသိသေးခင် နှလုံးသားလှုပ်ရှားမှုကို လျစ်လျူရှုထားရဦးမည်ကို နားလည်သည်။

သို့သော်. . .



www.burmeseclassic.com

www.burmeseclassic.com



"မိုး"

ကျွန်မ၏ မျက်နှာကို အရိပ်တကြည့်ကြည့် ရှိနေတတ်သော ဦးရဲဝံ့သည် မျက်နှာချင်းဆိုင်ရပ်လိုက်ပြီး ခေါ်လိုက်သည်။

"ရှင်"

"ခေါင်းထဲ ဘယ်လိုနေသေးသလဲ၊ ဆေးကော သောက်ပြီးပြီလား"

"မသောက်ရသေးဘူး"

သူကိုယ်တိုင် ရေခဲသေတ္တာဘက်လျှောက်သွားပြီး ရေခဲရေတစ်ခွက် ယူလာပြီး. . .

"ဆေးသောက်လိုက်နော်"

ကျွန်မရင်ထဲ နင့်ခနဲဖြစ်ကာ ဦးရဲဝံ့အပေါ် ကရုဏာသက်မိသည်။ မျက်နှာနီရဲအောင် အဖျားသွေးရှိနေသောသူက ကျွန်မအား ပြန်၍ဂရုစိုက်နေသည်။

"ဟုတ်ကဲ့ပါ၊ ကျွန်မ အခုပဲသောက်ပါ့မယ်၊ ဦးရဲဝံ့သာ ဘာဆေးသောက်မလဲ၊ အဖျားသွေးကော ရှိမယ်ထင်တယ်. . . ကျွန်မ ကော်ဖီဖျော်ပေးမယ် ဆေးသောက်ရအောင်"

ဦးရဲဝံ့မျက်နှာတွင် အပြုံးရိပ်များပေါ်လာပြီး . .

"ရပါတယ် ကိုယ့်ဘာသာကိုယ် ဖျော်သောက်ပါ့မယ် မိုး နားလိုက်ပါ"

"ဟင့်အင်း ကျွန်မကို ခွင့်ပြုပါ၊ ကျွန်မ ဦးရဲဝံ့ကို ပြုစုခွင့်ပေးပါရစေ၊ လက်ခံပါနော်၊ ဦးရဲဝံ့ ပြုစုစောင့်ရှောက်ခြင်းကို ကျွန်မ ခံစားခဲ့ရပြီးပြီ၊ အခုလို အလှည့်ကြုံလာခွင့်မှာ ကျွန်မ ပြုစုခွင့်မရဘူးဆိုရင် ကျွန်မ စိတ်မကောင်းဖြစ်မိမှာ အမှန်ပဲ"





ကျွန်မ ပြောပြောဆိုဆို ခြင်းတောင်းထဲ ထည့်ယူလာသော ဓါတ်ဘူးဖြူထဲမှ ထမင်းစားခန်းဝယ် ရှိနေသော ကော်ဖီမစ်ထုတ်များကို ဖောက်ကာ ဖျော်ပေးလိုက်သည်။

"ဟတ်ချိုး. . . ဟတ်ချိုး. . ."

ဦးရဲဝံ့ နှာချေဆတ်မှုကို ကျွန်မထံသို့ လွှဲပြောင်းယူ၍ ရလျှင် ယူလိုက်ချင်ပါသည်။

လျှပ်စစ်မီးဖိုဖြင့် ကြက်ဥကိုခေါက်ကြော်ပြီး ပေါင်မုန့်နှစ်ချပ်ကြား ညှပ်ပေးလိုက်သည်။

ဦးရဲဝံ့က ထမင်းစား စားပွဲ၌ ထိုင်ပြီး ကျွန်မ လှုပ်ရှားမှုများကို ငေးကြည့်နေသည်။

ကျွန်မက မလုံမလဲပြုံးပြပြီး သူ့အတွက် အရန်သင့် စားသောက်စေနိုင်ရန် ပြင်ဆင်ပေးလိုက်သည်။

"မိုးကော ဘာစားမှာလဲ"

"ဆာမှ ထမင်းစားမယ်၊ ဦးရဲဝံ့ အဖျားမရှိရင် နိုးလာမှ ထမင်းစားနော်"

"ကောင်းပြီလေ၊ ကိုယ် ခုချိန်မှာ မိုးပြုသမျှ နုရမယ့် အနေအထားမှာ ရှိနေတယ်"

ဦးရဲဝံ့က အပြောင်အပျက်ပြောခြင်းသာ ဖြစ်မှာပါဟု ကျွန်မ ယူဆပြီး သူ့စကားအနက်အဓိပ္ပါယ်ကို အလေးအနက် မတွေးမိ။

"ဆေးကော"

ထုတ်ယူထားသော ဆေးသုံးမျိုးကို ပန်းကန်ပြားပေါ်သို့ တင်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးရဲဝံ့ မျက်နှာသိပ်နီနေတယ်၊ အဖျားရှိသလား"

"စမ်းကြည့်လေ"

"သာမိုမီတာကော"

"မရှိဘူး"

ဦးရဲဝံ့မျက်လုံးများကို ကျွန်မရဲ့ မသိစိတ်က နားလည် နေသည်။ ယောကျ်ားများသည် မိန်းမများ၏ အယုအယကို လိုလားလား ခံယူချင်တတ်ကြသည်။ သို့သော် အချို့ယောကျ် များသည် ကိုယ်ကသာ ရယူလိုချင်ကြပြီး ကိုယ်က ပေးဆပ်ရ တော့ မေ့နေတတ်ကြသည်။ ဦးရဲဝံ့သည် ထိုယောကျ်ားမျိုး ဟုတ်ဟု ကျွန်မယုံကြည်သည်။

စားပွဲပေါ်ရှိ ဦးရဲဝံ့၏ ဘယ်လက်လက်ကောက်ဝတ် ကိုင်တွယ်လိုက်သည်။ ပူခြစ်နေသော အထိအတွေ့နှင့်အတူ သွေးခုန်နှုန်း သာမန်ထက် မြန်ဆန်နေသည်ကို သတိပြုမိလို ရာ. . .

"မဖြစ်ဘူး၊ ဆေးခန်းဒီနားမှာ ရှိသလား နန်းမှုံ"

"ရှိတယ်လေ၊ သုံးလေးအိမ်ကျော်က"

"ဒါဖြင့်. . သွားပင့်ပါလား နန်းမှုံ"

"နန်းမှု ငါ့နာမည်ကို ပြောလိုက်ရင် လိုက်လာလိမ့်မ

"ဟုတ်ကဲ့ရှင့်"

နန်းမှုံက ချက်ချင်းပင် ထွက်သွားသည်။

ဦးရဲဝံ့က. .

"ကိုယ် လန့်ဖျားဖျားနေတယ်လို့ မင်းမထင်ဘူးလား မ

ကျွန်မ ဦးရဲဝံ့စကားများကို လိုက်မမီချေ။ ကျွန်မ ဉာ





ည်သည် ကားတိုက်မှုနှင့်အတူ ပျောက်ဆုံးသွားပြီလား။

"ဘာဖြစ်လို့ လန့်ဖျားဖျားရမှာလဲ"

"စိုးရိမ်ထိတ်လန့်နေတယ်၊ မိုးဟာ သူ့အတိတ်ကို သတိ ခဲ့ရင် ကိုယ်တို့ဘဝထဲက အပြီးတိုင် ပျောက်ဆုံးသွားနိုင်တယ်လို့ တွေးမိပြီး ညစဉ်အိပ်မပျော်ခဲ့ဘူး၊ ရက်တွေများလာတော့ နေ ကောင်းဖြစ်လာတယ်. . ဒါပါပဲ"

ကျွန်မရင်ထဲ ကြေကွဲမှုတို့ မြစ်ဖျားခံလာသည်။ ဦးရဲဝံ့ ဖြောင့်မတ်တည်ကြည်မှုနှင့် အချစ်ရေးကင်းစင်မှုကို သိရှိပြီး ရာ သူ၏ နှလုံးရိုင်း၏ ခံနိုင်ရည်မရှိမှုကို ကျွန်မ နားလည် လေသည်။

ဘုရား. . ဘုရား. . ကျွန်မသည် ယောကျ်ားတွေ၏ သ ာထားများကို တော်တော်သိနားလည်နေပါလား။

ကျွန်မ မသိနိုင်သေးသော အတိတ်ဘဝတွင်. . ကျွန်မ ည် ဘယ်လိုမိန်းမစားမျိုးလဲ။

"ဆောရီးပဲ မိုးရယ်၊ ကိုယ်ရင်ထဲက သိပ်ခံစားရလို့ပါ။ အနှောင့်အယှက်ဖြစ်သွားသလား၊ ကိုယ်တောင်းပန်ပါတယ်၊ ယ်ဟာ အခွင့်အရေးသမား မဟုတ်ပါဘူး"

"ဦးရဲဝံ့ကို ကျွန်မနားလည်ပါတယ်၊ ကဲ. . ဆရာဝန် ာခင် ဒါလေးတွေကုန်အောင် စားသောက်ထားလိုက်ပါ ှင့်"

ကျွန်မရဲ့ အသက်သခင် ကျေးဇူးရှင်ကို ကျွန်မ တတ်နိုင် မျှ ပေးဆပ်ချင်ပါသည်။

သို့သော်. . .



www.burmeseclassic.com

www.burmeseclassic.com



နန်းမှူးနှင့်အတူ ဆရာဝန်တစ်ဦးပါလာသည်။ သူနှ
ဦးရဲဝံ့သည် သူငယ်ချင်းများဖြစ်ကြပုံရသည်။ မင်းနှင့်ငါ ပြော
ကာ ဖက်လဲတကင်းရှိကြသည်။ ကျွန်မက လိုအပ်သော ပံ့ပိုးမှု
အနားမှ ဖြည့်ဆည်းပေးနေရာ. . .

"မင်းအမျိုးသမီးလား၊ မိတ်ဆက်ပေးပါဦး"

ဦးရဲဝံ့ မျက်နှာပျက်သွားသည်။ ကျွန်မအား မသိမသာ
လှမ်းကြည့်ကာ. . .

"မေမေ မွေးစားထားတာ မေမေ့သမီးဆိုပါတော့"

"မေမေ့သမီးဟာ မေမေ့သားနဲ့ မပတ်သက်ဖူးလား"

"မင်းကလဲကွာ မိုး အားနာစရာ၊ မိုး သူက ဒေါက်တာ
မြင့်ဦးတဲ့ ကိုယ်နဲ့ငယ်သူငယ်ချင်း. . ပြောမနာဆိုမနာတွေ"

ဒေါက်တာမြင့်ဦးက. . .

"မိုးတဲ့လား. . တွေ့ရတာ ဝမ်းသာပါတယ်၊ မိုးကို ကျ
တော် မြင်ဖူးပါတယ်၊ ဈေးချိုထဲမှာ ဆိုင်ဖွင့်တယ် ထင်တယ်

ကျွန်မ မျက်လုံးဝိုင်းသွားသည်။ ဒါကျွန်မအတွက်
လွန်စ ဖြစ်နိုင်သလား။ ကျွန်မ ဦးရဲဝံ့ကို အကူအညီတောင်းသော
မျက်လုံးဖြင့် လှမ်းကြည့်လိုက်သည်။

"မဟုတ်ဘူး ထင်တယ်၊ မိုးက ရန်ကုန်ကပါ၊ ဗဟိုတ
ရှုံး ရှေ့နေတစ်ဦးပဲ"

"ဩော် လောကကြီးမှာ နာမည်တူမရှား လူတူမရှား
လေ၊ ဖြစ်နိုင်ပါတယ်"

ကျွန်မ အသက်ရှူခွင့်ရသွားသည်။

ဈေးချိုတဲ့။ ထိုနေရာသို့ ကျွန်မသွားလိုက်လျှင် ကျွန်



အတိတ်ခြေရာလေးတွေကို ပြန်ကောက်နိုင်မည်ဖြစ်သည်။

"ကိုင်း. . ငါဆေးထိုးပေးခဲ့မယ်၊ ဆေးလည်း သုံးရက်စာ
ပေးထားမယ်၊ မှန်မှန်ဆက်သောက်သွား၊ အသက်နဲ့အဝေးကြီး
အအေးမိတာလောက်ပဲ ရှိတာ. . မသေနိုင်သေးဘူး၊ မိန်းမလဲ
ယူလို့ရတယ်"

ဒေါက်တာမြင့်ဦးက လူရွှတ်လူနောက်ဖြစ်ပုံရသည်။ သူ
သည် ဦးရဲဝံ့နှင့် ကျွန်မကို စွပ်စွဲသောမျက်လုံးများဖြင့် ကြည့်ကာ
နောက်ပြောင်နေခြင်းဖြစ်ရာ ကျွန်မသူတို့အနီးမှ မသိမသာလေး
ရှောင်ထွက်ခဲ့သည်။

ဦးရဲဝံ့၏ နှလုံးသားပုံရိပ်ကို ဖမ်းမိလိုက်ပြီးမှတော့ ကျွန်မ
ရင်ထဲ မရှင်းလင်းနိုင်တော့ပါ။

ကျွန်မ ဦးရဲဝံ့ကို ပေးဆပ်ချင်သည်။

သို့သော် ကျွန်မသည် သန့်စင်မွန်မြတ်သော မိန်းက
လေးတစ်ဦးမှ ဟုတ်ရဲ့လား။ ကျွန်မဘဝ အရှုပ်အရှင်းများနှင့်
ဆော့ ဦးရဲဝံ့ကို မည်ကဲ့သို့ ပေးဆပ်ရမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၀)

"မိုး. . မြင့်ဦးက ပျော်တတ်လို့ နောက်ပြောင်သွား
ကို ခွင့်လွှတ်နော်"

ရဲဝံ့က ဒေါက်တာမြင့်ဦးပြန်သွားသွားချင်း တောင်း
လိုက်သည်။

"ရပါတယ်. . ကျွန်မ နားလည်ပါတယ်၊ ဦးရဲဝံ့ အ
သွားအောင် အိပ်လိုက်နော်"

ရဲဝံ့က ခေါင်းခါလိုက်သည်။





မိန်းကလေးက မျက်လုံးအဝိုင်းသားဖြင့်. . .

"ဘာဖြစ်လို့လဲ"

"ကိုယ့်နားက မိုးပျောက်သွားမှာကို အရမ်းစိုးရိမ်နေတယ်၊ ဒီစိတ်နဲ့ ကိုယ်အိပ်လို့ ရမှာမဟုတ်ဘူး"

မိန်းကလေးက သက်ပြင်းချလိုက်ပြီး. . .

"ဒါဖြင့် ဦးရဲဝံ့နားမှာ ကျွန်မ စောင့်ပေးနေပါ့မယ်"

"ဒီလိုမတရားတဲ့အလုပ်မျိုး ကိုယ်မလုပ်ချင်ဘူး"

"ဘယ်လို မတရားတာလဲ"

"ကိုယ်လို ယောကျ်ားရင့်မကြီးက အိပ်ပြီး. . မိုးက ထိုင်စောင့်နေမယ်ဆိုတာ မတရားဘူးလားလို့"

"ဦးရဲဝံ့ ရှင်ရူးလိမ့်မယ်၊ ဘာမှမတွေးနဲ့သိလား၊ ရှင်နေမကောင်းဘူး အိပ်ကိုအိပ်ရမယ်၊ အိပ်ပျော်သွားမှ ချွေးတွေထွက်ပြီး ရှင်နေကောင်းသွားမှာ၊ ရှင်နေကောင်းမှ ကျွန်မတို့ခရီးဆက်နိုင်မှာ"

"မိုးဆန္ဒလား"

"ဟုတ်ကဲ့ပါ၊ ကျွန်မရဲ့ စေတနာနဲ့ ဆန္ဒပါ"

"ဒီလိုဆို ကိုယ်အိပ်မယ်၊ မိုးလည်း သွားနားတော့၊ ဟိုဘက်ခန်းမှာ ခုတင်တစ်လုံးရှိတယ်"

"ဟင့်အင်း. . ကျွန်မ မအိပ်ချင်ဘူး၊ ဦးရဲဝံ့ကို စောင့်ရင်းတက်တင်းထိုးမယ်လေ၊ ချွေးထွက်လာရင် အင်္ကျီလဲပေးဖို့ ဒေါက်တာက မှာသွားတယ်"

ရဲဝံ့က ကျေနပ်စွာ ပြုံးလိုက်မိသည်။ ရှိစေချင်သည်။ မိမိအပါး၌ ဤမိန်းကလေးအမြဲထာဝရ ရှိနေစေချင်သည်။ မချစ်



www.burmeseclassic.com

www.burmeseclassic.com



ဖူးသည့်အချစ်ဦးဖြစ်၍ သူသည် အရှုံးအမူး ခံစားနေရသည်။

မိန်းကလေး၏အတိတ်ကို မိမိက မိန်းကလေးထက် ပို၍စိတ်ဝင်စားနေမိသည်။

"ဦးရဲဝံ့ မျက်စိမှိတ်လေ၊ အသက်မှန်မှန်ရှူပြီး အိပ်ပျော်အောင်အိပ်နော်"

ရဲဝံ့က မိမိခုတင်အနီး၌ ကုလားထိုင်တစ်လုံးနှင့် ထိုင်ကာ တက်တင်းထိုးနေသော မိန်းကလေးအားငေးကြည့်ရင်း . .

"မိုးလို့ ကိုယ်ကခေါ်သလို မင်းက ကိုယ့်ကို ဦးရဲဝံ့တုန်းပဲလား"

"ရှိသေလေးစားသမှုနဲ့ပါ ဦးရဲဝံ့ရယ်၊ ဦးရဲဝံ့သာ ကျွန်မကို ကားထဲက အချိန်မီ ဆွဲမထုတ်နိုင်ခဲ့ရင် ကျွန်မသေဆုံးသွားခဲ့ပြီ၊ ကျွန်မ အသက်သခင်ကို ကျွန်မ အမြဲလေးစားနေတာပါ၊ အခြားအသုံးအနှုန်းတွေ ကျွန်မ မခေါ်ဝံ့ပါဘူး"

"ကိုယ်က ခေါ်စေချင်တယ်ဆိုရင်ကော"

"ဘယ်လို ခေါ်စေချင်သလဲ"

"မပြောတော့ပါဘူး၊ မိုးရဲ့ အတိတ်မှာ ဦးစားပေးခဲ့ရတဲ့သူတွေ ရှိကောင်းရှိလိမ့်မယ်၊ ဒီ့အတွက် ကိုယ်ခံနိုင်ရည် ရှိပါ့မလားလို့ တွေးမိတယ်"

"ဦးရဲဝံ့ရယ် ကျွန်မ ခုချိန်မှာ ဘာစကားကိုမှ ရဲရဲဝံ့ဝံ့ မပြောရဲသေးဘူး၊ အတိတ်ကို ပြန်သတိရခဲ့ပြီးရင် ကျွန်မ ဦးရဲဝံ့ကို ပြောစရာစကားတွေ ရှိလာခဲ့မှာပါ"

"ဟုတ်ပါတယ် ကျွန်တော့်ဘဝမှာ ဘယ်မိန်းကလေးနဲ့မှ ပတ်သတ်ခဲ့ခြင်းမျိုး မရှိတော့ . . ကျွန်တော် အရမ်းခံစားနေရ





တယ်၊ ရင်ထဲမှာ ရှိတဲ့ စကားတွေကိုတောင် ပြည့်ပြည့်ဝဝ ပြောခွင့်မကြုံသေးတဲ့ ဘဝမျိုးဆိုတော့ . . ."

"ဦးရဲဝံ့ အိပ်တော့နော်"

ရဲဝံ့ စကားတွေ ကို အပြည့်အဝ မပြောသေးဘူးဆိုခြင်းကပင်လျှင် အားလုံးပြောပြီးဖြစ်ကြောင်း မိန်းကလေး သိရှိသွားပုံရသည်။ မိန်းကလေးမျက်ဝန်းဝယ် မျက်ရည်များ ရစ်သိုင်းဖွဲ့နေသည်။

ရဲဝံ့ မကြည့်ရက်သဖြင့် မျက်ခွံတံခါးကိုပိတ်လိုက်သည်။

မိန်းကလေး၏ တိတ်တခိုး ပင့်သက်ချသံကို ကြားလိုက်သည်။

ရဲဝံ့ အိပ်ပျော်စေရန် ကြိုးပမ်းလိုက်သည်။

မိန်းကလေး ထွက်မသွားစေရေးအတွက် အိမ်ရှေ့ သံပန်းတံခါးသော့ကို ခတ်ထားပြီး နန်းမှုံကို သိမ်းထားစေခဲ့သည်။ ခြံစောင့်ကိုလည်း မှာထားပြီးဖြစ်သည်။


ရဲဝံ့ စိတ်ချလက်ချ အိပ်လိုက်သည်။ မိန်းကလေး သူ့အနားမှာ ရှိနေခြင်းသည် သူ့ဘဝအတွက် အလိုအပ်ဆုံးသော အင်အားတစ်ခု ရရှိနေသည့်နှယ် သူခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၁)

ဒေါ်ပိတောက်သည် သားဖြစ်သူ၏ နှလုံးသားကို တွေ့မြင် အကဲခတ်မိပြီးဖြစ်ရာ စိတ်ထိခိုက်ရသည်။

ယခုအချိန်ကာလ၌ မိန်းကလေးသည် ဘာမှအပြစ်ဆိုစရာမရှိအောင် စွဲမက်စရာကောင်းလွန်းလှသည်။

သို့သော် အတိတ်ကို မသိရသေးသရွေ့ မိန်းကလေးကို ယုံကြည်စိတ်ချစွာ လက်ခံ၍မဖြစ်။

မိန်းကလေးကလည်း သားအပေါ်၌ ဂရုစိုက်သည်မှာ





လိုအပ်လာလျှင် အသက်ပေးဖို့ ဝန်မလေးသည့် ဂရုစိုက်မှုမျိုးဖြစ်သည်။

"ကိုင်း. . သား၊ မင်းရှေ့မှာထိုင်ရင် အိပ်ဖြစ်မှာ မဟုတ်ဘူး၊ မေမေထိုင်နေကြနေရာမှာပဲ မင်းထိုင်၊ မေမေက ရှေ့က ထိုင်မယ်"

"ရပါတယ် မေမေ၊ သားခုံလှဲပြီး အိပ်မှာပါ"

"အန်တီနဲ့ ဦးရဲဝံ့ နောက်မှာပဲထိုင်ပါ၊ ကျွန်မရှေ့ကပဲ ထိုင်စီးမယ်၊ ကျွန်မ နေ့လယ်ဘက် မအိပ်တတ်ပါဘူး"

"ရပါတယ် မိန်းကလေး၊ တို့လဲ မအိပ်တတ်ဘူး၊ မင်းတို့ပဲ ထိုင်ပါ"

ဒေါ်ပိတောက်က ပြောပြောဆိုဆိုနှင့် ရှေ့ခန်း၌ တက်ထိုင်လိုက်သည်။ မောင်ဦးက တံခါးပိတ်ပေးလိုက်သည်။

ရဲဝံ့ အရင်တက်ပြီးမှ မိန်းကလေးက တက်သည်။

ရဲဝံ့မျက်နှာ၌ ကျေနပ်အရိပ်အယောင်ကလေးများ တွေ့ရသည်။

မိန်းကလေးမျက်နှာ၌ မယုံကြည်နိုင်သလို အံ့ဩရိပ်များ ယှက်သန်းနေသည်။

ကားစထွက်သည်နှင့် မိန်းကလေးက တက်တင်းကို သဲသဲမဲမဲထိုးလျက် လိုက်ပါလာသည်။ သားဖြစ်သူက မိန်းကလေး ၏ မျက်နှာလေးကို အရိပ်တကြည့်ကြည့်။

သားဖြစ်သူကို လိုချင်သော မေတ္တာအကုန်ပေး၊ လိုအရာမျိုး ဖန်တီးပေးထားခြင်းဖြင့် မိဘ၏ချစ်ခြင်းမေတ္တာ ပိုက်ကွန်အောက်မှ ရုန်းမထွက်နိုင်အောင် ဖန်တီးပေးခဲ့ခြင်းသည် မှားများ



www.burmeseclassic.com

www.burmeseclassic.com



မှားသွားလေပြီလား။

သားစိတ်ထားသည် နူးညံ့ပျော့ပျောင်းနေသည်။ ထိလွယ်ရှလွယ်သော နှလုံးသားမျိုးဖြစ်နေသည်။

အပေါင်းအသင်းမိတ်သင်္ဂဟများနှင့် လုပ်ငန်းပိုင်း၌ ဖခင်ခြေရာကို နင်းနိုင်သော စီးပွားရေးပညာရှင်တစ်ယောက်ဖြစ်သည်။ သို့သော် နှလုံးသားရေးရာ၌ တကယ့်ကို အစိမ်းသက်သက် အဖြူရောင်သက်သက် အစွန်းအထေးမရှိ၊ သန့်စင်လွန်းလှသည်။ ဖြူစင်သန့်ရှင်းလွန်းသောအရာသည် စွန်းထေးလွယ်ကူသည်ဖြစ်ရာ သားအတွက် စိုးရိမ်သည်။

မိန်းကလေးက သား၏အကြည့်ရိုင်းဝယ် ရှက်သွေးစို့လျက်ရှိသည်။

ချစ်ခြင်းမေတ္တာသည် လှပလွန်းသော ပန်းဥယျာဉ်လေးတစ်ခုပင်။ ထိုဥယျာဉ်လေးကို မိမိမြင်နိုင်ရအောင် အမြဲထာဝရဖန်တီးပေးချင်ပါသည်။

အတန်ကြာပြီး ခရီးဝေးတော်တော်လှမ်းမိမှ သားဖြစ်သူအိပ်ပျော်သွားသည်။

အိပ်ပျော်သွားသော ရဲဝံ့ကို မိန်းကလေးက ခိုးကြည့်သည်။ ချွေးများ စီးထွက်နေသည်ကိုမြင်သောအခါ တစ်သျှူးပေပါဖြင့် ခပ်ဖွဖွကလေး သုတ်ပေးရှာသည်။

ဒေါ်ပိုတောက် မသိချင်ဟန်ဆောင်နေလိုက်သည်။

ရင်ထဲမှာ တဒင်္ဂတော့ ကြည်နူးသွားသည်။

မိန်းကလေး၏ အပြုအမူကလေးက သားအပေါ်၌ ချစ်ခင်ကြင်နာခြင်း အပြည့်အဝရှိသည်။ ယခုအချိန်မှာ သားအပေါ်ထားရှိသော မိန်းကလေး၏ မေတ္တာတရားသည် အကြီးမားဆုံးအနေအထား၌ ရှိနေမည်မှာ မလွဲပင်။





ဒေါ်ပိုတောက် စိပ်ပုတီးကိုကိုင်လိုက်သည်။ တရုတ်ပြည်ဘက် ခရီးထွက်သွားသော ခင်ပွန်းအား သတိရလိုက်မိသည်။ မသွားခင်က မိမိအား သတိပေးသွားသည်။

"သက်ရေမင့်သားကြည့်ရတာ မိန်းကလေးအပေါ် စွဲစွဲလမ်းလမ်းဖြစ်နေပုံပဲ၊ မိန်းကလေးသာမရှိခဲ့ရင် အစ်ကိုတို့အတွက် သားကို မနည်းထိန်းသိမ်းရလိမ့်မယ်ထင်တယ်၊ ဒီတော့ သားအတွက် မိန်းကလေးကို ထိန်းထိန်းသိမ်းသိမ်းနဲ့ စောင့်ရှောက်ထားပေးလိုက်ပါကွာ၊ ကြည့်ရတာ အမျိုးကောင်းသမီးလေးပုံပါ"

ဟု သတိပေးစကား ပြောသွားခဲ့သေးသည်။

တစ်ဦးတည်းသောသားဖြစ်၍ အထိအခိုက်လုံးဝမခံနိုင်ပါ။ ယခုလည်း သားဖြစ်သူသည် ညညအိပ်မပျော်နိုင်ဘဲ မိန်းကလေးပျောက်ဆုံးသွားမှာကို စိုးရိမ်တကြီးဖြစ်ခဲ့သည်ကို ဒေါ်ပိုတောက် ရိပ်မိသဖြင့်. . သားစိတ်ချမ်းသာဖို့အရေး၊ ကျန်းမာဖို့အရေး မိန်းကလေးနှင့် မသိမသာ လွှတ်ထားပေးလိုက်သည်။

သမီးမရှိ၍ သမီးချင်းမစာနာဖြစ်မှာလည်း စိုးရိမ်မိသဖြင့် နန်းမှူးကို အရိပ်အယောင်ပြ စောင့်ကြည့်ခိုင်းခဲ့သည်။

ယခုလည်း ကားပေါ်မှာဆိုတော့ အကြောင်းမဟုတ်. . နေပါစေလေ။

ဒေါ်ပိုတောက် ပုတီးစိပ်နေလိုက်သည်။

မိမိလည်း ငယ်ရာက ကြီးလာသူဖြစ်သည်။ ကိုယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com




စာနာစိတ်ကတော့ အမြဲရှိခဲ့ပါသည်။

ယခုကိစ္စမှာကတော့ ဘဝင်မကျနိုင်သေး။ အကြောင်းကြားသိရသမျှ ဘဝင်ကျနိုင်စရာ တစ်ကွက်မှ မရှိခဲ့ပါချေ။







# အခန်း (၁၂)

ဦးရဲဝံ့နှင့်ပတ်သက်ပြီး ကျွန်မစိတ်ကို ကျွန်မဆုံးမကာ အမြဲသတိပေးလျက်ရှိသည့်ကြားက တစ်ခါတစ်ရံ သတိလက်လွတ်ဖြစ်သွားသည်။

"မိုး . . မိုး . . ဘယ်မှမသွားရဘူး"

သူယောင်ယမ်းတာမှန်းသိလျက်နှင့် ကျွန်မရင်ထဲ နင့်နေအောင် ခံစားလိုက်ရသည်။

ကျွန်မစိတ်သဘောအရသာဆိုလျှင် ကျွန်မ သူ့အပေါ်မှာ တစ်ဖဝါးမှ မခွာချင်ပါ။ သို့သော် ကိုယ့်အကြောင်းကိုယ်သိရမည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသာပေး ရွှေအေးပန်းကန်တက်၍မရ။

"မေမေ. . မိုး. . မိုးကို ခေါ်ပေးပါ"

"မိုး. . မိုး. ."

တမိုးထဲမိုးနေသော ဦးရဲဝံ့ကြည့်ပြီး ကျွန်မ မျက်ရည် များရစ်ဝဲချင်သည်။

တော်သေးသည်။ ဒေါ်ပိတောက်က ဆရာဝန်သွား သည်။ ညနေဘက်ရောက်သည်နှင့် ဦးရဲဝံ့က အဖျားပြန်တ သည်။

"ဦးရဲဝံ့ သတိထားလေ၊ ကျွန်မ ရှိပါတယ်"

ရေခဲရေစိမ်ပြီး မွှေးပွမျက်နှာသုတ်ပဝါကို ရေညှစ် သူ၏မျက်နှာနှင့် လည်ပင်းကို သုတ်ပေးလိုက်ရင်း အသံပြု သည်။

"အင်း . . . အင်း. . မိုး. . မိုးဟာ နုနန္ဒာမဟုတ်ပါ နော်"

ဦးရဲဝံ့မျက်လုံးဖွင့်လာပြီး ကျွန်မအား သတိလက်လွ မေးခွန်းထုတ်လေသည်။

ကျွန်မ သက်ပြင်းချလိုက်သည်။ နုနန္ဒာသည် သူ မိသားစု နှစ်သက်နိုင်သော ပုံစံမျိုးမရှိသည့် မိန်းကလေးဖြစ်နေ ရသည်။

"ဦးရဲဝံ့ ကျွန်မ ဘာမှမပြောနိုင်သေးပါဘူး၊ ဒါပေမယ့် ပြောချင်တာတစ်ခုပဲ ရှိတယ်၊ ဦးရဲဝံ့ နေကောင်းအောင်နေပါ"

"မိုး ဘယ်လိုအခက်အခဲမျိုးပဲရှိရှိ အကြောင်းပဲရှိရှိ . . မိုး ကျွန်တော့်ကို စွန့်ခွာမသွားပါနဲ့"





ကျွန်မရင်ထဲ. . တဆတ်ဆတ်တုန်ခါအောင် နာကျင်လျက်ရှိသည်။ ခြစ်ခြစ်တောက်ပူနေသော ဦးရဲဝံ့၏ ပါးပြင်ကို ကျွန်မပါးပြင်နှင့် ကပ်ထားပြီး သူ၏အပူများကို ကျွန်မပဲ ခံယူလိုက်ချင်ပါသည်။ သို့သော်. . ထိုသို့ ကျွန်မ မလုပ်ရဲပါ။

"သိပါတယ်. . မိုး ကိုယ့်ကို ထားသွားမှာပါ"

"မထားပါဘူး ဦးရဲဝံ့ရယ်၊ နေကောင်းအောင်နေနော်၊ ရန်ကုန်မြို့မှာ ကျွန်မသွားချင်တဲ့နေရာတွေ လိုက်ပို့ပေးနိုင်အောင် ဦးရဲဝံ့နေကောင်းမှဖြစ်မှာ"

သူ့မျက်နှာ ပြုံးယောင်သန်းလာသည်ကို တွေ့လိုက်ရသဖြင့် ကျွန်မရင်ထဲ ချမ်းမြေ့သွားရသည်။ ကျွန်မအတွက်လည်း အခက်ကြုံနေရပြီ။ ကျွန်မ ဘယ်သူဘယ်ဝါမှန်း မသိခင်မှာပင် ကျွန်မဘဝ၌ အရေးအကြီးဆုံး ဦးစားပေးရမည့်သူမှာ ဦးရဲဝံ့ ဖြစ်နေလေပြီ။

ကျွန်မ ရင်ခုန်သံစဉ်များကို နှစ်သက်ခံစားတတ်နေလေပြီ။ ယခင်ကကော ကျွန်မ ရင်ခုန်ခဲ့ဖူးသလား။

ဦးရဲဝံ့က မျက်လုံးမှိတ်လိုက်လေသည်။ ကျွန်မက ရေခဲဝတ်ကို နဖူးပေါ်မှ ဖယ်ရှားလိုက်ပြီး ဒေါ်ပိတောက်အား ကြိုလိုက်သည်။ ဆရာဝန်တစ်ဦး ပါလာသည်။ ဒရိုင်ဘာမောင်ဦးကလည်း ဆေးအိတ်ကိုဆွဲလျက် လိုက်ပါလာသည်။

ကျွန်မနှင့်နန်းမှူး အပြင်ထွက်ပေးလိုက်သည်။

ကျွန်မအတွက် မဆုံးသေးသော အိပ်မက်တစ်ခုကိုမြင်မက်နေရသကဲ့သို့ ခံစားနေရသည်။ ကျွန်မအိပ်မက်၌ ဦးရဲဝံ့ မိသားစုသာရှိနေသည်။ ကျွန်မသည် အတိတ်မရှိ အနာဂတ်ကို



www.burmeseclassic.com

www.burmeseclassic.com



မမှန်းဆနိုင်သော အခြေအမြစ်မရှိသူပမာ တွယ်ရာမဲ့နေသည်။

ဦးရဲဝံ့၏ ကျေးဇူး၊ ထိုမှဆက်နွယ်၍ ဦးရဲဝံ့၏ မိဘနှစ်ပါးနှင့် သူတို့၏ အသိုင်းအဝိုင်းသည်သာ ကျွန်မ၏ ကမ္ဘာဖြစ်နေရသည်။

"ကျွန်မ ဘယ်သူလဲ"

ရန်ကုန်မြို့လယ်ကတိုက်ခန်းကို တစ်ယောက်တည်း နှစ်ချပ်နှင့် ငှားနေရဲသော အလုပ်သင်ရှေ့နေ နုနန္ဒာလား။

ဆရာဝန်ပြန်သွားသောအခါ ဒေါ်ပိတောက်က. . .

"တိုက်ဖွိုက်ဖြစ်နေတာတဲ့၊ လုံးဝအဖတ်မကျွေးရဘူး နွားနို့၊ ဟောလစ်နဲ့ ကြက်စွပ်ပြုတ်အရည်ပဲ တိုက်ရမယ်တဲ့ မိန်းကလေး"

"ဟုတ်ကဲ့ အန်တီ၊ ကျွန်မ ဂရုစိုက်ပြီး လုပ်ပေးပါ့မယ်"

"မိန်းကလေး လုပ်ပေးဖို့ မလိုပါဘူး၊ နန်းမှုံကိုပဲ ခိုင်းပါ ဒါပေမယ့် အဖတ်တွေဘာတွေ မပါစေဖို့ အရေးကြီးတယ်"


"ဟုတ်ကဲ့ပါ"

ကျွန်မအနေနှင့် ကျေးဇူးရှင်ကို ပြုစုခွင့်ရခြင်းအတွက် ကျေနပ်မိသည်။

ဦးရဲဝံ့သည် ကျွန်မ၏ အသက်သခင်ကျေးဇူးရှင်ဖြစ်နေ မကာ မိုး ဘဝ၌ ဘဝ၏အရှင်သခင်လည်း ဖြစ်နေလေပြီဖြစ်ရာ မမောနိုင်မပန်းနိုင်ဖြင့် ပြုစုပေးရန် ဆုံးဖြတ်လိုက်သည်။







# အခန်း (၁၃)

"မိုး"

ကြက်စွပ်ပြုတ်ကို မှုတ်သောက်နေရင်းမှ ရဲဝံ့ကမိန်းကလေးကို ခေါ်လိုက်သည်။

မိန်းကလေးသည် နွားနို့၊ စွပ်ပြုတ်များကို အိနေပြီ၊ ညီနေပြီဆိုသော သူ့အတွက်. . ဆရာဝန်ကိုမေးပြီး လိမ္မော်သီးကို ညစ်ကာ အဖတ်များကိုစစ်ယူပြီးမှ သကြားနှင့် ဖျော်ပေးသည်။

မိန်းကလေး၏ လှုပ်ရှားမှုသည် သွက်လက်ဖျတ်လတ်

ကာ လှုပ်ကြောရှင်းနေလေသည်။

"မိုး ကိုယ့်အတွက် အလုပ်ရှုပ်နေပြီ"

"ကျွန်မ အလုပ်မရှုပ်ပါဘူး၊ ကျွန်မအတွက်သာ ဦးရဲဝံ့ တို့မိသားစု အလုပ်ရှုပ်တာပါ"

"မိုး မေမေက မိုးကိုဘာဖြစ်လို့ ခေါ်မသွားတာလဲ"

"ဦးရဲဝံ့ကို တစ်ယောက်တည်းထားခဲ့ရမှာ စိတ်မချလို့ ဖြစ်မှာပါ၊ ကျွန်မလိုက်တော့ကော ဘာမှထူးခြားလာမှာမှ မဟုတ်တာ"

"မိုး တကယ်ပဲ ရန်ကုန်မြို့ကို မကျွမ်းကျင်ဘူးလား"

"ကျွန်မ နေခဲ့ဖူးတယ်လို့ ထင်ပါတယ်"

"ဒါဖြင့်"

"ဟုတ်ကဲ့ ကျွန်မတစ်ယောက်ထဲ လျှောက်သွားကြည့်ဖို့ စိတ်ကူးထားပါတယ်၊ ဒါပေမယ့်. . ."

ရဲဝံ့ရင်ထဲ လက်မခံနိုင်အောင် ဖြစ်သည်။ သူ့ဘဝမှာ မိန်းကလေး ပျောက်ဆုံးသွားမှာကို အင်မတန် စိုးရိမ်နေသည်။

"မသွားပါနဲ့၊ မိုး တစ်ယောက်တည်း ဘယ်ကိုမှ မသွားစေချင်ဘူး၊ ကိုယ် အဖျားကျသွားပြီပဲ. . မနက်ဖြန်လောက်ဆိုရင် မိုးနဲ့ကိုယ် ရန်ကုန်မြို့အနှံ့ လျှောက်လည်ကြမယ်"

"အန်တီက မနက်ဖြန် သမားတော်ပင့်ထားတယ်. . ကျွန်မကို ကုသဖို့တဲ့၊ သွားလို့ဖြစ်မှာ မဟုတ်ဘူး"

"မိုး အတိတ်ကို ပြန်သတိရရင် ကိုယ့်ကိုမေ့သွားမှာလား"

ရဲဝံ့ရင်ထဲ စိုးထိတ်မှုတစ်ရပ်ရှိနေသည်။ ဖြစ်နိုင်လျှင်





မိုးအား လက်ရှိဘဝသစ်၌သာ ထားရှိပြီး သူ့မေတ္တာဖြင့် ထာဝရ သိမ်းပိုက်ထားလိုက်ချင်သည်။ မဖြစ်နိုင်။ ထိုကဲ့သို့သော အတွေး မျိုး ပေါ်ပေါက်ရုံမျှဖြင့် မိမိကိုယ်မိမိ ရွံရှာသွားသည်။

လူတစ်ယောက်၏ ဘဝမှန်ကို ဖုံးကွယ်ထားပြီး မိမိအ ကျိုးအတွက် သိမ်းပိုက်ထားခြင်းလောက် အတ္တဆန်လွန်းသော သူသည် သဘောထား သေးနုပ်သောသူဖြစ်သည်။

ရဲဝံ့၌ ထိုစိတ်မျိုးထား၍မဖြစ်၊ ရဲဝံ့ဘဝမှာ အမဲစက်မရှိ။

"ဦးရဲဝံ့"

"ကိုယ့်အတွက် မိုး ပင်ပန်းနေပြီလား"

"မပင်ပန်းပါဘူး၊ ဦးရဲဝံ့အတွက်ဆိုရင် ကျွန်မဘဝမှ ဘယ်တော့မှ ပင်ပန်းခြင်းမရှိစေရဘူး"

"ဘာဖြစ်လို့လဲဟင်"

ရဲဝံ့မှာ မျှော်လင့်ခြင်းကြီးစွာဖြင့် မေးခွန်းထုတ်လိုက် သည်။

မိန်းကလေးက ရဲဝံ့အား ဖျတ်ခနဲလှမ်းကြည့်ပြီး မျက် လွှာချကာ. . .

"ဦးရဲဝံ့က ကျွန်မရဲ့ အသက်သခင် ကျေးဇူးရှင် ဖြစ်နေ လို့ပါ"

ရဲဝံ့ မကျေမနပ်ဖြစ်သွားသည်။ မိန်းကလေး ဖျော်ပေး ထားသော လိမ္မော်ရည်ခွက်ကိုယူကာ မတ်တတ်ရပ်လိုက်ပြီး. .

"တော်ပြီကွာ၊ ဒီကျေးဇူးကို ခု မင်းပြုစုပေးတာနဲ့ သင့် ဒုန်းချေလိုက်တော့၊ မလိုချင်ဘူး. . မင်းဆီက ကျေးဇူးတုံ့ပြန်မှု၊ ပြန်ဆပ်မှုဆိုတာ ကိုယ်မလိုချင်ဘူးမိုး၊ ကိုယ်က လူသား. . ဒုက္ခ

www.burmeseclassic.com



ရောက်နေသူကို အကူအညီပေးရမှာ လူသားဝတ္တရားပဲ၊ မင်း မဟုတ်ဘူး၊ မင်းနေရာမှာ အခြားဘယ်သူပဲဖြစ်နေနေ ကို ကူညီမှာပဲ၊ ဒီတော့ တဆိတ်ကျေးဇူးပြုပြီး မင်းကိုယ့်ကို ကျေး ဆပ်တဲ့အနေနဲ့ ပြုစုခြင်းဆိုရင် မပြုစုပါနဲ့တော့ နန်းမှုံကိုပဲ ခိုင်း ဒါပဲ'. . .'

ရဲဝံ့က စကားဆုံးသည်နှင့် လိမ္မော်ရည်ခွက်ကို တစ် ထိုး မော့သောက်ပြီး ထမင်းစားခန်းက ထွက်သွားလေသည်

မိန်းကလေးက ပြုံးလိုက်လေသည်။

ရဲဝံ့ဘာကြောင့် ကျွဲမြီးတိုသွားရခြင်းကို မိန်းကလေး သဘောပေါက်မိသဖြင့် ပြုံးမိလေသည်။

သို့သော် တဒင်္ဂသာ ဖြစ်သည်။

မိန်းကလေးချက်ချင်း ငေးငိုင်သွားရသည်။ နေပါ တော့. . . ဖြေရှင်းချက်များကို ဆက်မပေးတာပဲ အကောင်း ဖြစ်လိမ့်မည်ဟု မိန်းကလေးက စဉ်းစားလိုက်မိသည်။ ရင်ထဲ တော့ နင့်ခနဲနေအောင် နာကျင်နေသည်။ မိန်းကလေး မျက်နှာ ပြင်ပေါ်မှ အပြုံးရိပ်များ ကွယ်ပျောက်ကာ ကြေကွဲရိပ်များ မင်းမူလျက်။

ရဲဝံ့က. . မိမိနောက်ပါးသို့ လိုက်ပါလာခြင်းမရှိသော ကြောင့် ဧည့်ခန်းတွင်ထိုင်ကာ သတင်းစာဖတ်သလိုလိုနှင့် ဟ ဆောင်ကာ သတင်းစာကို အကာအကွယ်ပြုပြီး မိန်းကလေး အား ခိုးကြည့်လိုက်သည်။

ကြေကွဲရိပ်ဆင်နေသော မိန်းကလေးမျက်နှာပြင် တွေ့လိုက်ရသည်နှင့် သူ့ရင်ထဲ နာကျင်သွားသည်။





မိန်းမများ၏ သဘောသည် နားလည်ရခက်ခဲလှပါတကား. . .။

မေမေ့ကိုလည်း သူနားမလည်။ ယခု မိန်းကလေးကိုလည်း သူနားမလည်။

ပို၍ နားမလည်နိုင်သည်က ချစ်ခြင်းမေတ္တာ။

ချစ်ခြင်းမေတ္တာမှာ အကန့်အသတ်ရှိသလား၊ အနှောင်အနှောင်အဖွဲ့ရှိသလား၊ စည်းမျဉ်းစည်းကမ်းတွေ ရှိသလား။

ချစ်ခြင်းမေတ္တာသည် ဦးနှောက်က လာတာလား။

နှလုံးသားက လာတာလား။


ရဲဝံ့ရင်ထဲ ရှုပ်ထွေးလျက်ရှိချေပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၄)

"မမိုးရေ မေမေကြီးပြန်ရောက်နေပြီ၊ ညှို့သည်လည်း ပါလာတယ်၊ မမကို ခေါ်ခိုင်းလိုက်လို့"

"အေးအေး. . လာမယ်"

ကျွန်မသည် လူးလက်စ သနပ်ခါးများကို အမြန်ဆုံး လိမ်းလိုက်ပြီး အသင့်ထုတ်ထားသော အင်္ကျီလုံချည်များကို လဲလှယ်လိုက်သည်။ ပြီးသည်နှင့် ဘီးကျော်ပတ် ပတ်ထားသော ဆံပင်ကို ဖြည်ကာ ဘီးဖြင့် တစ်ချက်နှစ်ချက် အသာဖီးလိုက်ပြီး နောက် ကလစ်တစ်ချောင်းဖြင့် ညှပ်လိုက်သည်။ မှန်ထဲ၌ မိမိ





ကိုယ်မိမိ တစ်ချက်ပြန်ကြည့်ပြီး အောက်ထပ်သို့ ဆင်းခဲ့သည်။

အောက်ထပ်၌ ဒေါ်ပိတောက်၊ ဦးရဲဝံ့နှင့်အတူ စကား ထိုင်ပြောနေသော အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရသည်။

"ဟင်. . မိနု"

အမျိုးသမီးက ကျွန်မအား ရင်းရင်းနှီးနှီးပင် လှမ်းနှုတ်ဆက်လိုက်သည်။ ကျွန်မရင်ထဲ တစ်မျိုးခံစားလိုက်ရသည်။ ကျွန်မ ထိုအမျိုးသမီးအား မြင်ဖူးသလိုလို ရှိနေသည်။ သို့သော် ဘယ်သူမှန်း ကျွန်မ မသိသေးပါ။ ထို့ကြောင့် ကြောင်စီစီ မျက်နှာထားမျိုးလေးဖြင့် ငေးကြည့်ကာ စဉ်းစားမိသည်။

သူဘယ်သူလဲ။

"ထိုင် မိနုကလေး"

ဒေါ်ပိတောက်အနီးရှိ ဆက်တီတွင် ကျွန်မဝင်ထိုင်လိုက်သည်။ ဦးရဲဝံ့က အသက်ပင်မရှူဘဲ ကျွန်မအား ငေးကြည့်နေသည်။

"မိနုကလေး သူ့ကို သိသလား"

ဒေါ်ပိတောက် မေးခွန်းကို ကျွန်မ ခေါင်းခါခြင်းမှလွဲ၍ အခြား ဘာမှလုပ်ဆောင်နိုင်မှာလဲ။ ညှို့သည်အမျိုးသမီးက. .

"သူ နုနနွှာပါ၊ ကျွန်မနဲ့က ဆယ်တန်းကတည်းက တူတူပဲ၊ လောယူတော့လည်း အတူတူ၊ ချိန်ဘာဆင်းတော့လည်း အတူတူပဲ၊ ခု တရားရေးဝန်ထမ်းဖြေတော့လည်း အတူတူပဲ ဖြေပြီးကတည်းက သူပျောက်သွားတာ"

ကျွန်မဟာ နုနနွှာဆိုတာ သေချာနေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကျွန်မဘယ်မှာ နေသလဲဆိုတာ ရှင်သိသလား"

"ဪ မိနုရယ်၊ ရှင့်တိုက်ခန်းကို ကျုပ်ပဲ လိုက်ငှား . . ကျုပ်ပဲ အသိသက်သေလုပ်ခဲ့ပေးရတာပဲ"

"ကျွန်မ . . ကျွန်မ . . တိုက်ခန်းကို ပို့ပေးပါလား၊ သော့တော့ ကျွန်မမှာမရှိတော့ဘူး"

ကျွန်မ စိတ်လှုပ်ရှားစွာ တောင်းဆိုလိုက်သည်။ ဦးရဲဝံ့ မျက်နှာပျက်သွားသည်။ ကျွန်မဟာ နုနန္ဒာဆိုတာ သေချာနေပြီပဲ။ နုနန္ဒသည် ဦးရဲဝံ့မိခင် ဒေါ်ပိတောက်လိုလားသော မိန်းမမျိုးမှ မဖြစ်နိုင်လေပဲ။

"နေပါဦး"

ဒေါ်ပိတောက်က ကျွန်မအား တားလိုက်သည်။

"မှောင်ရီတောင်ပျိုးနေပြီ၊ ကိုယ့်တိုက်ခန်းဆိုပေမယ့် သော့ဖျက်ဝင်ရမှာဆိုတော့ ညဘက်မကောင်းဘူး၊ မတင့်တယ်ဘူး၊ မနက်ဖြန်ရောက်မှပဲ သွားကြရအောင်၊ ဒီတော့ . . တူမတို့ဇနီးမောင်နှံ ဒီမှာညစာစားရင်း နုနန္ဒအကြောင်းတွေကို ပြောပြဖို့ အန်တီမေတ္တာရပ်ခံပါရစေ"

ကျွန်မ တုန်လှုပ်သွားသည်။ ဦးရဲဝံ့ မျက်နှာပျက်သွားသည်။ နုနန္ဒဆိုသော မိန်းကလေး၏အကြောင်းများကို နားထောင်နိုင်သော၊ နားထောင်ရဲသောအင်အားများ ကျွန်မမှာ ရှိနိုင်ပါ့မလား။

ဦးရဲဝံ့ မျက်နှာပျက်သွားသည်ကို ထောက်ရှုပြီး ကျွန်မရင်ထဲ အမည်မသိသော ဝေဒနာရပ် ဝင်ရောက်နေရာယူလာသည်။ နုနန္ဒ၏ သူငယ်ချင်းက . . .





"ထမင်းစားခြင်းကိုတော့ ငြင်းဆန်ပါရစေ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ရဲ့သားဟာ မှောင်လာလို့ ကျွန်မတို့ မရောက်သေးရင် အမေနဲ့ကလေးထိန်းကို ဒုက္ခပေးလိမ့်မယ် အန်တီ၊ ခုတောင် မိနုအတွက်ဆိုလို့ ကျွန်မတို့လိုက်လာခဲ့တာ"

"ဟုတ်သားပဲ မေမေ၊ ဒီက ဦးကျော်ကျော်နဲ့ ဒေါ်ဆွေဆွေမာတို့အိမ်ကို လိုက်ပို့ပေးပြီး မနက်လင်းတာနဲ့ သွားခေါ်ပြီး နုနန္ဒရဲ့တိုက်ခန်းကို သွားကြရင် ပိုအဆင်ပြေပါလိမ့်မယ်"

ဦးရဲဝံ့စကားကို ဒေါ်ပိတောက်က လက်ခံလိုက်သည်။ ထို့အပြင် အံ့အားသင့်စရာကောင်းသော ခွင့်ပြုချက်ကို ဒေါ်ပိတောက်က ပေးလိုက်လေသည်။

"ကောင်းပြီ . . ဒီလိုဆိုရင် မောင်ဦး မခေါ်သွားနဲ့တော့၊ မိန်းကလေးနဲ့သားပဲ လိုက်ပို့လိုက်ပါ၊ နုနန္ဒရဲ့အကြောင်းတွေကို တူမတို့က ပြောပြလိုက်ပါကွယ်"

ကျွန်မ ဒေါ်ပိတောက်မျက်နှာကို လှမ်းကြည့်လိုက်သည်။ ဒေါ်ပိတောက်သည် မျက်နှာလွှဲကာ . . .

"အန်တီ့ကို ခွင့်ပြုကြပါဦး၊ ပင်ပန်းလာလို့ပါကွယ်"

ဟုဆိုကာ အပေါ်ထပ်သို့ တက်သွားလေသည်။

ကျွန်တို့လေးဦးစလုံး ထရပ်လိုက်သည်။ ဒေါ်ပိတောက်အမိန့်အတိုင်း ဧည့်သည်လင်မယားအား ပြန်ပို့ရန်ကလွဲ၍ . . ကျွန်မတို့၌ အခြားဘာမှလုပ်ဆောင်စရာ မရှိချေ။



www.burmeseclassic.com

www.burmeseclassic.com






# အခန်း (၁၅)

"မိနုဟာ သူနဲ့ဘယ်လောက်ရင်းနှီးရင်းနှီး သူ့မိသားစု အကြောင်းကို ဘယ်တော့မှ ပြောပြလေ့မရှိဘူး၊ ဒါပေမယ့် သူ့မှာ အစ်မနှစ်ယောက်ရှိသေးတယ်၊ နွယ်နီနိုင်နဲ့ နှင်းနန္ဒာဆိုတဲ့ အစ်မနှစ်ယောက်ပါ၊ မန္တလေးဈေးချိုထဲမှာ အစ်မကြီးက တက်တင်း၊ သိုးမွေးပဝါဆိုင် ဖွင့်ထားပြီး၊ အစ်မလတ်က ပန်းနဲ့ ပန်းအိုးဆိုင် ဖွင့်ထားတယ်၊ ဘွဲ့ရပညာတတ်တွေပဲ"

ရဲဝံ့က မြင့်ဦးပြောသော. . 'ဈေးချိုထဲမှာ မြင့်ဖူးတယ်' ဟူသော စကားကို အမှတ်ရလိုက်သည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတစ်ရံ ရန်ကုန်ကိုကိစ္စရှိလို့လာရင် မိနုဆီမှာ တစ်ရက်နှစ်ရက်နေလို့ ကျွန်မသိရတာ"

"အမေကကော"

မိန်းကလေးထံမှ ပထမဦးဆုံးသော မေးခွန်းထွက်ပေါ်လာသည်။

"အမေက စစ်ကိုင်းချောင်မှာ ယောဂီဝတ်နဲ့ သာသနာ့ဝေယျာဝစ္စဆောင်ရွက်နေတယ်လို့ သိရတယ်"

"ဟင်"

မိန်းကလေးမျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။ ရဲဝံ့ ကားမောင်းနေရာမှ လမ်းဘေးသို့ ထိုးရပ်လိုက်သည်။

"မိုး"

မူးဝေသွားသော မိန်းကလေးကို ဆွေဆွေမာက လှမ်းထိန်းကာ. . .

"မိနု. . မိနု. . သတိထားလေ"

"ကျွန်မ . . ကျွန်မ မေမေဟာ ယောဂီဟုတ်လား၊ ဒီလိုဆို ကျွန်မအာရုံထဲ ဝင်ဝင်လာတဲ့ ယောဂီဟာ ကျွန်မအမေကိုး၊ ကျွန်မအမေကို တွေ့ချင်လိုက်တာ၊ ကျွန်မကို ကူညီပါဦး ဦးရဲဝံ့ရယ်"

ထူးခြားစွာပင် မျက်ရည်များရစ်သိုင်းဖွဲ့ဆင်ကာ အသနားခံလာသော မိန်းကလေးကို ရဲဝံ့မကြည့်ရက်နိုင်အောင် ဖြစ်သွားသည်။ ဆွေဆွေမာသည်လည်းကောင်း၊ အလွန်အေးဆေးသော သူ့ခင်ပွန်း ကျော်ကျော်သည်လည်းကောင်း ရဲဝံ့၏ နှလုံးသားကို ရိပ်စားမိသွားလေပြီ။





ဆွေဆွေမာရင်ထဲ အလိုလို သိလိုက်သည်က မိမိသည် ကားကုန်မပြောတော့ဘဲ ချန်လှပ်သင့်သည်တို့ကို ချန်လှပ်လိုက်ပင်။

"ပို့ပေးမှာပေါ့ မိုးရယ်. .၊ မိုးရဲ့ အတိတ်ခြေရာတွေ ာက်မိနေပြီပဲ၊ မနက်ဖြန် မိုးတိုက်ခန်းကို သွားကြည့်ကြမယ်၊ ချင် စစ်ကိုင်းက မိုးမေမေ၊ မန္တလေးက မိုးရဲ့အစ်မတွေဆီကို ပေးမှာပေါ့၊ ဒါပေမယ့်. . ."

ရဲဝံ့စကားဖြတ်လိုက်ပြီး ကားကို ဆက်မောင်းခဲ့လေ ည်။ မိန်းကလေးက ရဲဝံ့၏ ဒါပေမယ့်ကို. . . ဆက်ပြောရန် ိုက်တွန်းတော့ပဲ ဆွေဆွေမာအား. . .

"ကျွန်မဟာ နုနန္ဒဆိုတာ သေချာပါတယ်"

ဆွေဆွေမာက ရစ်ဝဲသော မျက်ရည်စများဖြင့်. . .

"မိနုရယ် ရှင်ဟာ ကျုပ်အချစ်ဆုံးသူငယ်ချင်းပါ၊ နုနန္ဒာ မြန်မာပြည်မှာ နှစ်ယောက်မရှိနိုင်ပါဘူး၊ မမကြီးနဲ့ မမလတ် လည်း တစ်ပုံစံစီပဲ"

"နုနန္ဒဟာ အိမ်ထောင်ရှိသလား"

"မရှိပါဘူး၊ အိမ်ထောင်ရှိဖို့နေနေသာသာ ယောကျ်ား ွကို သိပ်မုန်းတာ"

"ဟင်"

ရဲဝံ့ စိတ်ဝင်စားသွားသည်။

ဆွေဆွေမာသည် မိမိစကားလွန်သွားပြီဟုသိကာ. .

"ကျုပ်. . ကျော်နဲ့ယူတော့ ညည်းက ကျုပ်ကို စဖြတ်ပစ် ာလေ၊ ကျောင်းမှာထဲက ရည်းစားထားတဲ့ သူငယ်ချင်းဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



သူကမခေါ်တော့ဘူး၊ ကျုပ်နဲ့ကျော်တောင် အမေ့ကွယ်ရာ
ဟုတ်ဘဲ မိနုကွယ်ရာမှာ တွဲခဲ့ရတဲ့အဖြစ်. . .”

မိန်းကလေးက အံ့အားသင့်သော မျက်လုံးများဖြင့် ဆွေ
ဆွေမာအား ကြည့်နေလေသည်။

ရဲဝံ့ရင်ထဲ ပျော်ရွှင်လာသည်။ ထိုစကားများသည် အမှ
ဖြစ်စေချင်သည်။ စခန်းမှူးစကားများကို မှားယွင်းသွားစေချ
သည်။

“ရှေ့နားရောက်ရင်. . ဘယ်ဘက်လမ်းကို ချိုးလိုက်
ဦးရဲဝံ့”

ကျော်ကျော်အသံကြောင့် ရဲဝံ့ အာရုံပြတ်သွားသည်။

ရဲဝံ့ နားလည်လိုက်သည်က. . .

ကျော်ကျော်ထံမှ နုနန္ဒာနှင့် ပတ်သက်၍ မှန်ကန်သော
စကားများကို ကြားသိနိုင်သည်ဟု။

သေသေသပ်သပ်လေးရှိသော သွပ်မိုး၊ ပျဉ်ကာ အိမ်
ကလေးရှိသည့် ခြံဝန်းရှေ့တွင် ကားကိုရပ်ရန် ကျော်ကျော်က
ပြောလိုက်သဖြင့် ကားရပ်လိုက်သည်။

တစ်ခါလည်ခန့်ရှိသော ငိုနေသော ကလေးကိုချီထား
သည့် အမျိုးသမီးကြီးတစ်ဦးက. . .

“ဟော မေမေလာပြီ”

ဆယ်ကျော်သက်မိန်းကလေးတစ်ဦးက တံခါးကို ဖြေ
ဖွင့်လိုက်သည်။ ကလေးက အမေကိုမြင်သဖြင့် ပိုငိုလေသည်။

ဆွေဆွေမာသည် အရာရာကို မေ့လျော့သွားသည်။

“ဟေး. . မေ့သားကြီး မငိုနဲ့ တိတ်တိတ်၊ မေမေပြန်လာ





အသံပြုကာ. . ကားပေါ်မှ အပြေးတစ်ပိုင်းဆင်းသွား
သည်။ ကျော်ကျော်က. . .

“အိမ်ထဲဝင်ကြပါဦးလား”

“မဝင်တော့ပါဘူး ဦးကျော်ကျော်၊ မနက်ဖြန်ကျွန်တော်
ဘယ်အချိန်လာခေါ်ရမလဲဆိုတာသာ”

“ခုနစ်နာရီခွဲလောက်ဆို အသင့်ပြင်ထားပါ့မယ်”

“အိုကေ. . . ဒါဖြင့် ခွင့်ပြုပါဦး”

ရဲဝံ့ကားပြန်မောင်းခဲ့ပြီး ခပ်လှမ်းလှမ်းအရောက်တွင်
းကို ရပ်လိုက်သည်။ မိန်းကလေးက. . .

“ဘာဖြစ်လို့လဲ”

“ရှေ့ကိုလာခဲ့ပါလား မိုး၊ ခေါင်းထဲ ရိပ်တိပ်တိပ်နဲ့”

“ကျွန်မ မောင်းမယ်လေ၊ ဦးရဲဝံ့အဖတ်မှ မစားရသေး
”

“ရပါတယ်. . ကိုယ်ပဲ မောင်းပါ့မယ်၊ မိုး ကိုယ့်ဘေးမှာ
နေရင် လုံလောက်ပါပြီ”

ရဲဝံ့စကားများ၏ အနက်အဓိပ္ပါယ်ကို မိန်းကလေးက
ကျိုးနွံပြုလိုက်သည်။ သို့သော်. . သူ့နံဘေးသို့ ကူးပြောင်း
င်လိုက်သည်။

“မိုး”

“ကျွန်မ နုနန္ဒာပါ”

“နုနန္ဒာရဲ့ ဝိညာဉ်ကို မင်းပြန်ရပြီလားမိုး”

“မရသေးဘူး၊ ဒါပေမယ့်. . ကျွန်မဟာ နုနန္ဒာဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သေချာနေပြီပဲ၊ ကျွန်မကို နုနန္ဒာလို့ပဲ ခေါ်ပါလား ဦးရဲဝံ့"

"မင်းဟာ နုနန္ဒာဝိညာဉ် ပြန်ရရ မရရ ကိုယ့်အတွက် ကတော့ မိုးပဲ"

"လူတစ်ယောက်ရဲ့ ဘဝမှတ်တိုင်ဆိုတာ အမည်နာမ ပြောင်းလဲသွားရုံနဲ့ ပျောက်ပျက်သွားမှာမှ မဟုတ်ဘဲ ဦးရဲဝံ့ရယ် လူရည်လည်သော. . အတွဲများသော နုနန္ဒာဟာ ဦးရဲဝံ့က မိုး ခေါ်ရုံနဲ့ မပြောင်းလဲသွားပါဘူး၊ နုနန္ဒာဟာ မိုးဖြစ်မလာပါဘူး"

မိန်းကလေးစကားကြောင့် ရဲဝံ့ရင်ထဲ ထိရှသွားသည်။

နုနန္ဒာ၏ အကြောင်းတွေကို အစမှအဆုံးအထိ အသေး စိတ် ဂယနကာ သိချင်စိတ်တို့က ထိမ်းမရအောင် ဖြစ်လာသည်။

"မိုး ဘာကိုမှ မမှတ်မိသေးဘူးလား"

မိန်းကလေးက စကားကို ရပ်ဆိုင်းပစ်လိုက်သည်။ အ တိတ်ကိုမေ့ပြီး ဘဝသစ်တစ်ခုကို ရောက်ရှိနေသော သူ့အတွက် ခံစားမှုတို့သည် အတုအယောင်ဖြစ်ကောင်း ဖြစ်နိုင်သည်။

ဘာကိုမှ မိန်းကလေး တိတိကျကျ ပြတ်ပြတ်သားသား မဆုံးဖြတ်နိုင်သကဲ့သို့ စကားကုန်လည်း မပြောနိုင်သေးသော ဘဝ၌ ရှိနေလေသည်။

"မှတ်မိရင်. . . မိုး ကိုယ်တို့ကို ခွဲခွါသွားမှာလား"

ရဲဝံ့ ရင်ထဲသိမ်းဆည်းမထားနိုင်တော့။ နှလုံးသား ငါ့ဝမ်းပူဆာ မနေသာဖြစ်နေလေပြီ။

"မှတ်မိသည်ဖြစ်စေ၊ မမှတ်မိသည်ဖြစ်စေ ကျွန်မဟာ နုနန္ဒာဖြစ်တဲ့အတွက် နုနန္ဒာရဲ့ဘဝအတိုင်း ဆက်လက်လျှောက် လှမ်းသွားရမှာပဲပေါ့ ဦးရဲဝံ့ရယ်၊ အခုလောက်အထိ ကျွန်မ





အပေါ် ကူညီစောင့်ရှောက်ထားပေးတဲ့ ဦးရဲဝံ့တို့မိသားစု ကျေးဇူး ကိုတော့ ကျွန်မတစ်သက် မမေ့ပျောက်မသွားအောင်. . ကျွန်မ မှတ်တမ်းတင်ထားပါတယ်"

ရဲဝံ့ ကိုယ့်စိတ်ကိုကိုယ် ဆုံးမလိုက်သည်။ ပွဲလန့်တုန်း လာခင်းသည့်အလုပ်မျိုး ယောကျ်ားကောင်းတို့၏ အလုပ်မဟုတ် ဟု ယူဆသည်။

ပေါက်ကွဲလုလု နှလုံးသားကို ထိန်းချုပ်လိုက်သည်။ မိုးကို ကာကွယ်စောင့်ရှောက်ပေးမည်။ နုနန္ဒာကို တွေ့ဆုံမည်။ နန္ဒာကို သူ့နှလုံးသားက လက်ခံနိုင်ပါ့မလား။

"မိုးရယ် ကိုယ့်ဘဝမှာ မင်းကို မိုးပဲဖြစ်စေချင်ပါတယ်"

"ကျွန်မလည်းလေ. . . "

မိန်းကလေး ထိန်းချုပ်လိုက်ပြန်သည်။ ရဲဝံ့နားလည်ပါ သည်။ မိန်းကလေး၏ ပျောက်ကွယ်သွားသော နောက်ဆက်တွဲ စကားများကို သူ ဆက်စပ်ကာ. . ဖြေသာမှုကို ရှာဖွေလိုက်လေ သည်။

"ကျွန်မလည်းလေ. . မိုးပဲဖြစ်ချင်ပါတယ် ဦးရဲဝံ့ရယ် . . ."

သို့သော် မိန်းကလေးက. . .


"ကျွန်မဟာ နုနန္ဒာပဲ၊ ဘယ်တော့မှ မိုးဖြစ်လာမှ မဟုတ် ဘူး. . ."



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၆)

ကျွန်မ. . . တိုက်ခန်းသော့ကိုဖွက်၍ ဖွင့်လိုက်သည် ဆောက်ကို တူနှင့်ထုနှက်လိုက်သည့်အခါ. . ချွမ်. . ချွမ်ဟု မြ သွားသည့်အသံသည် ကျွန်မနှလုံးသားကို ထုနှက်လိုက်သ အလား ခံစားလိုက်ရသည်။

"နုနန္ဒာ"၏ တိုက်ခန်းသည် ကျွန်မ၏ ဘဝစာမျက် များထားရှိရာ ပြတိုက်တစ်ခု ဖြစ်ပေမည်။

ကျွန်မသည် တုန်လှုပ်မှု၊ စိတ်လှုပ်ရှားမှုကြောင့်





ချွေးများပြန်ကာ မူးဝေလာသည်။

"ချွမ်. . . ထောက်"

ပွင့်ပြီ. . ပွင့်ပြီ. . ။

ထိုအသံများကြောင့် ယိမ်းယိုင်ကာ မိုက်ခနဲ ဖြစ်သွားသော်လည်း ကျွန်မစိတ်တို့သည် သန်မာနေသည်။

"လာ. . . မိန္ဒ"

ဆွေဆွေမာဟူသော အမျိုးသမီး၏ တွဲခေါ်မှုကို ကျွန်မ သက်ခံလိုက်ပြီး တိုက်ခန်းထဲသို့ လှမ်းဝင်လိုက်သည်။

ရက်ပေါင်းများစွာ လှောင်ပိတ်ထားမှုကို ခံထားရသော တိုက်ခန်း၏ တုံ့ပြန်လိုက်မှုက ဖုန်နံ့၊ အင်္ဂတေနံ့များ၏ မွန်းကြပ်စေမှုပေးသည့် အနံ့အသက်များ။

ဆွေဆွေမာနှင့် ဦးရဲဝံ့က ပြတင်းပေါက်တံခါးများကို ဖွင့်ကာ လိုက်ကာများကို တင်လိုက်သည်။ အလင်းရောင်နှင့် လေများတိုးဝင်မှုကြောင့် နေသာထိုင်သာ ရှိသွားသည်။

တိုက်ခန်းအတွင်း နောက်ဆုံးမှ ဝင်ရောက်လာသော ဒေါ်ပိတောက်သည် တစ်သျှူးဖြင့်သုတ်ကာ ပလတ်စတစ်ဆက်တီခုံ၌ ထိုင်လိုက်သည်။

ထိုအခါမှ ကျွန်မသည် နုနန္ဒာ၏ အိပ်ခန်းကို လှေလာ ဆမ်းလိုက်သည်။

နုနန္ဒာသည် ဧည့်သည်ဆောင်သည်မရှိသော မိန်းမ တစ်ယောက်ဖြစ်ပုံရသည်။ ပလတ်စတစ် ဆက်တီခုံနှစ်လုံးနှင့် စားပွဲတစ်လုံး၊ ဒရင်းဘတ်တစ်ခုသာ ရှိသည်။ နောက်. . စာအုပ် ဗီရိုတစ်လုံး. . ဒါပဲရှိသည်။ ဧည့်ခန်း၏ အင်္ဂါရပ်တစ်ခုကို အ



www.burmeseclassic.com

www.burmeseclassic.com



ပြည့်အစုံ မဖန်တီးထားသောအဖြစ် ဧည့်ခန်းမျှသာဖြစ်သည်

စာအုပ်ဗီရိုကို ဘုရားစင်အသွင်သဏ္ဍာန် ဖန်တီးထား သေးသည်။ ဗီရိုကို ခေါင်းရင်ဘက်၌ထားပြီး ဗီရိုပေါ်၌ မ မြတ်မုနိဘုရားပုံတော် ဓါတ်ပုံကားချပ်သာ ထောင်ထားသည် အရွက်များခြောက်ကာ ရေနှင့်လေကို မျှော်လင့်နေရှာသေ ဖော်စိမ်းခက် သုံးခက်သာ ထိုးစိုက်ထားသော ကြွေပြန်အိုး လုံး၊ သုံးပုံနှစ်ပုံမျှ ရေခမ်းခြောက်နေသော သောက်တော် ဖန်ခွက်တစ်ခွက်။

ကျွန်မ နုနန္ဒာကို စိတ်ပျက်သွားသည်။ နုနန္ဒာအတွ ကျွန်မသည် ဦးရဲဝံ့တို့ သားအမိအပေါ်၌ မျက်နှာအလွန် သည်။

ဘုရားခန်းကို အိမ်၏အရေးအကြီးဆုံးအခန်းအ ထားရှိပြီး နံနက်ပိုင်းနှင့် ညပိုင်း အချိန်တော်တော်များများ ဘုရားရှိခိုးခြင်း၊ ဘုရား၏ တရားတော်များ၊ ဂါထာတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ တရားရှုမှတ်ခြင်းဖြင့် အချိန်ကုန် တတ်သော ဒေါ်ပိတောက်အတွက် နုနန္ဒာသည် စိတ်ပျက်ဖွယ် အကောင်းဆုံးသော မိန်းကလေးတစ်ယောက် ဖြစ်သွားပေလိ မည်။

ထို့အပြင် စားပွဲပေါ်၌ ကြိမ်ခြင်းတစ်ခုထဲ၌ တိုးလိုးတ လန်းရှိနေသော ထိုးလက်စ တက်တင်းစများကလည်း ပိုင် ကို မျှော်လင့်လျက်။

ဘာပြက္ခဒိန်၊ ဘာဓါတ်ပုံ၊ ဘာပန်းချီကား၊ ဘာအလှ ပစ္စည်းများမှ ရှိမနေသော နံရံနှင့် အလှစင်က ဟာလာဟ





လင်း။

“မိနုက ရန်ကုန်မှာ အတည်တကျနေမှာ မဟုတ်တော့ တိုက်ခန်းကို နှစ်ချုပ်နဲ့ပဲ ငှားနေတာဆိုတော့ ဘာပစ္စည်းမှ ပြည့်ပြည့်စုံစုံ မထားဘူးလေ၊ အားရင် ကက်ဆက်နားထောင်တယ်၊ စာဖတ်တယ်၊ တက်တင်ထိုးတယ်၊ ဒါဟာ သူ့ရဲ့ ကမ္ဘာတစ်ခုပါပဲ”

ဆွေဆွေမာက သူ၏ သူငယ်ချင်း နုနန္ဒာအတွက် အခမဲ့ အကျိုးတော်ဆောင်နေသည်။

ဘာပဲဖြစ်ဖြစ် မိန်းမသားတစ်ယောက်သည် နေအိမ်ကို ဖန်တီးနိုင်ရမည်ဖြစ်သည်။ နုနန္ဒာသည် နေအိမ်ကို မခင်တွယ် တတ်သော မဖန်တီးတတ်သော မိန်းမတစ်ယောက်အဖြစ် ထင် ရှားနေလေပြီ။

ကျွန်မ နုနန္ဒာအတွက် မျက်နှာပူမိလေသည်။ ဦးရဲဝံ့တို့ သားအမိ၏မျက်နှာကို မကြည့်ဝံ့အောင် ဖြစ်မိလေသည်။

ကျွန်မ၏ အိပ်ခန်းဘက်သို့ ဝင်ခဲ့သည်။ တစ်ယောက် အိပ်လည်း မကျ၊ နှစ်ယောက်အိပ်လည်း မကျသော. . စကော့ အိပ်ခုတင်တစ်လုံး၊ အဝတ်ဗီရိုတစ်လုံး၊ မှန်တင်ခုံတစ်လုံးနှင့် စာကြည့်စားပွဲတစ်လုံးကို တွေ့လိုက်ရသည်။

မှန်တင်ခုံပေါ်၌ အလှပြင်ပစ္စည်းများကို စုံစုံလင်လင် တွေ့ရသည်။ စားပွဲပေါ်၌လည်း ဥပဒေရေးရာ ကိုးကားစရာ ကျမ်းစာအုပ်များကို အထပ်လိုက်တွေ့ရပြန်သည်။

ဦးရဲဝံ့သည် နုနန္ဒာအိပ်ခန်းအတွင်းသို့ လိုက်မဝင်ပါ။ မီးဖိုဘက်သို့ ဆက်လျှောက်သွားသည်ကို သတိပြုမိလိုက်လေ သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ပိတောက်က အိပ်ခန်းတွင်းသို့ လိုက်ဝင်လာသည်။

"နုနန္ဒာဟာ တော်တော်သတ္တိကောင်းတဲ့ မိန်းကလေး ပဲ"

"ရှင်"

"ဩော်. . တစ်ယောက်တည်းနေရဲတာကိုကပဲ သတ္တိကောင်းကြောင်း ပြနေပြီလေ၊ မင်းဆိုရင် နေရဲမလား"

"အခု ကျွန်မ ဒီတိုက်ခန်းမှာပဲ နေခဲ့တော့မှာပါ အန်တီ"

"ဟင်"

ကျွန်မစကားကြောင့် ဒေါ်ပိတောက် အံ့အားသင့်သွားပုံရသည်။ မျက်ခုံးအသာပင့်ကာ ကျွန်မအား လှမ်းကြည့်လိုက်သည်။

"မင်း ဆုံးဖြတ်ချက် ချပြီးပြီလား"

"ချပြီးပါပြီ"

"ကောင်းပြီလေ၊ မင်းရဲ့ အစ်မများနဲ့မိဘကို တို့များအကြောင်းကြားပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် အန်တီ"

ကျွန်မ၏အကြည့်ကို ဒေါ်ပိတောက်ထံမှ ရုပ်သိမ်းလိုက်ပြီး စာကြည့်စားပွဲအံဆွဲကို ဖွင့်လိုက်သည်။

ဒိုင်ယာရီစာအုပ်တစ်အုပ်ကို တွေ့လိုက်ရသည်။

နုနန္ဒာ၏ဆိုင်းကို တွေ့လိုက်ရသည်။ စာအုပ်ကိုအသာလှန်လိုက်သည်။ ရှေ့စာမျက်နှာ၌ ကပ်ထားသော ရောင်စုံဓါတ်ပုံတစ်ခုကို တွေ့လိုက်ရသည်နှင့် ကျွန်မခေါင်းသည် မူးနောက်နောက် ဖြစ်လာသည်။





ယောဂီဝတ်စုံနှင့် အမျိုးသမီးဘေးတစ်ဘက်တစ်ချက်၌ ကျွန်မအပါအဝင် မိန်းမချောသုံးယောက်ရှိနေသည်။

"မင်းအမေနဲ့ မင်းအစ်မတွေထင်တယ်၊ သူတို့ကို တို့များသိတယ်၊ ဈေးချိုကပဲ"

"နုနန္ဒာရဲ့ အစ်မတွေဖြစ်မယ်"

"ဟုတ်မယ်. .၊ တို့တွေ မန္တလေးကိုအပြန်ဝင်ပြီး အကြောင်းကြားပေးရင် မင်းအတွက် စောင့်ရှောက်မှု မရှိဖြစ်နေမယ်၊ ဖုန်းဆက်ပြီး တို့တွေ မိတ်ဆွေတွေကို အကြောင်းကြားပေးမယ်"

"ကျေးဇူးတင်ပါတယ် အန်တီ"

ဒိုင်ယာရီစာမျက်နှာရှိ စာသားများက နုနန္ဒာ၏ဘဝအစိတ်အပိုင်းများ ဖြစ်ပေမည်။

ကျွန်မ နုနန္ဒာ၏စာအုပ်ကို အသာအယာပြန်ပိတ်ပြီး အံဆွဲထဲ ပြန်ထည့်လိုက်သည်။

စားပွဲပေါ်၌ တယ်လီဖုန်းတစ်လုံးရှိနေသည်။

ခုချိန်အထိတော့ နုနန္ဒာ၏ ဘဝအစိတ်အပိုင်းများကို ဒေါ်ပိတောက်တို့ သားအမိ သိသလောက်သိရုံမျှရှိသည်မှအပ ဘာမှမသိသေးပေ။

အိပ်ခန်းထဲမှထွက်သွားသော ဒေါ်ပိတောက်၏ နောက်ပါးမှ ကပ်၍ လိုက်ထွက်ခဲ့သည်။

ထူးထူးထွေထွေမရှိသော အဖြစ်မီးဖိုချောင်သုံးပစ္စည်းအနည်းအကျဉ်းကိုသာ တွေ့လိုက်ရသည်။ နုနန္ဒာသည် မီးဖိုချောင်ကိစ္စကို စိတ်မဝင်စားသော မိန်းမတစ်ယောက်အဖြစ်


www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားနေလေပြီ။

ကျွန်မ သက်ပြင်းတစ်ချက် ချလိုက်မိသည်။

"မိန့က တစ်ကိုယ်ရေတစ်ကာယဆိုတော့လည်း ထွေထွေထူးထူး ချက်ပြုတ်စားသောက်မနေတော့ဘဲ ကြုံသလိုပဲ စားလိုက်တယ်၊ တစ်ခါတစ်ရံ ဝယ်စားလိုက်တယ်၊ ဒါကြောင့် မီးဖိုချောင်ပစ္စည်း သိပ်မစုံလင်ဘူး၊ ဒါတောင် သူ့အစ်မတွေလာတဲ့အခါ ဖြည့်ဆည်းပေးသွားလို့ ဒီလောက်တွေ့ရတာ"

ဆွေဆွေမာက ဒေါ်ပိတောက်အား ရှင်းပြနေသည်။

ဆွေဆွေမာ၏ စိတ်ထဲ နုနုန္ဒာအပေါ်၌ အမြင်ကြည်လင် စေချင်သည်။

ရဲဝံ့ကတော့ နုနုန္ဒာအပေါ်၌ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ကျေနပ်နေပုံရသည်။

ဒါကလည်း သိပ်တော့မဆန်းချေ။ နုနုန္ဒာအပါး၌. . နုနုန္ဒာကို ချစ်မြတ်နိုးသော. . ယောကျ်ားတစ်ယောက်ယောက်တော့ အမြဲရှိနေတတ်သည်ပင်။

ကျွန်မ ဆွေဆွေမာ၏ မျက်ဝန်းနှင့် အပြောအဆိုများကို အဖြေရှာကြည့်လိုက်သည်။ နုနုန္ဒာအတွက် ဆွေဆွေမာသည် သူငယ်ချင်းကောင်းပီသစွာ ဖာဖာထေးထေး ပြောဆိုနေခြင်းဖြစ်သည်။

ညှော်ခန်းကို ပြန်ထွက်ချိန်၌ ဦးရဲဝံ့က. . .

"မိုး နေခဲ့လို့ မဖြစ်သေးဘူးထင်တယ်"

ဒေါ်ပိတောက် သားဖြစ်သူအား အနည်းငယ် တင်းမာသယောင်ရှိသော မျက်လုံးဖြင့် ကြည့်လိုက်သည်။





ဦးရဲဝံ့က မိခင်အကြည့်ကို မသိကျိုးကျွံပြုလိုက်ပြီး. . .

"ကိုယ်ကိုယ်ကိုယ်တောင် မမှတ်မိသေးတဲ့. . လူတစ်ယောက်ကို လက်လွှတ်စပယ်ထားခဲ့ရင်. . ကျွန်တော်တို့ သိပ်ပြီးတော့ အကြင်နာတရား ခေါင်းပါးရာရောက်သွားမှာပေ့ါ မေမေ"

"မရောက်ပါဘူး ဦးရဲဝံ့၊ ကျွန်မ နုနုန္ဒာနေရာမှာ ရဲရဲလျှောက်လှမ်းရဲတဲ့ သတ္တိရှိပါတယ်၊ ကျွန်မကို ခုလို လူမှန်နေရာမှန်ရောက်အောင် ပို့ပေးတဲ့အတွက် ကျေးဇူးတင်လို့ မဆုံးပါဘူး၊ တစ်နေ့နေ့တော့ ကျွန်မ ကျေးဇူးဆပ်ခွင့်ကြုံဦးမှာပါ၊ အဲ့ဒီအခါ ကျွန်မ ကျေးဇူးဆပ်ပါ့မယ်၊ အန်တီတို့ကို ကျွန်မ ကန်တော့ပါရစေ"

နုနုန္ဒာ၏ အဖြစ်တွေကို ကျွန်မနားမလည်သော်လည်း ယခုလက်ရှိဘဝအနေအထားကိုတော့. . . ကျွန်မ ကျွမ်းကျင်စွာ လျှောက်လှမ်းတတ်လိမ့်မည်ဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်မိလေသည်။

မျက်စိမျက်နှာပျက်နေသော ဦးရဲဝံ့ကို စိတ်မသက်သာစွာ ကျွန်မ တစ်ချက်ကြည့်လိုက်ပြီး ကြမ်းပြင်ထက်၌ ပုဆစ်ဒူးတုပ် ထိုင်ချလိုက်သည်။

ဒေါ်ပိတောက်က. . .

"ဦးနှောက်နဲ့အာရုံကြော ဆရာဝန်ကြီးတွေနဲ့ပြဖို့ မမေ့နဲ့ဦးနော် မိန်းကလေး"

"ဟုတ်ကဲ့ပါ အန်တီ"

ကျွန်မက ဒေါ်ပိတောက်ကို ဦးစွာကန်တော့ပြီး သူ၏ ဆုတောင်းမေတ္တာပို့သမှုကို ခံယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ဦးရဲဝံ့ရှေ့ . . .

သူ့ကို ကျွန်မ မော့မကြည့်ဝံ့ပါချေ။ သူ၏စိတ်ထိခိုက်မှု လွှမ်းနေသော မျက်ဝန်းရိပ်ကို ကျွန်မ မတွေ့မြင်ရက်ပါ။ ထို့အတူ ကျွန်မ မျက်နှာပြင်မှာ ကြေကွဲမှုအရိပ်အယောင်များ တန်ဆာ ဆင်မထားဘူးဟု ပြောနိုင်ပါ့မလား။

ကျွန်မ နှလုံးသားမှာတော့ တဆတ်ဆတ်ခါကာ တုန် ယင်လျက်ရှိသည်။

ကျွန်မ ဦးရဲဝံ့ကို ချစ်မိနေပြီ ထင်ပါသည်။

ချစ်ခြင်းတရား၏ အကြီးမားဆုံးရန်သူသည် ခွဲခွာခြင်း ဖြစ်ပေလိမ့်မည်။

ရစ်ဝဲလာသော မျက်ရည်စများကို မျက်တောင်ခတ်ကာ သိမ်းဆည်းလိုက်သည်။

အသံထွက်အောင် ဆုတောင်းပေးခြင်းမျိုးကို ဦးရဲဝံ့ မပြု နိုင်ရှာပဲ . . .

"သွားမယ်" ဟူသော စကားတစ်ခွန်းမျှကို နှုတ်ဆက်ပြီး ကျောခိုင်းထွက်ခွာသွားသော ဦးရဲဝံ့နောက်ကျောကို ငေးကြည့် ရင်း နှလုံးသား ပျက်သုဉ်းသွားသလိုမျိုး နာကျင်လစ်ဟာမှုမျိုး ခံစားလိုက်ရသည်။

"မပြန်ခင် လာခဲ့ဦးမယ်၊ မိန်းကလေး လိုအပ်ရင် ကား သုံးနိုင်အောင် မောင်ဦးကို ကားနဲ့လွှတ်ပေးမယ်"

"ကိစ္စမရှိပါဘူး အန်တီ၊ တက္ကစီတွေ ပေါပါတယ်၊ ကျွန်မ အတွက် ဘာမှထပ်မံပြီး ဒုက္ခမရှာပါနဲ့တော့"

နောက်သို့မကြည့်ဘဲ ဆင်းသွားသော ဦးရဲဝံ့၏ ခံစား





ချက်ကို ကျွန်မသိရှိနားလည် ခံစားနေရသည်။ ရင်ထဲ ကြေကွဲ ရိပ်တို့ မပေါက်ကွဲခင် မြန်မြန်ပြန်သွားကြစေချင်သည်က ကျွန်မ ဆန္ဒပင်။

ဒေါ်ပိတောက်က သားဖြစ်သူနောက် ထပ်ချက်မကွာ လိုက်ပါသွားလေသည်။

"မိနု"

ဆွေဆွေမာက တံခါးကိုကန့်လန့်ထိုးပြီး ကျွန်မအား လှမ်းကြည့်ကာ သတိပေးသောအနေဖြင့် လှမ်းခေါ်လိုက်သည်။

ကျွန်မ မကြားတော့။ မမြင်တော့ပါ။

ကျွန်မ၏ လက်ရှိခံစားနေရမှုကို အားပါးတရ ငိုကြွေး ခြင်းဖြင့်သာ ရှင်းလင်းလိုက်မိလေသည်။




www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၇)

ဆန်းကြယ်လိုက်တာ. . မေမေ၏ နောက်ဆုံးမျှော်လင့်ချက်ရောင်ခြည်ကို ကျွန်မက ရိုက်ချိုးဖျက်ဆီးပစ်လိုက်သည်တဲ့။

သားယောကျ်ားလေးကိုမှ လိုချင်တပ်မက်သော ဦးထွန်းမြတ်စံအတွက် ကျွန်မမိခင် ဒေါ်မြတ်လေးသည် စနေသမီးဦးကို မွေးဖွားခဲ့ပြီး ဒုတိယရတနာကိုလည်း စနေသမီး မွေးဖွားခဲ့ပြန်သည်။ ဦးထွန်းမြတ်စံက သားရတနာမဖွားနိုင်သော ဒေါ်မြတ်လေးကို မိန်းမမြတ်စာရင်းထဲ မသွင်းချင်တော့။ တတိယကိုယ်ဝန်



www.burmeseclassic.com

www.burmeseclassic.com



ရှိလာတော့ ဒေါ်မြတ်လေး၏ ဆန္ဒများသည် သားရတနာဖြစ်စေချင်သည်။ ခင်ပွန်း၏အတ္တကို ဖြည့်စွမ်းကာ တိုက်ဖျက်ချင်သည်။

သို့သော် တကယ်တမ်းမွေးဖွားလာတော့ စနေသမီးပင်ဖြစ်ကာ ကျွန်မ "နုနန္ဒာ" ဦးထွန်းမြတ်စံသည် 'တောက်' ခေါက်ထုံးနှင့်အတူ ကျွန်မမိခင်နှင့် ကျွန်မကို မီးတွင်းအတွင်း ငဲ့စောင်း၍မျှပင် ကြည့်ရန်မကြိုးစားတော့ဘဲ ထာဝရကျောခိုင်းသွားလေသည်။

ဖခင်၏ချစ်ခြင်းကိုရဖို့ ဝေးစွ။

အမုန်းတရားဖြင့် လောကကြီးကို ရောက်ရှိလာခဲ့သော ကျွန်မ "နုနန္ဒာ" တဲ့။

မေမေက ဦးထွန်းမြတ်စံကို စိတ်နာလွန်းသဖြင့် ကျွန်မကို အတိတ်အကြောင်း မပြောပြသော်လည်း. . .

မေမေ၏ညီမဝမ်းကွဲ ဒေါ်လေးက ပြောပြသဖြင့် ကျွန်မဖခင်မခေါ်ထိုက်သော ဦးထွန်းမြတ်စံအကြောင်းကို သိခဲ့ရသည်။

မေမေကတော့ လောကကြီးကို အရှုံးမပေးဘဲ ဈေးရုံထဲ ဘော်လီဆိုင်ထွက်ကာ ကျွန်မတို့ညီအစ်မသုံးယောက်အတွက် သူ့ပဲမိခင်၊ သူ့ပဲဖခင်အနေဖြင့် ဝတ္တရားကျေပွန်ခဲ့သည်။

ဦးထွန်းမြတ်စံပေးခဲ့သော ကျွန်မတို့ညီအစ်မသုံးဦးအတွက် ထားရစ်ခဲ့သော တိုက်ခန်းနှင့် ရွှေငွေရတနာများကို မေမေက မတို့ထိခဲ့။ ကျွန်မတို့အရွယ်ရောက်လာမှ ကျွန်မတို့သဘောဟု ယူဆကာ ပြတိုက်သဖွယ် ထားရှိခဲ့လေသည်။

ကျွန်မတို့ ညီအစ်မသုံးယောက်သည် အမေနှင့် စိတ်တူ





သမီးများ ဖြစ်ကြသည့်အားလျော်စွာ ဦးထွန်းမြတ်စံထားခဲ့သော အမွေအနှစ်များသည် ကျွန်မတို့အတွက် "အပြင်းစားအဆိပ်များ" ဟု သဘောထားခဲ့ကာ နှလုံးသားစိမ်းစိမ်းနှင့်သာ ကြည့်မိသည်။ သုံးစွဲရန် စိတ်မကူးကြချေ။

ခု နုနန္ဒာသည် ဗိုင်ယာရီကို ဝတ္ထုသဖွယ်ရေးသားထားသည်။

နုနန္ဒာ၏ နှလုံးသားခံစားမှု စာမျက်နှာ၏ အစပိုင်းကို ဖတ်ရှုလိုက်ရသည်နှင့် ကျွန်မ ပထမဦးဆုံး မြင်ချင်တွေ့ချင်လာသူမှာ. . .

"မေမေ"

ကျွန်မ "မေမေ" ဟု ခေါ်သင့်သည်။ နုနန္ဒာ၏ မိခင်ဒေါ်မြတ်လေး ဖြစ်လေသည်။

"မိန္ဒု"

ကျွန်မအား မျက်ခြည်မပြတ်ကြည့်နေသော ဆွေဆွေမာ၏ ခေါ်သံကြောင့်. . ကျွန်မ၏အာရုံသည် နုနန္ဒာ၏ဘဝမှ လွတ်မြောက်လာသည်။ ဆွေဆွေမာအား ကျွန်မ မော့ကြည့်လိုက်သည်။

"ရှင် မှတ်မိပြီလား"

"ဘာကိုလဲ"

"နုနန္ဒာအကြောင်း"

"မမှတ်မိဘူး၊ ဒါပေမယ့် သိလာပြီ၊ ဒီစာအုပ်ကလေးက ကျွန်မကို ပြောပြလိမ့်မယ်လို့ ကျွန်မယုံကြည်တယ် ဒေါ်ဆွေဆွေမာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟတ်. . ဒေါ်ဆွေဆွေမာတွေ ဘာတွေလုပ်မနေပါနဲ့ မိနုရာ၊ မိဆွေပဲပေါ့၊ ကိုင်း. . ရှင်ဆက်ဖတ်ချင် ဆက်ဖတ်ဦး ရှင်နဲ့ကျွန်မစားဖို့ တစ်ခုခုသွားဝယ်လိုက်ဦးမယ်"

ကျွန်မသည် အိပ်ရာမှ နိုးထလာသူပမာ. . .

"နေဦး. . နေဦး"

အံဆွဲများကို ဖွင့်ကာ သော့ကိုရှာဖွေလိုက်သည်။ ဗီရိုသော့ကို များသောအားဖြင့် အံဆွဲတွင်လည်းကောင်း၊ ခေါင်းအုံးအောက်များတွင်လည်းကောင်း ထားတတ်ကြသည်မှာ လူ့သဘာဝဖြစ်သည်။

"ဘာရှာတာလဲ"

"သော့"

"ဘာသော့လဲ"

"ဗီရိုသော့"

"ဘာလုပ်မလို့လဲ"

ကျွန်မ ဆွေဆွေမာ၏ အမေးကို မဖြေနိုင်တော့ဘဲ. . ခေါင်းအုံးအောက်မှ တွေ့သော သော့တွဲကိုယူကာ ဗီရိုသော့ကို ဖွင့်လိုက်သည်။

နုနန္ဒာ၏ အဝတ်အစားများကို ဗီရိုတစ်လုံးနှင့်အပြည့် တွေ့ရသည်။

ဗီရိုအံဆွဲကို ဖွင့်လိုက်သည်နှင့် ငွေစက္ကူများကို အထပ်လိုက်တွေ့ရသည်။

"ဟင်"

ကျွန်မ အံ့အားသင့်သွားရသည်။ အလုပ်သင်ရှေ့နေပြီး





ခါးစ ဆရာသမားနှင့်တွဲကာ ခွဲပေးသော အမှုများကိုသာ ကိုင်တွယ်နေသော နုနန္ဒာ၌ ဒီလောက်ငွေတွေ အများကြီးရှိနိုင်ပါ့မလား။

"ဘာဖြစ်လို့လဲ မိနု"

"ငွေတွေအများကြီးပဲ"

"သြော်. . ဒါလား၊ လွန်ခဲ့တဲ့ နှစ်လက ရှင့်ဆိုင် နှစ်ချုပ်ဆုလို့ ထပ်ငှားတာ. . ရတဲ့ငွေကို ရှင့်မမလတ်က လာပို့ပေးတာလေ"

"သြော်"

ကျွန်မ ဆွေဆွေမာအား ယခုမှ သေသေချာချာအကဲခတ်မိသည်။ ရွက်ကြမ်းရေကျို ရုပ်ရည်မျိုး ရှိသော်လည်း ပြုံးရွှင်နေသောမျက်နှာက ကျက်သရေရှိသည်။ စိတ်သဘောထားကောင်းမွန်သော ရုပ်ရည်မျိုး ဖြစ်သည်။

"ရှင် ဈေးသွားဝယ်ဖို့ ပိုက်ဆံယူသွားဦးလေ"

"ကျုပ် ရှင့်ကို ဝယ်ကျွေးရုံနဲ့ မွဲမသွားပါဘူး၊ ထားစမ်းပါ၊ သော့လိုက်ခတ်ဦး၊ ရှင့်လူကြီးက စေ့စပ်သေချာစွာနဲ့ ရှင့်လုံခြုံမှုအတွက် အာမခံသော့နှစ်ခုတောင် ဝယ်ပေးသွားတယ်၊ ကိုင်း ကျုပ်သွားမယ်၊ ရှင် တံခါးပိတ်ထားလိုက်တော့"

"နေဦး. . ရှင် ရုံးမသွားတော့ဘူးလား"

"မသွားတော့ဘူး၊ ဒီနေ့ ရုံးချိန်ကို ကျော်မြင့်ကို လွှဲပေးသွားလိုက်တယ်၊ ရှင့်အတွက် အချိန်ပေးမလို့လေ"

ပြောပြောဆိုဆိုနှင့် ဆွေဆွေမာက ထွက်သွားသဖြင့် ကျွန်မ တံခါးလိုက်ပိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆွေဆွေမာသည် ကျွန်မအတွက် အလိုအပ်ဆုံးသော မိတ်ဆွေကောင်းတစ်ယောက်ဖြစ်မှာ သေချာပါသည်။

ကျွန်မ အိပ်ခန်းထဲသို့ ပြန်ဝင်ကာ စားပွဲပေါ်မှ နုနန္ဒာ၏ ဘဝမှတ်တိုင်များကို ပြုစုထားသော ဒိုင်ယာရီစာအုပ်ကို ယူလိုက်ချိန်. . .

"တူးတူး. . . တူးတူး"

တယ်လီဖုန်းမြည်သံက အနားကပ်ပေါ်ပေါက်လာသဖြင့် ကျွန်မ ရုတ်တရက် လန့်သွားမိသည်။ သို့သော်. . ကောက်ကိုင်လိုက်သည်။

"ဟဲလို"

"မိုး"

တမ်းတမ်းတတနှင့် လွမ်းမောဆွတ်ပျံ့နေသော နှလုံးသားမှ ပေါ်ပေါက်လာသည့် အသံဖြစ်သည်။

"မိုး. . . မိုးပါနော်"

"မဟုတ်ပါဘူး၊ ကျွန်မ နုနန္ဒာပါ"

ကျွန်မရင်ထဲ ကျေနပ်ခြင်းကတော့ ဖြစ်မိသည်။ သူစိမ်းယောက်ျားတစ်ဦး၏ ဂရုစိုက်ခြင်း၊ အလေးထားခြင်းကို ခံရသော မိန်းမသားတစ်ဦး၏ ကြည်နူးမှုမျိုးကို နုနန္ဒာမက်မောတတ်သလား။

"မိုးရယ်၊ ကိုယ်ကတော့ မိုးလို့ပဲ ထာဝရခေါ်သွားမှာပဲ"

"ဝမ်းနည်းပါတယ် ဦးရဲဝံ့၊ မိုးဆိုတာ ကျွန်မမှ မဟုတ်တာ ဦးရဲဝံ့ဘဝမှာ မိုးဆိုတာ မရှိသင့်တော့ဘူး ထင်ပါတယ်၊ ကျွန်မကို နုနန္ဒာအဖြစ် ဦးရဲဝံ့လက်ခံနိုင်တဲ့ သတ္တိမရှိရင်တော့လည်း နုနန္ဒာ



ဝမ်းနည်းပါတယ် ဦးရဲဝံ့၊ ကျွန်မ မိုး မဟုတ်ပါဘူး. . နုနန္ဒာပါ"

တစ်ဖက်မှသက်ပြင်းချသံကို ကျွန်မကြားလိုက်ရသည်။

"ဦးရဲဝံ့ မိုးနဲ့ပဲ စကားပြောချင်တယ်ဆိုရင် ကျွန်မ တယ်လီဖုန်းချလိုက်တော့မယ်နော်"

"ဟိုး. . နေဦး. . နေဦး. . နုနု. . နုနန္ဒာ၊ ကိုယ် မင်းနဲ့ပဲ စကားပြောချင်တာပါ"

ကျွန်မ ပြုံးလိုက်မိသည်။

ယောက်ျားများသည် မိန်းမများနှင့်တွေ့သောအခါ မိုးနှင့်တွေ့သော ဖယောင်းပမာ အရည်ပျော်သွားတတ်သလား။

"ဒါဖြင့်ပြောလေ"

"နုနန္ဒာလို့ပဲ ခေါ်တော့မယ်"

"ဟုတ်ကဲ့၊ အဲဒါအကောင်းဆုံးပဲ"

"ခုနက နုနန္ဒာ ဘာလုပ်နေလဲ"

"နုနန္ဒာရဲ့ ဒိုင်ယာရီကို ကျွန်မဖတ်နေတယ် ဦးရဲဝံ့"

"ကိုယ်လာခဲ့ရင် ရမလား"

"ဟင်. . အခုပဲ ပြန်တယ်၊ အခုပဲ လာမယ်၊ အန်တီက နှင်ပြုပ့်မလား"

"ကိုယ်က ကလေးမှမဟုတ်ပဲ နုနန္ဒာရဲ့ လူကြီးစာရင်းဝင်နေပြီပဲ"

"ကျွန်မကိုတွေ့ဖို့အတွက် ဦးရဲဝံ့မှာ ကိစ္စအထူးရှိနေလို့လား"

"မရှိပါဘူး၊ နုနန္ဒာတစ်ယောက်ထဲ အဆင်မပြေမှာ စိုးမိတယ်၊ နုနန္ဒာ အားလုံးကို မှတ်မိပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုမှ မမှတ်မိသေးပါဘူး၊ ဒါပေမယ့် နုနန္ဒာ့ရဲ့ ဒိုင်ယာရီက ကျွန်မကို ပြန်ပြောနေမှာပါ"

"နုနန္ဒာကို ကိုယ်ဆေးခန်းလိုက်ပို့ပေးဖို့ စိတ်ကူးမိတ်ပါ"

"ကျွန်မ ဒီနေ့ ဘယ်ကိုမှ မသွားချင်သေးဘူး၊ နုနန္ဒာ့ရဲ့ ဘဝကို အစအဆုံးအထိ သိချင်သေးတယ်"

"ကောင်းပြီလေ၊ အရေးကိစ္စရှိရင် ကိုယ့်ကိုဖုန်းဆက်ဖို့ မမေ့နဲ့နော်၊ ဖုန်းနံပါတ် သိတယ်မဟုတ်လား"

"ဟုတ်ကဲ့ သိပါတယ်၊ ဦးရဲဝံ့ကော ကိုယ့်ကျန်းမာရေး ကိုယ်ဂရုစိုက်"

"ကိုယ့်အပေါ် စိုးရိမ်သေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ဘယ်နဲ့ပြောလိုက်တာလဲ ဦးရဲဝံ့ရယ်၊ ကျွန်မရဲ့အသက် သခင်ကို ကျွန်မ ဂရုစိုက်ချင်ပါတယ်၊ အမြဲတမ်းလည်း အမှတ်တရနဲ့ ကျေးဇူးတင်သွားမှာပါ"

"ကျေးဇူးတရားနဲ့တော့ အမှတ်မရပါနဲ့လား နုနန္ဒာရယ်"

"ဦးရဲဝံ့ ကျွန်မ စာဆက်ဖတ်ချင်ပြီ"

"ဆောရီးပဲ နုနန္ဒာ၊ ကိုယ် ညရောက်မှ ထပ်ဆက်မယ်နော်"

ကျွန်မ ဘယ်လိုမှ မတားဆီးလိုက်နိုင်မီ၌ တစ်ဖက်မှ တယ်လီဖုန်းချသွားလေသည်။

သက်ပြင်းချကာ ရင်ထဲ၌ တစ်ဆို့နေသော ဝေဒနာအုံ့ခဲကြီးကို မျိုချလိုက်လေသည်။





နုနန္ဒာ၏ ဒိုင်ယာရီစာမျက်နှာများကို ဆက်လက်လှန်လှောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၈)

ဦးထွန်းမြတ်စံကို ကျွန်မသိပ်နာကြည်းမုန်းတီးသည်။
ကျွန်မတင်လားဆိုတော့မဟုတ်။
မေမေက နာကြည်းသည်။
မမကြီး နွယ်နီနိုင်ကလည်း နာကြည်းမုန်းတီးသည်။
မမလတ် နှင်းနန္ဒီကလည်း နာကြည်းမုန်းတီးသည်။
ကျွန်မ နုနန္ဒာကဆိုလျှင် ပြောဖွယ်ရာ မရှိတော့။





ဘယ်မှာလဲ ဖခင်တစ်ဦး၏ ချစ်ခြင်းမေတ္တာ။

မိခင်ဝမ်းတွင်း သန္ဓေတည်ကတည်းက သားကိုသာ သိုလားပြီး သမီးမိန်းကလေးဖြစ်မှာကို မလိုလားဘဲ ဖယ်ကြဉ် ခြင်းခံရသည့်အဖြစ်. . .

"အူဝဲ. . အူဝဲ" ဟု လောကကြီးသို့ ရောက်ရောက်ခြင်း နွေးထွေးသော မေတ္တာရိပ်များနှင့် ကြိုဆိုခြင်းမခံရဘဲ. . .

"မိန်းကလေးဟေ့"

ဟူသော အတင်းစကားကို ဆရာဝန်က ဖွင့်ဟချိန်၌ "တောက်" ဟူသော တက်ခေါက်သံပြင်းပြင်း၊ ခြေနင်းသံ ကျယ်ကျယ်ဖြင့် ဒေါကြီးမောကြီးနှင့် မကျေမချမ်း ထွက်ခွာသွားသော ဦးထွန်းမြတ်စံ၏ အတ္တနှံ့အတွင်းက ပစ်မှတ်တစ်ခုအဖြစ် စတင်ရောက်ရှိလာခဲ့သည်။

ခင်ပွန်းဖြစ်သူ၏ စိမ်းကားရက်စက်မှု လူမဆန်မှုကို သိလိုက်ရအချိန်၌ မိခင်၏ သောကမျက်ရည်စက်များက မွေးကင်းစကလေး၏ ကိုယ်ပေါ်သို့ ပိုးပိုးပေါက်ပေါက် ကျရောက်လာခဲ့သည်တဲ့။

အတ္တ၏နှံ့အတွင်းက သောကမိုးရည်တို့ကြား နစ်မွန်းခြင်းဖြင့် လူ့လောကကြီးကို စတင်ရောက်ရှိလာခဲ့သော နုနန္ဒာ။

ယောကျ်ားများသည် အတ္တကြီးသည်။ နုနန္ဒာ ရွံမုန်းသည်။ မိန်းမများကို ယောကျ်ားသည် ပစ္စည်းတစ်ခုလို သဘော ထားကြသည်။

နုနန္ဒာတို့ မိန်းမများသည် ယောကျ်ားသုံးပစ္စည်းမဟုတ်။ အဖိုးအနဂ္ဂထိုက်တန်သော လူသုံးကုန်ပစ္စည်းသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နုနန္ဒာတို့ မျက်ရည်ကျသလို ယောကျ်ားများလည်း မျက်ရည်ကျစေရမည်။

နုနန္ဒာ၏ ပင်ကိုယ်အလှမာယာကြီးဖြင့် ယောကျ်ားများကို နဖားကြိုးတပ်ရမည်။

ယောကျ်ားများ နုနန္ဒာ၏ ကြိုးကိုင်မှုဝယ် လည်စင်းခြင်းကိုကျေနပ်ကာ နုနန္ဒာအမြဲထာဝရ ပြုံးပျော်နေစေရမည်။

မုန်းတယ်၊ နုနန္ဒာ ယောကျ်ားတွေကို မုန်းတယ်။

ဤကမ္ဘာလောကကြီးမှာ ယောကျ်ားသားများမရှိလျှင် အဘယ်မျှ ကောင်းချိမ့်မည်နည်း။

ယောကျ်ားတိုင်းဟာ ဦးထွန်းမြတ်စံလို လူစားကြီးပဲ။

နုနန္ဒာအလှကို သဘောကျကာ ပျားပိတုန်းများလို ရစ်ဝဲကြသည်။

ဝတ်ရည်ဝလျှင် စွန့်ခွါပြေးကြမည့် ပျားပိတုန်းများအတွက် ဝတ်ရည်ချိုချိုမပေးချင်၊ အဆိပ်ရည်သာ ပေးရမည်။

ယောကျ်ားများကို သတ်ပစ်ချင်လောက်အောင် နုနန္ဒာ မုန်းသည်။

ကျွန်မရင်ထဲ မောဟိုက်လာသဖြင့် ဒိုင်ယာရီစာအုပ်ကလေးကို အသာပိတ်လိုက်သည်။

နုနန္ဒာ၏ ခံစားချက်ကို ကျွန်မ စာနာသနားမိသည်။

မီးတွင်းအတွင်းဝယ် ဇနီးနှင့်သမီးကို လှည့်မကြည့်ဘဲ ကျောခိုင်းထွက်ခွာသွားသော ဦးထွန်းမြတ်စံ၏ တစ်ယူသန်အတ္တကို ကျွန်မလည်း ရွံ့မုန်းမိသည်။

တစ်ဆက်တည်း ဦးရဲဝံ့ကို မြင်ယောင်သတိရလာသည်။



ဦးရဲဝံ့သည်ကော ဦးထွန်းမြတ်စံလိုမျိုး အတ္တကြီးသလား၊ တစ်ယူသန်အစွဲရှိသလား။

ထိုစဉ် . လျှပ်စစ်ခေါင်းလောင်းသံ မြည်လာသဖြင့် ကျွန်မပြေးထွက်ကြိုလိုက်သည်။

ကျွန်မအတွက် အခုအချိန်၌ အဖေါ်ကောင်းလိုအပ်နေသည်။ ခုလိုအချိန်မျိုး၌ အထီးကျန်နေရခြင်းထက်စာလျှင် အဖေါ်ကလေးနှင့် မိမိသိချင်တာများကို မေးမြန်းနေလျှင် စိတ်၏ဖြေသာရာ ရနိုင်သည်။

"ပျင်းနေပြီလား မိနု"

"မပျင်းပါဘူး၊ နုနန္ဒာရဲ့ ဒိုင်ယာရီကို ဖတ်နေတာလေ၊ ရှင် ဘာတွေဝယ်လာသလဲ"

"အစုံပဲ၊ ကျုပ်ချက်ပြုတ်တန်တာ ချက်ပြုတ်ကြော်လှော်ပြီး ရေခဲသေတ္တာထဲ ထည့်ထားပေးခဲ့မယ်၊ ရှင်စားခါနီးမှ ထုတ်နွေးစားရုံပဲပေါ့"

"ကျုပ်လည်း ဝိုင်းလုပ်ပေးမယ်"

ကျွန်မသည် ဆွဲခြင်းကို ကူဆွဲပြီး မီးဖိုထဲဝင်ခဲ့လေသည်။

"ရှင် ဒိုင်ယာရီကို ဖတ်ပြီးတော့ တော်တော်များများမှတ်မိလာပြီလား"

"ဟင်အင်း၊ ဒါပေမယ့် ဆက်စပ်မိလာတယ်၊ နုနန္ဒာဟာ သနားစရာကောင်းတယ်နော်"

"ဟုတ်တယ်၊ ဦးထွန်းမြတ်စံဟာ တော်တော်တစ်ကိုယ်ကောင်းဆန်တဲ့ ယောကျ်ားပဲ၊ နုနန္ဒာရဲ့ မေမေ ဒေါ်မြတ်လေးဟာ

www.burmeseclassic.com



သိပ်သနားစရာ ကောင်းပါတယ်"

"ဒေါ်မြတ်လေးနေရာမှာ ကျုပ်သာဆိုရင် ဦးထွန်းမြတ်စံကို လိုက်သတ်မိလိမ့်မယ် ထင်တယ်"

"ဘုရား. . ဘုရား. . ရှင် လိုက်မပစ်မှားနဲ့နော်၊ အဖေဟာ အဖေပဲ၊ ကံကြီးထိုက်လိမ့်မယ်၊ မချစ်ဘူး နာကြည်းတယ်ဆိုတာတော့ ဖြစ်နိုင်ပါတယ်၊ စိတ်နဲ့လိုက်သတ်တာမျိုး၊ ဝစီကံနဲ့သတ်တာမျိုးအထိတော့ မကျူးလွန်ပါနဲ့"

"ကျုပ်ဟာ နုနန္ဒာအစစ်ပါနော်"

"ရော်. . ခက်ရချီရဲ့ ရှင့်ရဲ့ လက်ဝဲဘက် နှုတ်ခမ်းစွန်းကမှဲ့ကလေးကတော့ အတုမဖြစ်နိုင်ပါဘူးနော်"

ကျွန်မသည် ယောင်ယမ်း၍ နှုတ်ခမ်း၏လက်ဝဲစွန်း နေရာမှ မှဲ့ကလေးရှိရာကို စမ်းသပ်လိုက်မိသည်။

"မိနု နှုတ်ခမ်းစွန်းမှာ မှဲ့ကလေးရှိတယ်"

"ဟင်း. . . နုနန္ဒာဟာ ယောကျ်ားတွေကို ဘယ်နည်းနဲ့ကလဲ့စားချေခဲ့သလဲ"

"အလှအားကိုးနဲ့ သူ့ကိုချည်းကပ်လာတဲ့ ယောကျ်ားတွေကို ကြိုးရှည်ရှည်နဲ့ လှန်ထားပြီး အဖြေမပေးဘဲ ညှင်းပန်းနှိပ်စက်ထားတယ်၊ နောက်ဆုံးမှာ အမုန်းနိဂုံးဆိုတဲ့အဖြေနဲ့ မျှော်လင့်ချက်တွေကို ရိုက်ချိုးဖျက်စီးလိုက်တော့ သကောင့်သားတွေ အရမ်းခံစားသွားရတယ်၊ အချို့က အရက်ကျေးကျွန်ဖြစ်ကုန်တယ်၊ အချို့ကလည်း စိတ်ထိခိုက်ပြီး ကားအမောင်းမှာ အက်ဆီဒင့်ဖြစ်ပြီး သေဆုံးသွားတယ်"

"ဒါဖြင့်. . နောက်ဆုံး တောင်ကြီးက သူရိန်ဇော်ရဲ့ ကား





အက်ဆီဒင့်မှာ နုနန္ဒာရဲ့ ပယောဂမကင်းဘူးထင်တယ်"

"ဟုတ်မှာပေ့ါ၊ သူရိန်ဇော်ဟာ နုနန္ဒာနောက်ဆုံးတွဲတဲ့ချာတိတ်ပဲ"

"ဩော်"

ကျွန်မခေါင်းထဲ ရိပ်တိပ်တိပ်နှင့် မူးဝေလာသည်။

"မိနု ရှင့်ကြည့်ရတာ ဖျူရော်ရော်နဲ့ပါလား၊ ရှင် သွားနားလိုက်ပါ၊ ကျုပ်ဘာသာကျုပ် လုပ်ထားလိုက်ပါ့မယ်"

"ဒီလိုလည်း မဟုတ်သေးဘူးလေ၊ ကျုပ်သိချင်တာလေးတွေ မေးပါရစေဦး၊ ရှင် ဒေါ်ပိတောက်ရှေ့မှာ စကားကုန်မပြောဘဲ လျှို့ဝှက်ထားတယ်ဆိုတာ ကျုပ်သိပါတယ်၊ ကျုပ်ကိုတော့ စကားကုန်ပြောပါ၊ မိဆွေ ကျုပ်ဟာ ယောကျ်ားတွေနဲ့ ဘယ်လိုအတိုင်းအတာအထိ တွဲခဲ့သလဲဆိုတာ. . . .

ဆွေဆွေမာက ကျွန်မအား တည်ငြိမ်စွာ ကြည့်သည်။

"ရှင့်ကိုယ်ရှင် အသိဆုံးနေမှာပါ"

ကျွန်မ တုန်လှုပ်သွားသည်။ ဆွေဆွေမာအား ထိတ်လန့်သော မျက်လုံးအစုံဖြင့် ကြည့်လိုက်သည်။

"ရှင်. . ရှင်. . သိသလောက် ပြောပြပါလား မိဆွေ"

"ကျုပ်သိရသလောက်ဆိုရင် ရှင်ဟာ ကိုယ့်ကိုယ်ကိုယ်တော်တော် ထိန်းသိမ်းနိုင်စွမ်းရှိတယ်၊ ဆိတ်ကွယ်ရာအရပ်ကိုနှစ်ယောက်တည်းတော့ မသွားဘူး၊ တစ်ခါတစ်ရံ ကျုပ်ကိုပါအဖေါ်ခေါ်သွားသေးတယ်၊ ကျုပ်အိမ်ထောင်ပြုတော့ ရှင်က စိတ်ဆိုးပြီး ကျုပ်ကို တစ်လလောက် စကားမပြောဘူး၊ ဒါပေမယ့်ရှင်က လူ့လောကကြီးကို အကောင်းမြင်ဝါဒနဲ့ မကြည့်တတ်တဲ့

www.burmeseclassic.com



လူဆိုတော့ ရှင်ပေါင်းစရာဆိုလို့. . ရှင့်ကို သည်းညည်းခံနိုင်တဲ့ သူဟာ ကျုပ်တစ်ယောက်တည်းရှိတာကိုး၊ ကျုပ်ကိုပဲ ရှင် စွဲစွဲမြဲမြဲ ပြန်ပေါင်းရတယ်၊ တဆက်တည်း ကျုပ်ယောက်ျားက ကျုပ်အပေါ် ဂရုစိုက်တယ်၊ ဒါကို ရှင်က အလကား မာယာများတာလို့ စွပ်စွဲသေးတယ်"

"ရှင်က သားမွေးပေးနိုင်တာကိုး"

"သူက သမီးလိုချင်တာလေ"

"ဟင်"

ကျွန်မနားကို မယုံနိုင်အောင် ဖြစ်သွားရသည်။ ဤကမ္ဘာလောကကြီးသည် ကျွန်မအတွက် အထူးအဆန်းများသဖွယ် ဖြစ်နေလေသည်။ ကျွန်မသည် အခြားကမ္ဘာမှ ရောက်ရှိလာသော ဂြိုဟ်သားအသစ်အလား၊ အရာရာသည် ယုံနိုင်စရာမရှိသော အသစ်အဆန်းများသဖွယ် ထူးဆန်းနေသည်။

"ဟုတ်ရဲ့လား"

"ဩော်. . ဟုတ်ပါသကော၊ သူတို့ဘက်က မိန်းကလေးရှားတော့ မိန်းကလေးသိပ်လိုချင်တာ၊ ဒါပေမယ့် ကျုပ်သားလေးမွေးလာတော့လည်း ချစ်တာပါပဲအေ၊ မိဘဆိုတာ သားဖြစ်ဖြစ် သမီးဖြစ်ဖြစ် ချစ်ရမှာပဲ၊ ကိုယ့်ရင်သွေးပဲဟာ ဦးထွန်းမြတ်စံလို တစ်ယူသန်တဲ့ အတ္တသမားတွေကြောင့် သားသမီးတွေရဲ့ ဘဝနစ်မွန်းရတာမျိုးလည်း ရှိတာပေါ့၊ ဒါပေမယ့်. . ရှိတော့ရှိတယ် ရှားတယ်ဆိုတာမျိုးပေါ့ မိနုရယ်"

ကျွန်မ လူတို့၏ အချွတ္တအတွင်း သဏ္ဍာန်ကို လိုက်မမီနိုင်လောက်အောင် ဖြစ်သွားသည်။





ကျွန်မ နုနန္ဒာကို သနားမိသည်။ နုနန္ဒာ၏ ဘဝကို အကောင်းဆုံးဖြစ်အောင် ကယ်တင်ပေးချင်သည်။

နုနန္ဒာ၏ဘဝ၌ အမဲစက်မရှိစေချင်။ အစွန်းအထေးမရှိစေချင်။

အင်မတန်သန့်စင်သော ဂုဏ်သရေရှိ အမျိုးသမီးကြီးဖြစ်စေချင်သည်။

ကျွန်မ နုနန္ဒာအတွက် ဘာလုပ်ပေးနိုင်မည်နည်း။

"မိနုရယ် ကျုပ်တော့လေ နုနန္ဒာရဲ့ဘဝကို ပြောင်းလဲပစ်စေချင်ပြီ၊ လက်တောင်မှ အတိုအရှည်ရှိသေးတာပဲ၊ ယောက်ျားတွေမှာလည်း ဆိုးတဲ့ယောက်ျားရှိသလို၊ ကောင်းတဲ့ယောက်ျားတွေလည်း ရှိပါသေးတယ်၊ ဒါကို သဘောပေါက်ရင် ပိုးဖလံမျိုးမီးကိုတိုးတဲ့အလုပ်မျိုး မလုပ်စေချင်တော့ဘူး"

ကျွန်မ နုနန္ဒာကို သဘောပေါက်အောင် ဘယ်လိုပြောပြနိုင်မှာတဲ့လည်း။ ခေါင်းမာသော အစွဲအလမ်းကြီးသော နုနန္ဒာနှင့် ကျွန်မမှ တွေ့ဆုံခြင်းမရှိသေးတာ။ နုနန္ဒာ၏အကြောင်းကို မိဆွေကတစ်ဆင့်လည်းကောင်း၊ နုနန္ဒာ၏ ဒိုင်ယာရီမှတစ်ဆင့်လည်းကောင်း တွေ့ဆုံရုံသာ ရှိသေးသည်။

"ဦးရဲဝံ့လိုလူစားမျိုးကို ရှင်ဘယ်လိုမြင်သလဲ မိနု"

မိဆွေ၏မေးခွန်းကြောင့် ကျွန်မနှလုံးသားကို ဆတ်ဆတ်ခါ တုန်ယင်လာသည်။

ဦးရဲဝံ့. . .

ကျွန်မ၏မျက်နှာကို. . မှန်တစ်ချပ်လို ကြည့်နေတတ်သော ဦးရဲဝံ့. . .

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအတွက်ဆိုရင် ဘာမဆိုပေးအပ်ရန် ဝန်မလေး တတ်သော ဦးရဲဝံ့။

ဒုက္ခရောက်နေသူအပေါ် အခွင့်အရေးယူရာကျမှာစိုး သဖြင့် အရာရာကို ထိန်းချုပ်ပြီး တိတ်တခိုးအချစ်ကို မျိုသိပ် ထားရရှာသော ဦးရဲဝံ့။

ဒါ လူကြီးလူကောင်းဆန်စွာ ကျင့်သုံးသော ယောကျ်ား တို့၏ အလုပ်တစ်ခုကို သူလုပ်ပြနေခြင်းလား။

"ကျုပ်မပြောတတ်တော့ဘူး"

"ဒါဖြင့် ကျုပ်တစ်ခုမေးမယ်၊ ရှင့်စိတ်ထဲရှိတဲ့အတိုင်း လွတ်လွတ်လပ်လပ်ဖြေ"

"မေးလေ"

"ရှင့်ကို ဦးရဲဝံ့က ပရိုပိုစ့်လုပ်ပြီးပြီလား"

ကျွန်မဘယ်လိုလုပ်ပြီး ဖြေရမလဲ၊ နှလုံးပုံရိပ်က တစ်စွန်း တစ်စပေါ် ထွက်လာသော စကားများကို ဖြေရမည်လား၊ နှုတ်မှ တိကျစွာပြောသော စကားကိုမှ အတည်ယူရမည်လား။

"တိတိကျကျတော့ မလုပ်ပါဘူး"

"ဒါပေမယ့် ရိပ်ဖမ်းသံဖမ်းတော့ ရှင့်အပေါ် သူတိမ်း ညွတ်နေတယ်ဆိုတာ ရှင်သိနေတယ် မဟုတ်လား"

ကျွန်မခေါင်းညိတ်လိုက်သည်။ ဦးရဲဝံ့အကြောင်း ပြော ဆိုနေသည့်အခါတိုင်း ရင်ခုန်သော ဝေဒနာ၊ စိတ်လှုပ်ရှားသော ဝေဒနာသည် ဘာကြောင့်များ ထူးကဲစွာ ဖြစ်ပေါ်နေရတာလဲ။

"ရှင် ဘယ်လိုခံစားရသလဲ"

ကျွန်မမျက်နှာ ထူပူသွားသည် မိဆွေအမြင်ကတော့





ရှက်သွေးဖြန်းနေသော စတော်ဗယ်ရီရောင်သန်းသည့် ကျွန်မ မျက်နှာကို ချစ်စိတ်၊ ရှက်စိတ်ရည်များ လူးနေသည်ဟု. . .

"ရှင် ရင်ခုန်နေသလား"

ကျွန်မ အင်းမလှုပ်၊ အဲမလုပ်ဘဲ တရုတ်ကန်စွန်းရွက် ကိုသာ သဲသဲမဲမဲ ခြွေနေလိုက်သည်။

"ရှင် စိတ်လှုပ်ရှားနေတယ် မဟုတ်လား"

ကျွန်မ ပြုံးမိသည်။

"ဦးရဲဝံ့ကို ရှင်ချစ်နေတယ်ဆိုတာ သေချာပါတယ်. . ဒါပေမယ့် ရှင်က နုနန္ဒာကို လန့်နေတာ၊ နုနန္ဒာက ရှင်တို့ကို ဖျက်ခွဲလိမ့်မယ်လို့ ရှင်ထင်နေသလား"

မိဆွေ၏စကားများကို ကျွန်မလက်မခံနိုင်။ ကျွန်မ နုနန္ဒာကို မကြောက်ပါ၊ နုနန္ဒာကို ကျွန်မ ပိုင်စိုးနိုင်ရမည်။

"ဟင့်အင်း"

"ဒါဖြင့် ရှင်ဘယ်သူ့ကို ကြောက်နေသလဲ"

"ဦးရဲဝံ့ရဲ့ အသိုင်းအဝိုင်း"

"ဘာဖြစ်လို့လဲ"

"ဦးရဲဝံ့က တစ်ဦးတည်းသောသား၊ သူ့မိဘနှစ်ပါးက သူ့သားကို သိပ်ချစ်တယ်၊ သူ့သားကို ဤကမ္ဘာလောကကြီးမှာ အသန့်စင်ဆုံး အဖြူစင်ဆုံး မိန်းမတစ်ဦးနဲ့သာ လက်ထပ်ပေးချင် ကြတာ"

"နုနန္ဒာကို မသန့်စင်ဘူးလို့ ရှင်က ယူဆသလား"

ကျွန်မ စိတ်ထိခိုက်စွာဖြင့် ခေါင်းညိတ်လိုက်သည်။

"ဘာဖြစ်လို့"

www.burmeseclassic.com

www.burmeseclassic.com



"နုနန္ဒာရဲ့ နှလုံးသားမှာ ယောကျ်ားတွေကို မုန်းစိတ်နဲ့ ဒုက္ခပေးဖို့ မှိုင်းမိနေတယ်လေ၊ အဲ့ဒီစိတ်တစ်ခုထဲနဲ့ နုနန္ဒာဟာ ဖြူစင်ပါဦးမလား"

"ဖြူတဲ့အရာဟာ စွန်းထေးမှုကို လွယ်ကူထင်ရှားစေတတ်တယ်၊ သဘောထားကြီးတဲ့သူတွေက ဒါကို နားလည်ခွင့်လွှတ်တတ်မှာပါ"

"ဒါပေမယ့် ကျွန်မ ဦးရဲဝံ့ကို နုနန္ဒာသိမှ ဆုံးဖြတ်ချက်ပေးနိုင်လိမ့်မယ် ထင်တယ်"

"ဒါလည်း ကောင်းပါတယ်၊ ကဲ ချက်ပြုတ်စားသောက်ပြီးရင် ရှင်နဲ့ကျုပ် ဦးနှောက်နဲ့ အာရုံကြောဆရာဝန်ကြီးဆီ သွားရအောင်"

"ကောင်းသားပဲ၊ ကျုပ်လည်း အရာရာကို မှတ်မိချင်ပါပြီ"

"ရှင် နုနန္ဒာဖြစ်သွားတဲ့အခါ ဦးရဲဝံ့ကို မေ့သွားမှာလား"

"မမေ့ဘူး ထင်ပါတယ်၊ ကျုပ်ဒိုင်ယာရီသစ် စာမျက်နှာတိုင်းမှာ သူပါနေတာပဲ"

"ဪ ရှင်ဟာ နုနန္ဒာလိုပဲ၊ ဒိုင်ယာရီရေးဖို့ အလေ့ကိုတော့ မမေ့လျော့ပါလား"

လူ့စိတ်တို့သည် ဆန်းကြယ်လွန်းလှပါလားဟု . . ကျွန်မကိုယ်တွေ့ဖြင့် မှတ်ချက်ချလိုက်မိလေသည်။





# အခန်း (၁၉)

"ဟုတ်ပြီ . . ဟုတ်ပြီ . . မင်း မှတ်မိသလောက်ပြောစမ်း နုနန္ဒာ"

"ကျွန်မကို သူတို့က မနာလိုကြဘူး၊ ကျွန်မက ကျောင်းကပွဲမှာ မင်းသမီး၊ အခမ်းအနားတွေမှာ ဗန်းကိုင်လည်း ကျွန်မပဲ၊ ဒါကြောင့် မိန်းကလေးသူငယ်ချင်းဆိုလို့ နည်းနည်းပဲရှိတယ်"

"ဟုတ်ပြီ ဆက်ပြောပါဦး၊ ယောကျ်ားလေးသူငယ်ချင်းကော မရှိဘူးလား"

www.burmeseclassic.com

"မရှိဘူး၊ ငယ်ငယ်ကတည်းက မိန်းကလေးကျောင်းမှာ ပဲ မေမေက ထားတာကိုး"

"ဘာဖြစ်လို့လဲ"

"ဦးထွန်းမြတ်စံကို စိတ်နာလို့"

"ဦးထွန်းမြတ်စံဆိုတာက ဘယ်သူလဲ"

"မေမေ့ယောကျ်ား၊ အဲ့ဒီလူကြီးက မေမေ့ကို ယောကျ်ား လေးမွေးခိုင်းတယ်၊ မေမေက မွေးမပေးနိုင်ဘူး၊ သမီးကြီးပဲ နှစ် ယောက်မွေးခဲ့တယ်၊ ကျွန်မကို မေမေမွေးတဲ့နေ့မှာပဲ အဲ့ဒီလူကြီး က ကျွန်မတို့ကို ကျောခိုင်းထွက်သွားတယ်၊ ဒါကြောင့် မေမေ စိတ်နာပြီး ယောကျ်ားတွေနဲ့ မပတ်သက်တဲ့ ဘော်လီဆိုင်ဖွင့်ပြီး ကျွန်မတို့ ညီအစ်မကို လူလားမြောက်အောင် ကျွေးမွေးခဲ့တယ်၊ ပညာသင်ပေးခဲ့တယ်"

"သိပ်တော်တဲ့ အမျိုးသမီးကြီးပဲ၊ ကဲ.. ဆက်ပြောပါဦး သမီးဆယ်တန်းအောင်တော့ ဘာဆက်လုပ်သလဲ"

"ဆယ်တန်းအောင်တော့ ရန်ကုန်တက္ကသိုလ်မှာ ဥပဒေ ဘာသာရပ်ကို လာရောက်သင်ကြားတယ်"

"ဟုတ်ပြီ.. ဆက်ပြောပါဦး၊ အဲ့ဒီမှာ သမီး ဘယ်သူ တွေနဲ့ တွေ့သလဲ"

"မန္တလေးမှာ ဆယ်တန်းနှစ်မှာ ဆုံခဲ့တဲ့ မိဆွေလည်း သူ့ဒယ်ဒီ ရန်ကုန်ပြောင်းလာတော့ ပြန်ဆုံတယ်၊ ဘာသာရပ် လည်းတူတော့ ကျွန်မ အရမ်းပျော်သွားတယ်"

"ဟုတ်ပြီ.. နောက်တော့ကော"

"ထုံးစံအတိုင်းပဲ၊ ကျွန်မ အလွန်မုန်းတီးတဲ့ ယောကျ်ား





တွေက ကျွန်မကိုလာရောက်ချဉ်းကပ်ကြတယ်"

"ဒီတော့..."

"ဒီတော့ ကျွန်မသူတို့ကို လှည့်စားပစ်လိုက်တယ်"

"ဘယ်လို လှည့်စားတာလဲ"

"သူတို့ ပရိုပိုစ့်လုပ်လာတဲ့အခါမှာ ကျွန်မက အဖြေပေး တော့ မယောင်မယောင်နဲ့ ကြိုးရှည်ရှည်နဲ့ လှန်ထားပြီး အရူးအမူး ဖြစ်နေအောင် ဆွဲဆောင်တယ်၊ သူတို့ အရူးအမူးဖြစ်လာပြီဆို ရင် ကျွန်မက အမုန်းစကားနဲ့ ခွာထုတ်ပစ်လိုက်တယ်လေ"

"အဲဒီအခါ အဲ့ဒီယောကျ်ားတွေ ဘာဖြစ်သွားသလဲ"

နုနန္ဒ၏ရယ်သံသည်.. ခြောက်ကပ်စွာ ထွက်ပေါ်လာ သည်။ ပြီးမှ...

"အလကား... စိတ်ဓါတ်ပျော့ညံ့ပြီး အတ္တကြီးတဲ့ ယောကျ်ားတွေ၊ သူတို့လိုချင်တာမရတော့ ကျွန်မကို အမျိုးစုံ နှပ်စွဲပြီး အသည်းကို အရက်နဲ့စိမ်သူက စိမ်ပြီး ပျက်စီးကုန်ကြ တယ်လေ၊ အဟင်းဟင်း စိတ်ပျော့ညံ့သူတွေရဲ့ သွားရာလမ်းပဲ"

"အဲ့ဒီလူတွေကို မှတ်မိသလား"

"အများကြီးပဲ၊ ခေါင်းထဲ သိပ်မထည့်ထားပါဘူး"

"နောက်ဆုံးတွေ့တဲ့လူကိုကော မှတ်မိသလား"

"အင်း... တောင်ကြီးက သူဌေးသားတစ်ယောက်ပဲ နာမည်က သူရိန်ဇော်တဲ့၊ ကျွန်မကို သူ့အိမ်ခြံမြေဝယ်ဖို့ ကိစ္စနဲ့ ဆက်သွယ်လာရာက ချဉ်းကပ်လာတယ်၊ သူ့ဘာသာသူ ကျွန်မ အပေါ် အရူးအမူးဖြစ်တာပါ၊ ကျွန်မက ငယ်တော့ ရှောင်ပါသေး တယ်၊ ဒါပေမယ့်.. မရဘူး ဇွတ်ပဲ၊ ဒါနဲ့ ကျွန်မလည်း ထုံးစံ


www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ကြိုးရှည်ရှည်နဲ့ လှန်ထားပြီး ကပ်ဖြုတ်ခဲ့တာ၊ သူတော်တော်လေး ခံစားရတယ်တဲ့၊ ကျွန်မ တောင်ကြီးကို ထွက်လာတော့လည်း သူလိုက်လာတယ်"

"မင်း တောင်ကြီးကို ဘာသွားလုပ်တာလဲ"

"ဦးထွန်းမြတ်စံ၊ ဦးထွန်းမြတ်စံဟာ တောင်ကြီးမှာ ရှိနေတယ်ဆိုလို့ သွားတာ"

"မင်းသွားတာ မင်းအမေ သိသလား"

"မေမေက ဘယ်သိမလဲ၊ ကျွန်မ ဆယ်တန်းအောင်တဲ့နှစ်မှာပဲ အစ်မတွေက ကျောင်းပြီးပြီ၊ ဆိုင်လုပ်ငန်းတွေနဲ့ ကျွန်မကိုထောက်ပံ့စောင့်ရှောက်နိုင်တဲ့အချိန်မှာ စစ်ကိုင်းချောင်မှာ ယောဂီဝတ်နဲ့ အေးချမ်းရာမှာ ခိုလှုံနေပြီ"

"သိပ်ကောင်းတဲ့ဘဝပဲ၊ ဒါဖြင့် မင်းသွားတာကို ဘယ်သူသိသလဲ"

"မိဆွေပဲ သိတယ်"

"ဟုတ်ပြီ ဆက်ပြောပါဦး၊ တောင်ကြီးရောက်တော့ ဘယ်ကိုသွားသလဲ၊ ဘယ်သူနဲ့ တွေ့သလဲ"

"တောင်ကြီးဟိုတယ်မှာ တည်းတယ်. . ၊ ညနေဘက်ပဲ တောင်ကြီးမြို့ကိုလျှောက်သွားပြီး စနည်းနာတဲ့အချိန်မှာ သူရှိန်ဇော်က လိုက်လာတယ်"

"ဟုတ်လား ဘယ်နေရာလဲ"

"မသိဘူး၊ ကျွန်မကားနောက်ကို သူ့ကားနဲ့ လျှောက်လိုက်တယ်၊ ကျွန်မလည်း လူရှင်းတဲ့ နေရာရောက်တော့ မတွေ့တော့ဘူး. . ပြဿနာက မရှင်းရင်ပြီးမှာ မဟုတ်ဘူးဆိုပြီး ထင်ရှ





တောလမ်းကလေး အတိုင်းမောင်းချသွားတယ်"

"ဟုတ်ပြီ. . ဆက်ပြောပါဦး၊ အဲ့ဒီမှာ ဘာတွေဖြစ်ကြသလဲဆိုတာ"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၀)

မိုးတွေကလည်း အခါလွန်မိုးဖြစ်ပြီး သဲသဲမဲမဲ ရွာချ
သည်။

စိတ်ရှုပ်သည်။ ဦးထွန်းမြတ်စံ သတင်းအစအနမှ
မရတော့။ တွေ့ဖို့ဝေးစွ၊ ဘာဆက်လုပ်ရမှန်းမသိရသည့်အခ
ဒီကောင်ရှုပ်ကလေးကလည်း တမှောင့်။ ငယ်ရွယ်နုနယ်သော
နှလုံးသားက ပို၍ ထိလွယ်ရှလွယ်ပုံရသည်။ တော်ရုံနှင့် အလျှော့





မပေးသွား။

"ကိုင်း . . သူရိန်ဇော် မင်း ငါ့ကို ဘာပြောချင်သလဲ"

"မမနု ကျွန်တော့်ကို အဲဒီလို မလှည့်စားပါနဲ့ဗျာ၊ ကျွန်တော့်မှာ ဘာအဖြစ်ရှိလို့လဲ ပြောပါဦး၊ ကျွန်တော့်ဘဝမှာ မမ တစ်ယောက်တည်းကိုပဲ ချစ်ခဲ့ဖူးတာပါဗျာ"

ချာတိတ်က ထွေနေသည်။

အရက်အလွန်အကျွံ သောက်ထားပုံလည်းရသည်။

"ဟုတ်ပါတယ်၊ ဒါပေမယ့် မင်းကိုမှ ငါမချစ်နိုင်တာ. . မချစ်ဘဲနဲ့တော့ မင်းကိုငါက ဘယ်လိုလုပ် လက်ထပ်နိုင်မှာလဲ"

"လက်မထပ်နိုင်ဘဲနဲ့ ကျွန်တော့်ကိုဘာဖြစ်လို့ မျှော်လင့်ချက်တွေပေးပြီး လှည့်စားရတာလဲ"

"လှည့်စားတယ်. . ဟုတ်လား၊ ဟား . . ဟား . . ဟား ငါက ဘယ်သူ့ကိုမှ မလှည့်စားဘူး၊ ငါတို့ဘဝ. . ငါတို့ မိသားစု ဘဝသာ နင်တို့လို ယောကျ်ားတစ်ဦးရဲ့ လိုဘအောက်မှာ ပြားပြားဝပ်ခဲ့ရတာ၊ ဘာမှ ရှည်ရှည်ဝေးဝေးပြောမနေနဲ့ သူရိန်ဇော်၊ နင့်ကိုငါ မချစ်ဘူး၊ လက်လည်းမထပ်နိုင်ဘူး၊ နင်မှမဟုတ်ဘူး. . ဒီတစ်သက် ငါဘယ်ယောကျ်ားကိုမှ လက်ထပ်မှာ မဟုတ်ဘူး၊ ကိုင်း. . . သွားမယ်၊ မင်း ငါ့ကိုဆက်ပြီး အနှောင့်အယှက်မပေးနဲ့တော့၊ အနှောင့်အယှက်ပေးရင် မိန်းမတစ်ယောက်ရဲ့ ကာယ ကြွေ နှောင့်ယှက်မှုနဲ့ အရေးယူမယ်"

"မရဘူး. . မရဘူး၊ ခင်ဗျားကြီး မသွားရဘူး"

သူရိန်ဇော်က ကျွန်မရှေ့မှ ကာဆီးကာဆီး လုပ်သည်။

"ဖယ်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"မဖယ်ဘူးဗျာ"

ပြောပြောဆိုဆို အတင့်ရဲလာကာ ကျွန်မအား ဆွဲလားယမ်းလား လုပ်လာသည်။ ကျွန်မက ရုန်းဖယ်ကာ သူ၏ပါးတစ်ချက်ကို အားကုန်လွှဲချလိုက်သည်။

"ဖြန်း"

သူရိန်ဇော်၏ပါး လည်ထွက်သွားသည်။ ကျွန်မ သူ၏အနှောင်အဖွဲ့ လွတ်ထွက်သွားသည်နှင့် ကားဆီသို့ ပြေးခဲ့သည်။

"ရက်စက်လိုက်တာ မမရယ်၊ ခင်ဗျားကြီးနဲ့ ရှင်ကွဲမကွဲရရင် သေကွဲ. . ကွဲမယ်"

ကျွန်မ ကားကိုမောင်းထွက်ခဲ့သည်။ သို့သော် လမ်းပျောက်သလို ဖြစ်နေ၍ ကျွန်မကားကိုရပ်လိုက်သည်။ သူရိန်ဇော် ကားရှိရာသို့ လှမ်းအကြည့်တွင် ကမူးရှူးထိုးနှင့် နွားရိုင်းတစ်ကောင်အလား ဦးတည်လာသော သူရိန်ဇော်၏ ပရာဒိုကားကြောင့် ကျွန်မဆင်းဟန်ပြင်ထားသော ကိုယ်ခန္ဓာကို ရုပ်သိမ်းပြီး တံခါးကို ဆောင့်အပိတ်။

"ဂျိမ်း" ဟူသော အသံကြီးကို ကြားလိုက်ရသည်။

"ဘုရား . . ဘုရား"

ပရာဒိုကားသည် ထင်းရှူးပင်စည်ကြီးတစ်ပင်ကို ဝင်ဆောင့်ကာ ငြိမ်သက်နေလေသည်။

ကျွန်မနားစည်ထဲဝယ် မိုးထစ်ချုန်းရွာသွန်းသံ၊ မိုးခြိမ်းသံတို့သည် နားစည်ကွဲမတတ် အောင်ဟာစ်နေလေသည်။

ကားသော့ကို တုန်ယင်သောလက်ချောင်းများဖြင့် ဖွင့်ရင်း ဘေးဘီကို အကူအညီရလိုရငြား လှမ်းကြည့်လိုက်သည်။





လူတစ်စုလိုလို ဝိုးတိုးဝါးတား လှမ်းမြင်လိုက်ရသဖြင့်. . .

"ကယ်. . ကယ်. . ကယ်ကြပါဦးရှင်"

ကားပေါ်မှဆင်းကာ လက်ခုပ်တီး၊ လက်ယပ်ခေါ်ကြည့်သည်။

ကျွန်မခေါ်သံကိုပဲမကြားတာလား၊ ဝိုးတဝါးထင်ယောင်ထင်မှား ဖြစ်မိသည်မှာ လူများဟုတ်ချင်မှာ ဟုတ်ပေလိမ့်မည်။

ဘယ်သူမှ ကျွန်မအနားကို ရောက်မလာသဖြင့် ကျွန်မကြောက်လန့်လာသည်။

အဘယ်မျှ သတ္တိရှိသောသူဖြစ်စေကာမူ သေသလား၊ ရှင်သလားမသိသော လူတစ်ယောက်နှင့် ကျွန်မတောထဲမှာ နှစ်ယောက်တည်း မနေရဲ၊ ကားလမ်းမပေါ်တက်ပြီး အကူအညီတောင်းရန် ထင်းရှူးတောထဲမှ အမြန်ဆုံး ပြန်မောင်းထွက်ခဲ့သည်။

ကားလမ်းပေါ်သို့ အရှိန်နှင့်အတက် တစ်ဖက်က အရှိန်ဖြင့်မောင်းလာသော ကားတစ်စီးကိုတွေ့လိုက်ရသဖြင့် ရှောင်ချိန်မရလိုက်၊ ဘရိတ်နင်းလိုက်သည်။ မရ၊ ထိန်းမရတော့ချေ။

"အား. . . "



www.burmeseclassic.com

www.burmeseclassic.com








# အခန်း (၂၁)

"ကျွန်မ . . ကျွန်မ . . ဘယ်ရောက်နေတာလဲ၊ ဟင် မီဆွေ"

ကျွန်မသည် ထင်းရှူးတောထဲမှ ကားလမ်းပေါ်သို့ အတက်၌ အက်ဆီဒင့်ဖြစ်သည်ထင်သည်။

"ဆေးခန်းတစ်ခုပဲ"

"ဩော်"

"လူနာကို ပြန်ခေါ်သွားနိုင်ပါပြီ၊ သူ မသိတော့ပြီဖြစ်တဲ့ အကြောင်းအရာတွေကို အစဖော်မပေးနဲ့တော့၊ သူ့ဘာသာသူ



www.burmeseclassic.com

www.burmeseclassic.com



မှတ်မိပါလိမ့်မယ်၊ ကိုင်း. . . သွားကြတော့"

မိဆွေနှင့် ဆရာဝန်ကြီးဖြစ်ဟန်တူသူ၏ စကားများကို ကျွန်မ နားမလည်။ လောလောဆယ်တော့ အိပ်ချင်မူးတူး ဖြစ်နေသေးသည်။

"ဆရာကြီးကို ကန်တော့လိုက်ပါဦး မိနု"

မိဆွေစကားကို လိုက်နာပြီးနောက် ကျွန်မတို့ ဆေးရုံထဲမှ ထွက်လာသည်။

ဦးနှောက်နှင့်အာရုံကြော အထူးကုပါရဂူကြီး၏ ဆိုင်းဘုတ်ကို အခန်းဝတွင် ဖတ်လိုက်ရသည်။

"မိဆွေ. . ရှင် တောင်ကြီးကို ဘယ်လိုလုပ် ရောက်လာတာလဲ"

"ဒါ. . တောင်ကြီးမဟုတ်ဘူး၊ ရန်ကုန်"

"ဟင်"

"ရှင့်ကို ဒီကိုခေါ်လာပြီး ကုတာ"

ကျွန်မခေါင်းတို့သည် မူးဝေလာသည်။

ပရာဒိုကားတစ်စီးဘေး၌ လူတစ်ယောက်က ရပ်ကာ

"မဆွေ ကျွန်တော့်ကို အိမ်တော့ ပြန်ပို့ခွင့်ပြုပါနော်"

ဥပမိရုပ်ကောင်းမွန်ပြီး ချောမောသော ယောကျ်ား တစ်ယောက်၏ ဝေ့ဝဲလာသော မျက်လုံးအကြည့်က ထုံးစံအတိုင်း ကျွန်မထံသို့သာ ဆိုက်ရောက်လာသည်။

"ဟုတ်ကဲ့ အဆင်ပြေသွားတာပေါ့၊ မိနု ရှင် သူ့ကိုမှတ်မိသလား"

ကျွန်မ ခေါင်းခါလိုက်သည်။ ထိုသူ၏ မျက်နှာညှိုးရော်





သွားသည်။

"သူ့နာမည်က ဦးရဲဝံ့တဲ့"

"သြော်. . ."

ဦးရဲဝံ့ မချိပြုံးပြုံးကာ ကျွန်မတို့အတွက် ကားတံခါးကို ဖွင့်ပေးလေသည်။ ကျွန်မက. . .

"မိဆွေ ကျုပ်ကားကော"

ကားပေါ် မတက်သေးဘဲ မေးလိုက်သည်။

"ရှင့်ကားက ဘော်ဒီရုံပို့ထားတယ်. . ဗုန်းဗုန်းကျနေပြီ၊ ပြန်မရသေးဘူး"

"ဒါဖြင့် တက္ကစီနဲ့ပဲ သွားရအောင်လား"

"ဦးရဲဝံ့ကို အားနာတယ်၊ ရှင့် ကျန်းမာရေးအခြေအနေအရ ကျုပ်တို့မိတ်ဆွေပါနေတော့ ကောင်းတာပေါ့၊ လာပါ မိနုရယ်"

ကျွန်မ ယောကျ်ားတွေနှင့် မပတ်သက်ချင်ပါ။ တတ်နိုင်သမျှ ကင်းကင်းရှင်းရှင်းပဲ နေချင်ပါသည်။ မကင်းနိုင်ဘဲ ကျွန်မဘဝထဲ တိုးဝင်လာလျှင်တော့ ကျွန်မက ပညာပေးရမည်ဖြစ်ပေသည်။

မိဆွေကို မလွန်ဆန်ချင်သဖြင့် မိဆွေတက်ပြီးမှ လိုက်တက်လိုက်သည်။ ဦးရဲဝံ့ဆိုသူက တံခါးကို ညင်သာစွာ ပိတ်ပေးပြီးမှ ရှေ့ခန်းတွင် ဝင်ထိုင်သည်။

"ကျွန်တော် မနေ့က ရောက်သေးတယ်. . မတွေ့ဘူး၊ ဒါနဲ့ ဆေးခန်းကိုလိုက်လာတာ၊ ဦးကျော်ကျော်ကို ဝင်မေးခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ မနေ့က နေ့လယ် ဆေးခန်းကို တစ်ခေါက် ရောက်သေးတယ်၊ ဆရာကြီးက ဒီနေ့မနက် စောစောချိန်း နဲ့ မိနုကိုပါ အိမ်ပဲခေါ်သိပ်လိုက်တယ်"

"စောစောကတည်းက ကျွန်တော် အခန်းပြင်မှာ စော နေပါတယ်"

"ဒါဖြင့် ဦးရဲဝံ့ အားလုံးကြားပြီးပြီပေါ့"

"ဟုတ်ကဲ့ ကြားပြီးပါပြီ"

သူတို့ဘာတွေပြောကြတာလဲ.. ကျွန်မနှင့်တော့ ပတ်သက်နေပြီ၊ ကျွန်မနှင့် ဦးရဲဝံ့ ပတ်သက်ခဲ့သလား။

"ဒီလို မိနိုရေ တောင်ကြီးမှာ ရှင့်ကားအက်ဆီဒင့်ဖြစ်တယ် မဟုတ်လား၊ အဲဒါကို အစအဆုံး ရန်ကုန်ရောက်တဲ့အထိ အကူအညီပေးတာ ဦးရဲဝံ့ပဲ"

"အို.. ကျုပ်.. ကျုပ် ဘာမှလဲ မသိပါလား"

ကျွန်မ ခေါင်းထဲ နောက်ကျိလာသည်။ ထိုးကိုက်ချင်သလိုလို ဖြစ်လာသဖြင့် နားထင်စပ်ကို လက်မဖြင့် ထောက်လိုက်သည်။

"မဆွေ နေပါစေ၊ သူ့ကို သိပ်မတွေးခိုင်းပါနဲ့၊ သူ.. သူ နေကောင်းဖို့ အရေးကြီးပါတယ်"

ကျွန်မကို ကားနောက်ကြည့်မှန်မှတစ်ဆင့် ကြည့်ပြီး.. စိုးရိမ်တကြီး ဟန့်တားလိုက်သော ဦးရဲဝံ့ကို ကျွန်မ လှမ်းတွေ့လိုက်ရသည်။

ဘုရားရေ သူ့မျက်ဝန်းကလည်း ကျွန်မအပေါ် ပိုင်ဆိုင်လိုသော အရိပ်အယောင်များနှင့်ပါလား။





လာပြန်ပြီ၊ အတ္တသားကောင်တစ်ဦး။

သူရိန်ဇော် သေပြီလား၊ ရှင်ပြီလားပင် မသိရသေး။

"မိဆွေ ဟိုကောင်လေးကော.. သူ.. ကျုပ်နောက်ကို လိုက်လာတယ်"

"သူရိန်ဇော်လား"

"ဟုတ်တယ်လေ.. သူပဲပေါ့၊ သူ ကားနဲ့ထင်ရှူးပင်ကြီး ဝင်ဆောင့်တာကို ကျုပ်တွေ့လိုက်ရတယ်၊ အကူအညီတောင်းဖို့ လမ်းပေါ်တက်လာတော့ ကျုပ်လည်း ကားအက်ဆီဒင့် ထပ်ဖြစ်ဘယ်ထင်တယ်၊ ချာတိတ်.. ချာတိတ်ကော"

"ဆုံးသွားပြီ"

"ဘုရား.. ဘုရား"

ကျွန်မရင်ထဲ ထိခိုက်သွားသည်။

"ကျုပ် မရည်ရွယ်ပါဘူး"

"သူ့ ကံကြမ္မာပေါ့လေ"

ကျွန်မရင်ထဲ တစ်မျိုးဖြစ်နေသည်။

"မေမေတို့ကော"

"ဒီနေ့ညရထားနဲ့ ရှင့်မမကြီးလိုက်လာလိမ့်မယ်၊ မနက်ဖြန် သွားကြိုလိုက်"

"ဒီနေ့.. ဒီနေ့ ဘယ်နှရက်လဲ"

"နိုဝင်ဘာ(၉)ရက်"

"ဘာ"

ကျွန်မ တောင်ကြီးကို ထွက်သွားတာ အောက်တိုဘာ ဆယ့်ငါးရက်ကပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တောင်ကြီးကို သွားတာ အောက်တိုဘာ ဆယ့်ငါး ရက်ကပဲ၊ ကျုပ် ရက်နှစ်ဆယ်ကျော်လောက်တောင် မေ့မြော နေခဲ့သလား"

"ဆိုပါတော့"

"ဘုရား. . ဘုရား ဒီရက်နှစ်ဆယ်ကျော်ကာလမှာ မေ မေတို့ မမကြီး၊ မမလတ်တို့ ရောက်မလာဘူးလား"

ကျွန်မ၏ တုန်လှုပ်မှု တွေးတောမှုကြောင့် ခေါင်းမူးသ ကာ ခြေဖျားလက်ဖျားများ အေးစက်လာသည်။

"မိန့ နင်နောက်တော့ သိလာလိမ့်မယ်၊ ခုခဏလေး နားလိုက်ဦးနော်"

မိဆွေစကားကို ကျွန်မလိုက်နာပါသည်။ နောက်မှီသို့ မှီချကာ မျက်လုံးများကို ခေတ္တပိတ်ထားလိုက်သည်။

ဘာကြောင့်ရယ်မသိ။ အားငယ်စိတ်များ ဝင်ရောက် လာကာ ပိတ်ထားသော မျက်ခွံတံခါးအောက်မှ ကြေကွဲပွင့်တို့က အတင်းတိုးဝေ့၍ ထွက်လာသည်။

မိဆွေက ကျွန်မ၏လက်ကို တင်းတင်းဆုပ်ကာ အား ပေးလေသည်။

ကျွန်မ ရက်နှစ်ဆယ်ကျော်ကာလ၌ ဘယ်မှာရှိနေသ လဲ။ ဘယ်သူတွေနဲ့လဲ၊ ဦးရဲဝံ့က ပို့ပေးတာဆိုတော့. . သူသည် ကျွန်မနှင့် ပတ်သက်နေပါသလား။





# အခန်း (၂၂)

ရဲဝံ့ နုနန္ဒကို မကြည့်ရက်ပါ။ နုနန္ဒာ၏ စိမ်းကားနေ သော မျက်ဝန်းများကြောင့် သူ့ရင်ထဲ နင့်ခနဲ ဖြစ်သွားရသည်။

နုနန္ဒာ ကြေကွဲစွာ ငိုပြန်တော့လည်း သူ့ရင်အစုံ ပွင့်မ ထတ်နာကျင်ရသည်။

နုနန္ဒာကို အရင် နုနန္ဒာမျိုးတော့ ပြန်မဖြစ်စေချင်။ စိတ် သစ်ကိုယ်သစ် ဘဝသစ်နှင့် နုနန္ဒာ ပြန်ဖြစ်စေချင်သည်။

"ဦးရဲဝံ့ ရှေ့လမ်းလေ၊ လွန်သွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး . . ဆောရီး . ."

အတွေးကြောင့် နုနန္ဒာ၏လမ်းကို လွန်သွားသဖြင့် ကား အရှင်းကြည့်ကာ နောက်ပြန်ဆုတ်ပြီး ချိုးဝင်လိုက်ရသည်။

နုနန္ဒာ၏ မျက်ဝန်းတံခါး ပြန်ပွင့်လာသည်။ တစ်သျှူး စက္ကူဖြင့် မျက်ရည်စများကို အသာတို့လိုက်သည်။

နုနန္ဒာတို့တိုက်ရှေ့ ကားရပ်လိုက်သည်။ နုနန္ဒာက သူ့ ဘာသာသူ တံခါးဖွင့်ဆင်းလိုက်သည်။

"ဦးရဲဝံ့နဲ့ ကိုကျော်ကျော် ဒီမှာပဲ ချိန်းထားတာဆို အပေါ် တက်ပါ"

နုနန္ဒာသည် တစ်ခွန်းမှမပြောပဲ သူ့အား တစ်ချက်လှမ်း ကြည့်ပြီး တိုက်ထဲသို့ ဝင်သွားလေသည်။ ပထမထပ်ရှိ သူ၏ အခန်းရှေ့တွင်ရပ်ကာ နုနန္ဒာငိုင်နေသည်။

"ဘာဖြစ်တာလဲ မိနု"

"သော့ . . သော့ ပြောင်းနေပါလား"

"ဟုတ်တယ်လေ၊ မနေ့ကပဲ ပြောင်းလိုက်တာ"

"သြော်"

နုနန္ဒာက သူ့ပိုက်ဆံအိတ်အတွင်းမှ သော့တွဲကို ထုတ် ကာ ဖွင့်လိုက်သည်။

တံခါးပွင့်သွားတော့လည်း ဘယ်သူ့ကိုမှ ဖိတ်မခေါ်ဘဲ ဝင်သွားသည်။

ရဲဝံ့စိတ်ထဲ လိုက်သင့်မလိုက်သင့် ချီတုံချတုံဖြစ်သွား သည်။ ဆွေဆွေမာက. . .

"ဝင်လေ ဦးရဲဝံ့၊ သူ မမှတ်မိသေးလို့ပါ၊ မှတ်မိလာရင်





တစ်မျိုးပြောင်းလဲသွားမှာပါ"

ထိုစဉ် တယ်လီဖုန်းမြည်သံ ထွက်ပေါ်လာသည်။ ရဲဝံ့ သည် ဧည့်ခန်းရှိ ပလတ်စတစ်ခုံဝယ် ထိုင်လိုက်သည်။

"ဟဲလို"

". . . . ."

"ရှင် ဟုတ်ကဲ့၊ နုနန္ဒာ ပြောနေပါတယ်"

". . . . . . . . . ."

"ရှင် . . ဟုတ်ကဲ့ . . ရှိပါတယ်၊ အခုပဲ ရောက်လာကြ တာပါ"

". . . . ."

"ရှင် ကျွန်မနဲ့သူနဲ့ ဘာမှမဆိုင်ပါဘူး၊ ကျွန်မအမိန့်ပေး သို့ ရချင်မှရမယ်၊ ပြန်လာတာ ပြန်မလာတာ သူ့ကိစ္စပါ၊ ကျွန်မ ကိစ္စက ကျွန်မ . . သူ့ကို အန်တီပြောတဲ့စကားတွေ ပြောပြလိုက် မယ်၊ ဒါပါပဲနော်"

နုနန္ဒာ၏ မာဆတ်ဆတ်အသံကို သုံးထပ်သားပြားများ ဖြင့်သာ ကာရံထားသော အိပ်ခန်းဖြစ်၍ ရဲဝံ့တို့ ကောင်းကောင်း ကြားနေရသည်။

ဆွေဆွေမာက အိပ်ခန်းထဲသို့ ကမန်းကတန်း ဝင်သွား သည်။

"မိနု . . မိနု သတိထားလေ"

နုနန္ဒာ ဘာဖြစ်သွားသလဲ။ ရဲဝံ့မှာ စိုးရိမ်စိတ်ဖြင့် ထရပ် လိုက်သည်။ သို့သော် သူ့အိပ်ခန်းထဲသို့ ဝင်ရန်မသင့်တော်မှန်း သိသဖြင့် ပြန်ထိုင်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"မဆွေ ဘာဖြစ်လို့လဲ"

"မူးသွားလို့ပါ"

"ဘာမှမဖြစ်ဘူး ရတယ်. . ရတယ်၊ ဦးရဲဝံ့ မိခင်ဆုံး တာပါ၊ ဦးရဲဝံ့ကို အမြန်ဆုံးပြန်လာဖို့ ခေါ်နေတာပါ"

နုနန္ဒာက လှမ်းပြောသည်။

ရဲဝံ့က ဘာလုပ်ရမှန်းမသိ။ ဒရင်းဘက်ပေါ်က ဗိုင်ယာ စာအုပ်ကလေးကိုတွေ့လိုက်ရသည်. . စာအုပ်သစ်ကလေး တောင်ကြီးတုန်းက မိုး ဝယ်ခိုင်းသဖြင့် ဝယ်ပေးခဲ့သော စာအုပ် ကလေး မိုးဘဝ၏ စာမျက်နှာများဖြစ်ပေမည်။ ကျေးဇူးတရား ကြောင့် တုံ့ပြန်မှုမျိုး သူမလိုချင်။ နုနန္ဒာ၏ တုံ့ပြန်မှုကိုသာ. . သူ လိုချင်သည်။

ယောကျ်ားတွေကို မုန်းတီးသော နုနန္ဒာ၏ အစွဲအလမ်း ကို သူဖျောက်ဖျက်ပေးချင်သည်။ နုနန္ဒာ၏ဘဝကို သူ၏ မေတ္တာ ရေစင်နှင့် ပက်ဖျန်းပေးချင်သည်။

"ဦးရဲဝံ့ ရှင့်ကို ကျွန်မပြောပြီးပြီနော်"

"ကောင်းပါပြီ၊ ဒါဖြင့်. . ကျွန်တော်ပြန်လိုက်ပါဦးမယ် ဒါပေမယ့် ညနေလေးနာရီခွဲလောက်မှာ ကိုကျော်ကျော်နဲ့မဆွေ ကို ကျွန်တော်တစ်ခေါက်လာကြိုပြီး ပြန်ပို့ပေးပါ့မယ်၊ သွားမယ် နော် မဆွေနဲ့ နုနန္ဒာ"

စာအုပ်ကိုအသာယူကာ ဧည့်ခန်းထဲမှ ထွက်ခဲ့လေ သည်။

ဆွေဆွေမာက ထွက်လာပြီး တိုက်ခန်းတံခါးကို ဖွင့်ပေး ရင်း. . .





"အားနာလိုက်တာ ဦးရဲဝံ့ရယ်"

"အားမနာပါနဲ့၊ ကျွန်တော် နားလည်ပါတယ်၊ ဒီစာအုပ် ကို ကျွန်တော်ယူသွားမယ် ဆွေ"

"ဘာဖြစ်လို့လဲ"

"ဒီထဲမှာ ကျေးဇူးတရားတွေနဲ့ ရစ်ပတ်နှောင်ဖွဲ့မှု ပါနေ တယ်၊ ကျွန်တော် အဲဒါတွေ မလိုချင်ဘူး၊ နုနန္ဒာကို ကျွန်တော်ရဲ့ ဘဝထဲ ရောက်ရှိလာဖို့ ကျွန်တော်ကြိုးစားမယ်၊ သန့်စင်စွာနဲ့ ကြိုးစားမယ်၊ ဘာအနှောင်အဖွဲ့. . ကျေးဇူးတရားကိုမှ မလိုချင် ဘူး၊ ညနေစောင့်နေပါ. . ကျွန်တော်လာကြိုပြီးပို့ပေးမယ်"

"အခက်အခဲရှိရင် နေပါစေ"

"ကိစ္စမရှိပါဘူး၊ ကျွန်တော်ရောက်အောင် လာမှာပါ"


ရဲဝံ့သည် ပြောပြောဆိုဆိုနှင့် ဆင်းခဲ့လေသည်။ သူ့စိတ် ထဲ၌ မေမေနှင့် နုနန္ဒာတို့ ထိပ်တိုက်တိုးလေပြီဟု အတတ်သိ လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၃)

"ကျုပ်ကို ရဲဝံ့ဆိုတဲ့လူရဲ့ မေမေက စော်ကားလိုက်တယ်၊ မိဆွေ"

"ဘယ်လို စော်ကားတာလဲ"

"မင်းဆီမှာ ရဲဝံ့ရှိနေတယ် မဟုတ်လားတဲ့၊ ဒါက ပထမဦးဆုံး စော်ကားမှု၊ နောက် စော်ကားမှုက မင်းနဲ့ရဲဝံ့ ပတ်သက်စရာအကြောင်းမရှိတော့တဲ့အတွက် ရဲဝံ့ကို အမြန်ဆုံးပြန်လွှတ်ပေးလိုက်ရင် အကောင်းဆုံးပဲတဲ့လေ၊ ဘယ်လောက်ခံပြင်းစရာ





ကောင်းသလဲ၊ ကျုပ်က ဦးရဲဝံ့ ကျုပ်ကိုဘယ်လိုအကူအညီပေးထားမှန်း မသိလိုသာ အတတ်နိုင်ဆုံး သည်းခံလိုက်ရတယ်"

ဆွေဆွေမာက ငြိမ်သက်၍ နားထောင်နေပြီးမှ . .

"သူတို့က ချမ်းသာလို့ ဂုဏ်မောက်တာနေမှာပါ၊ သူ့သားနဲ့ ရှင်နဲ့ကို မတူဘူး၊ မတန်ဘူးလို့ ထင်နေမှာပေါ့"

အဆင်း၌ ဘီးတပ်ပေးလိုက်မိလေသည်။ ဘာပဲဖြစ်ဖြစ် ဆွေဆွေမာက သူငယ်ချင်းကောင်းစားရေးကို တွေ့မြင်ချင်သည်။ ရဲဝံ့လိုလူမျိုးနှင့် နုနန္ဒာရသွားမည်ဆိုလျှင် နုနန္ဒာဘဝအတွက် စိတ်ချရမည်။ ရဲဝံ့သည် နုနန္ဒာအပေါ် စွဲစွဲလမ်းလမ်းကို ချစ်စိတ်ဝင်နေသည်မှာ သိသာထင်ရှားနေပြီ။

"သူတို့ သိပ်ချမ်းသာသလား၊ ချမ်းသာတာ ဘာလုပ်ရမှာလဲ၊ လောကကြီးမှာ လူချမ်းသာဖို့ထက် စိတ်ချမ်းသာဖို့ဟာ အရေးကြီးပါတယ်၊ ကျုပ်ဘဝမှာ စိတ်ချမ်းသာမှုကိုပဲ လိုချင်ပါတယ်၊ ကျုပ်နေတတ်အောင်နေပြီး ပျော်စရာလေးတွေကို ရှာဖွေပြီး နေပေမယ့် ဒါတွေဟာ တဒင်္ဂပါပဲ၊ ဒါထက် ရှင်သိသလောက် ပြောပြပါဦး၊ သူတို့နဲ့ကျုပ် ဘယ်လို ပတ်သက်တာလဲ"

"ဒါတော့ ဦးရဲဝံ့အသိဆုံးပဲဖြစ်မှာ ကျုပ်သိရသလောက်တော့ ဦးရဲဝံ့ကားနဲ့ ရှင့်ကားတိုက်မိမလိုဖြစ်ပြီး ရှင့်ကားက မိုင်တိုင်နဲ့ ဝင်ကျိုးတယ်၊ အဲဒီမှာ ဦးရဲဝံ့က ရှင့်ကို ကားထဲက ဆွဲထုတ်ပြီး ကယ်တင်ခဲ့တယ်၊ ရှင်အတိတ်မေ့သွားတယ်၊ သူတို့က စောင့်ရှောက်ထားပြီး ရှင့်ရဲ့လိပ်စာကိုရှာဖွေပြီး ဒီကို ပြန်ပို့ပေးတယ်"

"ဩော် . . ဒါဖြင့် သူတို့က ကျုပ်ကျေးဇူးရှင်ပေါ့"

"ဟုတ်တယ် ရှင် ဒေါ်ပိုတောက် ဘာပြောပြော သည်းခံ



www.burmeseclassic.com

www.burmeseclassic.com



ရမယ်"

"ဒေါ်ပိတောက် ဆိုတာ"

"ဦးရဲဝံ့ အမေလေ"

"စကားပြောတာ မောက်မာတယ်နော်"

"ဪ အဖိုးတန်တဲ့ တစ်ဦးတည်းသော သားရှင်လေ ကွယ်"

"မဆိုင်ပါဘူးကွယ်၊ သူလည်း မိန်းမ၊ ကျုပ်လည်း မိန်းမ ပဲ၊ မိန်းအချင်းချင်း နှိမ်ချဖို့တော့ မကောင်းပါဘူး၊ သူတို့ ကျုပ် အတွက် ဘယ်လောက်ကုန်ကျထားသလဲ၊ ကျုပ်အကုန်ပြန် ဆပ်မယ်"

နုနန္ဒာ၏ ပင်ကိုယ်စရိုက်ကတော့ ပြန်လည်အသက် ဝင်လာပြီဟု ဆွေဆွေမာကတွေးဆကာ သက်ပြင်းချလိုက်ပြီး. .

"ငွေကြေးကတော့ ဟုတ်ပါပြီ၊ သူတို့ရဲ့ စေတနာနဲ့ မေတ္တာကိုကြတော့ ရှင်ဘယ်လိုနည်းနဲ့ ဆပ်မလဲ"

နုနန္ဒာ တွေဝေသွားသည်။ ဟုတ်ပေသားပဲ။

"ဒီအတွက်တော့ ကျုပ်စဉ်းစားဦးမယ်"

"တော်တော်ခေါင်းမာတဲ့ မိနုပဲ၊ ရှင့်ကို ဦးရဲဝံ့က ကြွေ နေပုံပဲ"

"မပတ်သက်ချင်ဘူးကွာ၊ ယောကျ်ားတွေနဲ့ လုံးဝမပတ် သက်ချင်တော့ဘူး၊ ဒါထက် ကျုပ်တို့ဖြေထားတဲ့ တရားရေးဝန် ထမ်းက ဘယ်တော့ ရီဇတ်ထွက်မှာလဲ"

"ရှေ့အပတ်ထဲ ကြားတယ်"

"အောင်ရင် ဗိုင်ဘာဖြေရဦးမှာပေါ့"





"အေး. . ရှင်ကတော့ ရမှာပါ၊ ရှင်ဖြေနိုင်တာပဲ၊ ကျုပ် သာ. ."

"ရှင်က ဘာပူနေမလဲ၊ ရှင့်ယောကျ်ားသင်္ဘောလိုက်လို့ ရတဲ့ ဒေါ်လာတွေကို ထိုင်စားနေရင်း ရန်ကုန်မှာပဲ ရှေ့နေလိုက် ပေါ့"

"ရှင်က အိမ်ထောင်စုအရေးတောင် တော်တော်အ ကွက်ချတတ်နေပြီပဲ၊ စိတ်ဝင်စားလာပြီ ထင်တယ်"

နုနန္ဒက မဲ့ကာ ပခုံးတွန့်လိုက်သည်။

"ဝေးပါသေးတယ်၊ ကျုပ်လျှောက်ရမယ့်လမ်းကို ကျုပ် ရွေးချယ်ပြီးသားပါ၊ လျှောက်လှမ်းတတ်အောင် လေ့ကျင့်ရမှာ ပေါ့"

"ကိုင်း. . မချော နားလိုက်ဦး"

"ဟင်. . နာရီလေးက လှလိုက်တာ၊ ရှင့်နာရီလား"

"ဘယ်ကသာ ရှင့်နာရီပဲ ဖြစ်မှာပေါ့၊ ရှင့်အိတ်ထဲ တွေ့ တာပဲ"

"ဒါဖြင့် ကျုပ်နာရီဟောင်းကော"

နာရီဟောင်းကို ဟိုရှာဒီရှာလုပ်သည်၊ မတွေ့ရချေ။ ဒီ နာရီအသစ်ကလေးကို မပတ်ဘဲ ဘာကြောင့်လက်ကိုင်အိတ်ထဲ ထည့်ထားရတာလဲ။

နုနန္ဒာက တစ်ကိုယ်တည်း ပြောသလို ပြောလိုက်ပြီး. .

"တော်ပြီကွာ. . ခေါင်းမူးတယ်၊ ကျုပ်နားတော့မယ်"

"အဲဒါ ရှင်ရဲ့ ဦးရဲဝံ့ပေးထားတာပဲ နေမှာပေါ့၊ နောက် ပြီး ရှင့်ရဲ့ကားကိုလည်း တောင်ကြီးက ဝယ်ရှာမှာပဲ ပြင်ပေးထား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အကောင်းပကတိဖြစ်လာရင် ရှင့်ဆီကို အရောက်ပို့ပေး ဦးမှာတဲ့၊ ပျားပိတုန်းတစ်ကောင်တော့ ရစ်ဝဲနေပြန်ပြီ၊ ရှင်. . ဘယ်လိုသဘောထားမှာလဲ မိနု"

ကျွန်မသည် ခုတင်ထက်ဝယ် မှောက်လိုက်ပြီး. . မေး ထောက်ကာ မိဆွေအား ကြည့်လိုက်သည်။

"ဦးရဲဝံ့တဲ့လား၊ ဟင်း. . ဟင်း. . ကျုပ်အနေနဲ့ကတော့ ပိုက်ကွန်ထဲ တိုးဝင်လာတဲ့သားကောင်ကို အလွတ်ပေးရိုး ထုံးစံ မရှိဘူး၊ ဒါပေမယ့် သူ့ကို ချွင်းချက်အနေနဲ့ ကျုပ်ချမ်းသာပေး လိုက်ပါ့မယ်၊ သူဟာ ကျုပ်ရဲ့ အသက်သခင် ကျေးဇူးရှင်ဖြစ်နေ တယ် မဟုတ်လား၊ အဟင်း နှမြောစရာတော့ အကောင်းသား လိုတရမင်းသားလို သားကောင်ကြီးမျိုးရဲ့ ဝေဒနာရပ်ကိုကြည့်ပြီး ခံစားရတာ ပိုပြီးချိုမြိန်မယ် ထင်တယ်နော် မိဆွေ"

"တော်စမ်းပါဟာ အရည်မရ အဖတ်မရပဲ၊ ကိုယ့်ရဲ့ ဂုဏ်သိက္ခာကို အထိပါးခံပြီး ကလဲ့စားချေတယ်ဆိုတာ အမှန် တော့ ဘယ်သူထိခိုက်နစ်နာသလဲဆိုတာ ရှင်စေ့စေ့တွေးကြည့် လေ"

"တော်စမ်းပါ မိဆွေ၊ ရှင် မခံစားဘူးသေးတော့ ပြောမှာ ပေါ့၊ အပြစ်မဲ့တဲ့ ရင်သွေးနဲ့ မိန်းမကို စွန့်ပစ်တဲ့ ယောကျ်ားသား တွေရဲ့မျက်ရည်စက်တွေကို ကျုပ်မြင်နေရမှ ကျုပ်ခံစားနေရတဲ့ ဝေဒနာတွေ လျော့ပါးနိုင်မယ်၊ ရှင် ကျုပ်ကိုတရားမပြနဲ့"

"အေး ကောင်းကင်ကိုမော့ပြီး တံတွေးနဲ့ထွေးရင် ဘယ် သူ့ဆီပဲ ရောက်မလဲဆိုတာ ရှင်စဉ်းစားပါ"

"မိန်းမတွေရဲ့ အနှိမ်ခံဘဝကို ကျုပ် လက်မခံနိုင်ဘူး





ဆူးကျလည်းဖက်၊ ဖက်ကျလည်း ဖက်တဲ့လား၊ လုံးဝမတရားဘူး ကွာ၊ မိန်းမသားတွေရဲ့ နစ်နာမှုကို ကျုပ်တို့ ကယ်တင်ရမယ်၊ အလုပ်အကိုင်ကြတော့ ယောကျ်ားတွေနဲ့ ရင်ဘောင်တန်းပြီး လုပ်ရတယ်၊ အိမ်မှုကိစ္စကိုလည်း ပိုတောင် ထမ်းဆောင်ရသေး တယ်၊ သကောင့်သား အတ္တသမားတွေက အိမ်ထောင်ဦးစီးဆိုပြီး အိမ်ဦးခန်းမှာ မိန့်မိန့်ကြီး၊ ဟင်း. . အိမ်ရှင်မတွေရဲ့ ပျော့ကွက် ဟာကွက်တွေကို ရမယ်ရှာပြီး အပြစ်တင်တတ်သေးတယ်. . ၊ တော်ပြီကွာ ဆက်ပြောရမှာ အော့နှလုံးနာတယ်၊ ကျုပ်ကို တရား မပြနဲ့. . ကျုပ်ကို ဘယ်သူမှ စမလာပါစေနဲ့၊ ကျုပ်ဘာသာကျုပ် နိုင်ငံတာဝန် ထမ်းဆောင်ပြီး အေးအေးဆေးဆေး နေပါရစေ တော့၊ ဦးရဲဝံ့နဲ့ပတ်သက်ပြီး ကျုပ်ဘဝအတွက် ဒီနေ့ဟာ နောက် ဆုံးပဲ ဖြစ်စေချင်တယ်၊ ကျုပ်ကို ရှင်နားလည်ရင် ဦးရဲဝံ့ကို ပြောပြ လိုက်ပါ"

ကျွန်မရဲ့ နှလုံးသားတို့သည် ထုံကျဉ်လျက်ရှိသည်။ ဦး ထွန်းမြတ်စံကို နာကြည်းမှုက ကျွန်မတစ်သက် ယောကျ်ားများ ကို စက်ဆုပ်ရွံရှာ မုန်းတီးစိတ်က ဖြစ်ပေါ်လျက်ရှိသည်။

ကျွန်မတင်လားဆိုတော့ မဟုတ်။

ကျွန်မ မိခင်နှင့် အစ်မများကလည်း ထို့အတူပင်။

ကျွန်မ မိခင်ဆိုလျှင် ဦးထွန်းမြတ်စံ စွန့်ပစ်သွားကတည်း က ယောကျ်ားတွေနှင့် မပတ်သက်စေသည့် ဘော်လီ၊ ဘရာစီ ယာ၊ အတွင်းခံဘောင်းဘီ၊ စကတ်နှင့် မိန်းမများ လစဉ်အသုံးအ ဆောင်ပစ္စည်းများကို ရောင်းချသော ဆိုင်ကို ဖွင့်ရောင်းချပြီး သမီးသုံးယောက်အတွက် ဘဝကို ကြံ့ကြံ့ခံ ရှုန်းကန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အစ်မများကလည်း ထို့အတူပင်။ မမကြီးကလည်း တက်တင်းပဝါ၊ အင်္ကျီ၊ သိုးမွေးပုဝါ၊ အင်္ကျီများကို ရောင်းချသောဆိုင်နှင့် မေမေ၏လက်ငုတ်လက်ရင်းဆိုင်ကို ပူးတွဲရောင်းချသည်။

မမလတ်ကလည်း အိမ်အလှဆင်ပန်း၊ ပန်းအိုးဆိုင်နှင့် မေမေ၏ လက်ငုတ်လက်ရင်းဆိုင်ကို ပူးတွဲလုပ်ကိုင်လျက်ရှိသည်။

မေမေ၏ လက်ရှိဆိုင်ကို ကျွန်မအတွက် အစ်မများထရည်စူးပြီး စိတ်ချရသူအငှားနှင့်ထားပြီး ပူးတွဲကြီးကြပ်ခဲ့သည်။ ထိုဆိုင်မှရသောငွေကို မေမေလိုအပ်သည်တို့ကို ဖြည့်ဆည်းပေးခြင်းနှင့် ကျွန်မ လိုအပ်သည့်တို့ကို ပံ့ပိုးပေးသည်။

ကျွန်မဘဝ၌ မိခင်နှင့်အစ်မများ၏ ကျေးဇူးတရားကလွဲ၍ ဘာမှမရှိ၊ မသိဟု နှလုံးသား၌ ပန္နက်ချပြီးသားဖြစ်သည်။

မေမေက သူ့ခင်ပွန်းကို စိတ်နာခဲ့သည်။

အစ်မများနှင့် ကျွန်မ ဖခင်ဟု လူမှုဘဝသတ်မှတ်ချက်အရ သတ်မှတ်နေရသေးသည့် ဦးထွန်းမြတ်စံအပေါ် နာကြည်းမုန်းတီးသည်မှာ ရိုးတွင်းချဉ်ဆီအထိ စိမ့်ဝင်နေခဲ့သည်။

မေမေနှင့် အစ်မများကတော့ သူတို့မုန်းတီးသော . . ယောကျ်ားများကို ရှောင်ရှားပြီး အေးအေးဆေးဆေး နေခဲ့ကြသည်။

ကျွန်မ နှုန်းနှုန်းကတော့ ထိုသို့မဟုတ်။

ကျွန်မ အေးအေးဆေးဆေးနေပါလျက် ကျွန်မအပေါ်ရစ်ဝဲပြီး စိတ်အနှောင့်အယှက်ပေးလာသူများကိုတော့ နည်းနည်း





တော့ ပညာပေးလိုက်သည်။

ထိုယောကျ်ားများ နွားကျမှုကို ပြုံးကြည့်ပြီး ကျွန်မ၏နှလုံးသားမှာ ကျောက်တည်နေသော မုန်းတီးစိတ်များကို လျော့ပါးသက်သာအောင် ဖန်တီးပြီး ကျေနပ်ခဲ့သည်။

ငါးပုံတစ်လှည့်၊ ငါးပျံတစ်လှည့်၊
ကုံကင်းတစ်လှည်း၊ ထင်းတစ်လှည့်၊
ဦးသူအနိုင်ယူစတမ်းပေါ့။

ယနေ့ထက်ထိတော့ မုန်းတီးစက်ဆုပ်ရွံရှာဖွယ်ကောင်းသော ယောကျ်ားအချို့၏ ပျော့ညံ့မှုကြောင့် . . ကျွန်မ၏ အလှအယာကွန်ရက်၌ ငြိပါနွားကျခံပြီး ဒုက္ခရောက်သွားရခြင်းကို ကျွန်မသည် သာယာငြိမ့်ညောင်းသော တေးဂီတတစ်ပုဒ်ကိုနားထောင်ရင်း အရသာရှိရှိ ခံစားနေရသည်နှယ်၊ ကျေနပ်ကာ ပီတိဖြင့် အောင်ပွဲများကို ဆက်တိုက်ခံနိုင်ခဲ့သည်ပင်။

"မိနု"

"ဘာလဲဟာ နားချင်ပါပြီဆို"

"သူရိန်ဇော်အတွက် ရှင်မခံစားရဘူးလား"

"အဟင်း. . တော်တော်နွားကျတဲ့ကောင်လေး၊ မိန်းမတစ်ယောက်က မချစ်နိုင်တာနဲ့များ မူးယစ်ပြီး ကိုယ့်သေတွင်းကိုယ်တူးတဲ့အဖြစ် ရောက်ရတယ်လို့ . . ကျွတ် . . ကျွတ် သနားတယ်ကွာ"

ကျွန်မ၏ မချိုမချဉ်အပြောကို မိဆွေက မကျေမနပ်ကြည့်ပြီး . . .

"တော်စမ်းမိနု၊ ရှင် ရူးနေပြီသိလား၊ ရှင် စိတ်ရောဂါ



www.burmeseclassic.com

www.burmeseclassic.com



အထူးကုနဲ့ပြဖို့ လိုပြီ၊ ကျုပ်အတွက်တော့ သင်ခန်းစာပဲ၊ ကျုပ်သားကို နွားမဖြစ်ဖို့ ကျုပ်ကောင်းကောင်း ထရိန်နင်းပေးဖို့ ဆုံးဖြတ်လိုက်ပြီ"

"အိုကေ. . ဒါမိခင်ကောင်းတွေရဲ့ တာဝန်ပဲ၊ ကျုပ်အိပ်ချင်ပြီကွာ၊ တစ်ဆိတ်ကျေးဇူးပြုပြီး ရှင်ပြန်သွားချိန်အထိ ကျုပ်မနိုးသေးရင် တံခါးပိတ်ပေးသွားပါ၊ ဦးရဲဝံ့ဆိုတဲ့ ယောကျ်ားရင့်မကြီးကိုလည်း ပြောလိုက်ပါ၊ အသက်ရှည်ချင်သေးတဲ့ ကျုပ်အသက်ကို ကယ်တင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့၊ ဒါပေမယ့် ဘာမှဆက်သွယ်စရာ အကြောင်းမရှိတော့ပါဘူးလို့. . နှုတ်ဆက်ဂွတ်နိုက် ကျုပ်အိပ်ပြီ"

ကျွန်မ အမှန်တကယ်ပင် အိပ်ချင်နေပြီဖြစ်ရာ၊ မျက်ခွံ တံခါးကို ပိတ်လိုက်သည်နှင့် အိပ်ပျော်ခြင်းသို့ ရောက်ရှိသွားလေသည်။

ဆိုးရွားသော အိပ်မက်ဆိုးတို့ ဆက်မက်နေဦးမည်ပင်၊

မီးတွင်းထဲ၌ မွေးကင်းစကလေးကိုပိုက်ပြီး မျက်ရည်လှူနေသော မိန်းမသားတစ်ဦးနှင့် ရက်စက်စွာ ကျောခိုင်းသွားသော ယောကျ်ားရင့်မကြီးတစ်ဦး၏ ပုံရိပ်အိပ်မက်ဆိုး။

မွေးကင်းစ ကလေးတစ်ဦး ငိုရှိုက်သံ။







# အခန်း (၂၄)

"သား မအိပ်သေးဘူးလား"

လသာဆောင်၌ ထိုင်ရင်း လဆန်းရက်၏ လကွေးကွေးကိုလည်းကောင်း၊ ကြယ်တာရာအပေါင်း၏ လင်းလက်မှုကိုလည်းကောင်း အမိပ္ပါယ်မဲ့ ငေးကြည့်ရင်း ရင်ထဲခံစားနေရသော ဝေဒနာကို ငြိမ်းအေးအောင် ဖန်တီးနေသည့် ရဲဝံ့အနီးသို့ မိခင်ဒေါ်ပိတောက် ရောက်ရှိလာသည်။

"မအိပ်ချင်သေးဘူး မေမေ"

"သားရဲ့အလုပ်ကိစ္စတွေပြီးရင်. . မေမေတို့ပြန်ကြရ



www.burmeseclassic.com

www.burmeseclassic.com



အောင်လားသား"

"မနက်ဖြန်ချိန်းထားတဲ့ကိစ္စပြီးရင် ညဘက်ပဲ ပြန်ကြတာပေါ့ မေမေ"

မိခင်စိတ်ချမ်းသာစေရန် ရဲ၀ံ့က ပြောလိုက်ရသော်လည်း တကယ်တမ်းတော့ သူ မပြန်ချင်သေးပါ။ သူ့စိတ်အလှည့်သည် နုနန္ဒာထံ၌ ရစ်ဝဲနေလေပြီ။

"မနက်ဖြန်မနက်စောစော. . ရွှေတိဂုံဘုရား သွားဖူးရအောင်သား၊ စောစောအိပ်တော့လေ"

"ဟုတ်ကဲ့ မေမေ"

ရဲ၀ံ့အိမ်ထဲသို့ ဝင်သွားသည်။ ဒေါ်ပိတောက်က သားဖြစ်သူ၏ နောက်ကျောကိုကြည့်ပြီး သက်ပြင်းချလိုက်သည်။

သားလှရွှေသွေးကို အမြဲမျက်ခြည်မပြတ်ကြည့်နေသော မိခင်ပေပဲ၊ သား၏အမူအရာ ပျက်ယွင်းနေမှုကို ကောင်းစွာရိပ်မိသိရှိနေသည်။ မတတ်နိုင်။

နုနန္ဒာလို မိန်းမမျိုးနှင့်တော့ သားကို လုံးဝသဘောမတူနိုင်. . .။

သားက ရိုးသားသန့်စင်လွန်းလှသည်။ သား၏အသည်းနှလုံးသည် အစွန်းအထေးမရှိ ပကတိဖြူစင်သန့်ရှင်း လတ်ဆတ်နေသည်။

နုနန္ဒာလို မိန်းကလေးက ကကြိုးဆယ့်နှစ်မျိုး စုံလင်စွာကတတ်သည်။ သမ္မာရင့် မာယာကဝေမလေး။

သား၏ နှလုံးသွေးကို သောက်သုံးပြီး အောင်ပွဲသဘင်ပျော်ရွှင်စွာ ကျင်းပမည့် "စိတ္တဇမာယာရှင်မ" ဟု ဒေါ်ပိတောက်





နားလည်ခံယူကာ ကမ္ပည်းတင်ထားသည်။

ဒေါ်ပိတောက်သည် လသာဆောင်တံခါးကို ပိတ်လိုက်ပြီး မိမိအိပ်ခန်းထဲသို့ ဦးတည်လိုက်သည်။

သားဖြစ်သူ၏ အိပ်ခန်းကို လှမ်းကြည့်လိုက်တော့ ညအိပ်မီးရောင်မှုန်ပြပြကိုသာ လှမ်းမြင်လိုက်ရသည်။ တံခါးလည်း ပိတ်ထားသည်။

သားအိပ်ပျော်မည်။ မပျော်မည်ကိုတော့ သူ မပိုင်စိုးနိုင်ပါ။ ဒေါ်ပိတောက်အိပ်ခန်းထဲသို့ ဝင်လိုက်ပြီး တံခါးကိုပိတ်လိုက်သည်။

မိခင်၏ တံခါးပိတ်သံကြားလိုက်ရတော့မှ ရဲ၀ံ့ သက်ပြင်းချလိုက်သည်။ အလွတ်ရနေသော နုနန္ဒာ တယ်လီဖုန်းနံပါတ်ကို နှိပ်လိုက်သည်။

"ဟဲလို"

"မိုး"

"ဘယ်ကိုဆက်တာပါလဲ၊ ဖုန်းမှားနေပြီထင်တယ်"

"ဆောရီး နုနန္ဒာ၊ ကိုယ် နုနန္ဒာဆီ ဆက်တာပါ"

"ဒါဖြင့် မိုးဆိုတာက"

"ကိုယ်တို့ဆီမှာနေတုန်းက နုနန္ဒရဲ့ နာမည်မသိသေးခင်က ကိုယ်ပေးထားတဲ့ နာမည်ပါ နုနန္ဒာ"

"မိုး. . တဲ့လား၊ ဘာဖြစ်လို့ အဲဒီနာမည်ကို ရှင်က ပေးထားရတာလဲ"

"မိုးသဲသဲမဲမဲမှာတွေ့လို့ပါ၊ ပြီးတော့ မိုးဆိုတာ လူတိုင်းအတွက် မရှိမဖြစ်လိုအပ်တဲ့ မိုး မဟုတ်လား၊ မိုးကိုအသုံးဝင်သော



www.burmeseclassic.com

www.burmeseclassic.com



လူသားတစ်ဦးဖြစ်စေချင်တဲ့ဆန္ဒနဲ့ မိုးလို့ အမည်ပေးထား
တာပါ"

"အဟင်း. . ဟင်း. . ရှင်က တော်တော် စိတ်ကူးယဉ်
ဆန်တာပဲ၊ နုနန္ဒာဟာ ဘယ်လိုနည်းနဲ့မှ မိုး ဖြစ်မလာနိုင်ပါဘူး
ကိုင်း. . ဒါတွေထားပါတော့၊ ဆိုပါဦး ဖုန်းဆက်ရတဲ့ ကိစ္စ"

နုနန္ဒာ၏ ကြည်လင်အေးမြသော အသံမှာ မာကြော
လေပြီ။ မာန်ဝံ့နေသည်။ ရဲဝံ့ သက်ပြင်းချကာ. . .

"ညနေက ကိုယ်ရောက်လာသေးတယ်၊ မိုး အိပ်နေတာ
နဲ့"

"ကျေးဇူးပြုပြီး ကျွန်မရဲ့ အမည်ကိုပဲခေါ်ပါ ဦးရဲဝံ့"

"ကောင်းပါပြီ၊ ကျွန်တော်လာတော့ နုနန္ဒာ အိပ်ပျော်
နေပြီဆိုတဲ့အတွက် ကျွန်တော် မနှုတ်ဆက်ခဲ့ရဘူး"

"ကိစ္စမရှိပါဘူး၊ မိဆွေက ပြောမပြဘူးလား"

"နုနန္ဒနဲ့ ကျွန်တော်ပတ်သက်စရာ အကြောင်းမရှိတော့
ဘူးလို့မှာတဲ့အကြောင်း ပြောပြပါတယ်"

"ဟုတ်ကဲ့ ဒါ ကျွန်မရဲ့ ဆန္ဒအမှန်အကန်ပါပဲ"

"ဒါပေမယ့် ကျွန်တော့်ဘက်မှာ ပတ်သက်စရာ ရှိနေပါ
တယ်"

ရဲဝံ့က စိတ်လှုပ်ရှားစွာ ပြောလိုက်သည်။

"ဘာကိစ္စများ ရှိသေးလို့လဲ"

"ရှိတယ်၊ ကျွန်တော် နုနန္ဒနဲ့ ဝေးပြီး မနေနိုင်ဘူး"

"ဒီမှာ ဦးရဲဝံ့၊ ကျွန်မအသက်ကို ကယ်တင်ခဲ့တဲ့ ကျေးဇူး
ကို ထောက်ထားပြီး ခုလောက်အထိ လက်ခံစကားပြောနေတယ်





လို့ မှတ်ပါ၊ ကျွန်မ ဘယ်ယောက်ျားနဲ့မှ နီးနီးကပ်ကပ် မနေချင်
ဘူး၊ တားမြစ်တဲ့ကြားက အနားကပ်လာတဲ့လူတွေအတွက်
ကျွန်မဘက်ကပေးမယ့် တုံ့ပြန်မှုက မုန်းတီးမှုပဲဆိုတာ. . . ရှင်
သဘောပေါက်ထားရင် ကျွန်မဆီ ဆက်သွယ်မှုကို ရှင် ရပ်ဆိုင်း
လိုက်ပါ၊ ဒါပါပဲ"

ဂျလောက်ဟူသော တစ်ဖက်မှ ဖုန်းချသံသည် ရဲဝံ့နှလုံး
သားကို ဓားသွားနှင့် ခုတ်ထစ်လိုက်သည့်နှယ် ခံစားလိုက်ရသည်။

နုနန္ဒာကို ချဉ်းကပ်ဖို့ မလွယ်ကူပါလား။

သူကလည်း နုနန္ဒာကို စွဲစွဲလမ်းလမ်း ချစ်မိနေလေပြီ။

ပန်းရှိရာသို့ ရစ်ဝဲရမှာက ပျားပိတုန်းများ၏ ဘဝပေး
တာဝန် တစ်ရပ်ပေပဲ။

ရဲဝံ့အားမလျှော့ပါ။ တယ်လီဖုန်းထပ်ဆက်လိုက်သည်။

"ဟဲလို"

နုနန္ဒာ၏အသံ. . .

"မိုး"

ဂျလောက်။

ဖုန်းချသွားသည်။ ရဲဝံ့ထပ်မံ၍ နုနန္ဒာ၏ တယ်လီဖုန်း
နံပါတ်ကို ထပ်နှိပ်သည်။ ဖုန်းလိုင်းဖြုတ်တောက်ထားလိုက်လေပြီ။

ရဲဝံ့ သက်ပြင်းချကာ မချိပြုံး ပြုံးလိုက်မိလေသည်။

မလွယ်ပါလား နုနန္ဒာရယ်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၅)

လက်ဖက်ရည်ကျကျကို ဖျော်နေစဉ် လျှပ်စစ်ခေါင်းလောင်းသံကြောင့် ကျွန်မ အိမ်ရှေ့ခန်းဘက်သို့ ပြေးထွက်ခဲ့သည်။

သစ်သားတံခါးကိုဖွင့်လိုက်သည်နှင့် ဟော်လန်သစ္စာပန်းရောင်စုံပန်းစည်းကြီးနှင့်အတူ ချောမောတည်ကြည်သော ယောကျ်ားတစ်ဦးကို တွေ့လိုက်ရသည်။ ထိုသူသည် ကျွန်မ၏ မနေ့ညက အိပ်မက်ဆိုးထဲက ယောကျ်ားတစ်ဦးဖြစ်သော ဦးရဲဝံ့





ပင်။

"မင်္ဂလာပါ နုနန္ဒာ၊ ကိုယ် မနက်က ဘုရားရှိခိုးနေရင်း မင်းဘုရားစင်ကို သတိရမိတယ်၊ မင်းဘုရားစင်အတွက် ဘုရားပန်းလာပို့တာပါ၊ ကိုယ် ကုသိုလ်ယူပါရစေ"

ဦးရဲဝံ့က သွားတက်ကလေးများ လှစ်ခနဲ ပေါ်သွားအောင် အပြုံးလေးနှင့် ပြုံးပြီးပြောလာသည်။

ကျွန်မ စိတ်ရှုပ်လာသည်။

ဒီလူ ဘယ်လိုလူလဲ။

"ဝမ်းနည်းပါတယ်၊ ဦးရဲဝံ့ရဲ့ ဘုရားပန်းတွေကိုလေ အင်မတန် ဆင်းရဲတဲ့ တဲကုပ်ကလေးတစ်ခုခုရဲ့ ဘုရားစင်မှာ သွားကပ်လှူလိုက်ပါလား၊ အဲဒါဆိုရင် အဲဒီအိမ်က အရမ်းဝမ်းသာသွားမှာ"

"ကိုယ်ကတော့ မထင်ပါဘူး၊ အဲဒီမိသားစုက ဒီလောက်အဖိုးတန်တဲ့ဘုရားပန်းတွေ လေးငါးခြောက်ထောင်ဖိုး လာပေးမယ့်အစား အဲ့ဒီငွေတွေ ငါတို့ကို ပေးလိုက်ရင် လေးငါးရက်စာရသွားမှာပဲဆိုတဲ့ အကုသိုလ်စိတ်ဖြစ်သွားရှာမှာပေါ့ နုနန္ဒာရယ်၊ ကဲပါ မိန်းကလေးရယ် လက်ခံပေးပါလား"

"လက်မခံနိုင်ဘူးဆိုရင်ကော"

"ကိုယ် မင်းလက်ခံလာတဲ့အထိ ရပ်စောင့်နေမှာပေါ့"

"သိပ်ကို ရှုးပေါပေါဆန်တဲ့အလုပ်ပဲ ကျွန်မ တံခါးပိတ်ထားလိုက်မယ်"

"ကိစ္စမရှိပါဘူး၊ တိုက်ခန်းက အတက်အဆင်းပြုကြတဲ့သူတွေ တွေ့သွားတော့လည်း အိပ်ပျော်နေလို့ ရပ်စောင့်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



သဘောမျိုးထင်သွားအောင် ကိုယ်တံခါးဝမှာ အေးချမ်းစွာစောင့်နေပါ့မယ်”

“ရှင် အကျပ်ကိုင်ခြင်းသက်သက်ပဲ”

ကျွန်မ ပတ်ဝန်းကျင်၏ မဲ့ရွဲ့မှုကို သိပ်မခံစားချင်။ တစ်ချိန်ချိန်၌ ကျွန်မသည် လူပုံအလယ်စင်မြင့်ထက်၌ တည်ငြိမ်ခန့်ညားစွာထိုင်၍ တရားစီရင်ရမည့် ခုံသမာဓိတရားသူကြီးတစ်ဦး ဖြစ်ရပေဦးမည်။ ဤမြို့နယ်တရားသူကြီး မဖြစ်ဟုလည်း မပြောနိုင်။

ကျွန်မသည် စိတ်ရှုပ်သော အမူအရာနှင့် သံပန်းတံခါးကို ဖွင့်ပေးပြီး ပန်းစည်းကို ကမ်းယူလိုက်သည်။

ဦးရဲဝံ့က ကျေနပ်စွာပြုံးပြီး. . .

“ကျေးဇူးတင်ပါတယ် နုနန္ဒာ၊ အေးချမ်းမှုကို အမြဲထာဝရ ပိုင်ဆိုင်နိုင်ပါစေ၊ ကိုယ် ဒီည မန္တလေးကိုပြန်မယ်၊ တောင်ကြီးကို ပြန်ရောက်လို့ မင်းရဲ့ကားပြန်ရရင် ကိုယ်ပို့ခိုင်းလိုက်ပါ့မယ်”

“ကုန်ကျစရိတ်တွေ တွက်ချက်ပေးလိုက်ပါ”

“ကိုယ့်စိတ်ကူးထဲ မရှိပါဘူး၊ ကိုင်း. . သွားမယ်”

ဦးရဲဝံ့သည် ပြုံးပြီး လှေကားပေါ်မှ တစ်ထစ်ချင်း ဆင်းသွားလေသည်။ နူးညံ့သိမ်မွေ့ပြီး အထက်တန်းကျသော ယောကျ်ားတစ်ဦး၊ တနည်းအားဖြင့် လူကြီးလူကောင်းဆန်သော ယောကျ်ားတစ်ဦး၏ ယဉ်ကျေးမှုမျိုးရှိနေသော သူတစ်ဦးပါလားဟု ကျွန်မသုံးသပ်မိသည်။ တံခါးနှစ်ထပ်စလုံး ပိတ်လိုက်သည်။

ပန်းစည်းထဲဝယ် အလုပ်အကိုင်နှင့် နေရပ်လိပ်စာကတ်





ကလေး ညှပ်၍ ပါလာသည်။

ဦးရဲဝံ့သည် ကျွန်မ၏ ဆက်သွယ်မှုကို အမြဲမျှော်လင့်နေသည့် သဘောမျိုးဖြင့် တမင်ထည့်ပေးလိုက်ခြင်း ဖြစ်မည်။ ကျွန်မက ကတ်ကို အိမ်ရှေ့စားပွဲပေါ် တင်လိုက်ပြီး ပန်းကို ရေစိမ်ပြီး ဘုရားပန်းအိုးကို လဲလှယ်ရန် ဆုံးဖြတ်လိုက်သည်။

ပန်းတွေက အများကြီးပဲ။ ကျွန်မပန်းအိုးက တစ်အိုးထဲ။ ငါးခက်လောက်ထိုးပြီး ဘုရားပန်းများကို ရွှေတိဂုံဘုရား၌ သွားကပ်ရန် စိတ်ကူးရလိုက်သည်။

ထိုစဉ် လျှပ်စစ်ခေါင်းလောင်းသံ ထွက်ပေါ်လာပြန်သဖြင့် အိမ်ရှေ့တံခါးဆီသို့ ပြေးထွက်ခဲ့ရပြန်သည်။ သစ်သားတံခါးဖွင့်လိုက်သည်နှင့်. . .

“ဟင် မမကြီး”

ကျွန်မ ဝမ်းသာသွားသည်။ ကျွန်မ မသေသေးသဖြင့် ကျွန်မအစ်မကို ပြန်လည်တွေ့ရှိရခြင်းဖြစ်သည်။ မျက်ရည်များ ပင်လည်ကာ သံပန်းတံခါးကို ဖွင့်ပြီး မမကြီး၏ ခြင်းတောင်းနှင့် အိတ်ကို ဆွဲယူပြီး အိမ်ထဲသို့ သွင်းလိုက်သည်။

မမကြီးက သံပန်းတံခါးကိုပိတ်လိုက်ပြီး. . .

“ဘယ်လိုဖြစ်တာလဲ၊ ခုတော့ အကောင်းပကတိပါလား၊ နည်းနည်းတောင် ဝလာသလိုပဲ၊ ဘာဖြစ်တာလဲ ဘာရောဂါလဲ”

ကျွန်မ၏ အဖြစ်မှန်ကို မမကြီးတို့ကို ရှင်းပြ၍ မဖြစ်နိုင်ပါ။ မမကြီးတို့က ရွှေပြည်အေးသမား. . .။

“တလောက တောင်ကြီးတက်သွားတာ အစ်မဆီဖြင့် ဖြစ်ပြီး ဘယ်ဘက်ခြေထောက်အကြောညပ်သွားတာပါ၊ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ဝန်နဲ့ပြပြီး ညွှန်ကြားချက်အတိုင်း လေ့ကျင့်ခန်းယူလိုက်တာ ကောင်းသွားပါပြီ၊ မိဆွေက သက်သက်စိတ်ပူပြီး ဖုန်းဆက်လိုက်တာ"

"ဟူး တော်ပါသေးရဲ့၊ ငါမှာ ဘာများဖြစ်သလဲလို့ စိတ်ပူပြီး ပြေးလာရတာ၊ ဘွားတော်ကြီးကတော့ပြောသား ညီမငယ်လေးဘာဖြစ်နေသလဲ နေမှကောင်းရဲ့လားလို့ သွားကြည့်ကြပါဦး၊ အိပ်မက်မက်တယ်လို့လေ. . ၊ ညီမလေးရယ် အစိုးရအလုပ်လည်း လုပ်မနေပါနဲ့တော့၊ ဘွားတော်ရဲ့ဆိုင်ကိုပဲ ကိုယ်တိုင်လာဦးစီးပါတော့၊ မမကြီးတို့လည်း သက်သာတာပေါ့"

"ဒါတော့. . ကျွန်မကို မတားနဲ့မမကြီးတို့ရာ၊ ကိုင်း. . လက်ဖက်ရည်နဲ့ ပေါင်မုန့်ထောပတ်သုပ် စားလိုက်ပါဦး"

မမကြီး မျက်နှာသစ်ခြေလက်ဆေးစဉ်. . .

"ဟဲ ရှိုးပန်းတွေလှလိုက်တာ. . အများကြီးပါလား၊ နှင်းပန်းအိုးတစ်အိုးထဲနဲ့"

"ရွှေတိဂုံသွားကပ်မလို့လေ မမကြီး"

"ကောင်းသားပဲ ငါလည်းပြုပြင်ပြီးမှ တစ်ခါမှ မရောက်သေးဘူး၊ ဒါဖြင့် ရေတစ်ခါတည်း ချိုးလိုက်တော့မယ်၊ စောစောပဲ သွားရအောင်"

"ဟုတ်"

ကျွန်မ မမကြီးကို ညာလိုက်ရသဖြင့် စိတ်ထဲ၌မကောင်းနိုင်ပါ။ ဘုရားမှာ ဆုတောင်းပြီး အာပတ်ဖြေလို့ ရနိုင်ပါက အဘယ်မျှ ကောင်းမည်နည်း။

ဦးရဲဝံ့ရယ်၊ ရှင်နဲ့ကျွန်မ ရေစက်မဆုံချင်ပါဘူး၊ ဒါပေ





မယ့် ဘုရားမှာ ရှင့်အတွက်ပဲ ဆုတောင်းပေးလိုက်မယ်၊ ဒီဘဝ ဒီမျှသာပဲ ဆုံပါရစေ၊ တပည့်တော်မ စက်ကွင်းထဲ တိုးမဝင်လာပါစေနဲ့ ဘုရား. . ဟူ၍. . . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၆)

မြတ်စွာဘုရား၊ ရေစက်မဆုံချင်ပါဘူးဆိုမှ ဘုရားရင်ပြင်တော်ပေါ်တွင် ဦးရဲဝံ့နှင့် အမျိုးသမီးကြီးတစ်ဦးကို မျက်နှာချင်းဆိုင်တည့်တည့် တိုးလေပြီ။ ဦးရဲဝံ့လက်ထဲမှာလည်း ဟော်လန်သစ္စာပန်းစည်းကြီးနှင့်ပါလား။ ဦးရဲဝံ့မျက်နှာ၌ ကျေနပ်သောပီတိအရိပ်အယောင်များနှင့်. . .

"ဟော. . နွယ်နီ"

"အန်တီပါလား"

ဦးရဲဝံ့မိခင် ဒေါ်ပိတောက်ဖြစ်ဟန် တူသည်။





ဘုရားရေ. . ၊ မမကြီးနှင့် သိနေပါလား။

"ရန်ကုန်ကို ဘယ်တုန်းကရောက်တာလဲ အန်တီ"

"လေးငါးရက်လောက်တော့ရှိပြီ နွယ်နီကော"

"ဒီမနက်ပဲ၊ ဒါ ကျွန်မတို့ ညီမအငယ်ဆုံးလေ နုနန္ဒာတဲ့. . ."

"တို့တွေသိပြီးကြပါပြီကွယ်"

ဒေါ်ပိတောက်က အေးစက်သောအပြုံးဖြင့် ကျွန်မအား ကြည့်ကာ ပြောလိုက်သည်။

"ဟင်. . ဘယ်တုန်းက"

မမကြီးက အံ့အားသင့်သွားပုံရသည်။ ကျွန်မစကားဟရန်ကြံရွယ်စဉ်မှာပင် ဒေါ်ပိတောက်က ဦးသွားသည်။

"နုနန္ဒာက နွယ်နီ့ကို ဘာမှပြောမပြဘူးလား"

"ကျွန်မ ဘာကိုသိလို့. . ဘာကိုပြောရမှာလဲ အန်တီ"

"မေမေ သူက. . ."

ဦးရဲဝံ့က သူ့မိခင်နှင့် ကျွန်မကြားသို့ ဝင်ရန်ဟန့်တားရန် ကြိုးပမ်းလိုက်သော်လည်း သူ့မိခင်က အဝင်မခံပဲ. . .

"မင်းဟာ ကျေးဇူးကန်းတတ်တဲ့ မိန်းကလေးဖြစ်မယ်မှန်းသိရင် အစကတည်းက အကူအညီမပေးခဲ့ဘူး"

"အန်တီ မမကြီး ခုမနက်ကမှ ရောက်တာပါ၊ ကျွန်မရဲ့ရောဂါဝေဒနာအခြေအနေကို ကျွန်မ ဘာမှမသိခဲ့ပါဘူး၊ ရက်နှစ်ဆယ်ကျော် ကာလအတွင်း ကျွန်မဘာတွေဖြစ်ပျက်ခဲ့သလဲဆိုတာ ကျွန်မ လုံးဝမမှတ်မိပါဘူး၊ ဒီတော့ ကျွန်မဘာမှမသိခဲ့တဲ့ အကြောင်းအရာတစ်ခုကို ကျွန်မ မိခင်နဲ့အစ်မတွေ မသိစေ



www.burmeseclassic.com

www.burmeseclassic.com



ချင်တော့တဲ့အတွက် ကျွန်မ ရုတ်တရက် ဖုံးကွယ်လိုက်မိတာပါ၊ ခွင့်လွှတ်ပါ အန်တီ”

ကျွန်မ ပြေရာပြေကြောင်း တောင်းပန်လိုက်သည်။

ထိုအခါ ဒေါ်ပိတောက်က. . .

“ကောင်းပါပြီကွယ်၊ ရက်နှစ်ဆယ်ကျော် မင်းဘဝကို မဲ့တစ်ပေါက်မစွန်းသေးအောင် ကယ်တင်ထားခဲ့တဲ့ တို့တွေရဲ့ ဆန္ဒကို မင်းလိုက်လျောပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ်”

ကျွန်မ ဒေါ်ပိတောက်ကို မုန်းတီးသွားသည်။ ကျေးဇူးရှင်တစ်ယောက်အနေဖြင့် ဘယ်လိုမှ ကြည်ညို၍မရနိုင်တော့ပါ။ မမကြီးက ကျွန်မ၏လက်မောင်းရင်းကို ဆုပ်ကိုင်လိုက်သည်။ သူဘာမှ နားမလည်သောကိစ္စအတွက် မမကြီး ဘာဝင်ပြောရမှန်းမသိဖြစ်နေသည်။ သို့သော် ကျွန်မအပေါ် ကြည့်သော ဒေါ်ပိတောက်၏ မျက်ဝန်းရိပ်များက အထင်သေးသော အရိပ်များကိုတော့ သူအကဲခတ်မိဟန်တူသည်။ သူ၏လက်ဖျားများ အေးစက်နေသည်။

“အန်တီ့ဆန္ဒက ဘာလဲ”

“မင်းဟာ. . အင်မတန်လည်လွန်းတဲ့ မိန်းကလေးပါ၊ တို့တွေရဲ့ဆန္ဒ ဘာလဲဆိုတာ မင်းသိမှာပါ”

“မေမေရယ် ဒါဘုရားရင်ပြင်တော်ပေါ်လေ၊ အပြောအဆိုတွေ ဆင်ခြင်ပါ”

ဦးရဲဝံ့က မိခင်အား ဟန့်တားလိုက်သည်။

“ရှေ့ဆက်စရာကို အကြောင်းမရှိတော့ပါဘူး၊ ဒီမှာပဲ ပြောလိုက်တာ ကောင်းပါတယ်”





“ကျွန်မလည်တယ်ဆိုတာ အန်တီအိပ်နေသလောက်ပဲ ရှိမယ်ထင်ပါတယ်၊ ကျွန်မ အန်တီ့ဆန္ဒကိုမသိဘူး၊ ထုတ်ဖော်ပြောပြပါ အန်တီ”

“ကောင်းပြီ အိမ်ရောက်ရင် တို့တွေဆန္ဒကို ဖုန်းဆက်ပြောမယ်၊ နွယ်နီ့ကိုတော့ အားနာပါတယ်၊ အန်တီကလည်း ဘွင်းဘွင်းသမား မဟုတ်လား၊ ပြဿနာတစ်ခုကို ဆွဲပြီးမထားတတ်ဘူး၊ နောက်မှ ဒီဇိုင်းဆန်းဆန်းလေးတွေ လာဝယ်ဦးမယ် သွားမယ်နော်”

“ဟုတ်ကဲ့”

မမကြီးက မကောင်းတတ်သဖြင့် “ဟုတ်ကဲ့” လိုက်ရသည်။ သူ၏ ဟုတ်ကဲ့သည် အေးစက်မာကြောနေသည်။ ညီမကိုထိတော့ မမကြီး ဘယ်ခံနိုင်မလဲ။

ဦးရဲဝံ့က မျက်နှာတစ်ပြင်လုံး နီရဲကာ ကျွန်မအား တစ်ချက်ကြည့်ပြီး မိခင်နှင့်အတူ လိုက်ပါသွားလေသည်။ ငြိမ်သက်နေသောမြွေကို ပုတ်ခတ်ပြီးလာကစားရသလား ဒေါ်ပိတောက်ရယ်၊ တွေ့ကြသေးတာပေါ့ဟု ကျွန်မရင်ထဲ ကြုံးဝါးလိုက်မိလေသည်။ မမကြီးက ကျွန်မလက်ထဲမှ ရှိုးပန်းများကို လွှဲပြောင်းယူထား၍သာ ကျွန်မပန်းများကို ရိုက်ချိုးကာ မဖျက်ဆီးမိခြင်းဖြစ်လေသည်။ အကယ်၍သာ လူသူကင်းမဲ့သောနေရာဆိုပါက ကျွန်မ၏ တုံ့ပြန်မှုသည် ယဉ်ကျေးလိမ့်မည် မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၇)

ကျွန်မတို့ အိမ်ပြန်ပြီး မကြာမီ တယ်လီဖုန်းခေါ်သံ ထွက်ပေါ်လာသည်။ မမကြီးက. . .

“ငါကိုင်လိုက်မယ်”

“နေပါစေ ကျွန်မပဲ ကိုင်မယ်၊ ကျွန်မနဲ့ မပြောလို့ပြီးမယ့် ကိစ္စမှ မဟုတ်ဘဲ၊ မမကြီးရာ”

ကျွန်မ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

“ဟဲလို နုနန္ဒာ ပြောနေပါတယ်”





“မိန်းကလေး တို့တွေမင်းကို မေတ္တာရပ်ခံချင်တာပါ”

“ဟုတ်ကဲ့ ဘာများပါလဲ အန်တီ”

“ရဲဝံ့ဟာ တို့တွေခဲရာခဲဆစ်မွေးထားရတဲ့ တစ်ဦးတည်း သောသားပါ၊ သူ့အတွက် တို့တွေအရမ်းကိုမျှော်မှန်းခဲ့ တယ်”

“ဒီအကြောင်းတွေ. . ကျွန်မနဲ့မဆိုင်ပါဘူးထင်တယ် အန်တီ”

“မင်းဟာ တို့တွေနဲ့ နေထိုင်သွားခဲ့တဲ့အကြောင်းတွေကို တယ်ပဲ မမှတ်မိတာလား မိန်းကလေး”

“တကယ်ပါအန်တီ၊ ကျွန်မ မညာတတ်ပါဘူး”

“ဒါဖြင့် စောစောက တို့တွေ့ပြောခဲ့တာ လွန်ကျူးသွား ရင်လည်း မိခင်တစ်ယောက်ရဲ့ သားဇောနဲ့ မှားမိတဲ့အမှားလို့ သဘောထားပြီး ခွင့်လွှတ်ပေးပါ မိန်းကလေး”

ယခုတော့လည်း အဆင်ချောနေပြန်ပြီ။ ဒေါ်ပိတောက် သည် တော်တော်လည်သော မိန်းမကြီး ဖြစ်ပေလိမ့်မည်။

“ဟုတ်ကဲ့ အန်တီရဲ့ ဆန္ဒသာပြောပါ”

“သားဟာ မင်းကို စွဲစွဲလမ်းလမ်းဖြစ်ပြီး လာပတ်သက် ကောင်း ပတ်သက်လာလိမ့်မယ်”

“လာပတ်သက်လာကောင်း မဟုတ်ပါဘူး အန်တီ၊ လာ ပတ်သက်နေပါတယ်”

“ဒီအတွက် မင်းလက်မခံပါနဲ့၊ ပြတ်ပြတ်သားသားပဲ ငြင်းလွှတ်လိုက်ပါ”

“ဒီအတွက်တော့ စိတ်ချပါအန်တီ. .၊ ကျွန်မက. . . စကားတွေကို အသည်းခိုက်အောင် မုန်းတီးတဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



သူတို့အပေါ် ဘယ်တော့မှ သနားလိမ့်မယ်မထင်ပါနဲ့၊ ကျွန်မ ကြောင့် အန်တီ့သား တစ်စုံတစ်ခုဖြစ်သွားမှာကို အန်တီ ကျေနပ် မယ်ဆိုရင်ပေ့ါလေ"

"ဟင်. . မင်း. . မင်း ဘယ်လိုပြောလိုက်တာလဲ"

ဒေါ်ပိတောက် ထိတ်လန့်တကြားဖြစ်သွားပုံရသည်။ သူ၏အသံသည် ပြူးပြူးပျာပျာနိုင်နေသည်။

"ကျွန်မအပေါ် အန်တီ့သားက အရှုးအမူးဖြစ်နေပြီ ဒီ အတွက် ကျွန်မ စိမ်းကားရက်စက်လိုက်ရင် သူတစ်စုံတစ်ခု ဖြစ် သွားနိုင်တယ်၊ ဒီအတွက် အန်တီ စိတ်မပူဘူးဆိုရင် ကျွန်မဘက် က အဆင်သင့်ပါပဲ အန်တီ၊ ခု. . . အိမ်ရှေ့မှာ ဧည့်သည့်တစ် ယောက်ရောက်နေပြီ အန်တီ၊ သူဟာ ဦးရဲဝံ့ပါပဲ၊ ဘုရားပေါ်မှာ အန်တီရဲ့ မယဉ်ကျေးတဲ့ဆက်ဆံမှုအတွက် သူကျွန်မကို တောင်း ပန်ဖို့လာနေတာပဲဖြစ်မှာ အန်တီ၊ မမကြီး တံခါးဖွင့်ပေးပြီ၊ ကျွန်မ နှင်ချလိုက်ရမလား"

ကျွန်မက အိမ်ရှေ့ခန်းက အသံပလံများကို မှန်းဆပြီး တိုးတိတ်ညင်သာစွာ ပြောလိုက်သည်။

"အို မလုပ်ပါနဲ့ကွယ်၊ သူ့ကိုနောက်မလာတွေ့ဖို့ ဖျောင်း ဖျပြောဆိုပြီး ပြန်လွှတ်လိုက်ပါ၊ ဖြစ်နိုင်မယ်ဆိုရင် မင်း ဒီတိုက် ခန်းကနေပြီး အခြားတိုက်ခန်းတစ်ခုကို အမြန်ဆုံး ပြောင်းပေးပါ့ လားကွယ်၊ ဒီအတွက် အန်တီအားလုံး အကုန်ကျခံ စီစဉ်ပေးပါ့ မယ်"

ကျွန်မရင်ထဲ ခံပြင်းစိတ်တို့ကို မျိုသိပ်ကာ. . .

"ကျွန်မ ဘယ်သူ့အကူအညီမှ မယူတတ်ပါဘူး၊ ကျွန်မ





ဘက်ကတော့ စိတ်ချပါ၊ ကျွန်မဘဝထဲ ဘယ်ယောကျ်ားမှ အဝင် ခံနိုင်ပါဘူး၊ အန်တီ့သားကို အန်တီနိုင်အောင် ထိန်းသိမ်းပါ၊ ဒါကလည်း ကျွန်မရဲ့အသက်ကို ကယ်တင်ပြီး စောင့်ရှောက် ထားတဲ့ကျေးဇူးကို ထောက်ထားပြီး ကျွန်မဘက်က အစွမ်းကုန် လိုက်လျောလိုက်ခြင်းပါ အန်တီ"

"ခဏနေပါဦး မိန်းကလေး၊ အန်တီ စကားတစ်ခွန်း တော့ ထပ်ပြောပြပါရစေဦး၊ အန်တီ့ဘက်က မင်းကိုချွေးမအနေ နဲ့ ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး၊ အသိအမှတ်ပြုလိမ့်မှာ မဟုတ် ဘူးဆိုတာ ကိုပါပဲ"

"စိတ်ချပါအန်တီ၊ ကျွန်မကလဲ အန်တီလို အတ္တကြီးတဲ့ အမျိုးသမီးကြီးမျိုးကို ဘယ်တော့မှ ယောက္ခမ တော်မှာမဟုတ် ပါဘူး"

ကျွန်မက ဒေါ်ပိတောက်မှ တုံ့ပြန်မှုကို. . ထပ်နားမ ထောင်တော့ဘဲ တယ်လီဖုန်းကို ချကာ ဖုန်းပလပ်ကိုဖြုတ်လိုက် လေသည်။

ကျွန်မ ဧည့်ခန်းသို့ ရုတ်တရက် မထွက်ပါ။ ဧည့်ခန်း၌ မမကြီးနှင့် ဦးရဲဝံ့စကားထိုင်ပြောနေသည်။ မမကြီးက ကျွန်မ တောင်ကြီး၌ ဘာတွေဖြစ်ပျက်ခဲ့သနည်းကို မေးမြန်းနေခြင်း ဖြစ် သည်။ ဦးရဲဝံ့က အေးဆေးစွာပြောပြသည်။

သူ့ကားနှင့်တိုက်မလိုဖြစ်ပြီး မိတ်တိုင်နှင့် ဝင်တိုက်သွား သည့် ကားထဲမှ ကျွန်မကို ကယ်တင်ကာ ဆေးရုံတင်ပေးခဲ့သည်။

ပိုက်ဆံအိတ်၊ လက်ကိုင်ဖုန်းနှင့် လိုင်စင်ပါ ကားမီး လောင်သည့်ထဲ ပါသွားသဖြင့် ကျွန်မကို ဘယ်သူမှန်းမသိရချေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် သတိရလာသော ကျွန်မက အတိတ်မေ့နေသဖြင့် သူတို့အိမ်မှာပင် စောင့်ရှောက်ပေးထားပြီး စခန်းမှူးက စုံ ခဲ့ရာမှ သဲလွန်စရပြီး ရန်ကုန်ကိုရောက်လာကြောင်း။ ထိုမှ ဆွေဆွေမာမှတဆင့် ဒီကိုပြန်ပို့ပေးပြီး မမကြီးတို့ကို အကြော ကြားခြင်းဖြစ်ကြောင်း ပြောပြနေသည်။

ဒီရောက်တော့ ဆွေဆွေမာနှင့် တိုင်ပင်ကာ ဦးနော နှင့်အာရုံကြောဆရာဝန်ကြီး စိတ်ရောဂါအထူးကုပါရဂူကြီး အိပ်မွေ့ချကာ အတိတ်ကို တူးဖော်မေးမြန်းရာမှ . . အတိတ် ပြန်သတိရသွားကြောင်း ပြောပြ ပြန်သည်။

မမကြီးက. . .

"ဦးရဲဝံ့ကို ကျေးဇူးသိပ်တင်ပါတယ်ရှင်၊ ကျွန်မညီမ ဘဝဟာ ဦးရဲဝံ့လို လူကောင်းနဲ့သာ မတွေ့ခဲ့ရင် မတွေးဝံ့စရာ

"ဒုက္ခရောက်နေသူကို ကူညီကယ်တင်ရမှာ လူတိုင်း တာဝန်ဝတ္တရားပါ ဒေါ်နွယ်နီ၊ ကျွန်တော်တို့ မိသားစုဟာ နုန ကို စေတနာအပြည့်နဲ့ ကယ်တင်စောင့်ရှောက်ခဲ့တာပါ၊ ဒါ မယ့်. . ဒီရောက်တော့ နုနနွာရဲ့ မှားယွင်းတဲ့လုပ်ရပ်တွေအ မေမေက မနှစ်မြို့တဲ့အတွက် အပြောအဆိုတွေ ရင့်သီးသွား တယ်၊ ဒီအတွက် မေမေ့ကိုယ်စား ကျွန်တော်လာရောက်တောင်း ပန်တာပါ ဒေါ်နွယ်နီ"

"ကျွန်မတို့အကြီးတွေကတော့ ဘယ်သူ့ကိုမှ အပြစ် အာဃာတတွေမထားပါဘူး၊ ညီမလေးကသာ. . . ခဏ ကျွန်မသူ့ကို ခေါ်ပေးပါ့မယ်၊ ဦးရဲဝံ့တို့ မိသားစုကို ကျွန်မ မိသားစုက ကျေးဇူးတင်ရမှာပါ၊ ညီမလေးပြောမှားဆိုမှား





တာတွေကို တောင်းပန်ပါတယ်"

"ဟာ. . မဟုတ်တာ ကျွန်တော်တို့ ကူညီခြင်းဟာ ကျေးဇူးတရားကို မျှော်ကိုးခြင်းမပါပါဘူး"

"ကိုင်း. . ခဏနော် ဦးရဲဝံ့"

မမကြီးက ဦးရဲဝံ့ကို ထားခဲ့ပြီး ကျွန်မအား လာရောက်ခေါ်သည်။

"နင် ထွက်တွေ့လိုက်ဦး ညီမလေး"

"စိတ်ရှုပ်တယ်"

"ဘာပဲဖြစ်ဖြစ် သူဟာနင့်ရဲ့ အသက်သခင်ပဲ၊ သူ့ကို ထိခိုက်နစ်နာအောင် နင်မလုပ်သင့်ဘူး"

မမကြီးက တိုးတိုးတိတ်တိတ် ကျိတ်ဆုံးမပြီး ကျွန်မအား နှင်ထုတ်လိုက်သည်။

"ငါ ကော်ဖီဖျော်လိုက်ဦးမယ်"

မမကြီးဟာ သူကိုယ်တိုင် ယောကျ်ားများနှင့် မပတ်သက်သော်လည်း ကျွန်မနှင့် ဦးရဲဝံ့အပေါ်၌ လွတ်လပ်သော တွေ့ဆုံမှုကို ဘာကြောင့် ပေးရတာလဲ။

ကျွန်မ ဧည့်ခန်းသို့ ထွက်ခဲ့သည်။

ဧည့်ခန်း၏ ပလတ်စတစ်ကုလားထိုင်ပေါ်မှာ ထိုင်နေသော ဦးရဲဝံ့အား ကျွန်မ မျက်မှောင်ချီ၍ ကြည့်လိုက်သည်။

ဦးရဲဝံ့က နှုတ်ခမ်းတွန့်ရုံပြုံးလိုက်ရင်း. . .

"မေမေ့စကားတွေအတွက်. . ကျွန်တော် နုနနွာကို တောင်းပန်ရအောင်လာတာပါ"

"ဒါတင်ပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"နုနန္ဒာကိုလည်း ကျွန်တော် အမြဲတွေ့ချင်နေပါတယ်"

"နောက်တော့ကော"

"ကျွန်တော့်စိတ်ထဲရှိနေတဲ့ စကားတွေအားလုံး ပြောခွင့်ပေးမှာလား"

ကျွန်မ ခေါင်းညိတ်ကာ ကျန်ကုလားထိုင်၌ ဝင်ထိုင်လိုက်သည်။ ပြီးတော့ ဦးရဲဝံ့ကိုခပ်တည်တည်ပင် စိုက်ကြည့်မိသည်။

ကြည့်စမ်း၊ ကျွန်မတွေ့ဖူးသော ယောကျ်ားများထဲမှာ တော်တော်ချောသော ယောကျ်ားတစ်ဦးပါလား။ ချောခြင်းအပေါ် သန့်ပြန့်ခြင်း၊ တည်ငြိမ်ခြင်းတို့ပါ ထပ်ဆင့်ထားခြင်းကြောင့် အတော့်ကိုကြည့်၍ကောင်းသော ယောကျ်ားတစ်ဦးပါလား။ အသားအရည်ကလည်း ဖြူစင်ဝင်းဖန့်နေသေးသည်။

"နုနန္ဒာကို စတွေ့ကတည်းက ကိုယ် စိတ်ဝင်စားတယ်။ မင်း ဒုက္ခရောက်နေချိန်ဖြစ်လို့ ကိုယ်ဆန္ဒတွေ ချုပ်တီးခဲ့တယ်။ ခု မင်းဒုက္ခသည် မဟုတ်တော့ဘူး၊ မင်းနဲ့ကိုယ်လဲ ပတ်သက်စရာ အကြောင်းမရှိတော့ဘူး၊ ဒါကြောင့် ကိုယ် မင်းကိုချစ်တဲ့အတွက် လက်ထပ်ပါရစေ"

"ဟင်"

ကျွန်မအမှန်တကယ်ပင် တုန်လှုပ်သွားသည်။ ကျွန်မအပေါ် သူ့ဘက်က ဤမျှအထိ မြန်မြန်ဆန်ဆန် ဖွင့်ဟပြောဆိုလိမ့်မည်ဟု လုံးဝ ထင်မှတ်မထားခဲ့။

"မအံ့ဩပါနဲ့ နုနန္ဒာ၊ မင်းကို ကိုယ်တကယ်ချစ်တာပါ။ မင်းနဲ့ကိုယ်ခွဲပြီး နေနိုင်တဲ့အင်အား ကိုယ့်မှာမရှိတော့ဘူး"





"ဝမ်းနည်းပါတယ် ဦးရဲဝံ့၊ ကျွန်မ ယောကျ်ားတွေကို မချစ်တတ်ပါဘူး"

"နုနန္ဒာ ချစ်တတ်ဖို့ မလိုပါဘူး၊ ကိုယ်က နုနန္ဒာကို အချစ်တွေပေးပြီး ထာဝရပိုင်ဆိုင်ချင်နေတာပါ"

"သိပ်စိတ်ကူးယဉ်ဆန်လွန်းပြီထင်တယ် ဦးရဲဝံ့၊ ရှင့် မိခင်ရဲ့ဆန္ဒကို ရှင်သိပါတယ်နော်"

"သိပါတယ်၊ ဒါပေမယ့် ကျွန်တော်အသက် သုံးဆယ့်နှစ်ရှိပါပြီ၊ ကိုယ်ပိုင်လုပ်ငန်းနဲ့ ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်တည်နေနိုင်တဲ့သူပါ၊ အိမ်ထောင်တစ်ခုကို တည်ထောင်တဲ့နေရာမှာ ကာယကံရှင်နှစ်ဦးရဲ့ဆန္ဒဟာ အဓိကအကျဆုံးပါပဲ"

"ရှင့်မိခင်ရဲ့ စိတ်ဆင်းရဲမှုအပေါ်မှာ ရှင်က သာယာကြည်နူးနိုင်ပါ့မလား"

ကျွန်မဆိုသော မိန်းမကလည်း သားကောင်ကို အလွတ်ပေးရိုး ထုံးစံမရှိတတ်ပါ။ ဦးရဲဝံ့ကို ယခင်က သားကောင်များကဲ့သို့ မာယာထောင်ချောက်ဆင်သော စကားကွန်နှင့် ဖမ်းအုပ်နေမိသည်။

"မိဘဆိုတာ စိတ်ဆိုးလဲ ခဏပါပဲ၊ မေမေဟာ ကျွန်တော်စိတ်ဆင်းရဲတာကို ကြည့်နေနိုင်တဲ့သူ မဟုတ်ပါဘူး၊ နုနန္ဒာသာ ခေါင်းညိတ်လိုက်ပါ၊ ကိုယ်အားလုံး နုနန္ဒာ စိတ်တိုင်းကျဖြစ်စေရပါမယ်"

သြော်. . ယောကျ်ားတွေ၊ ယောကျ်ားတွေ မရခင်တော့လည်း ဖျာလိုလိပ်ကာ ထိပ်ပေါ်မှာ တင်ကာထားကြသည်။ ရပြီးရင်တော့ ကျွန်မနှလုံးသားမှ နာကြည်းခြင်းနှင့် အငြိုးမာန်တို့က



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ထွက်လာပြန်သည်။

"ကျွန်မ စဉ်းစားဦးမယ်၊ အချိန်ပေးနိုင်မလား"

"ပေးပါတယ်၊ စဉ်းစားမယ်ဆိုတဲ့စကားနဲ့တင် ကိုယ့်ရင်ထဲ တစ်ဝက်ပျော်ရွှင်မှုရသွားပါပြီ နုနန္ဒာ"

"ဦးရဲဝံ့ ဒီညပြန်မှာဆို"

"ဟုတ်တယ်လေ"

"ဟင်း. . . အင်း. ."

ကျွန်မ စမ်းသပ်မှုတစ်ခုကို စတင်လိုက်သည်။

"ဟင်း. . ."ကို သံရှည်ဆွဲကာ အလိုမကျသံပြုလိုက်သည်။

"ဘာဖြစ်လို့လဲ"

"ဩော်. . ကိုယ့်အပေါ် ပရိုပို့စ်လုပ်ထားတဲ့ ယောကျ်ားတစ်ဦးရဲ့ အရည်အချင်းနဲ့ သဘောထားကို အနီးကပ်လေ့လာခွင့်တောင် မရလိုက်ပါလား"

ဦးရဲဝံ့မျက်နှာ ဝင်းပသွားပြီး အားတက်သရောပင်. . .

"နုနန္ဒာက မပြန်စေချင်သေးဘူးလား"

"ဒါပေါ့"

"ဒီလိုဆိုရင် ကိုယ်မပြန်သေးဘူး"

"ပြန်ပါ ဦးရဲဝံ့ရယ်၊ အန်တီစိတ်ဆင်းရဲနေပါ့မယ်၊ ကျွန်မက နုနန္ဒာအနေနဲ့ဆို မနေ့ကမှ ဦးရဲဝံ့ကို မြင်ဖူးတာဆိုတော့ ကျွန်မဆန္ဒကို ပွင့်ပွင့်လင်းလင်း ပြောလိုက်မိတာ၊ ဦးရဲဝံ့အပေါ် ဟန့်တားသလို ဖြစ်သွားပြီထင်တယ်၊ ပြန်ပါ ဦးရဲဝံ့"

"ကျွန်တော် မပြန်သေးဘူး နုနန္ဒာ"





ကျွန်မ၏ အောင်မြင်ခြင်းက စတင်လေပြီ။

"ဖြစ်ပါ့မလား"

"ဖြစ်စေရမှာပေါ့"

ထိုစဉ် မမကြီးထွက်လာသည်။ ကော်ဖီနှင့် မုန့်လေးထိုးမုန့်ပန်းကန်ထည့်ထားသော ဗန်းကို စားပွဲပေါ်သို့ တင်လိုက်ရာ ဦးရဲဝံ့၏ လိပ်စာကတ်ကလေးရှိနေသဖြင့် ကျွန်မက လှမ်းယူလိုက်သည်။

ဦးရဲဝံ့က ကျေနပ်သောအပြုံးနှင့် ကြည့်သည်။

ကျွန်မက လှပသောအပြုံးနှင့် တုံ့ပြန်ပြုံးပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၈)

"ကုန်ပစ္စည်းတွေမရောက်သေးဘူး မေမေ၊ ကျွန်တော်တို့ လေးငါးရက်တော့ ဆက်နေမှဖြစ်မယ်"

ရဲဝံ့စကားကြောင့် ဒေါ်ပိတောက် မယုံကြည်နိုင်သလိုဖြစ်သွားသည်။

သားတော့. . နုနန္ဒ၏ မာယာကွန်ထဲ ပိုးဖလံလေးနှယ် ငြိတွယ်သွားလေပြီ။

"မေမေတော့ ပြန်ချင်ပြီ"





"သားဖလိုက်နဲ့ စီစဉ်ပေးမယ်လေ"

"သား ပြန်လိုက်ခဲ့ပါ၊ ပြီးမှ မန်နေဂျာကို ပြန်လွှတ်လို့မရဘူးလား"

"မရဘူးမေမေ၊ ဒီကိစ္စက သားကိုယ်တိုင်တွေ့ဆုံပြောပြီး လက်မှတ်ထိုးမှရမယ့်ကိစ္စပါ၊ ဟိုက ကိစ္စတွေက မန်နေဂျာသဘောနဲ့ ဆုံးဖြတ်လုပ်နိုင်တယ်"

ဒေါ်ပိတောက်က သက်ပြင်းချလိုက်သည်။ ဒီကိစ္စမျိုးက သိပ်ပြီး မိမိဘက်က တစ်ဖက်သတ်တင်းမာ၍ မရနိုင်။ တကယ်လည်းအလုပ်ရှိတာ ဖြစ်နိုင်သည်။ နုနန္ဒနှင့် အခြေတင်ဖြစ်ပွားခဲ့သောကိစ္စများတွင် မိမိက သားဇောဖြင့် ဆင်ခြင်တုံတရားနည်းသွားခဲ့သဖြင့် ငြိမ်သက်နေသော ကန်ရေပြင်ကို ခဲချလိုက်သကဲ့သို့ ဖြစ်သွားသည်။

ခေါင်းအေးအေးထားရမည်။ ရဲဝံ့အဖေနှင့် ပြန်တိုင်ပင်ပြီးမှ လုပ်သင့်သည်တို့ကို ဆက်လုပ်ရမည်။

"အင်းလေ. . အလုပ်ကိစ္စက အရေးကြီးတယ်ဆိုတော့လည်း ဒီညပဲ မေမေတို့ပြန်မယ်သား၊ ဒီမှာ ကားတစ်စီးစီး ရှာသုံးပါ"

"ရပါတယ် မေမေ၊ ကုမ္ပဏီက ရှာပေးပါလိမ့်မယ်၊ သားအတွက် ဘာမှမပူပါနဲ့ မေမေ"

"ဒါထက် သားသွားတောင်းပန်တော့ မိန်းကလေးက ကျေနပ်သွားသလား"

"ကျေနပ်ပါတယ်၊ သူ့အသက်ကို ကယ်ခဲ့တဲ့သားတို့မိသားစုကို သူ ထိခိုက်နစ်နာအောင် ဘယ်တော့မှ မလုပ်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



လို့ပြောပါတယ်”

ဒေါ်ပိတောက် မယုံကြည်နိုင်ပါ။

သားကိုချစ်သည့်ဇောဖြင့် အရာရာကို ကြောင့်ကြနေမိသည်။

သားသည် အချစ်နှင့် ပတ်သက်လာလျှင် အရိုင်းသက်သက်။ ဖြူစင်လွန်းလှသည်။ ဖြူစင်သော နှလုံးသား၌ ဒဏ်ရာဒဏ်ချက်များ ရရှိသွားပါက သားခံနိုင်ရည်ရှိလိမ့်မည် မဟုတ်ပေ။

“ဘာပဲပြောပြော မေမေ သားဆီက ကတိတစ်ခု ယူချင်တယ်”

“ဘာကတိလဲ မေမေ”

“သား လက်ထပ်မယ့် မိန်းကလေးဟာ နုနုနွဲ့မဖြစ်စေရပါဘူး ဆိုတဲ့ကတိပဲ”

ရဲဝံ့မျက်နှာပျက်သွားသည်။

ဒေါ်ပိတောက်က ရင်နာစွာဖြင့် ရိပ်မိလိုက်လေပြီ။ ရဲဝံ့အနေဖြင့် နုနုနွဲ့အပေါ် စွဲစွဲလမ်းလမ်းကို ဖြစ်နေပြီ။

“ဒီကတိတော့ သားမပေးချင်ဘူး မေမေ၊ သား နုနုနွဲ့ကို ချစ်တယ်မေမေ”

ရဲဝံ့က တုန်ခါနေသော အသံဖြင့် ပြောလိုက်လေသည်။

ဒေါ်ပိတောက်ရင်ထုမနာဖြစ်ရသည်။ မျက်ရည်များက အတားအဆီးမဲ့စွာ ကျလာသည်။

ရဲဝံ့က တုန်လှုပ်စွာဖြင့်. .

“မေမေ. . မေမေ့ မျက်ရည်တွေနဲ့ သားရဲ့နှလုံးသားကို





အကျဉ်းချဖို့ မကြိုးစားပါနဲ့ မေမေ၊ မေမေတို့ လက်ထပ်ခွင့်ပေးရင်ဖြစ်စေ၊ နုနုနွဲ့က မပေးရင်ဖြစ်စေ သားရဲ့ နှလုံးသားကတော့ ကြေမွသွားမှာပဲ၊ ခုချိန်မှာတော့ မျှော်လင့်ချက်ကလေးနဲ့ သားကိုယ်သား အားတင်းပြီး နေပါရစေဦး မေမေ၊ သားကို နားလည်ပေးပါ၊ သား နုနုနွဲ့ကို သိပ်ချစ်တယ်”

ရဲဝံ့ယောကျ်ားတန်မဲ့ မျက်ရည်ရစ်ဝဲလာသဖြင့် မိခင်အားကျောခိုင်းကာ သူ၏အိပ်ခန်းထဲသို့ ဝင်ရောက်သွားလေသည်။

ဒေါ်ပိတောက် ရင်ကွဲရလေပြီ။

“ဖြစ်ရလေ သားရယ်” ဟု ရင်တွင်း ကြေကွဲစွာ ရေရွတ်ရင်း ဖြေသာအောင် ဖြေလိုက်သည်။

မိမိသားအတွက် အကောင်းဆုံးဖြစ်အောင် ဘာလုပ်ပေးရမလဲ။ သားကိုတော့ အဆုံးရှုံးမခံနိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၉)

"ဟဲလို"

"နုနန္ဒာ ကိုယ်ပါ"

ကျွန်မ အံ့အားသင့်သွားသည်။

ဘယ်နည်းနှင့်မဆို ဒေါ်ပိုတောက်သည် သူ့သားအား ရအောင် ပြန်ခေါ်သွားနိုင်လိမ့်မည်ဟု ထင်ထားခဲ့သည်။ ယခုတော့ ကျွန်မထင်ထားသလို ဖြစ်မလာသဖြင့် အံ့ဩရသည်။

"ဦးရဲဝံ့ မပြန်သေးဘူးလား"





"နုနန္ဒာ အနီးကပ်လေ့လာဖို့အတွက် ကိုယ် အသင့်အနေအထားမှာ ရှိနေပြီဆိုတာ ကိုယ်အသိပေးတာပါ"

ကျွန်မ ဘာဆက်လုပ်သင့်သလဲ။ ဦးရဲဝံ့ကို ကျွန်မ ဒုက္ခပေးသင့်သလား။ သူ့ကိုတော့ ချမ်းသာပေးသင့်သည်။ အဘယ်ကြောင့်ဆိုသော် သူသည် ကျွန်မ၏ အသက်သခင် ကျေးဇူးရှင် ဖြစ်နေသောကြောင့်ပင်။

ထို့ကြောင့် . . . .

"အဲဒါမှ ဒုက္ခပဲ ဦးရဲဝံ့"

"ဘာဖြစ်လို့လဲ"

"ကျွန်မလေ ခရီးထွက်စရာကိစ္စတစ်ခုရှိနေလို့ ဦးရဲဝံ့အတွက် အချိန်ပေးနိုင်တော့မှာ မဟုတ်ဘူး"

"ဟုတ်လား ဘယ်ခရီးကိုလဲ"

"ဇလွန်ကိုပါ။ မမကြီးက ဇလွန်ပြည်တော်ပြန်ဘုရား ဖူးချင်တယ်ဆိုလို့"

"ဟုတ်လား ကိုယ်လိုက်ပို့ပေးမယ်လေ"

"ကိုယ်ပိုင်ကားနဲ့ မသွားဘူး၊ ဘုရားဖူးကားနဲ့ပဲ သွားမှာ ဦးရဲဝံ့ရဲ့"

"ရပါတယ်၊ ကြားရက်ပဲ အစောကြီးထပြီးသွားလိုက်ရအောင်၊ မနက်ဖြန်မနက် လေးနာရီကို ကိုယ်လာခေါ်မယ်လေ"

"ခဏနော် ဦးရဲဝံ့၊ ကျွန်မ မမကြီးကို မေးလိုက်ဦးမယ်"

ကျွန်မ စကားပြောခွက်ကို လက်ဖြင့်အုပ်ပြီး မမကြီးအား လှမ်းမေးလိုက်သည်။

"ဦးရဲဝံ့က လိုက်ပို့ပေးမယ်တဲ့၊ ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



မမကြီးက ကျွန်မအား စူးစမ်းသော အကြည့်ဖြင့် ကြည့်ကာ. . .

"ညီမလေးသဘောပဲလေ"

ဟုပြောပြီး အိပ်ခန်းအပြင်ဘက်သို့ ထွက်သွားသည်။ ကျွန်မ၏အစ်မများသည် ယောကျ်ားများနှင့် ကင်းကင်းရှင်းရှင်း နေတတ်သည်။ ကြီးလာတော့လည်း ဘုရားတရားများကို လေ့လာပြီး အေးချမ်းမှုကို ရှာဖွေကာ နေတတ်ကြသူများဖြစ်သည်။

"ဦးရဲဝံ့"

"ပြောပါ နုနန္ဒာ"

"ကျွန်မတို့ လက်မှတ်ဝယ်ပြီးပြီ"

"လက်မှတ်အဆုံးခံလိုက်ပါ။ ကိုယ် လေးနာရီမှာ နုနန္ဒာတို့တိုက်ရှေ့မှာ လာစောင့်နေပါ့မယ်"

"ကိုင်း. . ဦးရဲဝံ့ရဲ့ သဘောပါပဲ"

"ကျေးဇူးတင်ပါတယ် နုနန္ဒာ"

"ကြံကြံဖန်ဖန်ရှင် ကျွန်မကသာ ကျေးဇူးတင်ရမှာပါ ဒါထက် အန်တီကော ရှိသေးသလား၊ ဘုရားဖူးခေါ်ခဲ့ပါလား"

"မေမေတို့ ဒီညနေပဲ ပြန်သွားတယ်၊ ကိုယ့်အတွက် ကားထားခဲ့ပြီး ကားတစ်စီး စင်းလုံးငှားနဲ့ ပြန်သွားပြီ"

ကျွန်မရင်ထဲ တစ်မျိုးဖြစ်သွားသည်။ ဒေါ်ပိုတောက် ကျွန်မတို့ကို အရှုံးပေးသွားတာလား၊ ရှေ့တိုးမည့်ဆင်က နောက်သို့ တစ်လှမ်းဆုတ်ခြင်းလား။

"ဦးရဲဝံ့ ဘာဖြစ်လို့ ပြန်လိုက်မသွားတာလဲ"

"နုနန္ဒာအနားမှာ နေချင်လို့ပါ"





"ဦးရဲဝံ့ ရှင့်ကို ကျွန်မဒုက္ခမပေးချင်ပါဘူး၊ ကျွန်မ တစ်သက်မှာ ဘယ်ယောကျ်ားကိုမှ ချစ်တတ်လာမှာမဟုတ်ပါဘူး"

"ကိုယ်ပြောပြီးပြီလေ နုနန္ဒာ၊ မင်းဆီက တုံ့ပြန်အချစ်ကို ကိုယ်မလိုချင်ပါဘူး၊ ကိုယ်ရဲ့အချစ်ကို လက်ခံပေးရင် ကိုယ်ကျေနပ်ပါတယ်"

ဦးရဲဝံ့၏ဆန္ဒကို နားမလည်။ ဆိုလိုရင်းကိုလည်း ကျွန်မ နားမလည်နိုင်။ ကျွန်မအရင်တွေ့ကြုံဖူးသော ယောကျ်ားများက ထိုသို့မဟုတ်။ သူတို့အချစ်ကို တင်ပြသည်၊ ပြီးတော့ ကျွန်မအချစ်ကို တောင်းခံသည်။ ကျွန်မက ငြင်းပယ်သောအခါ ကျွန်မကို စွပ်စွဲမှုမျိုးစုံ စွပ်စွဲပြီး အရက်ဖြင့် ဖြေသိမ့်ခဲ့ကြသည်တဲ့။

"နုနန္ဒာ"

"ဟုတ်. . . ပြောပါ"

"ဘာတွေစဉ်းစားနေတာလဲ"

"ဦးရဲဝံ့အိမ်မှာ ကျွန်မနေခဲ့စဉ်ကာလမှာ ကျွန်မ ဦးရဲဝံ့အပေါ် ဘယ်လိုဆက်ဆံခဲ့သလဲဆိုတာ ကျွန်မသိချင်လိုက်တာ ကျွန်မကို ပြောပြနိုင်မလားဟင်"

"အိပ်ရာဝင်ပုံပြင်တစ်ပုဒ်လို နားထောင်ချင်တာလား နုနန္ဒာ"

"မဟုတ်ဘူး၊ တကယ်သိချင်တာ"

"သိချင်ရင် ကိုယ့်ဘာသာကိုယ်ပဲ သိအောင် ကြိုးစားပါ နုနန္ဒာ၊ ကိုယ် အချစ်အတွက် သွေးမဆောင်ချင်ဘူး၊ ကိုယ် နုနန္ဒာကို ချစ်တဲ့အချစ်က ကိုယ့်နှလုံးအိမ်က အလိုအလျောက်ထွက်ပေါ်လာတဲ့ ခိုင်မြဲတဲ့ အချစ်၊ နုနန္ဒာလဲ တစ်နေ့နေ့မှာ သူ့အလို



www.burmeseclassic.com

www.burmeseclassic.com



အလျောက် နှလုံးသည်းပွတ်က ပေါက်ဖွားလာတဲ့အချစ်မျိုးနဲ့ လူတစ်ယောက်ကို ချစ်မိမှာပါ။ အဲ့ဒီလူဟာ ကိုယ်ဖြစ်ချင်လည်း ဖြစ်မယ်၊ အခြားသူလည်းဖြစ်ချင်ဖြစ်မယ်၊ ဘယ်သူမှ ပြောလို့ မရဘူး၊ ဒါပေမယ့် ကိုယ်ကတော့ ကိုယ်ပဲဖြစ်ချင်တယ်၊ ဒါဟာ လူတစ်ယောက်ရဲ့ လွတ်လပ်သော ဆန္ဒသဘောထားတစ်ခုပါ၊ နုနန္ဒာ. . ."

"ရှင်"

ကျွန်မ ဦးရဲဝံ့၏ အချစ်အဘိဓမ္မာစကားဝယ် နစ်မျော သွားရာမှ အလန့်တကြား ထူးလိုက်မိသည်။

"ကိုယ်ပြောတာ သဘောပေါက်ရဲ့လားဟင်"

"ဟုတ်"

"ကိုယ်လေ မင်းကို ကားပျက်ထဲမှာ သေသလား ရှင် သလားမသိဘဲ ဖရိုဖရဲနဲ့လဲပြိုနေတဲ့အချိန်ကာလမှာကတည်းက ချစ်သွားမိတယ်ဆိုရင် မင်းအတွက် ဟာသတစ်ပုဒ်ဖြစ်နိုင်သ လား နုနန္ဒာ"

"ဟာ. . ဦးရဲဝံ့ မကောင်းဘူး၊ ဖရိုဖရဲနဲ့ ဟုတ်လား"

"အတွေးမခေါင်နဲ့ နုနန္ဒာ၊ အဲဒီအချိန်မှာ ကရုဏာစိတ်၊ စိုးရိမ်စိတ်တွေနဲ့ မင်းကိုအမြန်ဆုံး ကယ်တင်ချင်တဲ့ အာရုံပဲ ရှိ ပါတယ်"

ကျွန်မမျက်နှာသည် ရှက်သွေးကြောင့် နီမြန်းနေမည် ထင်ပါသည်။ ထူပူလျှက်ရှိသည်။

"နုနန္ဒာ"

"ပြောစရာတွေ မကုန်သေးဘူးလား"





"ဘယ်တော့မှ ကုန်မယ်မထင်ဘူး၊ နုနန္ဒာသာ မပင်ပန်း ဘူးဆိုရင် ကိုယ်စကားတွေ ပြောချင်နေသေးတယ်"

"ကျွန်မ ပင်ပန်းနေပြီဆိုရင်ကော"

"ဂွတ်နိုက်. . နုနန္ဒာ၊ နားတော့နော်"

ဦးရဲဝံ့ ဖုန်းချသွားလေပြီ။

ကျွန်မရင်ထဲ လစ်ဟာသွားသည်။

ဦးရဲဝံ့သည် ဘယ်လိုလူစားလဲ မိဆွေပြောတော့ ဒေါ်ပိ တောက်သည် သူ၏သားသည် ချစ်ရေးချစ်ရာ နားမလည်သော လူပျိုသန့်သန့်ကြီးဆို. . .။

ယခုတော့ ပြောသွားလိုက်တဲ့ ချစ်အဘိဓမ္မာတွေ။

သို့သော်. . သူ့အချစ်အပေါ် နားလည်ထားပုံမှာ ဘယ် ယောက်ျားနှင့်မှ မတူညီမှာ ကျိန်းသေနေသည်။

သူနှင့်ကျွန်မ ဘယ်အတိုင်းအတာအထိများ ရင်းရင်းနှီး နှီး နေထိုင်ခဲ့ကြသနည်း။

"ညီမလေး. . . အိပ်တော့လေ"

"ဟုတ်တယ်၊ မနက်ဖြန်လေးနာရီတိတိ သူ့ကားရောက် နေမယ်တဲ့"

"ဒါကြောင့် အိပ်တော့ပြောတာ၊ ဘာမှ မတွေးနဲ့တော်"

မမကြီးက ကျွန်မအား ဘာမှမမေးမြန်းတော့ဘဲ အိမ် ရှေ့ခန်းတွင် ခင်းကျင်းပြင်ဆင်ထားသောသူ၏ အိပ်ရာသို့ ဝင် သွားလေတော့သည်။

ကျွန်မလည်း မီးပိတ်ကာ အိပ်ရာဝင်လိုက်ရသည်။ ရုတ် တရက်တော့ ဘယ်အိပ်ပျော်နိုင်ပါ့မည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



သိခွင့်မရလေ၊ သိချင်လေဖြစ်သည်မှာ လူ့သဘာဝထင် ပါသည်။ စိတ်ကိုမနည်းထိန်းချုပ်ကာ အိပ်ပျော်ခြင်းကို ဆွဲခေါ်လိုက်ရသည်။







# အခန်း (၃၀)

မမကြီးက ဘုရားရှိခိုးလျှင် ကြာတတ်သည်။ ကျွန်မကတော့ ရင်ထဲမှ မပျောက်ပျက်နိုင်သော နာကြည်းစိတ်အရင်းခံကြောင့် စိတ်သည် ကြည်လင်ရှင်းသန့်မှု ရှိမနေပါလား။

တစ်ခါတစ်ရံ ယောက်ျားများကို ဥပေက္ခာစိတ်နှင့် မမကြီးတို့လိုမျိုး လစ်လျူရှုထားနိုင်လျှင် အဘယ်မျှကောင်းလိမ့်မည်နည်း။

ကျွန်မသည် အရင်ဦးဆုံး ဘုရားရှိခိုးပြီးသွားသည်။ သို့



www.burmeseclassic.com

www.burmeseclassic.com



သော် ကြည်ညိုဖွယ်ရာ ကောင်းလွန်းသော ဇလွန်ပြည်တော်ပြန်ဆင်းတုတော်မြတ်၏ မျက်နှာတော်ကို ဖူးမျှော်ရင်း ငြိမ်သက်နေမိသည်။

ရင်ထဲ၌ ကြည်ညိုသဒ္ဓါပွားမှုများဖြင့် တဒင်္ဂတော့ ငြိမ်းချမ်းသွားသည်။

ထိုစဉ် ကျွန်မအကြည့်သည် ဦးရဲဝံ့ထံသို့ ရောက်သွားသည်။

သူသည် ကျွန်မအား ငေးကြည့်နေပါလား။ တဒင်္ဂအကြည့်ချင်းဆုံတော့ သူက ပြုံးပြပြီး နေရာမှထလိုက်သည်။ မရှည်ရှယ်ဘဲလျက် ကျွန်မတို့နှစ်ဦးသည် ဘုရားရင်ပြင်တော်၌ ပတ်လျှောက်ရင်း စကားပြောဖြစ်ကြသည်။

"နုနန္ဒာ ရောက်ဖူးသလား"

"ခုအကြိမ်နဲ့ဆိုရင် သုံးကြိမ်မြောက်ပါ၊ ဦးရဲဝံ့ကော"

"ကျွန်တော်လည်း တတိယအကြိမ်မြောက်ပဲ၊ ဟသာၤတဘက် ဆက်သွားချင်သေးသလား"

"အင်း. . ကျွန်မသူငယ်ချင်းတော့ရှိတယ်၊ မမကြီး ဆန္ဒရှိရင် ဆက်သွားကြတာပေါ့"

"နုနန္ဒာတို့က မန္တလေးသူနော်"

"ဟုတ်ပါတယ်၊ ဘာဖြစ်လို့မေးတာလဲ"

"ကျွန်တော်. . . ကျွန်တော်နဲ့ မပြောလို့လေ"

ကျွန်မပြုံးလိုက်မိသည်။ ကျွန်မ၏အပြုံးသည် နာကြည်းသော အပြုံးမျိုးဖြစ်သည်။

"ကျွန်မတို့ဟာ ဖခင်အပေါ် ဘယ်လောက်စိတ်နာသလဲ





ဆိုရင် ယောကျာ်းဆန်တဲ့ စပို့ရှပ်၊ ရှပ်အင်္ကျီမျိုးကိုတောင် မဝတ်ဘူး၊ ဒီတော့ ဒေသသုံး အသုံးအနှုန်းဖြစ်ပါစေ၊ ကျွန်မတို့ မသုံးဘူး. . မပြောဘူး"

"လူလူချင်းတူပေမယ့် စိတ်သဘောထားခြင်း ခံယူချက်ခြင်းမတူညီပါဘူး နုနန္ဒာ၊ လက်တောင်မှာ အတိုအရှည်ရှိသေးတာပဲ မဟုတ်လား"

"ဘုရားရင်ပြင်တော်မှာ တဒင်္ဂငြိမ်းချမ်းစိတ်ဝင်နေတဲ့ ကျွန်မကို ပူလောင်အောင် ဆွပေးနေတာလား ဦးရဲဝံ့"

"ဆောရီးနုနန္ဒာ. . ၊ ကိုယ် ဘာမှထပ်မပြောတော့ဘူး၊ ကိုယ်က မင်းကို ထာဝရငြိမ်းချမ်းစေချင်တဲ့သူပါ၊ မမကြီးကို ဟသာၤတသွားဖြစ်အောင် တိုက်တွန်းပေးပါ၊ ဟိုမှာ ကိုယ်ရဲ့ အချစ်ဆုံးသူငယ်ချင်းတစ်ယောက်လဲ ရှိတယ်၊ ကိုယ်လဲ သွားချင်တယ်"

မမကြီး ဘုရားရှိခိုးအပြီးကို ကျွန်မတို့ စောင်းတန်းက အုတ်ခုံတန်းလေးများ၏ တစ်နေရာ၌ ထိုင်စောင့်နေလိုက်သည်။

ဦးရဲဝံ့အကြောင်းကို ကျွန်မတော်တော်များများ သိခွင့်ရလိုက်သည်။ စက်မှုတက္ကသိုလ်မှဘွဲ့ကို ယူပြီးနောက် ကိုယ်ပိုင်လုပ်ငန်း၊ ဖက်စပ်လုပ်ငန်းများဖြင့် စီးပွားရေးကို ကျယ်ပြန့်စွာ ဦးဆောင်ဦးရွက်ပြုနေသော သူတစ်ယောက်ဖြစ်သည်။ အပြောအဆို အနေအထိုင်အပြုအမူ ဝတ်စားပုံကအစ သပ်ရပ်ယဉ်ကျေးသော သူတစ်ယောက်ဖြစ်သည်။

"ကျွန်မ ဦးရဲဝံ့တို့အိမ်မှာ ဘယ်လောက်ကြာခဲ့သလဲ"

"ဆေးရုံမှာ နှစ်ရက်၊ တောင်ကြီးအိမ်မှာ ဆယ့်ခုနစ်ရက်၊



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးမှာ တစ်ည၊ ရန်ကုန်မှာ လေးရက်ကြာတယ်၊ ဘာဖြစ်လို့ မေးတာလဲ"

"အဲဒီအချိန်ကာလအတွင်းမှာ ဦးရဲဝံ့နဲ့ကျွန်မ ရင်းနှီးမှု အတိုင်းအတာ ဘယ်လောက်အထိ ရှိခဲ့သလဲ"

ဦးရဲဝံ့က သူ၏ထုံးစံအတိုင်း နှုတ်ခမ်းကို တွန့်ရှုံ့ပြုံးလိုက်ပြီး . . .

"ဥပဒေသမားပီပီ ကိုယ့်ကိုလှည့်ပတ်ပြီး မေးခွန်းထုတ်နေတာလား နုနန္ဒာ"

"ကျွန်မ အရမ်းသိချင်နေပါတယ် ဦးရဲဝံ့"

ကျွန်မက ဦးရဲဝံ့ကို စူးစူးစိုက်စိုက်ပင် ကြည့်ပြီး ပြောလိုက်သည်။

ဦးရဲဝံ့က သက်ပြင်းချကာ. . .

"အဲဒီတုန်းက နုနန္ဒာဟာ တကယ့်ကို သိုးငယ်လေးလို အပြစ်ကင်းစင်တယ်၊ မိန်းမသားတွေရဲ့ ကြင်နာတတ်ရဲ့ နှလုံးသားပိုင်ရှင်လေး ဖြစ်တယ်၊ သိပ်ကိုနူးညံ့သိမ်မွေ့ဖြူစင်လွန်းတယ်"

"ခု ကျွန်မက မဖြူစင်ဘူးလား"

"ဟုတ်တယ်၊ မင်းနှလုံးသားမှာ နာကြည်းမှု မှိုင်းတွေ အာဃာတအငြိုးအတေးမှိုင်းတွေနဲ့ ရစ်သိုင်းနေတယ်၊ ဒီတော့ မင်းဟာ စိတ်နှလုံးဖြူစင်နိုင်ပါတော့မလား နုနန္ဒာ"

"ဟင်"

ကျွန်မအတွက် ဦးရဲဝံ့သည် အင်မတန်မှ ထူးဆန်းသောယောကျ်ားတစ်ဦးဖြစ်သည်။ အခြားယောကျ်ားများကဲ့သို့ ကျွန်မ





အကြိုက်ကို လိုက်လျောမပြောဆိုဘဲ ကျွန်မကို ပြတ်သားစွာပင် ဝေဖန်ရဲပါလား။ ကျွန်မ၏ တုံ့ပြန်မှုက သူ့အတွက် အနာတရ ဖြစ်စေမှာကို သူ မစိုးရိမ်ဘူးလား။

"နုနန္ဒာ လောကကြီးမှာ လောဘ၊ ဒေါသ၊ အငြိုးအတေး၊ အမုန်း၊ မာန်မာန၊ အာဃာတတွေရှိနေသရွေ့ ဘယ်တော့မှ ငြိမ်းချမ်းမှာ မဟုတ်ဘူး"

"အချစ်ရှိရင်ကော"

"ချစ်ခြင်းဆိုတာ မေတ္တာတရားပါ၊ ထားတတ်ရင် အေးချမ်းပါတယ်"

"ဒါတော့ ရှင်က လိုရာကိုဆွဲပြောပြီ၊ အချစ်ဆိုတာ မီးပဲ၊ ပူလောင်တတ်တယ်၊ လောင်ကျွမ်းတတ်တယ်၊ နှောင်ဖွဲ့တတ်တယ်၊ ဒီလို နှောင်ဖွဲ့မှုရှိနေမှ ငြိမ်းချမ်းနိုင်ပါဦးမလား"

"မှန်ပါတယ် မငြိမ်းချမ်းဘူး၊ ရင်ထဲမှာ အချစ်ဝေဒနာ မီးတောက်ကြီးကို မျိုထားမှတော့ ဘယ်ငြိမ်းချမ်းမှာလဲ၊ ကိုယ်မင်းအတွက် အရမ်းခံစားနေရတယ်၊ ဒါပေမယ့် ဒီမီးတောက်ကြီးက ကိုယ့်မှ ရှုန်းမထွက်နိုင်ဘဲ၊ ကိုယ်ဟာ သာမာန်ပုထုဇဉ်လူသားပဲ၊ ဒီအတွက် ကိုယ်ဝန်ခံပါတယ်"

"ဒီလိုဆို မငြိမ်းအေးတာခြင်း မတူညီဘူးလား"

"မတူညီဘူး၊ ချစ်ခြင်းမှာ မေတ္တာပါတယ်၊ မေတ္တာမှာ နားလည်ခွင့်လွှတ်ခြင်းတွေ ပါသေးတယ်၊ အဲဒါတွေရခဲ့ရင် သူတို့က ငြိမ်းအေးချမ်းသာမှုကို ပေးတယ်၊ အမုန်း၊ အညှိုးအတေး အာဃာတတွေကတော့ ဘယ်တော့မှ ငြိမ်းအေးမှုကို ပေးနိုင်မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၌ ပြောစရာ စကားမရှိအောင် ဖြစ်သွားသည်။

ကျွန်မဘဝမှာ ငြိမ်းအေးမှုမှ မရှိခဲ့ပေပဲ။

"နုနန္ဒာက လောကကြီးကို အကောင်းမြင်ဝါဒနဲ့ ကြည့်တတ်အောင်ကြိုးစားပါ၊ ယောကျ်ားတိုင်းဟာ ဦးထွန်းမြတ်စံ မဟုတ်ပါဘူး၊ ဦးထွန်းမြတ်စံဟာ သားလိုချင်ဇောနဲ့ မှားယွင်းခဲ့တယ်၊ သားမယားကို မစောင့်ရှောက်တဲ့အတွက် သူ့ဝဋ်ကြွေးသူ ခံစားနေရမှာပါ"

"ဦးရဲဝံ့ ကျွန်မဘဝကို သိနေရက်နဲ့များ ကျွန်မကို ပရိုပို့စ် လုပ်ရဲတယ်နော်"

ဦးရဲဝံ့က သူ၏ ထုံးစံအတိုင်း တည်ငြိမ်သောအပြုံးကို ပြုံးလိုက်သည်။

"ဒါကတော့ ကိုယ်ဘုရားဝန်းထဲမှာ မပြောချင်ဘူး. . ၊ မဆိုင်ဘူးလို့သာ ပြောလိုက်မယ်နော်"

ကျွန်မဘာမှ ရင်ခုန်ဖွယ်မကောင်းသော စကားအတွက် ရှက်စိတ် ဖြစ်ပေါ်သွားရတာလဲ။ ရှက်စနိုးအမူအရာက သူ့အား ဆွဲဆောင်ခြင်း ဖြစ်သွားသလား။

ကျွန်မ ယခင်ပုဂ္ဂိုလ်များကိုတော့ မာယာပေါင်းစုံနှင့် လှည့်ဖြားခဲ့ဖူးသည်။ ယခု ကျွန်မ ဦးရဲဝံ့ကို မလှည့်ဖြား၊ မဖြားယောင်း၊ ကျွန်မ၏ စိတ်အသွင်၌ဖြစ်ပေါ်နေသော ပကတိရိုးစင်းသော အမူအရာများပင်။ သို့သော် ထိုအမူအရာများက သူ့အား ဆွဲဆောင်သလိုဖြစ်မှာ စိုးရိမ်သဖြင့် ကျွန်မ မျက်နှာလွှဲလိုက်သည်။

ထိုစဉ် မမကြီး ကျွန်မတို့ထံသို့ လျှောက်လာသည်ကို





တွေ့လိုက်ရသည်။

"စောင့်နေရတာ ဦးရဲဝံ့များ ငြီးငွေ့နေပြီလား"

"မငြီးငွေ့ပါဘူး ဒေါ်နွယ်နီ"

"ဟသ်ာတကိုသွားချင်လို့ . အဲဒါမမကြီးမှ သွားချင်ပါ့မလားလို့လေ"

"ရတယ်၊ အချိန်ရတယ်ဆိုရင်သွားတာပေါ့၊ ညီမလေးသဘောပဲ၊ ဒီမှာကော ထူးထူးခြားခြား ဘာဖူးစရာရှိသေးလို့လဲ၊ ထွက်ရပ်ပေါက် ရသေ့ကြီးရဲ့ အောင်မြေကိုသွားပြီးရင် ဆက်သွားလေ"

ကျွန်မစိတ်ထဲ ပေါ့ပါးသွားသည်။ မမကြီးသည် နားလည်မှုရှိ၍ တော်သေးသည်။ ကျွန်မတို့ နှစ်ဦးစလုံး ဖြစ်ပေါ်နေသော ဟသ်ာတကိုသွားချင်သည့် ဆန္ဒပြည့်ဝတော့မည်ဖြစ်သဖြင့် ကျေနပ်သွားသော အမူအရာ သူ့မျက်နှာ၌ ပေါ်လွင်သွားသလို၊ ကျွန်မမျက်နှာ၌လည်း ပေါ်လွင်သွားလိမ့်မည်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် အကြည့်ချင်းဆုံကာ ပြုံးမိလိုက်သောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၁)

ကျွန်မသူငယ်ချင်းအိမ်ရောက်တော့ ကျွန်မ မောဟိုက်သွားသည်။ သူငယ်ချင်းက ရှိမနေ၊ မိဘများသဘောမတူသော သူတစ်ယောက်နှင့် လက်ထပ်သွားသဖြင့် မိဘများက အမွေဖြတ်စွန့်လွှတ်ထားသည်တဲ့။ အိမ်ထဲသို့ပင် ဝင်ခွင့်မရ၊ သမီး၏ မကျေနပ်တော့ သမီး၏သူငယ်ချင်းများကိုပင် တွေ့ချင်စိတ် ရှိတော့ပုံမရခြင်းကို မမကြီးနှင့် ဦးရဲဝံ့က နားလည်ခွင့်လွှတ်ကာ မကျေမနပ်ဖြစ်နေသော ကျွန်မကို နှစ်သိမ့်သည်။





"မိဘတွေ အမွေဖြတ်တာတောင် နည်းသေးတယ်၊ သတ်တောင်သတ်ပစ်ဖို့ကောင်းတာသိလား၊ သူ့ကောင်လေးက ဆယ်တန်းတောင် မအောင်သေးဘူး"

"ကဲပါ ညီမလေးရယ်၊ ဒေါသစိတ်တွေ သိပ်မမွေးပါနဲ့ စိတ်ပင်ပန်းလွန်းလို့ ညီမလေးမှာ မအေးချမ်းလိုက်တာကွယ်"

"ကျွန်တော့်သူငယ်ချင်းအိမ်ကိုပဲ သွားရမလား"

"ဒါပဲရှိတာပဲ"

ကျွန်မ ဘာမှမပြောတော့ပါ၊ မမကြီးကသာ ဦးရဲဝံ့နှင့် လေပေးဖြောင့်နေသည်။

ဦးရဲဝံ့၏ သူငယ်ချင်းအိမ်ရောက်သောအခါ ဦးဝင်းနိုင်ဆိုသော သူငယ်ချင်းရော မိဘများအစ်မများကပါ ဖော်ရွေလွန်းသဖြင့် ကျွန်မတို့ ညီအစ်မပင် အနေခက်ရသည်။

နေ့လယ်စာ စားသောက်စေပြီး. . ဟင်္သာတမြို့ပေါ်ရှိ ဘုရားအနှံ့ လိုက်ပို့ပေးသည်။

ဇက်ကူးအမီ ပြန်ကြရသဖြင့် နှစ်နာရီခွဲခန့်တွင် ဟင်္သာတမြို့မှ ပြန်ထွက်ခဲ့ရသည်။

ထွက်လာခါစမှာပင် ဦးရဲဝံ့မျက်နှာနီရဲနေမှုကို မမကြီးက ဦးစွာသတိပြုမိရာ. . .

"ကိုရဲ နေမကောင်းဘူးလား"

"ဟုတ်တယ် ထင်တယ်၊ အဖျားပြန်တက်ပြီထင်တယ် မမကြီး"

ထိုအခါကျမှ ကျွန်မက ဦးရဲဝံ့မျက်နှာပေါ်မှ ချွေးသီးချွေးပေါက်များကို သတိပြုမိလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရင်ထဲ တစ်မျိုးခံစားလိုက်ရသည်။ ကျွန်မသည် လူနာတစ်ယောက်ကို ပြုစုဖူးသလား၊ ခြေများကို တယုတယ သုတ်ပေးခဲ့ဖူးသလား။

"ညီမလေးပဲ သွားမောင်းလိုက်ပါလားကွယ်"

"အားနာလိုက်တာ၊ ကျွန်တော် တိုက်ဖွိုက်ဖြစ်နေတာ ထမင်းပြန်စားတာမှ နှစ်ရက်ပဲ ရှိသေးတယ်"

"တိုက်ဖွိုက်ဖြစ်နေတယ်"

ဒီရောဂါလည်း ကျွန်မနှင့် ရင်းနှီးသလို ခံစားလိုက်ရသည်။ ကျွန်မ ကားရှေ့ခန်းကို ပြောင်းလိုက်သည်။ ဦးရဲဝံ့က. . .

"မမကြီး ရှေ့လာထိုင်လေ"

"ကိုရဲပဲ ထိုင်ပါ မမကြီးက ပုတီးစိပ်ရင်း နောက်ကပဲ စီးနေကျ"

မမကြီးက ငြင်းပယ်လိုက်သဖြင့် ဦးရဲဝံ့က ကျွန်မဘေးတွင်ဝင်ထိုင်လိုက်သည်။ ကျွန်မကားကို မောင်းထွက်ခဲ့သည်။ ဦးရဲဝံ့နှင့် မမကြီးတောင် အခေါ်အဝေါ်တွေ ပြောင်းလွဲလာကြပြီ။ ကျွန်မကတော့ ဒွိဟစိတ်ဖြင့် ဦးရဲဝံ့ကို မသိမသာ မကဲခတ်မိသည်။

ကျွန်မ စိတ်အာရုံ၌ ဤကားနောက်ခန်း၌ပင် ထိုင်ခုံတိုလှဲထားပြီး အိပ်နေသော ဦးရဲဝံ့ကို ကြင်နာမြတ်နိုးသော မျက်ဝန်းရိပ်နှင့် မိန်းမတစ်ယောက် ခြေသုတ်ပေးနေသည်။ ထိုမိန်းမသည် ကျွန်မပုံရိပ် ဖြစ်နေပါလား။

ကျွန်မ မျက်မှောင်ချိုလိုက်သည်။ ကျွန်မစိတ်တွေ ဘယ်လိုဖြစ်နေတာလဲ၊ ဦးရဲဝံ့က အဖျားအရှိန်နှင့် မှိန်းနေရာမှ ကျွန်မ





၏ ကားမောင်းမြန်ဆန်မှုကြောင့် မျက်စိဖွင့်လာသည်။

မမကြီးက. . .

"နင့်ဟာကလည်းကွယ် ကားမောင်းတာမှ ဟုတ်ရဲ့လား ညီမလေး၊ ငါ့မှာ ဂျက်စီးနေရသလိုပဲ"

ကျွန်မကားအရှိန်ကို လျှော့လိုက်သည်။ ကျွန်မသည် အရာရာကို သွေးအေးအေးထားကာ ရင်ဆိုင်တတ်သော မိန်းမဖြစ်ပါလျက် ဦးရဲဝံ့နှင့် ပတ်သက်၍ ကျွန်မသည် သွေးမအေးနိုင်ဘဲ သတိလက်လွတ်နှင့် ယောက်ယက်ခတ်လျက်ရှိနေပါလား။

"ကိုရဲ နေသာရဲ့လား၊ ဇလွန်ရောက်ရင် ဆေးခန်းဝင်လိုက်ပါလား"

"ရပါတယ် မမကြီး"

"ဦးရဲဝံ့ ဆေးမပါဘူးလား"

"မေ့ခဲ့တယ်၊ ကိုယ်တိုင်သောက်နေကျမဟုတ်လို့ မေ့မေ့နေတာ ကြာပြီ"

"ကိုယ်တိုင်သောက်နေကြမဟုတ်တော့ ဘယ်သူတိုက်တာလဲ၊ အန်တီလား. ."

ဦးရဲဝံ့က ကျွန်မမေးခွန်းကို မဖြေဘဲ မျက်စိမှိတ်ကာ မှိန်းလိုက်လေသည်။

ကြည့်စမ်း၊ မမကြီးသာမပါလျှင် အသည်းယားစရာကောင်းသော သူ့အမူအယာအတွက် ကျွန်မငြိမ်သက်နေလိမ့်မည်မဟုတ်။

ဖြစ်ချင်ရာဖြစ်တော့၊ ကျွန်မတို့ ညီအစ်မသည် ဇလွန်မြို့မှ ကိုယ်ပိုင်ဆေးခန်းတစ်ခုသို့ ဝင်ရောက်ကာ ဦးရဲဝံ့အား ပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ဆရာဝန်က. . .

ကျွန်မကိုသာ ဦးရဲဝံ့အား တိုက်ရန်ဆေးများပေးပြီး အညွှန်းများကိုပါ ညွှန်ကြားသည်။

ကျွန်မ ဆရာဝန်ပေးသောဆေးများကို မြင်ဖူးသည်။

"အဖတ်မကျွေးနဲ့ဦး၊ အရည်ပဲ၊ နွားနို့၊ ဟောလစ်သာ တိုက်ပါ"

ကျွန်မ၏စိတ်အာရုံထဲ ဝင်ရောက်လာပြန်ပြီ၊ ဦးရဲဝံ့အား လိမ္မော်သီးကို အဖတ်များမပါစေရန် စစ်ပြီးမှ တိုက်နေသည့် မိန်းမမှာ ကျွန်မဖြစ်နေသည်။

ကျွန်မဆေးကိုယူပြီး ဦးရဲဝံ့အား ကြည့်လိုက်သည်၊ သူက အားနာသောအပြုံးကို မချိပြုံးလေးနှင့် ပြုံးပြလေသည်။

သူတော်တော်ဖျားနေရှာသည်။ အဖျားပင် တစ်ရာနှစ် ကျော်နေသည်။ ဖြူသောအသားအရောင်မှာ အနီရောင်ပြေး နေသည်။

ကျွန်မရင်ထဲ တလှပ်လှပ်ဖြစ်လာသည်။ ကျွန်မလက်ထဲ မှာ ရှိနေသော ပလတ်စတစ်အိတ်အသေးစားလေးနှင့် ထည့် ထားသည့် ဆေးဝါးများကို ကျွန်မထပ်မံကြည့်လိုက်မိသည်။

"လက်ဖက်ရည်ဆိုင်တစ်ဆိုင် ဝင်လိုက်ပါလား ညီမ လေး၊ ကိုရဲကို နွားနို့ရရ၊ ကော်ဖီရရ ဆေးတိုက်လိုက်ရအောင်"

"ရပါတယ်မမကြီး. . ရေနဲ့ပဲ သောက်လိုက်ပါ့မယ် ကျွန်တော် ခေါင်းမထူနိုင်တော့ဘူး"

ဦးရဲဝံ့က တုန်ယင်နေသောလက်ဖြင့် ရေသန့်ဘူးကို ယူ လိုက်သည်။ ထိုအခါရောက်မှ ကျွန်မ သတိဝင်လာသည်။





ခြင်းတောင်းထဲမှ ရေခွက်ကိုယူကာသူ့ထံမှ ရေသန့် ဘူးကိုယူကာ ငှဲ့ပေးလိုက်သည်။ သူ့အား ရေခွက်ကမ်းပေးထား ပြီး ကျွန်မက ဆေးထုတ်ကလေးထဲမှ ဆရာဝန်ညွှန်ကြားပေး လိုက်သော ဆေးသုံးမျိုးကို ထုတ်ပေးကာ သူ၏ ညာလက်ဖဝါး ထဲသို့ ထည့်ပေးလိုက်သည်။

ကျွန်မသည် လက်ရှိအနေအထားမှ ပျောက်ကွယ်သွား ပြီး အတိတ်ကို သွားသတိရသည်။

ကျွန်မသည် လူတစ်ယောက်ကို ကရုဏာမျက်ဝန်း၊ မေတ်နိုးအားထားသော မျက်ဝန်းများဖြင့် ဂရုတစိုက် ဆေးတိုက် သည်။ ချွေးလေးများကို သုတ်ပေးသည်။ ထိုသူသည် ဦးရဲဝံ့ဖြစ် နေသည်။

"နုနု္နာ မောင်းတော့"

ကျွန်မ၏ လှုပ်ရှားနေသောစိတ်ကို ငြိမ်သက်သွားစေရန် အရင် ကြိုးစားလိုက်သည်။

နောက်မှီကိုလှဲချကာ လျော့ရဲစွာ မှီပြီးမှေးစက်လိုက်ရှာ သော ဦးရဲဝံ့ကိုကြည့်ကာ ကျွန်မတစ်စုံတရာကို မှတ်မိလိုက်ပြီး အတိတ်မေ့နေသော ကာလအပိုင်းအခြား၌ ဦးရဲဝံ့အား ကျွန်မ သည် စိတ်ရောကိုယ်ပါ ပြုစုပေးခဲ့သည်ကို. . .။

သက်ပြင်းချလိုက်မိသည်။

ကိုယ့်ကိုယ်ကိုယ်မှမသိ၊ အတိတ်မေ့နေသူတစ်ယောက် ဘဝသစ်မှာ ပြုမူခဲ့သောဖြစ်ရပ်များကို အတည်ယူလို့ရသ ား၊ မူလဘဝမှန်ကို ပြန်ရောက်ပြီး ပြန်လည်လက်မခံနိုင်ခြင်း သည် မှန်ကန်သော လုပ်ရပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကားကို ညင်သာစွာ မောင်းထွက်ခဲ့သည်။

မမကြီးက အသံတိတ်နေသည်။ ညီအစ်မနှစ်ယောက် တည်းသာဆိုပါက မမကြီး ကျွန်မအား မေးခွန်းပေါင်းများစွာ ထုတ်ပေလိမ့်မည်။

“ဒါထက် ကိုရဲအိမ်မှာဘယ်သူမှ မရှိဘူးဆို ညီမလေး”

“ခြံစောင့်တော့ ရှိမှာပေါ့”

“နေမကောင်းတဲ့သူကို တစ်ယောက်တည်းထားလို့ သင့်တော်ပါ့မလား”

“မသင့်တော်လို့ ဘယ်လိုလုပ်မလဲ”

“ခက်လိုက်တာကွယ်၊ ဘာလုပ်ပေးရမှန်းတောင် မသိတော့ဘူး”

ဟုတ်သည်။ ဦးရဲဝံ့ကို ကျွန်မတို့ အိမ်ခေါ်သွားရန်လည်း ကျွန်မတို့ညီအစ်မ မဝံ့ရဲ။ ဦးရဲဝံ့အိမ်၌ ကျွန်မတို့ ညအိပ်ပြီး စောင့်ရှောက်ရအောင်ကလည်း မဖြစ်။

ကျွန်မတို့ဘာလုပ်ရမည်နည်း။

ဦးရဲဝံ့က အဖျားအရှိန်ဖြင့် ခန္ဓာကိုယ်က တုန်ယင်ပြီး.. ညည်းညူသံနှင့် အိပ်ပျော်နေပုံရသည်။

ရန်ကုန်ရောက်မှာပဲ မီးစင်ကြည့်ကရတော့မည်။

ဘုရားဖူးသွားခြင်းဖြစ်ပါလျက် အသွားမတော်တဲလှမ်း ဖြစ်ရလေပြီ။







# အခန်း (၃၂)

နောက်ဆုံး ဆုံးဖြတ်ချက်ကတော့။

“လောကကြီးမှာ ကိုယ့်လိပ်ပြာကို ကိုယ်လိမ်ညာရတာ အဆိုးရွားဆုံးပဲ၊ ကိုယ့်လိပ်ပြာသန့်နေရင်ပြီးတာပဲ ညီမလေး၊ အိမ်ကိုသာမောင်းတော့၊ ညီမလေးရဲ့အသက်ကို ကယ်တင်ခဲ့တဲ့လူ၊ ဘဝကို ကယ်တင်ခဲ့တဲ့လူတစ်ယောက်ရဲ့ ဒုက္ခကို မမကြီးတို့ ပြန်လည်ကူညီသင့်တယ်”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ တိုက်ရှေ့ရောက်သောအခါမှ ဦးရဲဝံ့ကို လှု
နှိုးရသည်။ မမကြီးက အရင်တက်သွားပြီး တံခါးတွေ ဖွင့်ထား
နှင့်သည်။

"ဦးရဲဝံ့"

ခြစ်ခြစ်တောက်ပူနေသောသူ၏ ခန္ဓာကိုယ်ကြော
ကျွန်မ ထူပူသွားသည်။

"ဦးရဲဝံ့ ထတော့၊ အိမ်ရောက်ပြီ"

"အင်း"

အဖျားရှိန်ကြောင့် မျက်လုံးမပွင့်တပွင့်ဖြစ်နေသော
ဦးရဲဝံ့ကို ကျွန်မတွဲကာ ပထမထပ်ရှိ ကျွန်မတို့ တိုက်ခန်း
ခေါ်ခဲ့သည်။

ပတ်ဝန်းကျင်က. . ကျွန်မတို့ကို စောင့်ကြည့်ကော
ကြည့်နေပေလိမ့်မည်။ မတတ်နိုင်။ ကိုယ်ကောင်းရင် ခေါ်
ရှေ့ဘူးဟု ကျွန်မယုံကြည်စွာဖြင့်ပင် ကျွန်မဦးရဲဝံ့အား တွဲခေါ်
သည်။

ဖြစ်ရလေဟုလည်း သံဝေဂရမိသည်။

ကျွန်မသည် ယောကျ်ားအချို့ကို ချစ်ခင်ဟန်ဆော
ကာ သူတို့တောင်းဆိုသော အဖြေကိုပေးတော့မလိုလိုနှင့် သူ
စွဲလန်းနှစ်သက်လာစေရန် အမူအရာများ၊ အပြောအဆို
များဖြင့်သာ ဆွဲဆောင်ခဲ့ပါသည်။ ဘယ်ယောကျ်ားနှင့်မှ လ
ပွန်းတတီး မပြုမူခဲ့။ ယခု ဦးရဲဝံ့ကိုတော့ ကျွန်မကပင် 
ချင်းလို လက်ပွန်းတတီး တွဲခေါ်နေရလေပြီ။

"ဘယ်မှာ သိပ်ရမလဲ"





"အိမ်ရှေ့ဧည့်ခန်း ခုတင်ပေါ်မှာပဲသိပ်ပြီး ညီမလေး
က ငါနဲ့လာအိပ်ပေါ့"

ကျွန်မကို ထိုအခါမှ ဦးရဲဝံ့က. . .

"ဟင် ဘယ်ရောက်နေတာလဲ"

"ကျွန်မတို့ တိုက်ခန်းလေ"

"ကျေးဇူးပဲ၊ ကိုယ်ကြောင့် ဒုက္ခများကုန်ပြီ"

ဦးရဲဝံ့သည် စကားကို ရှည်ရှည်ဝေးဝေး ထပ်မပြောနိုင်
တော့။ ကျွန်မ၏ ခုတင်ပေါ်သို့ ကျွန်မအကူအညီနှင့် လဲလျောင်း
လိုက်သည်။ မပွင့်တပွင့်ဖြစ်နေသော မျက်လုံးများဖြင့် ကျွန်မ
အား ကြည့်ကာ ပြုံးပြသည်။ သူ့အပြုံးက အဓိပ္ပါယ်များစွာ ပါပေ
မည်။ ထိုအဓိပ္ပါယ်များထဲက ကျေးဇူးတင်သော အဓိပ္ပါယ်ကို
တော့ ကျွန်မဖမ်းမိသည်။ ကျန်တဲ့အဓိပ္ပါယ်တွေကိုတော့ မသိ။

"ရေဝတ်တိုက်ပေးရင်း ကောင်းမယ်ထင်တယ်"

မမကြီးက အဖျားအရှိန်ဖြင့် မျက်လုံးပြန်မှိတ်သွားသော
ဦးရဲဝံ့ကို ကြည့်ကာ ပြောလိုက်သည်။

"ချွေးထွက်လာရင်လဲဖို့ အင်္ကျီ လုံချည်လည်း မရှိဘူး"

"ခုမှ ခုနစ်နာရီပဲရှိသေးတာပဲ၊ သွားဝယ်လိုက် ညီမ
လေး"

"ဟုတ်၊ မမကြီးနေရဲလား"

"ဩော်. . ညီမလေးရယ်၊ ငါတို့ဘဝမှာ ဘယ်တုန်းက
များ တစ်ယောက်တည်းမနေရဲတဲ့အခါတွေ ရှိခဲ့ဖူးလို့လဲ"

ဩော်. . ဟုတ်ပေသားပဲ။ ခုဆိုရင် မန္တလေးအိမ်ကြီး၌
မမကြီးနှင့် မမလေးတို့ ညီအစ်မနှစ်ယောက်တည်းနေထိုင်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ယောက်အပြင်ထွက်လျှင် တစ်ယောက်တော့ ကျွန် နေကြဖြစ်သည်။ ဆိုင်ထွက်လျှင်သာ အတူတူ သွားလာကြခြင်း ဖြစ်သည်။

ကျွန်မ ပိုက်ဆံအိတ်နှင့် ကားသော့ကိုယူကာ ပြန်ဆင်း ခဲ့သည်။

အနီးဆုံးစတိုးဆိုင်တစ်ခု၌ ရယ်ဒီမိတ်ရှပ်အင်္ကျီ ချည် သားနှစ်ထည်နှင့် ပုဆိုးနှစ်ထည်ကို ဝယ်လိုက်သည်။ နောက် မျက်နှာသုတ်ပဝါ၊ အလတ်ဆိုက်နှစ်ထည်၊ ဟောလစ်၊ နို့မှုန့် ကို ဝယ်လိုက်သည်။ ကျွန်မတို့က လက်ဖက်ရည်နှင့် ကော် သမား၊ လူနာကိုတိုက်လို့ သင့်တော်ပါ့မလား။

ကျွန်မပစ္စည်းများကို တစ်ပွဲ့တစ်ပိုက်ဝယ်ယူပြီး ကား ပေါ်တင်ထားကာ အနီးအနားစက်ချုပ်ဆိုင်ကို ရှာဖွေကာ ပုဆိုး နှစ်ထည်ကို အမြန်ချုပ်ခိုင်းရသည်။ ဦးရဲဝံ့ကို စတိုလ်ဘောင်း နှင့် အမြဲတွေ့ရသည်။ ပုဆိုးမှ ဝတ်တတ်ရဲ့လား။

ဝတ်တတ်ပါသည်။ ကျွန်မအာရုံထဲ၌ သူသည် ပုဆိုး အကွက်စိပ် နုပ်နုပ်ကလေးများနှင့် ရှပ်အင်္ကျီအရောင်ဖျော့ဖျော့ ကလေးများကို ဝတ်ထားတတ်သည်ကို မြင်နေမိသည်။

ကျွန်မအခန်းသို့ ပြန်ရောက်သေအာခါ ဦးရဲဝံ့သည် နှစ်ခြိုက်စွာ အိပ်ပျော်နေပြီး ချွေးလေးများပင် စို့နေသည်။

"ဆယ်နာရီကို ဆေးထပ်တိုက်ရမယ် မမကြီး"

"ညီမလေးပဲ သတိထားပြီး စောင့်လုပ်ပေးလိုက်ပါကွယ် မမကြီးတော့ ခရီးဝေးဒဏ်နဲ့ ခေါင်းချင်ပြီ"

မမကြီး၏သဘောကို ကျွန်မနားမလည်နိုင်တော့။





မမကြီးသည် ကျွန်မထက် ဆယ်နှစ်ကြီးသူဖြစ်သည်။ ညီအစ်မများသည် ငါးနှစ်စီခြားကြသည်။ မမကြီးရော မမလတ် ပါ ယောကျ်ားများကို မုန်းတီးပြီး ကင်းကင်းရှင်းရှင်းနေတတ်သူ ဖြစ်သည်။ ကျွန်မလိုတော့ ယောကျ်ားများ၏ အသည်းကိုခွဲစ တမ်း မကစားတတ်ပါချေ။

သို့သော် ယခုမမကြီးသည် ဦးရဲဝံ့နှင့် ကျွန်မရင်းနှီးမှုကို မဟန့်တား။ ကျွန်မကို ဦးရဲဝံ့ချစ်နေမှန်းသိလျက် လွတ်လွတ် လပ်လပ်ရှိနေရန်ပင် ရှောင်ပေးသည်။

ခုလည်းကြည့်၊ ဒရင်းဘတ်ကို ခုတင်ဘေးတွင် ထား ပေးထားသည်။

ကျွန်မဘာမှမတတ်သာတော့၊ အိပ်ခန်း၌ အဝတ်အစား များကို သွားလဲလှယ်၊ ကိုယ်လက်သန့်စင်ပြီး ညစာအဖြစ် မမကြီး ဖန်တီးထားသော ခေါက်ဆွဲပြုတ်ကို သောက်လိုက်သည်။

ပြီးတော့ ဦးရဲဝံ့ရှိရာသို့ ပြန်လာပြီး ကြည့်မိသည်။ ချွေး သီးချွေးပေါက်များနှင့် ရွှဲနစ်နေသည်။

ရှေးဦးသူနာပြုစုခြင်းပညာကိုလည်း သင်ယူခဲ့သော ကျွန်မအတွက် လူနာတစ်ဦးကို ကောင်းစွာ ပြုစုတတ်သည်ဖြစ် ရာ၊ ချွေးများကို မျက်နှာသုတ်ပဝါအသစ်နှင့် သုတ်ပေးလိုက် သည်။

"မိုး. . . မိုးရယ်၊ မိုးကို ကိုယ်ချစ်တယ်၊ မြတ်နိုးတယ်"

ဦးရဲဝံ့နှုတ်က ယောင်နေသည်။

"မိုး ကိုယ့်ကို ထားမသွားနဲ့နော်"

ကျွန်မ "မိုး"ဟု ဦးရဲဝံ့အမည်ပေးထားသည်က အတိတ်



www.burmeseclassic.com

www.burmeseclassic.com



မေ့ကာလ အပိုင်းအစများကို ခြေရာကောက်မိလေပြီ။

ကျွန်မ ဦးရဲဝံ့ကို ချွေးသုတ်ပေးပြီး အကျႌကို လဲလှယ်ပေးလိုက်သည်။ ဦးရဲဝံ့က ကျွန်မလှုပ်ရှားမှုကြောင့် နိုးလာပြီး စက်ရုပ်သဖွယ် လိုက်လှုပ်ရှားလေသည်။

"သိုင်း်ခ်ကျူး နုနန္ဒာ"

သို့သော် ဘယ်အရာမဆို ဖြစ်မြောက်အောင် လုပ်တတ်သော ကျွန်မသည် နိုးတစ်ဝက် အိပ်တစ်ဝက်ဖြစ်နေသော ဦးရဲဝံ့အား ကျွန်မ စိတ်တိုင်းကျသွားသည့်အနေအထားအထိ ကူညီလုပ်ပေးနိုင်ခဲ့သည်။ ဟောလစ်ဖျော်ကာ နွေးနွေးကလေးဖြစ်သွားချိန်၌ ဆေးတိုက်နိုင်ခဲ့သည်။ ဦးရဲဝံ့ ပြန်အိပ်သွားချိန်၌ နဖူးနှင့် လည်ပင်းသို့ ရေဝက်ကလေး တိုက်ပေးခြင်းဖြင့် အဖျားကျအောင် လုပ်ပေးနိုင်ခဲ့သည်။

ကျွန်မသည် ထိုသို့လုပ်ဆောင်ပေးရင်း အတိတ်မေ့စဉ်ကာလက အပိုင်းအခြားက ဖြစ်ပျက်ခဲ့သမျှကို အားလုံး ပြန်သတိရလိုက်လေသည်။

ရဲတိုက်ကြီးသဖွယ် ခမ်းနားလွန်းသော အိမ်ကြီး၏ အရှင်သခင်များဖြစ်ကြသော ဦးထက်အောင်၊ ဒေါ်ပိတောက်၊ အိမ်၏ဘဏ္ဍာစိုး ဒေါ်ထွေး၊ နောက် နန်းမှုံ၊ နန်းပုံတို့ညီအစ်မ၊ ဒရိုင်ဘာမောင်ဦး၊ အားလုံး. . အားလုံးကို ရုပ်ရှင်ကြည့်ရသည်နှယ် ပြန်ပေါ်ပေါက်လာသည်။

အထူးသဖြင့် ဦးရဲဝံ့၏ အကြင်နာပုံရိပ်များ၊ ကျွန်မ မျက်ရည်များပင် ကျလာသည်။

ကျွန်မဘဝသည်. . . .





ထိုစဉ် တယ်လီဖုန်းမြည်သံကြောင့် ကျွန်မသည် ကမန်းကတန်း ကိုင်လိုက်သည်။ ဦးရဲဝံ့ နိုးသွားမှာကို ကျွန်မစိုးရိမ်သည်

"ဟဲလို"

"နုနန္ဒာ"

ဒေါ်ပိတောက်၏အသံ။ ကျွန်မလန့်သွားသည်။ ကျွန်မဘဝမှာ လူကိုထိတ်လန့်ခြင်းသည် ပထမဦးဆုံးအကြိမ် ဖြစ်ပေလိမ့်မည်။

"ဟုတ်ကဲ့ အန်တီပြောပါ"

"သားကို ဖုန်းခေါ်လို့ မရဘူး"

"ကျွန်မဘာများ အကူအညီပေးရပါမလဲ"

"ခြံစောင့်ပြောတယ်၊ သားမနက်သုံးနာရီခွဲကတည်းက ထွက်သွားတာ ခုချိန်အထိ ပြန်မလာသေးဘူးတဲ့"

ကျွန်မ ဘာပြန်ပြောရမည်နည်း။

တုံ့ပြန်မှုတစ်ခု ပေးသင့်သည်။ မုသားစကားလား၊ အမှန်စကားလား။ တစ်ခုခုတော့ ပြန်ပြောသင့်သည်။ ဘဝနှစ်ခုစလုံးကို ဆက်စပ်မိသွားပြီဖြစ်သော ကျွန်မအတွက်. . ဒေါ်ပိတောက်၏ စောင့်ရှောက်မှုကိုလည်း ပြန်မြင်နေခဲ့သည်ဖြစ်ရာ။

"သူ လူပျိုလူလွတ်တစ်ယောက်အနေနဲ့ လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှားတာ ဖြစ်ပါလိမ့်မယ် အန်တီ၊ ပါတီတို့ နိုက်ကလပ်တို့များ. . ."

"ဟိုး. . ဟိုး. . မင်းစကားမဆက်လိုက်ပါနဲ့ နုနန္ဒာ၊ တို့တွေသားဟာလေ အပျော်အပါးလုံးဝကင်းစင်တဲ့လူပါ. . ၊ သူ့ကုမ္ပဏီတွေလည်း တို့တွေမေးပြီးပြီ၊ ဒီနေ့ သူခရီးထွက်မှာမို့လို့



www.burmeseclassic.com

www.burmeseclassic.com



လုပ်စရာအလုပ်တွေကို ဆက်လုပ်ထားကြဖို့ မှာထားတယ်၊ ည နေပြန်ရောက်မယ်ပြောပြီး ပြန်ရောက်မလာလို့ သူတို့ ခရီးလွန် တယ်လို့ ပြောကြတယ်၊ သူ့ဖုန်းခေါ် တော့လည်း ပိတ်ထားတယ် လေ"

"ဒီလိုဆိုရင်လည်း သိပ်မစိုးရိမ်ပါနဲ့ အန်တီရယ်၊ အချိန် တန်ရင် ပြန်ရောက်လာမှာပါ"

ကျွန်မသည် ဒေါ်ပိတောက်၏ စိုးရိမ်မှုကို အတတ်နိုင် ဆုံး ဖြေသိမ့်မှုပေးလိုက်ခြင်းသည်။ ကျွန်မ၏ စေတနာသက် သက်ပင်ဖြစ်သည်။

ကျွန်မအမှန်အတိုင်း ဖွင့်ဟလိုက်လျှင် ဒေါ်ပိတောက် စိတ်ဆိုးခြင်း၊ စိတ်ထိခိုက်ခြင်းများ ဖြစ်ပေါ်ပြီး ဝေဒနာတွေ တက် သွားနိုင်သည်။

ကျွန်မထိုသို့ မပြုမူချင်တော့ပါ။ ကျွန်မ အစွယ်ကျိုးနေ ပြီ။

"အေးပါကွယ်၊ အန်တီပြန်ခဲ့တာကိုက မှားပါတယ်၊ ဘာ ပဲဖြစ်ဖြစ် မင်းဟာ ကတိတည်တဲ့မိန်းကလေး ဖြစ်မှာပါ"

"စိတ်ချပါအန်တီ၊ ကျွန်မဦးရဲဝံ့ကို ဘယ်တော့မှ ဒုက္ခ မပေးပါဘူး၊ ဒါပဲနော် အန်တီ"

ကျွန်မ တယ်လီဖုန်းကို ချလိုက်သည်။ ကျွန်မရင်ထဲ၌ ကြေကွဲခြင်းတို့သည် ထိန်းမရနိုင်အောင်ဖြစ်သွားသည်။ ဦးရဲဝံ့ နဖူးပေါ်မှ ရေဝတ်ကို နောက်ဆုံးဖယ်ရှားလိုက်သည်။

ဦးရဲဝံ့ ကိုယ်ပူရှိန်လည်း ကျဆင်းသွားပြီဖြစ်ရာ. . . ကာ ယောင်ကတမ်းပြောဆိုခြင်းလည်း မရှိတော့။ အသက်ပြင်းပြင်း





ရှူခြင်းလည်း မရှိတော့ပဲ၊ အသက်မှန်မှန်ရှုကာ အိပ်ပျော် လျက်ရှိသည်။

ကျွန်မ ဦးရဲဝံ့၏ အဝတ်ဟောင်းများကို အသာလေး လျှော်ဖွပ်ကာ လှမ်းထားလိုက်သည်။ ကျွန်မဘဝဝယ်. . . ယောကျ်ားတစ်ဦး၏ အဝတ်အစားများကို ပထမဦးဆုံးထိတွေ့ ခြင်းနှင့် လျှော်ဖွပ်ပေးခြင်းဖြစ်သည်။

ကျွန်မ ရှုံ့ရှာခြင်း၊ အလျဉ်းမဖြစ်မိပဲ စေတနာတွေ ပြည့် နှက်နေသည်။

ဘုရား. . . ဘုရား. . .

သေချာပြီ။

ကျွန်မသည် အမုန်းဆုံးဟု ယူဆပြီး ဒုက္ခအမြဲပေးခဲ့ သည့် ရန်သူကိုမှ ကျွန်မချစ်မိနေပြီ။

ကျွန်မအမြန်ဆုံးသေသွားခဲ့ရင် အကောင်းဆုံး ဖြစ်ပေ လိမ့်မည်။

ကျွန်မ ဦးရဲဝံ့၏ ချောမောတည်ကြည် သန့်ရှင်းသော မျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း ရင်ကွဲမတတ် ခံစားလာရသည်။ ကံကြမ္မာက ကျွန်မကို ဆက်တိုက်ပင် နှိပ်စက်လေပြီ။

မွေးဖွားလာကတည်းက ကံဆိုးခြင်းတို့နှင့် စတင်ခဲ့သော ကျွန်မအတွက် သေဆုံးခြင်းဟူသော နောက်ဆုံးမှတ်တိုင်အထိ ကံဆိုးခြင်းနှင့်သာ အဆုံးသတ်ရတော့မည် ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃၃)

ရဲဝံ့နိုးလာခြင်းဖြင့် အံ့အားသင့်သွားရသည်။

မိမိမျက်လုံးကို မိမိမယုံကြည်နိုင်အောင် ဖြစ်သွားရသည်။

တစ်တောင်သာသာမြင့်သော မိမိအိပ်နေသည့် ခုတင်ကို လက်တင်၊ လက်ပေါ်ခေါင်းကလေးတင်ကာ အိပ်ပျော်နေရှာသော နုနန္ဒာကို မယုံနိုင်စွာ တွေ့လိုက်ရသောကြောင့် ဖြစ်သည်။





နုနန္ဒာ၏ ခုတင်ပေါ်တွင် မိမိရောက်ရှိနေသည်။ သိစိတ်တစ်ဝက်၊ မသိစိတ်တစ်ဝက်ကြားက နုနန္ဒာ၏ ပြုစုယုယမှုများကို သူတစိမ့်စိမ့် မှတ်မိလာသည်။ စားပွဲတင်နာရီလေးကို ကြည့်လိုက်သည်။ နံနက် သုံးနာရီခန့်ပင် ရှိသေးသည်။

မီးဖွင့်ထားသဖြင့် နုနန္ဒာ၏ မို့အစ်နေသော မျက်ခွံနှင့် ခြောက်သွေ့စပြုနေသော မျက်ရည်စီးကြောင်းများကို သူတွေ့မြင်လိုက်ရသည်။

နုနန္ဒာ ညောင်းနေရှာမည်။ သမံတလင်းကို ဖယောင်းပုဆိုးခင်းထားခြင်းကြောင့် အအေးမိကာ ကိုယ်လက်များကို နာကျင်ကိုက်ခဲစေနိုင်သည်။

နုနန္ဒာကို အသာလှုပ်နိုးလိုက်သည်။ အမှန်တော့ ပွေ့ချီပြီးကုတင်ပေးသိပ်လိုက်ချင်သည်။ သူကတော့ ဒရင်းဘတ်ပေါ်၌ အိပ်လိုက်မည်။

"နုနန္ဒာ"

အိပ်ရေးဆတ်သော နုနန္ဒာက ချက်ချင်းပင် နိုးလာသည်။

"အင်း. ."

"ထ. . ဒီမှာအိပ်ပါ"

"မဟုတ်တာ၊ ရှင်နေကောင်းသွားပြီလား"

နုနန္ဒာအကြည့်၌ စိမ်းကားခြင်းလုံးဝမပါရှိတော့ပေ။

ရဲဝံ့က ရွှန်းရွှန်းစားစားကြည့်ကာ ခေါင်းညိတ်လိုက်သည်။

ရဲဝံ့အကြည့်ကြောင့် နုနန္ဒာရင်ထဲ ကလီစာတို့. . .



www.burmeseclassic.com

www.burmeseclassic.com



ကပြောင်းကပြန် ဖြစ်ကုန်သည်။ တုန်လှုပ်မှုတို့ ကြီးစိုးကာ. . .

"ဒါဖြင့် အိပ်တော့နော်. . ကျွန်မ မမကြီးနဲ့ သွားအိပ်တော့မယ်"

ထွက်သွားဟန်ပြင်သော နုနန္ဒာ၏ လက်ကိုဆွဲကာ ရဲဝံ့ တားဆီးလိုက်သည်။

"ဟင့်အင်း နုနန္ဒာ၊ မင်းဒီမှာပဲ အိပ်ပါ။ ကိုယ်ဒရင်းဘက်မှာအိပ်မယ်၊ ကိုယ်ရဲ့ ချစ်မြတ်နိုးမှုဟာ မင်းဘဝကို နစ်မွန်းစေဖို့ ဘယ်တော့မှ မရည်ရွယ်ပါဘူး၊ မလုပ်ဆောင်ပါဘူးဆိုတာ သက်သေပြပါရစေ၊ မင်း. . . မင်းခုတင်မှာပဲ အိပ်ပါ"

နုနန္ဒာမျက်နှာသည် အဖျားသွေးမရှိပါပဲလျက် နီရဲနေသည်။

ရဲဝံ့စကားကို နုနန္ဒာမှာ လွန်ဆန်နိုင်သော အင်အားမရှိပါ။

မိုးကလည်း ရဲဝံ့၏ အကျင့်သိက္ခာနှင့် မေတ္တာကို နားလည်ခဲ့သည်။

နုနန္ဒာကလည်း. . .

ရဲဝံ့စကားကို အလိုလို လိုက်နာချင်လျက်သား ဖြစ်သွားသည်။ သို့သော်. . .

"ဟင့်အင်း၊ ရှင် ခုတင်ပေါ်ပဲအိပ်၊ ကျွန်မ ဒရင်းဘက်ပေါ်ပဲအိပ်မယ်၊ ရှင့်အဖျားတွေ ကျွန်မကို ကူးသွားမှာပေါ့"

"မင်းကရှေ့နေပီပီ အကြောင်းပြချက်ကောင်းတယ်ကောင်းပြီ. . ဒီလိုဆို အိပ်တော့"

"ရှင် တခုခု သောက်ဦးမလား"





"ဟင့်အင်း၊ ကိုယ့်အတွက်က မင်းရှိနေရင် အားလုံးပြီးပြည့်စုံပြီ၊ ဘာမှမလိုအပ်တော့ဘူး အချစ်ရယ်"

ရဲဝံ့နှလုံးသားက ပေါက်ကွဲလွင့်စင်လာသော လေသံဖြင့်ပြောလိုက်သည်။ နုနန္ဒာက တုန်ယင်စွာဖြင့်. . ဒရင်းဘက်ပေါ်သို့ လှဲလျောင်းလိုက်သည်။

ချစ်ခြင်းလည်း မပြိုင်လိုပါ။

ပြိုင်လာလျှင်တောင် နုနန္ဒာသည် ရဲဝံ့ကို အရှုံးပေးလိုက်ချင်သည်။

ရဲဝံ့က နုနန္ဒာဘက်ကို စောင်းအိပ်ကာ မျက်နှာလေးကို ငေးစိမ့်စိမ့်ကြည့်နေသည်။

နုနန္ဒာ ထိုအကြည့်ကို မခံနိုင်။ တစ်ဖက်သို့ လှည့်အိပ်ဖို့ကိုလည်း မလုံမလဲ။ မီးချောင်းပိတ်ပြီး မီးဖွင့်ဖို့ကိုလည်း မဝံ့ရဲ။ ထို့ကြောင့် စောင်ကိုသာ ခေါင်းအထိ ဆွဲဖုံးလိုက်သည်။

ရဲဝံ့ တားဆီးလိုက်သည်။

"မျက်နှာလေးကို ကြည့်ခွင့်တောင် မပေးတော့ဘူးလား ချစ်ရယ်"

"ဟင့်အင်း၊ ကျွန်မကြောက်တယ် ဦးရဲဝံ့၊ ရှင် ဟိုဘက်လှည့်အိပ်ပေးပါ"

ရဲဝံ့ သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ၊ ချစ်သဘောပါပဲ"

ရဲဝံ့ နုနန္ဒာဆန္ဒကို လိုက်လျောသည်။ နုနန္ဒာကို ကျောခိုင်းကာ အိပ်စက်သည်။

ထိုအခါမှ နုနန္ဒာက မျက်နှာပေါ်မှ စောင်ကို လှန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အထိ ပြန်ဆွဲချကာ ရဲဝံ့၏ နောက်ကျောကိုကြည့်ရင်း မျက်ရည်များ ကျဆင်းလာသည်။

ခုတင်နှင့် ဒရင်းဘက် တစ်တောင်သာကွာသည်။ တစ်ယောက် အသက်ရှူသံကို တစ်ယောက်ကြားနေရသည်။

"နုနန္ဒာ မင်းကိုလေ ကိုယ်အရင်က ချစ်နေတာထက်ကို အဆပေါင်းများစွာ ပိုပြီးချစ်လာပြီ၊ ကိုယ့်ရဲ့အချစ်က ဂိတ်ဆုံးကိုရောက်နေပြီ သိလား"

နုနန္ဒာ တုံ့ပြန်သံမပေးတော့ အိပ်ချင်ဟန်ဆောင်နေလိုက်သည်။

ရဲဝံ့အသာပြန်လှည့်လာကာ နုနန္ဒာ၏ မျက်နှာလေးကို တစိမ့်စိမ့် ငေးရင်းဖြင့်. . . . . ။







# အခန်း (၃၄)

နွယ်နီနိုင်က နိုးနိုးခြင်း ခြေဖျားကို အသာဖွနင်းကာ ဧည့်ခန်းဝနားရပ်ကြည့်လိုက်သည်။ လိုက်ကာကိုပင့်တင်ထားပြီး မီးဖွင့်အိပ်နေကြခြင်းကြောင့် ရဲဝံ့က ခုတင်ပေါ်၌ နုနန္ဒာက ဒရင်းဘက်ပေါ်၌ မျက်နှာချင်းဆိုင် အိပ်စက်နေခြင်းကို တွေ့လိုက်ရသည်။

နွယ်နီနိုင် ညီမဖြစ်သူအား အတော်သနားသွားသည်။ ကံဆိုးခြင်းနှင့်အတူ လောကကြီးကို တောင်ရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သော ညီမလေးသည် အချစ်အတွက် ကံဆိုးခြင်းကို စတင် လေပြီ။

နွယ်နီနိုင် မီးဖိုဘက်သို့အသာအယာ ထွက်ခဲ့ပြီး ကိုယ် လက်သန့်စင်မျက်နှာသစ်ပြီး ရေနွေးတည်၊ ဆွမ်းချက်ခြင်းတို့ကို အသံမမြည်စေရန် သတိထားလုပ်ဆောင်လိုက်သည်။

စိတ်ထဲ၌ နုနနွအတွက် ဘာလုပ်ပေးသင့်သနည်း၊ ဒေါ်ပိတောက်အား ညီမလေးတို့ချစ်ခြင်းကို မခွဲဖို့ ဒူးထောက် တောင်းပန်ရမလား။

ရဲဝံ့ကလည်း နုနနွာကိုမှ မရလျှင် ဒုက္ခတွေ့နိုင်သည်။

အခြေအနေအရပ်ရပ်ကို မိမိနားလည်သည်။ ညက တရေးနိုးတွင် သူတို့ပြောစကားများကို သူအစအဆုံးကြား နေ သည်။ ညီမလေးသည် ရဲဝံ့ကို နက်ရှိုင်းသော အချစ်ဖြင့် ချစ်နေ ပြီကို ဝန်ခံစရာမလိုဘဲ သူ သိလိုက်ပြီ။

ဆွမ်းတော်အကျက်တွင် ဆွမ်း၊ ပန်း၊ ရေချမ်းတို့ ကပ်လှူ ပြီး ဈေးသို့ထွက်ခဲ့သည်။ ရဲဝံ့အတွက် ကြက်စွပ်ပြုတ်ရည်လေး လုပ်ပေးမည်။ ညီမလေးကိုလည်း ရောက်တုန်းရောက်ခိုက် ချက် ပြုတ်ကျွေးရန်ဟူသော ရည်ရွယ်ချက်ဖြစ်သည်။





# အခန်း (၃၅)

ရဲဝံ့အရင် နိုးလာသည်။

နုနနွာမနိုးစေရန် အသာလေးလှုပ်ရှားလိုက်သည်။ နာရီ ကြည့်တော့ ခုနစ်နာရီရှိနေပြီ။ ဧည့်ခန်း၌ ဒေါ်နွယ်နီနိုင်ကို မတွေ့ ရတော့။ သို့သော် ထမင်းစားပွဲပေါ်၌ ခါတ်ပူးနှင့် ဖျော်သောက် စရာပုလင်းများ၊ ကော်ဖီပန်းကန်များ အဆင်သင့်ပြင်ဆင်ထား ပေးသည်။

ရဲဝံ့ ကိုယ်လက်သန့်စင်လိုက်သည်။ သူ့အတွက် မ



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ရသေးသော သွားတိုက်တံကို အဆင်သင့်ဘေစင်၌ တင်ထားပေးသည်။

သူ့ခန္ဓာကိုယ်မှ အဝတ်အစားများမှာ အသစ်ဖြစ်နေသည်။ သူ့အဝတ်အစားဟောင်းများ . . ရှပ်အင်္ကျီ၊ စွပ်ကျယ်၊ ဘောင်းဘီရှည်၊ အတွင်းခံဘောင်းဘီကအစ လျှော်ပြီး အဝတ်စင်၌ လှမ်းထားသည်ကို သူအံ့သြစွာတွေ့မြင်လိုက်ရသည်။

မျက်နှာသစ်ရင်း မနေ့ကဖြစ်ပျက်သမျှကို ပြန်လည်စဉ်းစားမိသည်။

နုနန္ဒာ၏ အပြုအမူများ။

ရဲဝံ့ရင်ထဲ တဒိတ်ဒိတ်ခုန်လာသည်။

နုနန္ဒာ . . နုနန္ဒာထံမှ အချစ်တွေကို သူရရှိနေတာပါလား။

သူ့လောက်ကံကောင်းသူ ကမ္ဘာမှာ ရှိနိုင်ပါ့ဦးမလား။

သူ တက်ကြွရွှင်လန်းလာသည်။

ထိုစဉ် နုနန္ဒာသည် မျက်နှာသုတ်ပဝါအသစ်တစ်ထည်ကိုင်ကာ သူ့ထံလျှောက်လာသည်။ မို့အစ်နေသော မျက်ခွံလေးက ငိုကြွေးထားကြောင်း သက်သေခံနေသည်။

သူ ရင်ထဲ နာကျင်သွားသည်။

နုနန္ဒာဘဝမှာ ငိုကြွေးခြင်းလုံးဝမရှိစေချင်။ ပျော်ရွှင်ခြင်းတွေကိုသာ ထာဝရပိုင်ဆိုင်စေရမည်။

အနားရောက်လာသော နုနန္ဒာက မျက်နှာသုတ်ပဝါကို ကမ်းပေးသည်။

ရဲဝံ့က မျက်နှာသုတ်ပဝါကို မယူဘဲ လူကိုသာ ဆွဲယူ





ပွေ့ဖက်လိုက်သည်။

“ချစ်ရယ်၊ မောင်တို့ ဒီနေ့ပဲ လက်ထပ်ရအောင်”

“ဟင့်အင်း . . . ဟင့်အင်း . . .”

နုနန္ဒာ မရုန်းဖယ်ပါ။ ရဲဝံ့ရင်ခွင်၌ မျက်နှာကပ်ကာ ငိုချလိုက်သည်။

“မငိုပါနဲ့ချစ်ရယ်၊ မင်းဘဝမှာ ငိုစရာတွေ မရှိစေရတော့ဘူး၊ မောင်ဟာ ခံတပ်ကြီးအနေနဲ့ မင်းဘဝကို လုံခြုံနွေးထွေးစွာ ထားပါရစေတော့ ချစ်ရယ်နော်”

ချစ်ခြင်းနှင့် ပတ်သက်လာလျှင် အရွယ်ရောက်လာသည်နှင့် ဘယ်လူသားမှ သင်ယူစရာမလိုဘဲ အလိုအလျောက်တတ်မြောက်ကြပါလားဟု ရဲဝံ့ သိရှိလိုက်ပြီ။

နုနန္ဒာ၏ မျက်ရည်စများကို သုတ်ပေးရန် မေးကလေးကို အသာဆွဲယူပြီး မော့စေသည်။

ကြည့်စမ်း၊ သူ မြင်တွေ့ခဲ့ရသော မိုးနှင့် နုနန္ဒာများတွင် ယခုမြင်တွေ့ရသော နုနန္ဒာသည် အလှဆုံးဖြစ်သည်။

ချစ်ခြင်းကြောင့် ကြေကွဲစွာကျသော မျက်ရည်များကြားက မိမိအား ကြင်နာမြတ်နိုးခြင်း၊ ကြေကွဲခြင်း၊ ရှက်စနိုးဖြစ်ခြင်းသော ခံစားမှုများ ရောပြွမ်းနေသော မျက်ဝန်းဖြင့် မိမိအား ကြည့်နေရှာသော နုနန္ဒာ။

ဒီမိန်းမချောလေးဟာ အဆိပ်ရှိတယ်တဲ့လား။

နုနန္ဒာက ရှက်စနိုးဖြင့် လွဲဖယ်ကာသူ့ရင်၌ပင် မျက်နှာအပ်ထားလိုက်ပြီး သူ့အား လွတ်ထွက်သွားမှာစိုးသည့်အလား ပြန်လည်ဖက်တွယ်လိုက်သည်။ ပြီးတော့ . . .

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ရှက်တယ်"

"ဘယ်သူ့ကို ရှက်တာလဲ၊ ဘာကိုရှက်တာလဲ"

"မောင့်ကို ပြီးတော့ ကျွန်မကိုယ်ကျွန်မပဲ"

"ဘာဖြစ်လို့ ကျွန်မကိုယ်ကျွန်မရှက်ရတာလဲ"

"မောင့်ကိုချစ်မိလို့လေ"

"မောင့်ကိုချစ်မိတာ ရှက်စရာလား"

"အင်း"

"ဘာဖြစ်လို့လဲ၊ မောင် နားမလည်တော့ဘူး"

"ဘာဖြစ်လိုလဲဆိုတော့ မောင်က ကျွန်မ အင်မတန်မှ တဲ့ ယောကျ်ားတစ်ယောက်ဖြစ်နေလို့ပေါ့ မောင်ရယ်"

ရဲဝံ့က ကျေနပ်စွာပြုံးပြီး ချစ်သူအား တိုး၍တင်းကျပ်စွာ ပွေ့ဖက်လိုက်ပြီး. . . .





# အခန်း (၃၆)

မောင့်အား တစ်နေ့လုံး ကျွန်မသည် ဆေးမှန်မှန်တိုက်ကာ ပြုစုပေးသည်။ မမကြီးကလည်း လိုလေသေးမရှိ စောင့်ရှောက်မှု၊ ကူညီမှုပေးသည်။

ကျွန်မတို့ ချစ်သွားကြခြင်းကို မောင်ကော ကျွန်မပါ မမကြီးကို မဖုံးကွယ်ဘဲ ဖွင့်ပြောလိုက်ကြသည်။

"ကျွန်တော် မမကြီးကိုသက်သေထားပြီး ဒီနေ့ပဲ နုနုနွှာနဲ့ လက်ထပ်ချင်တယ် မမကြီး"

www.burmeseclassic.com



"ဒီလိုတော့လည်း အလောသုံးဆယ် မလုပ်ကြပါနဲ့ကွယ်၊ လူကြီးမိဘတွေကို လက်ခံနိုင်အောင် ရှင်းပြပြီးမှ လက်ထပ်ကြတာ ပိုကောင်းပါတယ်"

မောင်ဘာကြောင့်. . အလောသုံးဆယ် လက်ထပ်ချင်သည်ကို ကျွန်မ သိသည်။ မောင့်အမေက ဘယ်နည်းနှင့်မှ သဘောတူမည်မဟုတ်ခြင်းကို ကျွန်မနားလည်ထားသကဲ့သို့ မောင်လည်း သိထားပုံရသောကြောင့်ဖြစ်သည်။

"မမကြီး ဒီညပဲ လီယိုနဲ့ပြန်မယ် ကိုရဲ"

"ကျွန်တော်လည်း မမကြီးကို ကားဂိတ်ပို့ပေးရင်းနဲ့ အိမ်ကို ပြန်လိုက်ပါ့မယ်"

"ကောင်းပြီလေ၊ ကိုရဲရဲ့ အမေဆီကိုလည်း ဖုန်းလေးဘာလေးဆက်လိုက်ပါဦး၊ သူ့ခမျာ မင်းကို စိတ်ပူနေရှာမှာပေါ့"

"ဟုတ်ကဲ့၊ ညရောက်မှဆက်ပြီး မေမေ့ကို ခွင့်တစ်ခါထဲ တောင်းလိုက်ပါ့မယ် မမကြီး"

"အဲဒါအကောင်းဆုံးပဲ၊ မမကြီးလည်း ပြန်ရောက်တာနဲ့ မေမေ့ဆီ တန်းသွားပြီး အကျိုးအကြောင်းတွေ ရှင်းပြလိုက်ပြီး ခွင့်တောင်းပေးမယ်"

"ကျေးဇူးတင်ပါတယ် မမကြီးရယ်၊ ဘယ်လို အကြောင်းတွေကြောင့်ပဲ ဖြစ်ဖြစ်၊ ကျွန်တော်ကတော့ နုနန္ဒာကို လက်ထပ်မှာပါ"

မောင်က ပြတ်သားစွာ ပြောသည်။

ကျွန်မကတော့ မောင့်ကိုချစ်ခြင်းကြောင့် မောင့်ဆန္ဒမှန်သမျှကို ဖြစ်အောင်လိုက်လျောပေးချင်သော ဆန္ဒများ ကျွန်မ





မှာအမြဲရှိနေပြီ။ မောင့်ကို နေ့လည်တရေးအိပ်စေသည်။

မောင်အိပ်နေတုန်း မောင်ဝတ်လာသော အဝတ်အစားများကို ကျွန်မ မီးပူးတိုက်ပေးနေစဉ်. . .

"ဩော် နောက်ဆုံးတော့ မိန်းမဟာ မိန်းမပါပဲလား၊ ညီမလေးရယ်"

ကျွန်မရှက်ပြုံးဖြင့် ဆိတ်ဆိတ်နေလိုက်သည်။

အချစ်သည် ဘဝတစ်ခုလုံးကိုပြောင်းလဲသွားအောင် ဆောင်ရွက်နိုင်စွမ်းရှိလေသည်။ အချစ်၏ အင်အားကြီးမားမှုကို ကျွန်မ ယုံကြည်လေပြီ။

အချစ်သည် ချိုမြိန်သည်။ အချစ်ကြောင့် ရင်ထဲ၌ ခါးသီးသော အမျက်ဒေါသ၊ နာကြည်းမှုတို့သည် မှေးမှိန်လျက်ရှိနေပြီ။

"ညီမလေး ကိုရဲကို တကယ်လက်ထပ်မှာလား"

မမကြီးက မယုံမရဲမေးလိုက်သေးသည်။

ကျွန်မက ပြုံးကာ. . .

"ကျွန်မအမူအရာတွေက မောင့်ကို လှည့်ဖြားတဲ့ပုံများပေါက်နေလို့လား မမကြီး"

မမကြီးက ကျွန်မက "မောင်" ဟု သုံးလိုက်ခြင်းအပေါ် ရှက်သွားပုံရသည်။ မျက်နှာကြီးနီမြန်းလျက်. . .

"ငါ ဘယ်သိမှာလဲအေ"

"ကျွန်မ မောင့်ကို တကယ်ချစ်တာပါ မမကြီးရယ်"

"တော်ပြီ. . တော်ပြီ ဆက်မပြောနဲ့တော့၊ လက်ထပ်ခင် အနေအထိုင်ဆင်ချင်ကြနော်၊ ဒါ မြန်မာပြည်အေ. . ကိုယ်ကောင်းရင် ခေါင်းမရွေ့ဘူးဆိုပေမယ့် ဘေးပတ်ဝန်းကျင် အ



www.burmeseclassic.com

www.burmeseclassic.com



ထင်မသေးရအောင်တော့ နေဖို့လိုတယ်”

“ကျွန်မ နားလည်ပါတယ် မမကြီးရယ်၊ မောင်ကလည်း လူရမ်းကား မဟုတ်ပါဘူး”

“အေးပါအေ၊ ကိုရဲလေးကိုတော့ ငါလည်း သဘောကျပါတယ်၊ ငါနဲ့ မလတ်အတွက်တော့ မောင်တစ်ယောက်ရသလို၊ မေမေ့အတွက်လည်း သားတစ်ယောက် ရပြီဆိုတာမျိုး၊ ကျေနပ်လက်ခံနိုင်လိမ့်မယ်လို့ ငါထင်တယ်”

“မမကြီး မေမေ့ဆီ တန်းသွားမှာလား”

“အေးပေါ့ မလတ်ကို အရင်ပြောပြီး ချက်ချင်းပဲသွားဖို့ ဆုံးဖြတ်ထားတယ်”

ကျွန်မရင်ထဲ ကြည်နူးမှုလှိုင်းကလေးများထကာ တငြိမ့်ငြိမ့်ဖြစ်နေသည်။ ကျွန်မဘဝအပြောင်းအလဲမြန်ဆန်လှသည်။

စိတ်သည် အပြောင်းအလဲမြန်ဆန်တတ်သလား။

ကျွန်မ၏ အစွဲအလမ်းနှင့် သံမဏိစိတ်ကို မောင်ကပဲ အရည်ပျော်သွားအောင် စွမ်းဆောင်လွန်းနိုင်တာလား၊ ကျွန်မ မတွေးတတ်အောင် ဖြစ်မိလေသည်။

ဘာပဲဖြစ်ဖြစ် ကျွန်မ မောင့်ကို ပိုင်ဆိုင်ချင်ပြီ။ ကျွန်မချစ်သောမောင့်ကို ကျွန်မမျက်စိရှေ့၌ အမြဲတမ်းထားချင်ပါသည်။ ကျွန်မမောင့်မျက်နှာကို မြတ်နိုးခြင်းများစွာဖြင့် တစိမ့်စိမ့်ငေးကြည့်နေမိသည်။







# အခန်း (၃၇)

“မမကြီးကို လိုက်ပို့ချင်သလား၊ ကိုယ်ပြန်ပို့ပေးမယ်လေ”

ကျွန်မက မမကြီးပြန်ရန် ပြင်ဆင်နေခြင်းကိုကြည့်ပြီး မျက်နှာမကောင်းဖြစ်မိသည်။ ဒါကို မောင်က အလိုက်သိစွာ မေးသည်။

“ပြန်ပို့ရင် ဘာမှမထူးဘူး မှောင်နေပြီပဲ၊ မလိုက်နဲ့တော့ ညီမလေး၊ ကိုရဲလည်း အဖျားပျောက်ခါစကြီး ပင်ပန်းပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအား မမကြီးက ကြည့်ပြီးပြောလိုက်သည်။

"ကျွန်မ ဒီလိုပဲ အစ်မတွေလာပြီး ပြန်သွားတိုင်း ဝမ်းနည်းနေကြ"

ကျွန်မက နှစ်ယောက်စလုံးစိတ်ချမ်းသာသွားစေရန် အတွက် ရယ်သွေးသွမ်းကာ ပြောလိုက်သည်။

နှစ်ယောက်စလုံးကို ကားအထိလိုက်ပို့ပေးသည်။

ထိုအခါမှ. . .

"နုနန္ဒာ ကိုယ်ဖုန်းပလပ်ဖြုတ်ထားတာ၊ ပြန်တပ်ဖို့မေ့နေတယ်၊ ပြန်တပ်လိုက်ဦးနော်၊ ကိုယ်အိမ်ပြန်ရောက်ရောက်ချင်း ဖုန်းဆက်မှာ"

မောင် ဘယ်အချိန်ကများ ဖုန်းပလပ်ဖြုတ်ထားပါလိမ့်။

သူ့မိခင်ခေါ်မှာကို စိုးရိမ်၍ ဖြုတ်ထားခြင်းဖြစ်မည်။

ကျွန်မ ရပ်ကြည့်ရင်း ကျန်ရစ်ခဲ့သည်။

အထီးကျန်သွားသည့်နှယ် ခံစားလိုက်ရသည်။

ရင်ထဲအမည်မသိသော ဝေဒနာရပ်နှင့်အတူ လွမ်းဆွတ်ခြင်းတို့က ဖြစ်ပေါ်လာသည်။

ကျွန်မမြင်ကွင်းထဲက မောင့်ကားပျောက်ကွယ်သွားမှ ကျွန်မ အိမ်ပေါ်ထပ်သို့တက်ခဲ့သည်။ မောင့်အရိပ်များက ကျွန်မအား ကြီးစိုးနေသည်။ ကျွန်မဘဝကို အပြောင်းအလဲဖြစ်စေသော. . . ကျွန်မခံယူချက်များကို အရောင်ပြောင်းလိုက်သော မောင့်အား ကျွန်မဘယ်နည်းနဲ့မှ မုန်းနိုင်လိမ့်မည်မထင်ပါ။

တယ်လီဖုန်းပလပ်ကို တပ်လိုက်သည်။

ဘယ်အချိန်ကတည်းက ခေါ်နေမှန်းမသိသော တယ်





လီဖုန်း မြည်သံကြောင့် ကျွန်မ ရုတ်တရက် လန့်သွားသည်။

မောင်တော့မဖြစ်နိုင်။ ခေါ်သံ သုံးချက်အမြည်တွင် . ကျွန်မ ကောက်ကိုင်လိုက်သည်။

"ဟဲလို"

"မင်းဟာ တော်တော်လိမ်ညာလှည့်ဖြားပြီး အဆိပ်ပြင်းတဲ့ မြွေဟောက်မတစ်ကောင်ပဲ"

ဒေါ်ပိုတောက်၏ အသံကြောင့် ကျွန်မလန့်ဖျပ်တုန်လှုပ်သွားရသည်။ ကျွန်မကို ရင့်သီးသော စွဲချက်များက ကျွန်မ၏ ပျောက်ကွယ်စပြုနေသော မာနကို ခေါင်းပြူထစေသည်။

"စွဲချက်တွေက ပြင်းထန်လှချည်လား အန်တီရယ်"

သွေးအေးအေးနှင့် ရင်ဆိုင်တတ်သော ကျွန်မ၏ အမြဲတေစိတ်က ကျွန်မအား ချုပ်ကိုင်လိုက်သည်။

"မင်း မနေ့ညက ဘာပြောခဲ့သလဲ"

"အန်တီ သိပြီးသား ဖြစ်မှာပါ"

"အေး မင်းညာတာ၊ တို့တပည့်တပန်းတွေ စုံစမ်းခိုင်းလို့ မင်းတို့အိမ်ရှေ့မှာ သားရဲ့ကားကို ညလုံးပေါက် တွေ့ခဲ့ရတယ်၊ မနက်အစောကြီး မင်းတို့ညီအစ်မနဲ့ သား. . ခရီးတစ်ခုကိုထွက်သွားတယ်ဆိုတာရယ် သိရတယ်"

"ဒီနေ့ တစ်နေ့လုံးလည်း ကားက ကျွန်မတို့ အိမ်ရှေ့မှာ ရှိနေပါတယ်၊ စောစောကလေးကမှ အန်တီ့သားရဲ့ကားဟာ ထွက်သွားတယ်ဆိုတာရော သတင်းမရောက်သေးဘူးလား. . အန်တီ"

"မင်း တို့ကို ခနိုးခနဲ့ပြောစရာ မလိုဘူး၊ မင်းတို့ အိမ်ရှေ့



www.burmeseclassic.com

www.burmeseclassic.com



မှာ ကားတစ်နေ့လုံးရှိနေတာ ငါသိတယ်၊ ဖုန်းခေါ်လည်းမရနဲ့ မင်းဟာ မိခင်တစ်ယောက်ရဲ့ အပူမီးကို ဘယ်ကိုယ်ချင်းစာတတ်မလဲ၊ မိန်းမ,မပီသတဲ့ မြွေမကိုး. . .”

ဒေါ်ပိတောက်၏ အသံက ငိုသံပါလာသည်။

ကျွန်မ ရယ်သံပြုလိုက်သည်။

ကျွန်မ၏ ရယ်သံသည် ခြောက်ကပ်နေပေလိမ့်မည်။

သို့သော် ဒေါ်ပိတောက်အတွက်တော့ ပမာမခန့်နိုင်သော ရယ်သံမျိုးဖြစ်သွားပေလိမ့်မည်။

“အေးလေ မင်းကတော့ရယ်နိုင်မှာပေ့ါ. . ငါ့အမှားပါ၊ မိန်းမကောင်းမဟုတ်တဲ့ မိန်းမတစ်ယောက်ရဲ့ ကတိစကားကို ငါယုံစားမိတာကိုး”

ကျွန်မရင်ထဲ ပြင်းထန်သော နာကျင်မှုကို ခံစားလိုက်ရသည်။ ကျွန်မဟာ မိန်းမကောင်းမဟုတ်တော့ဘူးလား။

ယောက်ျားများနှင့်တွဲသွားတွဲလာရှိခဲ့ခြင်းကို ပတ်ဝန်းကျင်က ‘အပျက်’ စာရင်းသွင်းထားကြပြီလား။

“တို့တွေ တောင်းပန်ပါတယ်၊ မိန်းကလေး တို့သားလေးကို မင်း. . မင်း. . လွတ်ငြိမ်းချမ်းသာခွင့်ပေးပါ၊ မင်းရဲ့မသန့်ရှင်းတဲ့ ဘဝထဲကို ဆွဲမသွင်းပါနဲ့၊ မင်း ငွေဘယ်လောက်လိုချင်သလဲ”

“အန်တီ. . . အန်တီ့ရဲ့ စော်ကားမှုကို ရုပ်သိမ်းပေးပါ၊ ကျွန်မ သည်းမခံနိုင်တော့ဘူး”

ကျွန်မ ထိတ်လန့်တကြား အော်ဟစ်ပြောလိုက်မိသည်။

ကျွန်မ သွေးမအေးနိုင်တော့ပါ။

“မင်းရဲ့ ကားနဲ့ ငွေအပြည့်ပို့ပေးရမလား”





“ကျွန်မ ငွေမလိုချင်ဘူး၊ အန်တီ့သားကိုပဲ လိုချင်တယ်ဆိုရင်ကော”

“မင်းကိုငါကိုယ်တိုင် လာသတ်ပြီး ထောင်ထဲဝင်လိုက်မယ်ဟေ့၊ ငါ့သားလေးရဲ့ဘဝကို လုံးဝအနစ်မွန်းမခံနိုင်ဘူးဆိုတဲ့ စကားကို မင်းမြဲမြဲမှတ်ထားလိုက်ပါ”

ဖုန်းချသံကျယ်လောင်စွာ ကြားလိုက်ရသည်။

ကျွန်မ နှလုံးသား၌ ဒေါသမီးတို့သည် အရှိန်အဟုန်ပြင်းစွာ တောက်လောင်လာသည်။ အိပ်ရာထက်သို့ လှဲအချ၌. . မောင့်အငွေ့အသက်များက ကျွန်မအား ထွေးပွေ့ချော့မြူလိုက်သလို ခံစားလိုက်ရပြန်သည်။

မောင့်ကို ကျွန်မ စွန့်လွှတ်လိုက်ရမလား။

မောင်ဟာ ကျွန်မနဲ့ ဝေးကွာခြင်းအတွက် ခံနိုင်ရည်ရှိပါ့မလား။ ကျွန်မကကော. . .။

အတားအဆီးမဲ့စွာ စီးကျလာသော မျက်ရည်တို့အားသုတ်သင်ဖယ်ရှားရန် ကျွန်မ မကြိုးပမ်းတော့ပါ။

ကျွန်မ တစ်စုံတစ်ခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ရတော့မည် ဖြစ်သည်။

ကျွန်မကို ဒေါ်ပိတောက်က ဘာဖြစ်၍ မိန်းမပျက်စာရင်းသွင်းထားရသနည်း။

ဒေါ်ပိတောက်သည် ပတ်ဝန်းကျင်ရှိ လူသားတစ်ဦး။

ထို့အတူ ကျွန်မပတ်ဝန်းကျင်ရှိ လူသားများက ကျွန်မကို ဒေါ်ပိတောက်နည်းတူ စာရင်းမသွင်းထားဘူးဟု မည်သူပြောနိုင်မည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် တက္ကသိုလ်ကျောင်းသူဘဝကတည်းက ကျွန်မအား ပရိုပို့စ်လုပ်လာသူများကို အဝတ်ထည်လဲ လဲသကဲ့သို့ လဲလှယ်တွဲခဲ့သည်။ ကျွန်မ၏ ရည်းစားများဖြစ်လာသူတို့နှင့် အသားချင်းတောင် ထိခဲ့သည်မဟုတ်။ ဒါကို ပတ်ဝန်းကျင်က မသိကြဘူးလား။

ကျွန်မသည် သိမ်းဆည်းထားသော နာရီကလေးကို ထုတ်ကြည့်လိုက်သည်။ မောင့်ရဲ့ မိုးအနေအထားကို. . ကျွန်မ ကောင်းစွာ သိရှိနေပြီဖြစ်ရာ မောင်ဝယ်ပေးထားသော နာရီလေး ဘဝမှာ ရင်နာနာနှင့် ရီနေရတော့မည့် အတိတ်ကိုဆောင်ပြီး ပေးထားခဲ့တာလား မောင်ရယ်ဟု ကျွန်မရင်တွင်းက မေးခွန်းများ ထုတ်လိုက်လေသည်။

မောင်က ကျွန်မအားလုံးမှတ်မိပြီဆိုမှ သူ၏အတက်ရှိ ကော့စ်အတွင်း သိမ်းဆည်းထားသော အတိတ်မေ့ဘဝတုန်းက ကျွန်မရေးထားသည့် ဒိုင်ယာရီစာအုပ်ကို ထုတ်ပေးသွားသည်။

ကျွန်မသည် ရင်တွင်းခံစားချက်တို့ကြောင့် ရှူးသွပ်သွားနိုင်သည်။ ထွက်ပေါက်အနေဖြင့် နုနန္ဒဘဝက ပြတ်လပ်ခဲ့သော မိုးဘဝရက်များကို ကျော်လွန်ပြီး ပြန်လည်ရရှိလာသည့် နုနန္ဒ ရက်၏ ခံစားချက်များကို ပြန်လည်ရေးသားဖြည့်စွက်လာသည်။

ဘဝနှစ်ခု၏ ဒိုင်ယာရီစာမျက်နှာများက ကျွန်မ၏ သမိုင်းစာမျက်နှာများပင်။

ကျွန်မရေးနေချိန်မှာပင် တယ်လီဖုန်းမြည်သံ ထွက်လာသည်။

ကျွန်မ အတတ်သိပါသည်။





ကျွန်မအသည်းနှင့်အောင် ချစ်ရသော မောင်မှတစ်ပါး အခြားသူ မဖြစ်နိုင်ပါ။

"ဟဲလို"

"ချစ်"

"မောင်"

စီးကျလာသော မျက်ရည်များကို ကျွန်မ မသုတ်မိပါ။

"ချစ် . . ချစ် ဘာဖြစ်နေတာလဲ. . ငိုနေသလား၊ ချစ် ငိုသံပါနေတယ်"

"အင်း. . မောင့်ကို လွမ်းလို့"

"မလွမ်းရအောင် မောင်တို့ အမြန်ဆုံး လက်ထပ်ရအောင်လေ"

ဒေါ်ပိတောက်ဆက်ကြောင်းကို ကျွန်မ ပြောမပြတော့ပါ။ ပြောပြလျှင် မောင်သည် ကျွန်မထံ ချက်ချင်းပြေးလာပြီး နောက်နေ့ လက်ထပ်ဖို့ အရေးဆိုပေလိမ့်မည်။

ကျွန်မ ကျွန်မလျှောက်လှမ်းရမည့်လမ်းစကို တွေ့ထားပြီးဖြစ်သည်။

"လူကြီးတွေရဲ့ တုံ့ပြန်မှုကိုတော့ စောင့်ပါဦး မောင်"

"ချစ်ရယ် မောင်လေ ဂုဏ်သိက္ခာကို ငဲ့ညှာထောက်ထားပြီးတော့သာ ပြန်လာခဲ့ရတယ်၊ မောင် ချစ်ကို တစ်ယောက်ထဲ လုံးဝမထားရက်ဘူးကွား"

"ကျွန်မကလည်း မောင်လို့ပါပဲ၊ မောင့်ကိုတစ်ယောက်တည်း မလွှတ်ရက်ဘူး၊ ညဆယ်နာရီမှာ မောင် ဆေးတစ်ခါ သောက်ဖို့ရှိတယ်နော်၊ မောင် ကျွန်မဖုန်းဆက်ပြီး နှိုးပေးမယ်

www.burmeseclassic.com

www.burmeseclassic.com



သိလား”

“ခုပဲ ရှစ်နာရီခွဲနေပြီ၊ အဲဒီအချိန်အထိ စကားပြောမယ်လေ”

“ဟင်အင်း . . မောင်၊ ကျွန်မ ဒိုင်ယာရီရေးနေတာ သိလား၊ မောင့်ကို ကျွန်မဘယ်လောက်အထိ ချစ်တယ်ဆိုတာ နှလုံးသွေးနဲ့ ရေးနေတာ မောင်”

“ချစ်ရယ် မင်းစကားတတ်တယ်၊ မောင့်ကိုတော့ မင်း လှည့်စားတာ မဟုတ်ပါဘူးနော်”

“မောင် ကျွန်မရဲ့ အချစ်ကို စော်ကားနေတာလား”

“ဆောရီး . . ဆောရီး . . မောင်လေ အမြတ်နိုးဆုံး၊ တန်ဖိုးအထားဆုံးပစ္စည်းလေး ပျောက်ဆုံးသွားမှာ စိုးရိမ်လွန်းတဲ့ ကလေးတစ်ယောက်ရဲ့ ပူပန်မှုမျိုးလို ဖြစ်နေလို့ပါ ချစ်ရယ်”

“ကဲ . . ဒါဖြင့် မောင်အဝတ်အစားလဲ၊ နွေးနွေးထွေးထွေး ဝတ်စားပြီး အိပ်ရာဝင်တော့၊ အဲယားကွန်း မဖွင့်နဲ့နော် မောင်၊ ပြီးတော့ မောင့်မေမေဆီလည်း ဖုန်းဆက်လိုက်ပါဦး”

“ချစ်ရဲ့ အမိန့်တော်ကို နာခံလျက်ရှိကြောင်းပါ ခင်ဗျား”

ကျွန်မက မောင်၏ ရွတ်နောက်နောက်အပြောကို သဘောကျသလို ပြုံးလိုက်မိပြီးမှ ကျွန်မရင်တွေ နာကျင်လာသည်။


ကျွန်မ၏ ဒိုင်ယာရီစာမျက်နှာများသည် မျက်ရည်များ၏ ရောထွေးမှုကိုပါ ခံစားလိုက်ရရှာလေတော့သည်။

အောင်မြင်စာပေ



www.burmeseclassic.com





# အခန်း (၃၈)

မောင်
အချို့ကပြောကြတယ်. . .
အချစ်ဟာ ပျားရည်လိုပဲ ချိုမြိန်တယ်တဲ့. . .
ပျားရည်ဟာ သူ့ချည်းပဲတော့ ချိုမြိန်မှာပေါ့နော်. . .
ဒါပေမယ့်. . .
ပျားရည်ထဲကို အချဉ်ရည်ရောလိုက်ပါပြီတဲ့. . .
ပျားရည်ဟာ ချိုမြိန်နိုင်ပါဦးမလား. . .





ပျားရည်ထဲကို အခါးရည်ရောလိုက်ပါပြီတဲ့. . .
ပျားရည်ဟာ ချိုမြိန်နိုင်ပါဦးမလား. . .
ပျားရည်ထဲကို အဆိပ်ရည်ရောလိုက်ရင်တော့. . .
ပျားရည်ဟာ ဆက်လက်ချိုမြိန်နိုင်ပါဦးမလား. . .
ဒီလိုပါပဲ. . .
အချစ်ဆိုတဲ့ ချိုမြိန်ခြင်းတွေဟာ. . .
နာကြည်းခြင်းတွေ၊ မုန်းတီးခြင်းတွေဆိုတဲ့
အဆိပ် အတောက်တွေနဲ့ ရောစပ်လိုက်ရင်. . .
အချစ်ဟာ ဆက်လက်ချိုမြိန်နိုင်ဦးမလား။
ကျွန်မသိချင်လိုက်တာ မောင်ရယ်. . . . ။

နုနန္ဒာ

ရဲဝံ့လက်တို့ တဆတ်ဆတ်တုန်ယင်နေသည်။ နုနန္ဒာ၏ စာသားအဓိပ္ပါယ်ကို နားမလည်၊ ဆွေဆွေမာက. . .

"ဘာတဲ့လဲ"

သူပြောနိုင်သောအင်အားမရှိသဖြင့် ဆွေဆွေမာအား စာကို ကမ်းပေးလိုက်သည်။

မနေ့ညက နုနန္ဒာ၏ စကားများ၏ အဓိပ္ပါယ်သည် ယခုမှ ကွက်ကွက်ကွင်းကွင်း ရှင်းလင်းသွားတော့သည်။

"မောင်. . . ဆေးသောက်တော့၊ ဆေးသောက်ပြီးရင် ကျွန်မ မောင် အိပ်မပျော်မခြင်း စကားတွေပြောပေးမယ်. . ."

ဟုအစချီကာ ဆယ်နာရီမှ တစ်နာရီအထိ သူခံစားခဲ့ရသမျှ ဘဝဇာတ်ကြောင်းတို့ကို ပွင့်လင်းစွာ ပြောပြခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် တွဲခဲ့သော ယောက်ျားများနှင့် သူသည် အဘယ်မျှသန့်စင်ကြောင်း။ သို့သော် "မစားရသည့်အမဲ သဲနှင့်ပက်" ဟူသော ဆိုစကားအရ သူ့အချစ်ကို မရသဖြင့် သွားပုပ်လေလွင့်စကားမျိုးများပြန့်လွင့်ခဲ့သည်။ သူ့သိက္ခာကို ထိပါးခဲ့မှန်း အခုမှသိရသည်။ ယခုအချိန်ကစပြီး သူသည် ယောက်ျားမုန်းတီးစိတ်များကို ဖယ်ရှားကာ လူတွေရဲ့ စိတ်သဘောထားကိုသာ လေ့လာပြီး လောကကြီးကို အမြင်သစ်ဖြင့် ကြည့်တော့မည့်အကြောင်း။

"မိနုတို့က လုပ်ချလိုက်ပြန်ပြီ"

"ဟင်. . . ဘာဖြစ်လို့လဲ မဆွေ"

"ဦးရဲဝံ့ကို ဖြုတ်လိုက်တဲ့ သဘောနေမှာပေါ့"

"မဟုတ်နိုင်ဘူး"

ရဲဝံ့ မယုံကြည်နိုင်။ နုနန္ဒာ၏ မျက်လုံးများတွင် လှည့်စားမှုအရိပ်အယောင်များ လုံးဝရှိမနေပါ။

"မနက်ဖြန် ရုံးချိန်ရောက်မှ လာခဲ့မောင်၊ မိဆွေတို့ လင်မယားကိုပါ သွားခေါ်ခဲ့၊ ကျွန်မတို့ လက်ထပ်ကြမယ် မောင်"

ဟု နောက်ဆုံးအချိန်ထိ သူယုံစားအောင် လှည့်ဖြားသွားသည်။

ညက မေမေ့ထံဖုန်းခေါ်တော့ ဒေါ်ထွေးနှင့်သာ တိုးသည်။ မေမေရန်ကုန်ဆင်းလာသည်တဲ့. . မဆွေတို့အိမ် ရောက်တော့လည်း. . .

"မိနု အစောကြီးပေါက်ချလာပြီး အိမ်သော့လာပေးထားတယ်"

ဟူသောစကားဖြင့် ဆွေဆွေမာက ဆီးကြိုသည်။





သို့နှင့် ဆွေဆွေမာတို့ လင်မယားကိုခေါ်ပြီး နုနန္ဒာတိုက်ခန်းသို့ လိုက်ခဲ့သည်။ ဆွေဆွေမာက နုနန္ဒာပေးသွားသောသော့ဖြင့် ဖွင့်လိုက်ပြီး အိမ်ထဲသို့ ဝင်ခဲ့သည်။ အိပ်ခန်းထဲ မှန်တင်ခုံပေါ်တွင် စာတစ်စောင်ကို ပေါင်ဒါဘူးလေးနှင့် ဖိထားခဲ့သည်။

ရဲဝံ့သည် မှန်တင်ခုံအံဆွဲကို ဖွင့်လိုက်သည်။ နုနန္ဒာ၏ ဒိုင်ယာရီစာအုပ်များ ကျန်ရစ်ခဲ့ပါလား။

ဘယ်ကဲ့သို့သော ဝေဒနာမျိုးဖြင့် ကြံစည်ထွက်ခွာသွားရက်တာလဲ နုနန္ဒာရယ်. . .။

ရဲဝံ့ မချိတင်ကဲဖြစ်ကာ. . .

"ဘာလုပ်ကြမလဲ၊ ကိုကျော်ကျော်. . မဆွေ ပြောပါဦး"

"အဝေးပြေးဂိတ်တွေ လိုက်ရှာကြရအောင်"

"မိမလား. . သူ့အိမ်ကိုလာသွားတာပဲ ငါးနာရီက၊ ခုဆယ်နာရီရှိပြီ၊ ငါးနာရီတောင် ကွာခြားသွားပြီ"

"ဘာပဲဖြစ်ဖြစ် သွားပါရစေ"

"သူ့အစ်မတွေဆီကို အမြန်ဆုံးလိုက်ပါလား"

ကိုကျော်ကျော်က အကြံပေးသည်။ ဆွေဆွေမာက. .

"မလိုက်နဲ့ ဖုန်းဆက်မယ်"

ဆွေဆွေမာ တယ်လီဖုန်းကိုကောက်အကိုင်၌ တယ်လီဖုန်းအောက်ခြေတွင် စာခေါက်ကလေးတစ်စောင် သွားတွေ့သည်။

မိဆွေ. . .

မေမေတို့ စိတ်ဆင်းရဲအောင် မလုပ်လိုက်ပါနဲ့။ ငါလေ အရင်က မိနုမဟုတ်တော့ပါဘူး၊ သူတို့ကို ငါပဲဆက်



www.burmeseclassic.com

www.burmeseclassic.com



သွယ်ပါရစေ၊ သူတို့ဆီ ငါအရင်ဆက်သွယ်ပြီးပါပြီ၊ မောင့်ကို နင်တို့ လင်မယား ဝိုင်းဝန်းစောင့်ရှောက်ပေးလိုက်ပါ။ နင့်ကို . . ငါ အမြဲကျေးဇူးတင်နေမှာပါ။

ဆွေဆွေမာက ရဲဝံ့ထံ စာကမ်းပေးလိုက်သည်။

"ဒီကောင်က သူ့ဝသီအတိုင်း သွေးအေးအေးနဲ့ စီစဉ်သွားတာပဲ"

"ဦးရဲဝံ့ ဘာမှ စိတ်ဒုက္ခရောက်မနေနဲ့၊ သူကတစ်ဦးနှောက်ထဲ၊ ကျွန်တော်တို့က ဦးနှောက်အများကြီးပဲ၊ သူ့ကို ဘယ်လိုအမိဖမ်းရမယ်ဆိုတာ စဉ်းစားပြီးမှ လုပ်ဆောင်ကြတာပေါ့"

ရဲဝံ့ စိတ်ထိခိုက်မှုသည် ဖုံးကွယ်၍မရနိုင်အောင် ဖြစ်နေသည်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော် မမကြီးတို့ဆီ ခေါ်ချင်တယ်"

"ခေါ်လိုက်ပါ. . ပိုတယ်မရှိပါဘူး၊ စကားကိုသာ ထိန်းထိန်းသိမ်းသိမ်းပြောရင်ကောင်းမယ်"

"မမကြီးရှိပါ့မလား၊ စစ်ကိုင်းများ ထွက်သွားပြီလား မသိဘူး"

ရဲဝံ့၏ သောကကို ကြည့်ပြီး ဆွေဆွေမာ မနေသာဘဲ မန္တလေးသို့ ဖုန်းခေါ်လိုက်သည်။

"ဟဲလို. . ဩော် မလတ်လား၊ ကျွန်မ မိဆွေပါ"

ရဲဝံ့မျက်တောင်မခတ် အသက်ပင်မရှူပဲ ဆွေဆွေမာကို ငေးကြည့်နေသည်။

"မမကြီးက သွားပြီလား၊ ဩော် ဒုက္ခပါပဲ မလတ်ရယ်၊





မလတ်ညီမက ဗွေဖောက်ပြန်ပြီ၊ အသည်းခွဲတမ်း ကစားတာပါတဲ့၊ ဒုက္ခပါပဲ ဒီမှာလည်း ရှုပ်သွပ်သွားလိမ့်မယ်၊ မလတ်တို့ ညီမကို ကြည့်ထိန်းပါဦး၊ ခုတော့အိမ်မှာ မရှိဘူး၊ ခရီးထွက်ဦးမယ် ပြောပြီး လာနှုတ်ဆက်သွားလို့ ကျွန်မ ဆက်လိုက်တာ၊ လာရင် မလတ်တို့ ခေါ်ထားပါ။ ဘယ်မှ မသွားစေနဲ့နော်၊ မမကြီးပြန်လာရင် ဦးရဲဝံ့ဆီ ဆက်ဖို့သာ ပြောလိုက်ပါ"

"ဟုတ်ကဲ့. . ဟုတ်ကဲ့. . ဒါပါပဲ မလတ်ရယ်"

ဆွေဆွေမာ ဖုန်းချလိုက်ပြီး ရဲဝံ့ကို ကြည့်ကာ. . .

"ကြားတဲ့အတိုင်းပဲ ဦးရဲဝံ့ရေ၊ သူတို့ဆီ ချက်ချင်းတော့ ရောက်မှမဟုတ်ဘူး၊ ညမှရောက်မှာ ထင်တယ်"

"ကျွန်တော် လိုက်သွားချင်တယ်"

ထိုစဉ် အိမ်ရှေ့မှ လူသံကြားရသဖြင့် သူတို့သုံးယောက်စလုံး အိပ်ခန်းထဲမှ ထွက်ခဲ့ရာ. . အိမ်ထဲသို့ ဝင်လာသော ဒေါ်ပိတောက်ကို တွေ့လိုက်ရသဖြင့် ရဲဝံ့မှာ စိတ်ထိခိုက်သွားသည်။

"နုနန္ဒာကို မေမေဘာဒုက္ခပေးဦးမလို့ လိုက်လာတာလဲ"

"မင်း ဘယ်လိုပြောလိုက်တာလဲ သား"

"မေမေ့ရဲ့ စွဲချက်တွေကို အရှုံးပေးပြီး နုနန္ဒာထွက်ပြေးသွားပါပြီ မေမေ"

ဒေါ်ပိတောက်က သက်ပြင်းချလိုက်သည်။ ရုတ်တရက်တော့ သူ စိတ်ချမ်းသာသွားသည်။ သို့သော် မျက်ရည်စများဖြင့် ရစ်ဝိုင်းပြီး သောကဖြစ်နေရှာသော သားဖြစ်သူကို မြင်တွေ့လိုက်ရသောအခါ ရင်ထဲဆို့နင့်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . ဒီလိုဆိုရင်လည်း အိမ်ပြန်ကြရအောင် သားရယ်၊ အိမ်ပိုင်ရှင်မရှိတဲ့အိမ်မှာ အကြာကြီးနေရတာ မကောင်းဘူး၊ ပတ်ဝန်းကျင်က တစ်မျိုးထင်မယ်"

ဆွေဆွေမာက ဒေါ်ပိတောက်အား . .

"အန်တီ ကျွန်မသူငယ်ချင်းဟာ . . သူရဲ့နာမည်ဂုဏ်သိက္ခာကို မထိန်းသိမ်းနိုင်ခဲ့ပေမယ့် သူရဲ့ အပျိုစင်ဘဝကိုတော့ မှတစ်ပေါက် မစွန်းအောင် ကာကွယ်ထိန်းသိမ်းနိုင်တဲ့သူပါ"

"သူငယ်ချင်းဘက်က ရှေ့နေလိုက်တယ်ဆိုတာ . . သဘာဝကျပါတယ်၊ တို့တွေသားက မျိုးရိုးဂုဏ်ကော သိက္ခာဂုဏ်ကော . . ."

"မေမေ . . ."

ရဲဝံ့ စိတ်ညစ်ညူးစွာ ဟစ်အော်လိုက်သည်။

"သားကိုချစ်ရင် မေမေဘာမှ ဆက်မပြောပါနဲ့၊ သားဘာဂုဏ်သိက္ခာကိုမှ မထိန်းသိမ်းနိုင်တော့ဘူး၊ နှလုံးသားရဲ့ အလိုကိုလိုက်ပြီး ချစ်သူပျောက်ရှာပုံတော်ပဲ ဖွင့်တော့မယ်၊ သားကို ခွင့်လွှတ်ပါမေမေ"

ပြောပြောဆိုဆိုနှင့် ရဲဝံ့သည် တိုက်ခန်းထဲမှ ထွက်ကာ လှေကားပေါ် ပြေးဆင်းသွားပြီး ကားကို ကမူးရှူးထိုးမောင်းထွက်သွားလေသည်။

"သား . . သား . . "ဟု ခေါ်လိုက်ရင်း ဒေါ်ပိတောက် ရင်ကွဲပက်လက်ဖြင့် ကားပေါ် တက်ကာ . . .

"မောင်း . . . မောင်း . . မောင်ဦး . . ၊ သားကားနောက် လိုက်စမ်း"





ဆွေဆွေမာတို့ လင်မယားမှာ ကျန်ရစ်ခဲ့လေသည်။

ရဲဝံ့ဘယ်ကိုထွက်သွားမှာလဲ။

ရဲဝံ့သည် တကယ်ပဲ ချစ်သူပျောက်ရှာပုံတော် ဖွင့်တော့မှာလား။

ကျန်ရစ်ခဲ့သော လင်မယားနှစ်ယောက်သည်။ နုနန္ဒာ အိမ်ခန်းကို သော့ခတ်ပြီး ဆင်းခဲ့လေသည်။

ရဲဝံ့ကားကော၊ ဒေါ်ပိတောက်ကားပါ အရိပ်အယောင် မမြင်ရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃၉)

"ဩော်. . . ရဲဝံ့ဆိုတာ သူငယ်ကိုး"

အေးချမ်းသော တရားရိပ်ကို ခိုလှုံနေသူပီပီ အေးချမ်းသော လေသံလေးဖြင့် ဒေါ်မြတ်လေးက ရဲဝံ့ကို ကြည့်ကာ ပြောလိုက်သည်။

ရဲဝံ့က မြတ်လေးပန်းများကို သီကုံးနေသော ဒေါ်မြတ်လေးကိုကြည့်ပြီး သူ၏ ဝေဒနာမီးတောက်များအကြောင်းကို ဘယ်လိုပြောရမှန်းမသိအောင် ဖြစ်သွားရသည်။





"မေမေ ကိုရဲက ညီမလေးကို လိုက်ရှာနေတယ်"

"အေးလေ ရှာပေါ့၊ ပျောက်သောသူ ရှာရင်တွေ့ဆိုတဲ့ စကားလည်း ရှိတာပဲ မဟုတ်လား"

"မေမေ့ဆီကိုကော လာသွားသေးသလား"

ဒေါ်မြတ်လေးက ရဲဝံ့၏ ဝေဒနာမီးတောက်လောင်နေသော မျက်နှာလေးကို ကြည့်လိုက်ပြီး. . .

"လူလေး မိဘများကကော တို့များသမီးကို သဘောကျလက်ခံရဲ့လား"

"ကျွန်တော် အရွယ်ရောက်သူပါ၊ အိမ်ထောင်တစ်ခုကို ကောင်းကောင်း တည်ဆောက်နိုင်ပါတယ်"

"မဟုတ်သေးဘူး လူလေး၊ မိဘများသဘောတူအောင် လူလေးအရင်ကြိုးပမ်းပါ၊ မိဘကလည်း သဘောတူ၊ လူငယ်ချင်းကလည်း မေတ္တာမျှဆိုရင် သိပ်ကို အဆင်ပြေတဲ့ အိမ်ထောင်ရေး တစ်ခုဖြစ်သွားပြီး သေတပန် သက်တစ်ဆုံး လက်တွဲသွားရမှာပါ"

"မေမေ ဒီလိုဆို ညီမလေးရှိရာအရပ်ကို မေမေသိနေတယ်ပေါ့"

"မေမေက ကိုးပါးသီလစောင့်ထိန်းနေတဲ့သူပဲ၊ မေမေ မညာချင်ဘူး၊ ဒါပေမယ့် သမီးရှင်ဖြစ်တဲ့မေမေဟာ သမီးရဲ့ ဘဝကိုတော့ ကာကွယ်မြှင့်တင်ပေးရမှာပဲပေါ့၊ ကိုင်း. . ကိုင်း ပြန်ကြတော့ မေမေလည်း တရားအားထုတ်ချိန်ရောက်နေပြီ လူလေး၊ လူလေးမိဘတွေရဲ့ ကျေနပ်သဘောတူညီမှုရရင် မိစုံဖစုံ လာရောက်ပြီး တို့များဆီခွင့်ပန်ပါ၊ သမီးရှိရာအရပ်ကို ညွှန်ပြပေးပါမယ်၊ မင်္ဂလာကိစ္စကတော့ တို့များနဲ့ မအပ်စပ်တော့ဘူး၊ အစ်မ



www.burmeseclassic.com

www.burmeseclassic.com



များနဲ့ ညှိနှိုင်းပြီး ဆောင်ရွက်ကြဖို့သာ ကြိုတင်မှာထားမယ်နော်၊ ကိုင်း.. ပြန်ကြ.. ပြန်ကြ”

ရဲဝံ့ ဘာမှထပ်မံမတောင်းဆိုရဲတော့။

ဒေါ်မြတ်လေးစကားက ပြတ်သားသည်။ သဘာဝကျသည်။ မိမိဘက်ကသာ လိုအပ်နေပြီပဲ။

နွယ်နီနိုင်နည်းတူ သူပါ ဒေါ်မြတ်လေးကို ရှိခိုးလိုက်သည်။ ဒေါ်မြတ်လေးက မျက်လွှာချကာ ဆုပေးပြီးနောက် ဇရပ်ရှိရာသို့ အမှတ်ဖြင့် လျှောက်လှမ်းသွားလေသည်။

ရဲဝံ့စိတ်ထဲ ဤဇရပ်ထဲ၌ နုနန္ဒာများရှိလေမလားဟု သံသယဝင်မိသည်။ နွယ်နီနိုင်က...

“ညီမလေး ဒီမှာမရှိဘူး ကိုရဲ၊ မင်းတို့ဆီက ဖုန်းဝင်တဲ့နေ့နောက်နေ့မှာ မမကြီးလာရှာပြီးပြီ၊ မေမေကတော့ တုန်လှုပ်မှုသိပ်မရှိတဲ့အတွက် မေမေသိမယ်ထင်ပြီး မမကြီး မင်းကို တမင်လိုက်ပို့ပေးတာပါ၊ ကိုင်း.. မမကြီးတို့ဘက်က လိုက်လျောမှုအစွမ်းကုန်ပါပြီ၊ မင်းရဲ့မိဘများ နားလည်သဘောပေါက်အောင်သာ ပြောပြပြီး တောင်းဆိုပေတော့”

ရဲဝံ့အတွက် နုနန္ဒာကို ထာဝရလက်လွှတ် အဆုံးအရှုံးခံရတော့မှာလား။

ရဲဝံ့သည် တောင်ဥချောင်တွင်းရှိ ဇရပ်များကို လှည့်ကြည့်.. လှည့်ကြည့်လုပ်ပြီး ကားပေါ်သို့ တက်လိုက်သည်။

နွယ်နီနိုင်က ရဲဝံ့ဘေးမှာပင် ဝင်ထိုင်လိုက်သည်။

ရဲဝံ့ဝေဒနာကို သူ နားလည်သည်။

ညီမလေး နုနန္ဒ၏ အချစ်ကိုလည်း သူသိထားပြီးဖြစ်ရာ





ဖခင်ကြောင့် ယောကျ်ားတွေကိုဘယ်လောက် မုန်းခဲ့.. မုန်းခဲ့၊ ယောကျ်ားများ၌ ဆိုးသောယောကျ်ားရှိသလို ကောင်းသောယောကျ်ားများလည်း ရှိသည်။

ထို့အတူ မိန်းမများမှာကော...

ညီမလေးလုပ်ဆောင်ချက်သည် ကောင်းသောလုပ်ရပ်လား။

သူ့လုပ်ရပ်ကြောင့် သူ့နာမည်ပျက်ရပြီ။ ရဲဝံ့၏ မိဘများနှင့် ယခင်ညီမလေး၏ လှည့်စားမှုကိုခံခဲ့ရသော ယောကျ်ားလေးများ၏ အသိုင်းအဝိုင်းက ညီမလေးကို မည်သည့်စာရင်းသွင်းထားကြမည်ကို သူတို့သဘောပေါက်သလို ညီမလေးလည်း သဘောပေါက်သွားပြီ ထင်ပါသည်။

မိန်းမများတွင်လည်း အကောင်းအဆိုးရှိသည်။ အတိတ်ဝဋ်ကြွေးရှိ၍ မိမိတို့ ခံစားခဲ့ရသည်ဟုသာ ဖြေသိမ့်လိုက်သည်။

“ကိုရဲ ဖခင်ကကော သဘောထား ဘယ်လိုရှိသလဲ”

“ဖေဖေနဲ့ မတွေ့ရသေးဘူး”

“ဒီလိုဆိုရင် ကိုရဲတောင်ကြီးကို ပြန်ပါ၊ မမကြီးတို့ဘက်ကဆန္ဒကို ဖွင့်ပြောပြပါ၊ ညီမလေးဟာ နာမည်ပျက်ရှိခဲ့တယ်၊ ဒါကို ‘ဇ’ရှိတယ်လို့ မထင်မှတ်ဖို့ရယ်၊ မင်းကို တကယ်မြတ်နိုးခြင်းဖြစ်ကြောင်း ရှင်းပြနိုင်ရင် တစ်မျိုးဖြစ်သွားနိုင်တယ်”

ရဲဝံ့မှာ တုံ့ပြန်ပြောနိုင်သော အင်အားမျိုးပင် မရှိတော့ပါ။

မိမိလိုခံစားခဲ့ရသော သူတွေအချို့မှာ အရက်သမား



www.burmeseclassic.com

www.burmeseclassic.com



လုံးလုံး၊ သူရိန်ဇော်လိုကော ဝေဒနာမီးတောက်ကြောင့် စိတ်မထိန်းနိုင်ဘဲ ကားမတော်တဆမှုဖြင့် သေဆုံးသွားသူ. . ဘယ်နှစ်ယောက်ရှိခဲ့သလဲ။

"ရက်စက်လိုက်တာ" ဟု ချစ်တတ်သော ယောကျ်ားများကိုယ်စား နုနန္ဒာကို နာကြည်းလိုက်ချင်သည်။

သို့သော် သူနှင့်ကျတော့ ထိုသို့မဟုတ်၊ နုနန္ဒာအရှုံးပေးထွက်ပြေးသွားတာပါ။ သူ ယူကျုံးမရ။

"မောင်ရဲ ကားကိုသတိထားမောင်းလေ၊ မဖြစ်ဘူး. . ဒီအတိုင်းဆိုရင် တောင်ကြီးကို မင်းပြန်လို့ မဖြစ်ဘူး၊ မင်းမိတများကိုပဲ ဆက်ခေါ်မယ်"

"ရပါတယ် ကျွန်တော့်မှာ မျှော်လင့်ချက်ရှိနေသေးတာပဲ၊ ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်ပါတယ် မမကြီး"

နွယ်နီနိုင် သက်ပြင်းချလိုက်သည်။

ရဲဝံ့က ဝေဒနာမီးတောက်ကို ငြိမ်းသတ်လိုက်ပြီး ကားကို ဂရုတစိုက် မောင်းလိုက်သည်။

မျှော်လင့်ချက်သည် လူ့ဘဝအတွက် အားအင်တစ်ခု ဖြစ်သည်။







# အခန်း (၄၀)

ကျွန်မသည် ကိုယ့်ကိုယ်ကိုယ် မယုံကြည်နိုင်အောင် ဖြစ်နေရသည်။ ယောကျ်ားတစ်ယောက်ကို စွဲစွဲမြဲမြဲချစ်သွားလိမ့်မည်ဟု ဘယ်တုန်းကမှ မတွေးခဲ့ပါ။

ယခုတော့ တကယ့်ကိုပင် သီချင်းထဲကလို မစားနိုင်၊ အိပ်နိုင်ဖြင့် ချစ်စိတ္တဇဖြစ်နေရသည်။

"မိနုရာ နင့်ကြည့်ရတာ ကျုပ်ပါသေချင်သလို ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ဒေလီယာက ပြောလိုက်သည်။

ကျွန်မက မချိုပြုံးလေးပြုံးပြရုံသာ တုံ့ပြန်နိုင်သည်။ မောင်ကော နေမှကောင်းရဲ့လား၊ ကျွန်မပေးတဲ့ ဝေဒနာကြောင့် အလူးအလဲ ခံစားနေရရှာသလား။

"ညည်းစိတ်ပြေလက်ပျောက် ကျုပ်တို့ရုံးခန်း လိုက်ခဲ့ပါလား"

"ရှင့်ရုံးခန်းက စိတ်ပြေတဲ့နေရာလား၊ ဒီလောက် အမှုတွေ ရှုပ်ထွေးပွေလီတဲ့နေရာလေ"

ဒေလီယာက အလျှော့မပေး။

"ဘာပဲဖြစ်ဖြစ် ရှင်တစ်ယောက်တည်းနေရတာထက်စာရင် ရှင်အတွေ့အကြုံသစ်တွေ ရတာပေါ့၊ ရန်ကုန်ကိုလည်း ဖုန်းခေါ်မယ်၊ ရှင့်အောင်စာရင်း သိရအောင်လေ"

ဒေလီယာက လားရှိုးမြို့၌ ရှေ့နေလိုက်နေသူဖြစ်သည်။

သူ၏ဇာတိလည်း ဖြစ်သည်။

ထိုစဉ် ဧည့်သည်တစ်ယောက်ရောက်လာသည်။ သောက ရုပ်သွင်ဖြင့်. . .

"တူမရေ လုပ်ပါဦး၊ မင်းမောင်တော် ဆေးရုံက ထွက်ပြေးသွားလို့တဲ့"

"ဟင်. . ဒီကောင်ဟာ သိပ်မိုက်ပါလား"

ကျွန်မကိုမြင်တော့ ထိုလူကြီး အံ့အားသင့်သွားသည်။ မှင်တက်သွားပြီး ငေးကြည့်နေသည်။

ဒေလီယာက ရိပ်မိသွားပြီး. . .

"ဦးလေး သူ့ကိုသိလို့လား"





"ဟာ. . မြင်ဖူးလို့. . မြင်ဖူးသလိုလိုရှိလို့ပါ၊ ဦးလေး ဘာဆက်လုပ်ရမလဲ ပြောပါဦး"

"သေတဲ့အထိ မိုက်တွင်းနက်မဲ့ကလေးပဲ၊ ရဲစခန်းကို အကြောင်းကြားပြီးပြီလား"

"ဘယ်အကြောင်းကြားရဦးမလဲ၊ ဆေးရုံက ဖုန်းဆက်ဆက်ခြင်း ပြေးလာတာ၊ ဦးလေး ဘာလုပ်ရမှန်း မသိလို့"

"ဦးလေး လိုက်ရှာပါ၊ ကျွန်မလည်း ခုပဲ ရုံးသွားတော့မှာ၊ တစ်ခါတည်း စခန်းကိုဝင်အကြောင်းကြားခဲ့ပါ့မယ်"

"အေးအေး. . ဒီလိုဆို သွားမယ်"

လူကြီးက ကျွန်မအား တစ်ချက်ကြည့်ပြီး ပြုံးပြကာ သုတ်သီးသုတ်ပျာဖြင့် ထွက်သွားသည်။

ကျွန်မက ဒေလီယာအား. . .

"ဘာကေ့စ်လဲ"

"မူးယစ်မှုပေါ့၊ သူ့သားက ဘိန်းဖြူသုံးစွဲမှု၊ လက်ဝယ်တွေ့ရှိမှုနဲ့ အဖမ်းခံရတယ်၊ အာမခံရပြီး ဆေးရုံမှာ ဘိန်းဖြူတက်ဖြတ်နိုင်းထားတာ၊ ခု ထွက်ပြေးပြန်ပြီ"

"ရှင့်အမှုသည်ပေါ့"

"ဆိုပါတော့၊ ဒီလူကြီးက ကံဆိုးရှာတယ်၊ ကျုပ်အဒေါ်ဝမ်းကွဲယောကျ်ားလေ၊ ကျုပ်အဒေါ်ကပိုကာသမား၊ သားတစ်ယောက်မွေးပြီး မကြာခင် ဒီလူကြီးကိုပစ်သွားပြီး နောက်အိမ်ထောင်ပြုတယ်၊ မူဆယ်ဘက်ထွက်သွားတယ် ထင်တယ်၊ လူကြီးက သားတစ်ယောက်နဲ့ ကျန်ခဲ့တယ်၊ သားကိုချစ်လို့ အရမ်းအလိုလိုက်တယ်၊ ဒီမှာပဲ ငွေကိုရေလိုသုံးပြီး ပျက်စီးတော့တာပဲ၊ အ

www.burmeseclassic.com



တန်းပညာကလည်း ကိုးတန်းဘယ်နှချီကျသလဲ မသိပါဘူး။ ကဲကဲ. . ထ. . မချော လိုက်ခဲ့"

ကျွန်မလည်း မောင့်ကို လွမ်းစိတ်များ ဖြေပျောက်စေရန်အတွက် အကောင်းဆုံးနည်းလမ်းမှာ စိတ်အနားမရသည့် အလုပ်လုပ်ခြင်းပင် ဖြစ်သည်ဟု ယူဆပြီး ဒေလီယာခေါ်ရာ နောက်သို့ ကောက်ကောက်ပါသွားသည်။

ရဲစခန်းသို့ ဝင်ပြီးအကြောင်းကြားသည်။

စခန်းမှူးက. . .

"ဦးထွန်းမြတ်စံကြီးတော့ ပဍာမြေလူးကိန်းဆိုက်ပြန်ပြီပေါ့ ဒေါ်ဒေလီယာ"

ကျွန်မငယ်ထိပ်မြွေပေါက်လေပြီ။

"ဘယ်သူ. . . ဘယ်သူ"

ကျွန်မ၏ တအံ့တသြမေးခွန်းကို ဒေလီယာက အံ့အားသင့်ကာ. . .

"ရှင်ဘာကို မေးတာလဲ"

"စောစောက စခန်းမှူးပြောလိုက်တဲ့ နာမည်က"

"သြော် ဦးထွန်းမြတ်စံလေ၊ ဘာဖြစ်လို့လဲ"

သံသရာစက်ဝန်းသည် ကြောက်မက်ဖွယ်ကောင်းလှပါတကား။

ဦးထွန်းမြတ်စံတွေ လောကကြီး၌ ဘယ်နှယောက်ရှိသလဲ၊ ဤလူကြီးသည် ကျွန်မအဖေ ဦးထွန်းမြတ်စံပဲလား။

ကျွန်မကိုမြင်တော့ အံ့သြသွားသော လူကြီးသည် ကျွန်မအဖေဖြစ်ဖို့များသည်။





အဘယ်ကြောင့်ဆိုသော် ကျွန်မသည် မေမေနှင့်တူသည်။ မေမေ၏ကိုယ်ပွားဟု ပြောဆိုကြသည်။ စောစောက မြင်တွေ့လိုက်ရသော လူကြီးသည်. . အင်း မမကြီးနဲ့ တူသလိုလိုပင်။

ကျွန်မတို့ ရဲစခန်းကထွက်လာသောအခါ ဒေလီယာက. . .

"ရှင့်ဟာက ဘယ်လိုလဲ၊ ပြူးတူးပြဲတဲနဲ့"

"ကျုပ် ဦးထွန်းမြတ်စံကို တွေ့ချင်တယ်"

"ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ဘူး၊ တွေ့ချင်တယ်"

ကျွန်မအကြောင်းကို သူငယ်ချင်းတွေထဲက မိဆွေတစ်ယောက်ကလွဲရင် ဘယ်သူမှ သိပ်မသိကြ။ ဒေလီယာကလည်း ဥပဒေဘာသာရပ်ယူစဉ်က သူငယ်ချင်းဖြစ်သည်။

ကိုယ့်အထုပ်ကို ဖြေမပြချင်တော့သဖြင့် ဒေလီယာအား အကျိုးအကြောင်းဖွင့်မပြောတော့ဘဲ။

"ကျုပ်ကို အဲ့ဒီလူကြီးအကြောင်း ရှင်သိသလောက် ပြောပြပါဦး၊ ဘယ်ဇာတိလဲ. . . ဘယ်ကလာသလဲ"

"ကျုပ်သိရချိန်မှာ. . ကျုပ်အဒေါ်နဲ့ ယူပြီးချိန်မှလေ၊ တစ်ခုလပ်လား၊ မုဆိုးဖိုလား တိတိကျကျတော့ မသိပါဘူး၊ ကျုပ်အဒေါ်က စာရိတ္တမကောင်းတော့ ကျုပ်တို့တောင် အဲ့ဒီလူကြီးကို သနားခဲ့သေးတာ၊ ရှင်သိချင်ရင် နောက်တော့ ကျုပ် သူ့အိမ်လိုက်ပို့ပေးမယ်. . အေးလေ ဆန်နီ့ကိစ္စကလည်း ရှိနေတော့ သူလာဦးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



သေချာပါသည်။ ကျွန်မအဖေပါပဲ၊ အဖေ့ကို မုန်းတီးခဲ့သော ကျွန်မသည် ယခုအဖေ၌ ဒုက္ခတွေ၊ သောကတွေ ပင်လယ်ဝေနေတာကို တွေ့မြင်ကြားသိရပြန်တော့ စိတ်မကောင်းဖြစ်ရသည်။

လူတွေကို ဒုက္ခအပေးဆုံးမှာ စွဲလမ်းစိတ်ပင်ဖြစ်သည်။ ထိုစွဲလမ်းမှုထဲက တယူသန်စိတ်သည် အဆိုးရွားဆုံးဖြစ်သည်။

ဦးထွန်းမြတ်စံ နောက်တရလောက်ပြီ ထင်ပါသည်။

ကျွန်မလည်း တစ်ယူသန်စိတ်ကြောင့် မှားယွင်းခဲ့သော မှားယွင်းမှုများအတွက် နောင်တရနေပြီ။

နှလုံးသားကို စတေးပြီးမှ ရလာရသော နောင်တတရားသည် ကျွန်မ၏ဘဝတစ်သက်တာကို စွန်းထေးသွားပြီးဖြစ်သော အမဲစက်ကို ဖျက်နိုင်ပါ့မလား။ ရစ်ဝဲလာသော မျက်ရည်များကို မျက်တောင်ခတ်ကာ သိမ်းဆည်းလိုက်သည်။ ရင်ကွဲမတတ် နာကျင်လာသည်။







# အခန်း (၄၁)

ရဲဝံ့သည် ဖခင်မျက်နှာကိုကြည့်လိုက်သည်။

"မင်းရောက်လာသေးတာကိုး"

ရဲဝံ့က. . .

"မေမေကော"

"အိပ်ခန်းထဲမှာ၊ မြန်မြန်သွားတွေ့လိုက်"

ရဲဝံ့သည် ဖခင်၏ ထူးခြားသော မျက်နှာကို တစ်ချက်ကြည့်ပြီး အပေါ်ထပ်သို့ ပြေးတက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိဘများအိပ်ခန်းသို့ ရောက်သောအခါ ရဲဝံ့ရင်ထုမနာ ဖြစ်သွားရသည်။ ဆရာဝန်နှစ်ဦးနှင့် သူနာပြုဆရာမသုံးဦး။ ပြီးတော့ ဒေါ်ထွေးနှင့် အိမ်သားများ။

ပိုက်များတန်းလန်းနှင့် မေ့မြောနေသော ဒေါ်ပိတောက် အနီးပြေးကပ်လိုက်သည်။ ရဲဝံ့မျက်ရည်တို့သည် တာမှလွတ်သော မာရသွန်အပြေးသမားများနှယ် ဝေါခနဲ ပြေးထွက်လာသည်။

"မေမေ"

မိခင်အနီး ဒူးထောက်ကာ မိခင်မျက်နှာကို ကြည့်ပြီး ခေါ်လိုက်သည်။

ဖခင်က သူ့အနီးအနားသို့ ရောက်လာသည်။

"မင်းကို စောင့်နေတာ"

ရဲဝံ့ရင်ကွဲရလေပြီ။ မိခင်မေတ္တာတရားကို သူကောင်းစွာ သိရှိခံစားရလေပြီ။

"မေမေရယ်. . ."

ဒေါ်ပိတောက်၏ မျက်နှာနှင့် ပါးလေးများကို လက်ဖြင့် ပွတ်သပ်ကာ စမ်းသပ်ရင်း ခေါ်လိုက်သည်။

နှာခေါင်း၌ပိုက်၊ လက်နှစ်ဘက်၌လည်း ပိုက်တန်းလန်း များရှိနေသော မိခင်၏ အနေအထားသည် မျှော်လင့်ဖွယ်ရာမှ ရှိပါတော့မလား။ နှလုံးရောဂါနှင့် သွေးတိုးရောဂါရှိနေသော မိခင်သည် သေမင်းနှင့် အသက်လုနေပြီ။

"ဆေးရုံမတင်ဘူးလား"

"ဆေးရုံနည်းတူပဲ လုပ်ဆောင်ပေးထားတယ်လေ၊ သူ့





ဆန္ဒအတိုင်း ဖေဖေတို့ ဒီမှာပဲထားရတာ"

"မေမေ. . မေမေ သားလာပြီလေ"

ဒေါ်ပိတောက် မျက်ခွံလေးလှုပ်ရှားလာသည်။ သြော် ကြီးမားလှသည့် မိခင်၏မေတ္တာနှင့်ဇောကို ရဲဝံ့နှင့် ဦးထက်အောင် မြင်တွေ့ရလေပြီ။

"ပိတောက် သားရောက်နေပြီလေ"

ဒေါ်ပိတောက်က မျက်လုံးကို ဖြည်းဖြည်းချင်းဖွင့်သည်။ မျက်ဆန်လေးက လည်ကာ သားဖြစ်သူအား ရှာဖွေနေသည်။ အမြင်အာရုံရှိနေသလား၊ မရှိဘူးလားကိုတော့ ကျန်လူများ မသိနိုင်တော့။

"မေမေ"

ရဲဝံ့ ရင်ကွဲရလေပြီ။ မိခင်မျက်နှာနားကပ်ကာ အသံပေးလိုက်သည်။

ဒေါ်ပိတောက် နှုတ်ခမ်းလေးလှုပ်လာသည်။ မျက်လုံးက ပြုံးယောင်သန်းလာသည်။ နှုတ်ခမ်းက လှုပ်ပြီး တစ်စုံတစ်ခု ပြောသည်။ ရဲဝံ့တို့ ဘာမှမကြားတော့ပါ။

"မေမေ. . သား မေမေ့သား ပြန်ရောက်ပါပြီ မေမေ"

ဒေါ်ပိတောက် လက်က လှုပ်ရှားသည်။ တစ်စုံတစ်ရာ ပြနေသည်။ ဆရာမလေးက ပိုက်ကိုထိန်းပြီး ကိုင်ပေးလိုက်သည်။ ခုတင်ဘေး၌ရှိနေသော အံဆွဲကို ညွှန်သည်။

ရဲဝံ့ အံဆွဲဖွင့်လိုက်သည်။

နုနန္ဒာ၏ ဒိုင်ယာရီများ။ ရဲဝံ့ပွေ့ကာ "မေမေရယ်" ဟု ရင်ကွဲမတတ် ငိုကြွေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သား . . တိတ်စမ်း၊ ယောကျ်ားမဟုတ်ဘူးလား၊ မင်းအမေ စိတ်ထိခိုက်အောင် မလုပ်နဲ့၊ သူ . . သူ့ကိုမင်း ကြည့်စမ်း၊ သူဘာပြောနေသလဲ"

ဦးထက်အောင်ကတော့ စိတ်ထိန်းနိုင်သူပီပီ ပြောလေသည်။ ရဲဝံ့က မျက်ရည်သုတ်ကာ မိခင်အားကြည့်လိုက်သည်။

မိခင်က အားယူနေသည်။

ရဲဝံ့နှင့် ဦးထက်အောင် သူ၏မျက်နှာအနီး ကပ်ကာ နားစွင့်နေသည်။

ကြားလိုက်ရလေပြီ။

"သ . . . ဘော . . . တူ . . ."

ဒေါ်ပိတောက် ဇက်ကျိုးကျသွားလေပြီ။ ရဲဝံ့မိခင်အား ပွေ့ကာ အသံနက်ကြီးဖြင့် အော်လိုက်လေသည်။

"မေမေ"







# အခန်း (၄၂)

"သွားပြီ . . အားလုံးပြီးဆုံးသွားပြီ မိနု"

"ဘာကို ပြီးဆုံးသွားတာလဲ"

ကျွန်မသည် အပြင်မှပြန်လာသော ဒေလီယာ၏ အရင်းမရှိ အဖျားမရှိစကားကြောင့် မေးခွန်းထုတ်လိုက်သည်။

"ဆန်နီ့အလောင်းကို အပ်တန်းလန်းနဲ့ ကျောက်ပုံဘေး မှာ သွားတွေ့လိုက်ရတယ်"

"အို . . ဘုရား . . ဘုရား . . . ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းမြတ်စံသည် ကျွန်မ၏ ဖခင်ဇာကန်ဖြစ်ခဲ့ပါက ဆန်နီသည် ကျွန်မ၏ မောင်လေး၊ ဖအေတူ မအေကွဲမောင်လေး ဖြစ်သည်။ ကျွန်မရင်ထဲ နာကျင်မှုက ဆင့်ကဲလာသည်။

"ဒါနဲ့တင်မပြီးသေးဘူး၊ သားရဲ့အလောင်းကိုတွေ့ပြီး ဦးလေးလည်း စိတ်ထိခိုက်ပြီး အဲ့ဒီမှာတင် သတိလစ်သွားတာ၊ ဆေးရုံရောက်တော့ အသက်မပါတော့ဘူး"

ကျွန်မတစ်ကိုယ်လုံးရှိ သွေးကြောများ စီးဆင်းလည်ပတ်မှုပင် ရပ်ဆိုင်းသွားသလား ထင်မှတ်လိုက်ရသည်။

"မိန့. . . မိန့. . ၊ ရှင်. . . ရှင် ဘာဖြစ်သွားတာလဲ"

ကျွန်မသည် ဒေလီယာ၏ ပုတ်လှုပ်မှုရသောအခါမှ သတိဝင်လာသည်။

တစ်ယူသန်မှားယွင်းသော စွဲလမ်းမှုဖြင့်. . အတ္တကြီးခဲ့သော ဦးထွန်းမြတ်စံအတွက် ရလဒ်ကတော့ ဆိုးရွားသောရလဒ်ပင်။

ယခု. . ဦးထွန်းမြတ်စံ၊ ကျွန်မအဖေ ဟုတ်မဟုတ်ကို ကျွန်မ ဘယ်လိုလုပ် သိနိုင်မည်နည်း။

မေမေ့ကို သတိရလိုက်ပေမယ့် မေမေ့အား ဒုက္ခမပေးချင်တော့ပါ။ မမကြီးကိုသာ ဖုန်းဆက်ခေါ်ရန် ဆုံးဖြတ်ပြီး တယ်လီဖုန်းရှိရာသို့ လျှောက်သွားလိုက်သည်။

"ရှင့်ကြည့်ရတာ ဖြူဖပ်ဖြူရော်နဲ့၊ ရှင်ဘာဖြစ်နေတာလဲ"

"ဒေလီယာ ရှင်နားလည်အောင် ကျုပ်ရှင်းပြရရင် အရှည်ကြီးပဲ၊ ဒါပေမယ့် ခု ရှင့်အကူအညီတွေ ယူရဦးမှာဖြစ်လို့ ကျုပ်တစ်ခုပြောချင်တယ်၊ ကျောင်းတုံးက ရှင်တို့သိထားတဲ့ ကျုပ်





မွေးကတည်းက အဖေသေသွားပြီဆိုတာ မဟုတ်ဘူး"

ကျွန်မ၏ ရင်တွင်းအက်ကွဲသံကို ဖွင့်ဟလိုက်မိသည်။

"ကျုပ်ကိုမွေးတဲ့အချိန်မှာပဲ မိန်းကလေးဖြစ်လို့ဆိုပြီး ကျောခိုင်းသွားခဲ့တဲ့ ဖခင်ကို ကျုပ်သေစာရင်းသွင်းခဲ့တာ၊ သူ့ကို ကျုပ်ယနေ့အထိ မမြင်ဖူးဘူး၊ နာမည်ပဲ သိတယ်၊ ရှင်သိလား သူ့နာမည်က ဦးထွန်းမြတ်စံတဲ့"

"ဟင်"

ဒီတစ်ချီတွင် အံ့အားသင့်သွားရသူအလှည့်မှာ ဒေလီယာဖြစ်သွားလေတော့သည်။

ကျွန်မ မန္တလေးကို ဖုန်းခေါ်လိုက်သည်။

"ဟဲလို"

မမကြီးအသံကို ကြားရသောအခါ ကျွန်မအလိုလို ဝမ်းနည်းကြေကွဲလာပြီး. .

"မမကြီး"

"ဟင် ညီမလေး၊ ဘယ်က. . . ဘယ်လိုရောက်နေတာလဲ ပြောစမ်း"

မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျရင်း

"မမကြီးနဲ့ မမလတ် အမြန်ဆုံး လားရှိုးကိုလာခဲ့ပါ၊ ဦးထွန်းမြတ်စံ ဆုံးပြီ"

"ဟာ. . ဘာ. . ဘယ်လို၊ ညီ. . . ညီမလေး၊ နင်. . . . နင်. . အဖေ့ကို သတ်. . သတ်. . ဟာ. ."

"မဟုတ်ဘူး. . မဟုတ်ဘူး၊ သူ့. . သူ့ကြမ္မာနဲ့ သူ စီရင်သွားတာ. . လာခဲ့ပါ၊ ဒေလီယာတို့အိမ်. . ဒါပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမှာ ဆက်ပြောနိုင်သော အင်အားမရှိတော့ပါ။ ဆက်တီပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

သမီးမိန်းကလေးများကို ယုတ်ညံ့သည်ဟု ယူဆကာ စွန့်ပစ်ခဲ့သော ဖခင်၊ သားကိုမှ မြတ်သည်ဟူသော တစ်ယူသန်စွဲဝါဒဖြင့် ဇနီးနှင့်သမီးများကို ပစ်ပယ်ပြီး နောက်အိမ်ထောင်ပြုသွားသောဖခင်၊ သူလိုချင်သော "သား"က မြင့်မြတ်ပါရဲ့လား။

"ရှင့်အဖေပဲ ဖြစ်မှာ၊ ရှင့်အဖေက သီပေါဘက်ကပဲ မဟုတ်လား"

"ဟုတ်တယ်"

"ဒီဦးထွန်းမြတ်စံလည်း သီပေါက၊ ကိုင်း . . လာ . . ကျုပ်တို့ နာရေးသတင်းသွားမေးရအောင်၊ သူ့ရဲ့အစ်မကြီး ရှိသေးတယ်၊ ညီမဝမ်းကွဲလည်းရှိတယ်၊ ရှင် သူတို့အကြောင်း သိနိုင်တယ်"

ကျွန်မ ခေါင်းခါလိုက်သည်။

ဒေလီယာက နားမလည်ဟန်ဖြင့် . . .

"ဘာဖြစ်လို့လဲ"

"ကျုပ် ဘာမှမပတ်သက်ချင်တော့ပါဘူး၊ ခုချိန်မှာ ကျုပ်တို့သွားရင် သူတို့က အမွေလိုချင်လို့လာတယ် ထင်ကြလိမ့်မယ်၊ ကျုပ်တို့ ဘာမှမလိုချင်ဘူး၊ ကျုပ်တို့လိုအပ်ခဲ့တာ ဖခင်တစ်ယောက်ရဲ့ မေတ္တာနဲ့အကြင်နာပဲ၊ ဒါတွေကို ကျုပ်တို့မရနိုင်တော့တာ၊ ရှင်ပဲ စုံစမ်းပေးပါ၊ ကျုပ်တို့ဖခင်ဆိုတာ သေချာရင် ကျုပ်တို့ ညီအစ်မသုံးယောက် ဖခင်အလောင်းကို နောက်ဆုံး ရှိခိုးကန်တော့ခွင့်ရရင် တော်ပါပြီ"





ကျွန်မ၏ ပင်ကိုယ်စရိုက်ဖြစ်သော သွေးအေးမှုကို ပြန်လည်ရရှိလိုက်သည်။

ကျွန်မသည် လောကဓံတရားများ၏ ရိုက်ခတ်ခြင်းတို့ကို မွေးဖွားလာကတည်းက ခံစားလာရသူဖြစ်ခြင်းကြောင့် ထုံပေနေပြီ။

ဖခင်ဘက်က တာဝန်မကျေခဲ့သော်လည်း ဖခင်တစ်ယောက်သေဆုံးခြင်းကို သိရှိနေရသော သားသမီးများဘက်ကတော့ တာဝန်ကျေပွန်စေရမည်ပေ့ါ။

ဒေလီယာက ဖုန်းဆက်ကာ ဦးထွန်းမြတ်စံ၏ အစ်မကြီးကို မေးမြန်းနေပုံရသည်။

ဒေလီယာ၏ မျက်လုံးအစုံမှာ ကျယ်ဝန်းလာသည်။

ကျွန်မ နားစွင့်လိုက်မိသည်။

"ဟာ . . ဖြစ်ရလေ ကြီးကြီးရယ်၊ ကျွန်မ . . ကျွန်မ စိတ်မကောင်းလိုက်တာ"

". . . . . . . . . ."

"ဒါပါပဲ ကြီးကြီးရယ်၊ ကျွန်မအားတဲ့အချိန်တိုင်း လာနေပေးပါ့မယ်"

ဒေလီယာ ဖုန်းချလိုက်သည်။

ကျွန်မအား စိတ်ထိခိုက်သော မျက်လုံးအစုံဖြင့် ကြည့်ကာ . . .

"ဟုတ်တယ်၊ သူ့ရဲ့ ပထမမယားက ဒေါ်မြတ်လေးတဲ့၊ သမီး သုံးယောက်ကျန်ရစ်ခဲ့တယ်၊ နောက် . . နောက် . . နောက်တစ်ခုက ဆန်နီဟာ သူ့သားမဟုတ်ကြောင်း သူသိမသွားရှာဘူး

www.burmeseclassic.com



တဲ့ဆိုပြီး ယောင်းမကို မကျေနပ်တော့ စွဲချက်တင်တယ်လေ”

“ဘာ”

ကျွန်မ၏ သွေးအေးမှုတို့သည် ဆူပွက်မှုတို့ ပြောင်းလဲသွားသည်။

“ကျုပ်အဒေါ်က စာရိတ္တမကောင်းဘူး ပြောနေမှတော့ ရှင်သဘောပေါက်မှာပါ၊ ဒါပေမယ့်. . ကြီးတော်က ယောကျ်ား ထည်လဲတွဲတတ်တဲ့ သူ့ယောင်းမရဲ့ အကျင့်ရယ်၊ လင်ငယ်နေပြီး လင်ကြီးနဲ့သားကို ပစ်သွားတဲ့အပြစ်ရယ်ကိုထောက်ပြီး ဆန်နီ့ကို ဦးထွန်းမြတ်စံနဲ့ရတာ မဟုတ်ဘူးလို့ စွဲချက်တင်ထားရင်လည်း ဖြစ်နိုင်တယ်၊ ကျုပ်တို့ မသိနိုင်ဘူး၊ ဆန်နီဟာ ဦးထွန်းမြတ်စံရဲ့ သားဟုတ်မဟုတ်ကို ဆန်နီ့မိဘနှစ်ပါးက အသိဆုံးနေမှာပါ”

ကျွန်မရင်ထဲ ဆို့နင့်မှုများက ကျွန်မအားသေဆုံးမှု ပေးနိုင်စွမ်းရှိပါက အဘယ်မျှ ကောင်းချိမ့်မည်နည်း။ယခုတော့. . .

ဒုက္ခ၊ သောကမျိုးစုံရောပွမ်းနေသော လောကကြီးက ကျွန်မအား နှိပ်စက်ကလူပြုနေသည်။ ကျွန်မသည်လည်း အမည်ပျက်နှင့် မိန်းမဖြစ်နေရပြီ။ ကျွန်မအမှားကြီးမှားခဲ့သည်။ ကျွန်မသေချင်သည်။

သေမင်းရယ် ကျွန်မအား အမြန်ဆုံး လာခေါ်ပါတော့ဟု ဟစ်အော်ကာ ခေါ်လိုက်ချင်တော့သည်။







# အခန်း (၄၄)

မိခင်ရဲ့ အုတ်ဂူကို မမှိန်မသုန်ကြည့်နေသော ရဲဝံ့အားဖခင်က ပခုံးသိုင်းဖက်ကာ ပြန်ခေါ်ခဲ့သည်။

ဒေါ်ပိတောက်၏ အုတ်ဂူဖွေးဖွေးလေးသည်. . အဟောင်း၊ အလတ်၊ အနွမ်း၊ အသစ်ဂူပေါင်းများစွာကို အဖော်ပြုပြီး ကျန်ရစ်ခဲ့လေသည်။

“ဖေဖေတို့ လူသားအားလုံးရဲ့ နောက်ဆုံးသွားရမယ့်မှတ်တိုင်ပဲသား၊ အသက်ရှင်စဉ်ကာလမှာသာ ဘယ်အရာကိုမှ



www.burmeseclassic.com

www.burmeseclassic.com



အစွဲအလမ်းမထားဘဲ. . မဖွံ့မ ပဋိပဒါ လမ်းစဉ်ကို ကျင့်သုံးပြီး နေထိုင်သွားတတ်ဖို့ လိုတယ်"

"ဖေဖေ ဘာကိုဆိုလိုတာလဲ"

"သြော်. . သားမေမေဟာ သားကိုချစ်ဇောနဲ့ သားကို ကမ္ဘာမှာ အသန့်စင်ဆုံး၊ အမြတ်ဆုံး ပြစ်မျိုးမှဲ့မထင် မိန်းကလေး မျိုးနဲ့မှ ထိုက်တန်တယ်ထင်တဲ့ အစွဲအလမ်းက သူ့ကို ဒုက္ခပေးတာ၊ သိပ်ကိုမျှော်လင့်ချက်တွေထားပြီး တစ်ယူသန် စွဲလမ်းတတ်တဲ့သူတွေရဲ့ ဒုက္ခ၊ သူ့အသက်အန္တရာယ်ကိုတောင် ထိခိုက်မှု ပေးနိုင်တယ်ဆိုတာ သား သင်ခန်းစာယူပ်၊ သားလည်း တစ်နေ့ မိဘနေရာ ရောက်ဦးမှာပဲ"

"ဟုတ်ကဲ့ သားသဘောပေါက်နေပါပြီ ဖေဖေ"

"ဖေဖေ သားတို့သားအမိကို ထိမ်ချန်ထားတဲ့အ ကြောင်းအရာတစ်ခုရှိတယ် သား"

ရဲဝံ့ ကားသော့ကို နှိုးရင်း ဖခင်အား ကြည့်လိုက်သည်။

"ဖေဖေတက္ကသိုလ်ကျောင်းသားဘဝ ရာဇူးမှာပေါ့ကွာ၊ ဖေဖေက ဆင်းဆင်းရဲရဲနဲ့ ဆွေမျိုးတွေရဲ့ကောင်းမှုနဲ့ ကျောင်း တက်ခဲ့ရတယ်၊ ဒါပေမယ့် လူငယ်မဟုတ်လား၊ အရွယ်ရောက် လာတော့လည်း ချစ်သူရည်းစားတစ်ယောက်ရခဲ့တယ်၊ ဒါပေ မယ့် အဲ့ဒီရည်းစားက အဆုံးမှာတော့ သူနဲ့တန်းတူ သူဌေးသား တစ်ယောက်နဲ့ လက်ထပ်သွားခဲ့တယ်"

"ဖေဖေ ဘာမှမဖြစ်ခဲ့ဘူးလား"

"ဘယ်နေမလဲ သားရယ်၊ သားလိုပဲ ဖေဖေအလူးအလဲ ခံစားခဲ့ရတယ်"





"ဖေဖေနဲ့သား စွန့်ပစ်ခံရတာချင်းတူပေမယ့် သားချစ်သူက သူ့အသက်သခင်တွေရဲ့ စိတ်ချမ်းသာမှုအတွက် အနစ်နာခံသွားတာပါ ဖေဖေ"

ဦးထက်အောင်က ပြုံးလိုက်သည်။

"သူလည်း သူ့မိဘတွေ စိတ်ချမ်းသာမှုအတွက် အနစ်နာခံသွားရှာတာပဲ"

"ဖေဖေ ခုထက်ထိ စွဲလန်းတုန်းလား"

"သားမေမေကို ဖေဖေအသက်ကြီးပိုင်းမှ ယူပေမယ့် ဖေဖေရဲ့ ဘဝကြင်ဖော်အဖြစ် မြတ်နိုးပြီး သစ္စာထားခဲ့တာပါ သား၊ ဒီအကြောင်းတွေပြောပြတာက ရည်စားဦးကို သတိရလို့ တမ်းတလို့လဲ မဟုတ်ဘူး၊ လူ့ဘဝဇာတ်ထုပ်တွေနဲ့ ဆန်းကြယ်မှုတွေရှိနေကြတယ်ဆိုတာ သားသဘောပေါက်ဖို့ရယ်၊ တစ်ခါ တစ်ရံ. . . တကယ့်လူ့လောကရဲ့ အဖြစ်အပျက်ဟာ ပုံပြင်တွေ ဒဏ္ဍာရီတွေ၊ ဝတ္ထုတွေထက်ဆန်းကြယ်တယ်ဆိုတာ သိရအောင် ဖေဖေပြောနေတာ"

"ပြောပါ ဖေဖေ"

"ဖေဖေ့ကို စွန့်ပစ်သွားတဲ့ ရည်းစားဆိုတာ ဘယ်သူလဲ လို့ သားထင်သလဲ"

"ရဲဝံ့ ဘယ်လိုလုပ် သိနိုင်မည်နည်း။"

"မသိဘူး ဖေဖေ"

"သားနဲ့ ယောက္ခမတော်ရမယ့် ဒေါ်မြတ်လေးပဲ သား"

"ဗျာ"

ကားခေါင်း ခါယမ်းသွားသဖြင့် ဦးထက်အောင်က ကား



www.burmeseclassic.com

www.burmeseclassic.com



စတီယာတိုင်ကို လှမ်းထိန်းပေးလိုက်သည်။

"သူဟာ တစ်ခုလပ်၊ ဖေဖေက မုဆိုးမို၊ သားကိစ္စအတွက်ဖေဖေတို့ပြန်လည်တွေ့ဆုံကြမယ်၊ ဒါပေမယ့် ဖေဖေဟာ သားတို့လို အချစ်အတွက် ရင်ခုန်ခံစားတတ်တဲ့အရွယ် မဟုတ်တော့ဘူး၊ နုနယ်ရဲ့ ဒိုင်ယာရီအရ ဖေဖေသိခဲ့ရတယ်၊ ချစ်ဦးသူကို သစ္စာတွေဖြည့်ပေးခဲ့တဲ့ မိန်းမတစ်ယောက်ရဲ့ ဝဋ်ကြွေးကို သူခံစားသွားရပြီ၊ မိဘကျေးဇူးသိတတ်တဲ့အတွက်တော့ သမီးအလိမ္မာတွေက. . သူ့ကို အမြတ်ဆုံးသောနေရာ ပို့ဆောင်ပေးထားတဲ့အတွက် မိဘကျေးဇူးကို သူခံစားရတယ်၊ ဒါဟာ သံသရာစက်ဝန်းပဲ သား၊ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ ဆိုးတာလုပ်ရင် ဆိုးတာဖြစ်မယ်၊ ရှင်းရှင်းလေးပဲ"

ဦးထက်အောင်က တည်ငြိမ်အေးချမ်းနေပြီ။

"ဖေဖေလည်း အခုငါးဆယ့်ခုနှစ်နှစ်၊ အသက်ခြောက်ဆယ်ဆိုရင် သေတတ်ဖို့အတွက်နဲ့ ဘဝသံသရာစက်ဝန်းက ရုန်းထွက်နိုင်ဖို့အတွက် တရားအားထုတ်တော့မယ်၊ ဒါကြောင့် သားတို့ကိစ္စကို ဖေဖေအမြန်ဆုံး ဆောင်ရွက်ပေးချင်တယ်၊ မင်းအမေရက်လည်ရက်ပြီးနောက်နေ့မှာ မင်္ဂလာဆောင်ကြမယ်"

ရဲဝံ့ ရင်တွေခုန်လာသည်။

မိခင်အတွက် သောကကြောင့် မှေးမှိန်နေခဲ့သော ချစ်ဝေဒနာမီးတောက်အစွယ်သည် ယခုတစ်ဖန် အရှိန်ရပြော. . . တောက်လောင်လာသည်။

ရဲဝံ့သည် ဦးထက်အောင် အသက်အရွယ်မဟုတ်သေး။ ဦးထက်အောင်ခံစားမှုမျိုး ရဲဝံ့မခံစားတတ်သေးပါ။






ချစ်သူကို ရယူပိုင်ဆိုင်ချင်စိတ်ရှိနေသဖြင့် ချစ်ဝေဒနာမီးတောက်ကတော့ တောက်လောင်နေဆဲပင်။



www.burmeseclassic.com

www.burmeseclassic.com








# အခန်း (၄၄)

"ဟင်"

ရဲဝံ့အံ့အားသင့်သွားသည်။ ဒေါ်မြတ်လေးသည် ယောဂီဒေါ်မြတ်လေးမဟုတ်တော့. . .။

သီလရှင် ဖြစ်နေလေပြီ။

"လာ. . ဒကာကြီးတို့ ထိုင်ကြပါ"

အေးငြိမ်းသော ထနောင်းပင်ရိပ်ကလေးအောက်၌ ခင်းထားသော ကွပ်ပျစ်ကလေးပေါ်တွင် ကျုံ့ကျုံ့ကလေး ထိုင်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့် ဒေါ်မာလာရီက အေးချမ်းစွာပင် ခရီးဦးကြိုပြုလိုက်သည်။

"မမကြီးတို့ကော ဒီကိုလာတယ်ပြောပါတယ် ဆရာလေး"

"ဟုတ်တယ်. . စောစောကတင် ရောက်လာကြတယ်၊ ဒကာကြီးတို့လည်း အချိန်မီရုံလေးပဲ၊ ရောက်လာကြတာကိုး"

ရဲဝံ့ နားမလည်။

သီလရှင်က. . .

"ဒကာကြီး ဦးထက်အောင်ကော သေခြင်းတရားကို ရင်ဆိုင်ဖို့ မပြင်ဆင်သေးဘူးလား"

"သားကိစ္စပြီးရင် ဖခင်တစ်ယောက်ရဲ့ တာဝန်ကျေပြွန်ပြီမို့ ပြင်ဆင်ဖို့ စိတ်ကူးပါတယ် ဆရာလေး"

"ကောင်းပါတယ် ဦးထက်အောင်၊ ဆရာလေးဆီ လူလေးရောက်လာပြီးနောက်နေ့မှာပဲ သီလရှင်ဘဝကို ကူးပြောင်းလိုက်တာပါ။ လူလေးက ဒကာကြီးရဲ့ရုပ်နဲ့ တစ်ထေရာထဲကိုး၊ သံသရာစက်ဝန်းရဲ့ လည်ပတ်ပုံက သံဝေဂရစရာပဲ မဟုတ်လား၊ ကိုင်းကိုင်း. . စကားသိပ်ပြောလို့ မဖြစ်သေးဘူး၊ ဒီလမ်းအတိုင်း သွား အဲ့ဒီအဆုံးမှာ ဆရာကြီးဒေါ်ခေမာဝတီ ဇရပ်ရှိတယ်၊ သူ့ဆီကို အမြန်ဆုံးရောက်အောင် သွားကြတော့၊ နောက်မှ စကားပြောကြမယ်"

သီလရှင်စကားကို ရဲဝံ့တို့သားအဖ လိုက်နာပါသည်။

လမ်းညွှန်ပြရာသို့ အမြန်ဆုံးထွက်လာကြသည်။

ခိုင်ခန့်သော ဇရပ်ရှေ့သို့ အရောက် အုတ်လှေကားပေါ်မှ ဆင်းလာသော လူတစ်စုကို တွေ့လိုက်ရသဖြင့် ရဲဝံ့ ပြေးလွှား





ကာ ဟန့်တားလိုက်သည်။

"ဟင်. . . နုနန္ဒာ"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၄၅)

ကျွန်မခြေလှမ်းတို့သည် တုံ့ခနဲ ရပ်ဆိုင်းသွားသည်။

"မောင်"

ရင်တွင်း၌ မြည်ဟည်းသွားသည်။

သီလရှင်ဝတ်ရန် သီလရှင်သင်္ကန်းထည့်ထားသော. . မောင်းထောင်ခွက်ကို ပိုက်ထားသည့် ကျွန်မ၏ တုန်လှုပ်မှုကြောင့် သင်္ကန်းခေါက်မှာပင်လျှင် တုန်ခါလျက်ရှိသည်။

မမကြီးက ကျွန်မအား သတိပေးသည်။





"ပြတ်ပြတ်သားသားနဲ့ တစ်ခုခုကိုရွေးချယ်ပါ ညီမလေး"

မမလတ်ကလည်း. . .

"ဟုတ်တယ် ကိုယ့်ကိုယ်ကိုယ် မညာနဲ့၊ ညာရင် ကိုယ်ပဲ ဒုက္ခရောက်မယ်"

ဦးထက်အောင်က မောင့်လက်မောင်းကို ဆွဲကာဟန့်တားထားသည်။

"ချစ်. . . ချစ် မောင့်ကို ထားခဲ့တော့မှာလား"

မောင်က မချိတင်ကဲ ရေရွတ်လိုက်သည်။ ထိုအခါ ရှုပ်ထွေးနေသော လူမှုနယ်ပယ်၏ အနေအထား၊ လူ့မနောများကို ခန့်မှန်းသိရှိနေပုံရသော သီလရှင်ဆရာကြီးများက ဇရပ်ထဲသို့ ပြန်ဝင်သွားသည်။ ကျွန်မ မမကြီးကို ကြည့်လိုက်သည်။ ဆံချရန် ပိတ်ဖြူစလေးကို ပိုက်ထားလျက်. . .

မမလတ်ကိုကြည့်ပြန်တော့လည်း ရေထည့်ထားသော ခွက်နှင့် သင်တုန်းဓား၊ ဂျုတ်တို့ကို ကိုင်လျက် ကျွန်မအား ပြန်ကြည့်နေသည်။ သူတို့. . .

တလောကပင် မေမေဆံချရသည်။ ပိတ်ဖြူစကို တစ်ဖက်တစ်ချက်ကိုင်ပြီး မျက်ရည်ကျခဲ့ကြရသည်တဲ့. . .။

မကြာခင်ရက်ပိုင်းက ဖခင်အလောင်းရှေ့တွင် ညီအစ်မသုံးယောက်ငိုကြွေးပြီး ဖခင်အလောင်းနှင့် မောင်အလောင်းကို ဂူသွင်းသဂြိုဟ်ပေးခဲ့ကြရသည်။ ဆိုးရွားလှသည့် ကံကြမ္မာတွေကြောင့်. . .

သောကတွေ. . . ငံလောင်မြိုက်မှုတွေ. . .

ဒါပေမယ့် နှလုံးသား၌ ဖြစ်ပေါ်နေသော ချစ်မီးတောက်



www.burmeseclassic.com

www.burmeseclassic.com



က ပိုဆိုးနေသည်။ ကျွန်မနှလုံးသား၊ နှလုံးသား၏ စေ့ဆော်မှုကြောင့် ကျွန်မပါးပြင်မှာ မျက်ရည်မြစ်ချောင်းများ ဖြစ်ထွန်းနေလေပြီ။ သမုဒ္ဒယနယ်ပယ်မှာ သံယောဇဉ်မကင်းနိုင်သေးသော ပုထုဇဉ် သာမန်လူသားတစ်ဦးလည်းဖြစ်သော ပါရမီကလည်း မရင့်သန်သေးသော ကျွန်မ. . . ကျွန်မသည်. .

ခွမ်း. . . .

လက်ထဲမှ မောင်းထောင်ခွက်လွတ်ကျသွားသည်ကို ဂရုမစိုက်နိုင်တော့ဘဲ နှလုံးသားမှ ပေါက်ကွဲလွင့်ပျံ့ ပဲ့တင်ထပ်ပေါ်ထွက်လာသောအသံဖြင့်. . .

"မောင်"

ဇရပ်အုတ်လှေကားထစ်များပေါ်မှ ပြေးဆင်းလိုက်သည်။

"ချစ်" ဟူသော ဝမ်းခေါင်းသံဖြင့် အော်ကာ ပြေးတက်လာသည်။

ပျားရည်၏ ချိုမြိန်မှုက အရာရာကို ချေဖျက်နိုင်စွမ်းရှိလိမ့်မည်ဆိုတာကို အခုမှ ကျွန်မ တပ်အပ်သေချာသိလိုက်ပါပြီ မောင်ရယ်ဟု. . . . . .။

# မြုပုလဲခင်

